

**7Day Daily** သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂု ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၄၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် ၊ ဗုဒ္ဓဟူး ၊ (ဒီဇင်ဘာ ၂၅ ၊ ၂၀၁၃)



TRI LIVES BRILLIANTLY




*ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ ယူ - ၂၃အသင်းကစားသည့် ပွဲစဉ်တိုင်း လိုက်လံအားပေးသောပရိသတ်များ*

ရဲအောင်သူ/အေအက်ဖ်ပီ

# ပြုပြင်ပြောင်းလဲရတော့မည့် မြန်မာ့ဘောလုံး

**အောင်ခိုင်၊ ထွန်းခိုင်**

အင်ဒိုနီးရှားအသင်းကို ဒီဇင်ဘာ ၁၆ရက်က ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် မြန်မာသည် ဖိလစ်ပိုင်နှင့် ဘရူနိုင်းတို့နောက် ဆီးဂိမ်းတွင် အိမ်ရှင်ဖြစ်သော်လည်း အုပ်စုမှ ထွက်ရသည့် တတိယမြောက်နိုင်ငံအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

ပြည်ပထွက်ကစားသည့်ပွဲများတွင် ရှုံးနိမ့်တိုင်းလေ့ကျင့်ချိန်မလုံလောက်မှု၊ ဒိုင်ဘက်လိုက်မှု၊ ကံတရား၏ မျက်နှာသာမပေးမှုစသည့်ဆင်ခြေများ၊ တရားခံရှာမှုများဖြင့် ထွက်ပေါက်ရှာကာ ပရိသတ်ကိုနှစ်သိမ့်ခဲ့သည့်မြန်မာအသင်းအတွက် ယခုတစ်ခေါက်တွင် ပရိသတ်များ မျှော်လင့်မထားသည့်ဆင်ခြေတစ်ခုထွက်ပေါ်လာခဲ့သည်။ အားလုံးသိသည့်အတိုင်း ထိပ်တိုက်တွေ့ဆုံမှု(Head to Head) စည်းမျဉ်းကို နည်းပြမသိ အုပ်စုမှထွက်ရသည်ဆိုသည့် ဆင်ခြေပင်ဖြစ်သည်။


**အချပ်ပို IV »**




အင်တာဗျူး

## ကုန်ကျစရိတ်က လောလောဆယ် မတွက်ရသေးဘူး

**အားကစားဝန်ကြီးဌာန ဒုဝန်ကြီး ဦးဇော်ဝင်းနှင့်တွေ့ဆုံခြင်း**


**စာမျက်နှာ ၂၀ »**


## စိုးထိတ်ခဲ့ရသော ခရစ္စမတ် သုံးကြိမ်တိုင်ခဲ့ပြီ

**အောင်ခိုင်၊ မရန်**

ဒေါ်နန်းအောင်တစ်ယောက် ခရစ္စမတ်ကိုတိတ်ဆိတ်ငြိမ်သက်စွာဖြတ်သန်းခဲ့သည်မှာ သုံးနှစ်တိုင်ခဲ့ပြီဖြစ်သည်။


**စာမျက်နှာ ၂ »**


## ပြည်သူ့ချန်ပီယံအသင်းမှ ကြယ်တစ်ပွင့်

**အေးမွန်ရာပြည့်**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြည်သူ့အချစ်တော် မြန်မာအမျိုးသမီးဘောလုံးအသင်းမှ ပရိသတ်များအာရုံကို ထူးထူးခြားခြား ညှို့ယူဖမ်းစားနိုင်ခဲ့သူတစ်ဦးရှိခဲ့ပါသည်။ သူကကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာအသင်း၏ ကစားကွက်များကို ကွင်းလယ်မှ ပံ့ပိုးပေးနေသူဖြစ်သည်။


**စာမျက်နှာ ၅ »**


## ပျောက်အောင်ကုမှာလား ကုန်အောင်ရိတ်မှာလား

**ရဲနောင်**

"ဤကြော်ငြာစာအုပ်ဖြင့် ဆေးကုခန်းသို့လာပါက စမ်းသပ်မှုအပိုင်း အခမဲ့၊ ကုသမှုအပိုင်း ၅၀ ရာခိုင်နှုန်း"ဟု ရေးသားထားသော ဆေးခန်းကြော်ငြာစာအုပ်ကိုင်ဆောင်ထားသည့် လူနာလေးငါးယောက် ရန်ကုန်တိုင်း လသာမြို့နယ်၊ စဥ့်အိုးတန်းလမ်းရှိ ခေတ်မီဆေးကုခန်းအတွင်း၌ ဆေးကုသရန် အလှည့်စောင့်နေကြသည်။

နောက်ဆုံးပေါ် စက်ကိရိယာများ၊ ထူးချွန်သော ပညာရှင်များ၊ ကျွမ်းကျင်သော ဆရာဝန်များဖြင့် အော်တာနေးတစ်ဆေးပညာကို အသုံးပြု၍ နာတာရှည်ဖြစ်ပွားခံစားနေရသည့် ရောဂါများနှင့် ရောဂါအကြီးအသေးအားလုံးကို တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင် ကုသပေးနိုင်မည်ဆိုသောကြောင့်ယခုကဲ့သို့ရောက်ရှိနေခြင်းဖြစ်သည်။


**စာမျက်နှာ ၈ »**


## တရားခွင်မှ ငါးသလောက်ပေါင်း စားသူများ

**အေးသူစံ**

မြန်မာနိုင်ငံတွင် မတရားမှုတစ်ခုအတွက် အမှန်တရားကို တရားရုံးတွင်သွားရှာဖို့စဉ်းစားနေပါသလား။ ဒါဆိုလျှင်တော့ မှားတာ၊ မှန်တာ အသာထား။ သင့်တွင် ပိုက်ဆံလုံလုံလောက်လောက်ရှိရပါမည်။ စိတ်ရှည်ရှည်ဖြင့် အချိန်ပေးနိုင်ရမည်။ အရေးကြီးဆုံးကအမှုကို တရားရုံးအရောက်စွဲဆိုတင်ပို့ပေးမည့် အမှုစစ်ရဲအရာရှိနှင့်ဥပဒေအရာရှိတို့အကြောင်း ပထမဆုံးတီးမိခေါက်မိသိနားလည်ထားဖို့လိုပါလိမ့်မည်။ **စာမျက်နှာ ၃ »**



7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# စိုးထိတ်ခဲ့ရသော ခရစ္စမတ် သုံးကြိမ်တိုင်ခဲ့ပြီ



၂၀၁၂ ခရစ္စမတ်နေ့က ကချင်စစ်ဘေးဒုက္ခသည်စခန်းတစ်ခုတွင် ခရစ္စမတ်နေ့အခမ်းအနားကျင်းပနေစဉ်    ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်ခိုင်၊ မရန်**

ဒေါ်နန်အောင် တစ်ယောက် ခရစ္စမတ်ကိုတိတ်ဆိတ်ငြိမ်သက်စွာဖြတ်သန်းခဲ့သည်မှာ သုံးနှစ်တိုင်ခဲ့ပြီဖြစ်သည်။

ကိုယ့်ရပ်ကိုယ့်ရွာမဟုတ်ဘဲ အသားမကျသည့်ပတ်ဝန်းကျင်တွင် သူတို့ခရစ်ယာန်ဘာသာဝင်များအထွတ်အမြတ်ထားရာ ခရစ်တော်မွေးသည့်နေ့ကိုကြိုဆိုဂုဏ်ပြုသည့် ခရစ္စမတ်ကာလများကိုယခင်ကကဲ့သို့ ဒေါ်နန်အောင်တစ်ယောက် လွတ်လပ်ပျော်ရွှင်စွာ မဖြတ်သန်းနိုင်ခဲ့သည်မှာလည်း သုံးနှစ်တိုင်ခဲ့ပြီ။

တိုင်းရင်းသားချင်း မပြီးနိုင်၊ မစီးနိုင်ဖြစ်နေသောတိုက်ပွဲများကြောင့် တာလောကြီးကျေးရွာမှ မြစ်ကြီးနားမြို့နယ်ရှိ ရွှေစက်စစ်ဘေးဒုက္ခသည်စခန်းတွင် ဒေါ်နန်အောင်လာရောက်ခိုလှုံခဲ့ရသည်မှာ ၂၀၁၁ ခုနှစ်ကတည်းကပင်ဖြစ်ပါသည်။

"အခုကိုယ့်ဟာကိုယ်သနားတယ်။ ရွာမှာဆိုစည်းစည်းလုံးလုံးစည်စည်ကားကားလုပ်နိုင်တယ်" ဟု ဒေါ်နန်အောင်ကသူ့မွေးရပ်ဇာတိမြေတွင် ခရစ္စမတ်ပွဲတော်ကိုပျော်ရွှင်စွာဆင်နွှဲခဲ့သည့်ကာလများကို ပြန်ပြောင်းသတိရရင်းကဆိုပါသည်။

ဒေါ်နန်အောင်ကဲ့သို့နေ့ရပ်စွန့်ခွာနေကြရသောစစ်ဘေးဒုက္ခသည်များအတွက်တော့ ယခုလိုအခြေအနေတွင် ခရစ္စမတ်ကိုကိုယ့်အိမ်ကိုယ့်ရာတွင်လွတ်လပ်ပေါ့ပါးစွာပါဝင်ဆင်နွှဲနိုင်ဖို့ခဲယဉ်းလွန်းနေပါသေးသည်။

တိုက်ပွဲများကြောင့် ၎င်းတို့တန်ဖိုးထားမြတ်နိုးသည့် ဇာတိချက်မြှုပ်ဒေသများကိုစွန့်ခွာလာရပြီး အသားမကျသောပတ်ဝန်းကျင်သစ်တွင် အခက်အခဲများစွာဖြင့် နေထိုင်နေရသည့် စစ်ဘေးဒုက္ခသည်များအတွက်တော့ ခရစ္စမတ်နေ့ရက်များမှာအေးချမ်းခဲ့စဉ်ကကာလကိုပိုမိုလွမ်းဆွတ်နေရသောနေ့ရက်များဖြစ်နေသည်။

**မန်စီမြို့နယ် မိုင်းခေါင်နှစ်ခြင်းစစ်ရှောင်စခန်း**

အဆောင်ဘေးကွက်လပ်မြေကြီးပေါ်တွင် ဝါးကတ်အပိုင်းငယ်တစ်ခုခင်းရင်းကစစ်ဘေးဒုက္ခသည်ဒေါ်ရွှယ်နူးတစ်ယောက်တစ်နှစ်သားအရွယ် ကလေးငယ်ကိုကျောတွင်ပိုးရင်းထမင်းစားနေပါသည်သူ့ဘေးတွင်လည်း (၃) နှစ်အရွယ်ရင်သွေးဖြစ်သူမရန်ဘရန်ဆိုင်းမှာ ထမင်းဇလုံအနီးတွင် ဖိနပ်ကိုချွတ်ကာထိုင်ရင်းကထမင်းစား၍နေသည်။

သူတို့မိသားစုမှာ အောက်တိုဘာလလယ်ခန့်မှစတင်ပြီး မန်စီမြို့နယ်အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဇာတိမုန်းဒိန်ပါကျေးရွာမှ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ခြေလျင်ထွက်ပြေးလာခဲ့ကြရခြင်းဖြစ်သည်။

"ဝုန်းဆိုပြီးတော့မြည်ပြီးမှ ဝင်လာတာ"ဟု သုံးနှစ်အရွယ်မရန်ဘရန်ဆိုင်းက မုန်းဒိန်ပါကျေးရွာတွင်ဖြစ်ပွားခဲ့သောတိုက်ပွဲအခြေအနေကိုမိခင်ဖြစ်သူအားမေးမြန်းနေမှုကို ကြားမှဝင်၍ဖြေဆိုခဲ့ပါသည်။

၎င်းတို့ကျေးရွာထဲသို့ အစိုးရတပ်မှ လက်နက်ကြီးများပစ်ခတ်ပြီး ဝင်ရောက်လာသည့်မြင်ကွင်းကို သုံးနှစ်အရွယ် ကလေးငယ်လေး၏စိတ်ဝယ်စွဲမြဲနေပြီး ယင်းကဲ့သို့ သူ့ကိုမမေးမြန်းဘဲ ဝင်ရောက်ပြောပြခဲ့ခြင်းဖြစ်သည်။

ကချင်စကားဖြင့် ဗလုံးဗထွေးပြောပြီးသည့်အခါတွင်ခေါင်းငုံ့ရင်းတိတ်ဆိတ်စွာဖြင့်ထမင်းအိုးကိုယောက်မဖြင့်မွှေနေပါသည်။

စာမျက်နှာ ၁၉ »



မျက်နှာဖုံး မှ

## တရားခွင်မှ ငါးသလောက်ပေါင်း စားသူများ

ယိုယွင်းနေသော တရားစီရင်ရေးတွင် အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုတို့ကို လုပ်နေသူမှာ တရားသူကြီး၊ ရှေ့နေရှေ့ရပ်များဟု အများစုက မြင်ယောင်မိသည်။

တကယ်တမ်းအကျင့်ပျက်ခြစားမှုနှင့် အာဏာပိုင်များ၏ စွက်ဖက်မှုများရှိနေဆဲ မြန်မာ့တရားစီရင်ရေးတွင် နစ်နာသူ ပြည်သူ့အသံကို တရားရုံးအထိ ပို့ဆောင်ပေးမည့်ပြည်သူ့ရဲနှင့်ဥပဒေအရာရှိအချို့၏ လုပ်ရပ်များက တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းရာတွင် အဓိကနေရာမှပါဝင်နေကြောင်း ဥပဒေလောကအသိုင်းအဝိုင်းနှင့် အမှုသည်တို့က ဆိုကြသည်။

အမှုတစ်ခုကို နစ်နာသူက ရဲစခန်းတွင် တိုင်ချက်ဖွင့်သော်လည်း ရဲအများစုက ချက်ချင်းမဖွင့်ပေးကြပါ။ တိုင်တန်းခံရသူသည် နာမည်ကျော်ပုဂ္ဂိုလ်ကြီးလား၊ ဂုဏ်သရေရှိလူကြီးမင်းများလား၊ ထင်ရှားကျော်ကြားသူရုပ်ရှင်မင်းသား၊ မင်းသမီးများလား၊ ဝိတ်ရှိသူလားစသဖြင့် လေ့လာသည်။ အကောင်ကြီးကြီး၊ အမြီးရှည်ရှည်ဖြစ်နေလျှင် မြို့နယ်က ခရိုင်၊ ခရိုင်က တိုင်းရဲမှူးကြီးအထိ သတင်းပို့သည်။ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း အကျင့်တစ်ခုသဖွယ်ရဲအချို့က ခေတ်အဆက်ဆက်ကျင့်သုံးသည်။

တိုင်ချက်ဖွင့်ပြီးပါက အမှုသည် တရားမလား၊ ရာဇဝတ်ကြောင်းလား၊ ဘယ်ပုဒ်မနှင့် အရေးယူသင့်သလဲကို ဥပဒေအရာရှိထံ အကြံတောင်းသည်။ ဥပဒေအရာရှိက သက်သေမပြည့်စုံသေးဟု ဥပဒေဘောင်အတွင်းက ပါးပါးလေးညစ်ထားလိုက်လျှင် အမှုသည်က သက်သေထပ်စစ်ဖို့အတွက် သက်ဆိုင်ရာရဲကို ပေးရကမ်းရသည်။

တရားလိုနှင့်တရားခံဘယ်သူ ပိုက်ဆံပိုပေးနိုင်သလဲပေါ် မူတည်၍ပုဒ်မများသည်တရားရုံးမရောက်မီမျက်လှည့်ပြလိုက်သလို ပြောင်းလဲသွားတတ်ကြောင်း ဥပဒေပညာရှင်အချို့က ပြောသည်။

"ရဲတွေ၊ ဥပဒေအရာရှိတွေက သူတို့မရရင်မရသလို လုပ်တယ်။ ရဲကလည်း သူမရရင် ပညာပြပြန်ရော။ ဒီတော့ သူ့ကိုလည်း တစ်ခါထပ်ပေးရပြန်ရော၊ ဒါကြောင့်အမှုတစ်ခုဖြစ်ရင် ငါးသလောက် ပေါင်းစားရတဲ့ စနစ်လို့ ပြောတယ်။ အားလုံးကိုပေါင်းပြီး ပေးစားနေရတာကိုး"ဟု တရားလွှတ်တော်ရှေ့နေဦးကျော်ဇေယျကပြောသည်။

"မူးယစ်ဆေးဝါးမှုနဲ့ ထောင်ခြောက်နှစ်ကျတယ်။ ရဲဘက်မရောက်ခင်ဆွဲချ(ဥပဒေအရာရှိ)က ကျွန်မအိမ်ကိုသွားတွေ့ပြီး ငါးသောင်းပေးရမယ်။ မပေးရင် ထောင်ထပ်ချနိုင်တယ်လို့ ပြောတယ်။ ကိုယ့်လူက ထောင်ကျသွားပြီဆိုတော့ ကျွန်မအိမ်ကလည်း ထပ်မပေးလိုက်တော့ဘူး။ တကယ်ပဲ ကျွန်မထောင်နောက်ထပ်လေးနှစ်ထပ်တိုးသွားတယ်။ ရဲဘက်စခန်းလည်းရောက်သွားတယ်"ဟု မူးယစ်မှုဖြင့် ထောင်ကျခဲ့သည့် အမျိုးသမီးတစ်ဦးကပြောသည်။

ရဲမှာ တရားဥပဒေစိုးမိုးရေးတွင် အရေးကြီးသည့်အုတ်မြစ်ဖြစ်သည်။ ဥပဒေအရာရှိမှာ နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ရပြီးအမှုဖြစ်စဉ်များကိုဥပဒေနှင့်အညီမှန်မှန်မျှတစွာအကြံပေးရန်ဖြစ်သည်။ သို့သော်ပုဒ်မတပ်တရားစွဲရသည့်တိုင်ချက်ကိုလက်ခံပေးရသည့် ဥပဒေဘက်တော်သားတို့၏ လုပ်ပိုင်ခွင့်မှာ ကိုယ်ကျိုးရှာလိုသူများအတွက် လာဘ်ပေးလာဘ်ယူဖန်တီးပေးရာ လမ်းကြောင်းကြီးအဖြစ် ရှိနေသည်ဟု နစ်နာခဲ့သူတို့က ဆိုသည်။

"တိုက်ခန်းဝယ်တဲ့ကိစ္စစရန်ပြန်မပေးလို့ ပုဇွန်တောင်ရဲစခန်းမှာ အမှုဖွင့်တယ်။ ဒုရဲအုပ်က လမ်းစရိတ်တို့၊ ခရိုင်မှူးကန်တော့ရမယ်တို့၊ စခန်းမှူးကို ပေးရမယ်ဆိုပြီး သုံးသိန်း၊ ဥပဒေအရာရှိကိုအကြံတောင်းခဆိုပြီး နှစ်သိန်း၊ စုစုပေါင်းငါးသိန်းယူသွားတယ်။ သုံးလလောက်အထိ အမှုက တရားရုံးမရောက်လို့ ဥပဒေအရာရှိသွားတွေ့တော့ အဲဒီနှစ်သိန်း သူမစားရပါဘူးတဲ့။ ပြီးတော့ ကျွန်မစစ်ချက်ထဲမှာ မပါဘဲ သူဘာသာပြင်ရေးထားတဲ့ စစ်ချက်ကြောင့် အမှုကိုပလပ်လိုက်ရတာပါလို့ ဥပဒေအရာရှိကပြောတယ်"ဟု ဒေါက်တာဇင်မင်းမောင်မောင်က သူ၏အတွေ့အကြုံကိုပြောသည်။

တရားသူကြီးအချို့ လာဘ်စားသော်လည်း တရားသူကြီးအများစုလိုက်စားသည့် အဂတိမှာ အုပ်ချုပ်ရေးပိုင်းက ဝင်ရောက်စွက်ဖက်ခြင်းကြောင့် ကြောက်ရွံ့ခြင်းဖြင့် ဆုံးဖြတ်ရသည့် ဘယာဂတိက အများဆုံးဖြစ်ကြောင်း တရားလွှတ်တော် ရှေ့နေဦးရောဘတ်စန်းအောင်ကလည်း ပြောသည်။

"ဒါတွေကြောင့် မြန်မာ့အမှုသည်တွေသာမက နိုင်ငံခြားသားတွေကပါ တရားစီရင်ရေးအပေါ်မှာ အားမလို၊အားမရဖြစ်နေတာ။ ဒါကြောင့်လည်း နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေဟာ ဝင်သင့်သလောက်မဝင်ဘူး။ တိုင်းပြည်နာတယ်"ဟု ၎င်းကပြောသည်။

အမှုလာရောက်တိုင်တန်းပါက ရဲအရေးပိုင်ပါက အမှုဖွင့်ပေးလိုက်ပြီး မမှန်မကန်တိုင်တန်းပါကလည်း တိုင်တန်းသူကို ပြန်လည်အရေးယူနိုင်ပေရာ လုပ်ထုံးလုပ်နည်းမြန်ဆန်သွက်လက်စေရန် ရဲအရေးပိုင်အမှုကို ချက်ချင်းလက်ခံဖွင့်ပေးသင့်ကြောင်းလည်း ဥပဒေပညာရှင်များက အကြံပြုသည်။

"ရဲအရေးမပိုင်လို့ ဦးတိုက်မှုဆိုပိုဆိုးတယ်။ တရားရုံးက စစ်၊ ပေါ်ပေါက်ချက်နဲ့အရေးယူအမိန့်ချ။ မဟုတ်ရင် ပလပ်။ အရေးယူရင်ဘယ်လောက်လက်ခံရင် ဘယ်လောက်ရဲကိုပြန်ချပေး။ တလွဲအသုံးချနေတာတွေကို ကြားနေရတယ်။ ဥပဒေပြဋ္ဌာန်းချက်တွေကို လုပ်စားနေကြတာ။ဒါကြောင့် ပြည်သူတွေနှာခေါင်းရှုံ့ကြတာ"ဟု အထက်တန်းရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)က ပြောကြားသည်။

မဆလအစိုးရလက်ထက်တွင်တရားရေးဝန်ကြီးဌာနသီးသန့်ရှိခဲ့ပြီး ဝန်ကြီးက တရားစီရင်ရေးကို ထိန်းကျောင်းကိုင်တွယ်သောကြောင့် ယခုလောက် တရားစီရင်ရေးအခြေအနေမဆိုးဝါးကြောင်း၊ တရားလွှတ်တော်အဆင့်လောက်ရောက်လျှင်ပင် အမှန်တရားနှင့်နီးစပ်ပြီဟု မျှော်လင့်နိုင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသော ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးကော်မတီ၏တစ်နှစ်ပြည့် အစီရင်ခံစာတွင်လည်း ဥပဒေအရာရှိများသည် ပြည်သူများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ မနစ်နာစေရန် ဥပဒေနှင့်အညီ အကာကွယ်ပေးရပါမည်ဟု ဖော်ပြထားသည်။ ပြည်သူ့ရဲအရာရှိများကလည်း ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ တရားစွဲဆိုခြင်းတို့အတွက် ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ကြပြီး အမှုမှန်ပေါ်ပေါက်ရေးဦးတည်ရပါမည်ဟု ပါရှိသည်။

သို့သော်ယင်းအချက်တွေကို အမှန်တကယ်လိုက်ပါဆောင်ရွက်သူ မျှတသည့် ဥပဒေအရာရှိနှင့် ရဲအရာရှိတို့မှာ အလွန်နည်းပါးနေပါသေးသည်။ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေသည်ဟု သမ္မတဦးသိန်းစိန်က ပြောထားသော်လည်းလာဘ်ပေးလာဘ်ယူမှုထုပြောပြီး ဥပဒေကို နားလည်သူတို့ကပင် ဥပဒေကိုလက်တစ်လုံးခြားပြုလုပ်နေသည့် တရားဥပဒေလောကသားအချို့နှင့်ပြည်သူများကြားက နစ်နာမှုတို့ကို အစိုးရကမည်သို့ဖြေရှင်းပေးပါမည်နည်းဟု မေးရပါတော့မည်။






# ENAT Beauty Face 2014

## Pattaya Thailand









Mega Lifesciences Ltd. မှဖြန့်ဖြူးရောင်းချလျှက်ရှိသော **Enat** (Calendar Vitamin E 400) မှ ပြုလုပ်သော **Enat** Beauty Face Calendar 2014 ပြိုင်ပွဲကို July 2013 မှစတင်ပြီး Oct 2013 အထိ ပြုလုပ်ခဲ့ပါသည်။ ပြိုင်ပွဲ ၁ လချင်းစီ အလိုက် Beauty Face (၁၀)ယောက်ကို ပေးပို့ယှဉ် ပြိုင်လာသော ဓာတ်ပုံများထဲမှ ရွေးချယ်ပြီး စုစုပေါင်း စကာတင် ၄၀ဦး ရရှိခဲ့ကြောင်း သိရပါသည်။ အဆိုပါ ပြိုင်ပွဲ၏နောက်ဆုံးအဆင့် (၁၂) ယောက် ရွေးချယ်ပွဲအား ရန်ကုန်တော်ဝင်စင်တာ၌ငှင်း၊ မန္တလေး (Diamond Plaza)၌ ငှင်းကျင်းပပြုလုပ်ခဲ့ပါသည်။

ရွေးချယ်ရရှိသော **Enat** Beauty Face Final (၁၂) ယောက်အား Calendar 2014 ရိုက်ကူးရန် အတွက် ၆-၁၂-၂၀၁၃ နေ့တွင် ထိုင်းနိုင်ငံပတ္တရားမြို့သို့ သွားရောက်ခဲ့ကြောင်း သိရပါသည်။ **Enat** Model (၁၂) ယောက်ကို ရိုက်ကူးပုံဖော်ပေးခဲ့သော ဓါတ်ပုံဆရာမှ ပြင်သစ်နိုင်ငံမှ Mr.Joakim Leroy ဖြစ်ပြီး ထိုင်းနိုင်ငံမှ နာမည်ကြီး မိတ်ကပ် ဆရာများဖြင့် အလှပြင်ဆင်ပေးခဲ့ ကြောင်းသိရပါသည်။

အဆိုပါခရီးစဉ်တွင် ပါဝင်ခွင့် ရရှိခဲ့ သူများမှာ နေရည်လင်းလှဲ့၊ သက်လုံးပုံ၊ လင်းလက်ချို၊ ချောရွှပါသက်၊ မေမီးလင်း၊ အလင်္ကာမော်၊ နိုင်ဝေလွင်၊ မေဘရဏီသော်၊ မြတ်နိုးဦး၊ စုချစ်အောင်၊ ဖြူစင်ရှင်းသန့် နှင့် ပိုးကြာဖြူ တို့ဖြစ်ပြီး စုစုပေါင်း (၄) ရက်တိတိ ကြာမြင့်ခဲ့ကြောင်း သိရပါသည်။ ခရီးစဉ် တလျှောက်လုံး စိတ်လှုပ်ရှားစရာများနှင့် တစ်သက် မမေ့နိုင်စရာများကို ပါဝင်ခဲ့သူများ မှ အခုလို ပြောပြခဲ့ပါသည်။

**အလင်္ကာမော်** ။ ။Hotel က တကယ့်ကို အံ့မခန်းပါပဲ သမီးတို့ကို တကယ် နာမည်ကြီးပြီး ဈေးကြီးတဲ့ Hotel မှာ ထားတာပါ။ ပြီးတော့ ပင်လယ်ကြီးနဲ့ နေဝင်ဆည်းဆာအလှကို သမီးရဲ့ အခန်း ပေါ်ကနေ တဝကြီးထိုင်ကြည့်ခဲ့ရတာ ပျော်ပါတယ်။ အဲ့ဒီ အခွင့်အရေးတွေက **Enat** Vitamin E ကိုသောက်မိပြီး ဝင်ပြိုင်ခဲ့လို့ ရရှိတာပါ။

**နိုင်ဝေလွင်** ။ ။သမီးက **Enat** Customer ပါ၊ အမြဲသောက်ပါတယ်။ သမီး အသားအရေက ဝက်ခြံ အဖုတွေနဲ့ အပြင် အသားအရေကနည်းနည်းကြမ်းတဲ့အထဲမှာ ပါပါတယ်။ **Enat** သောက်ပြီးလို့ တကယ့်ကို အဆင်ပြေတဲ့ အသားအရေကို ရရှိခဲ့တာပါ။ ဒါကြောင့်လည်း ပြိုင်ပွဲမှာ အနိုင်ရပြီး အရမ်းစိတ်လှုပ်ရှားစရာကောင်းတဲ့ ခရီးစဉ်ကိုလိုက်ပါခွင့်ရခဲ့တာပါ။

အရမ်း စိတ်လှုပ်ရှားတဲ့အချိန်ကတော့ ဓါတ်ပုံရိုက်တဲ့ အချိန်ပါပဲ၊ ပြီးရင်တော့ ထမင်းစားတဲ့ အချိန် တစ်နေ့တမျိုး မတူထူးခြားတဲ့ အစားအသောက်တွေစားရတယ်။ ရင်ထဲမှာ စိတ်ညစ်စရာရှိရင်တောင် အခု ခရီးစဉ်ကြောင့် ပျောက်သွားနိုင်ပါတယ်။ အချိန် တိုင်းပျော်ရွှင်ရပါတယ်။

**သက်လုံးပုံ** ။ ။ပတ္တရားကိုရောက်ရင် လာတဲ့သူတိုင်း မသွားမဖြစ်သွားကြည့်ရတဲ့ Tiffany's Show ပွဲကြီးကို သွားကြည့်ခွင့်ရတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ အင်းလေးလို ရေပေါ်ဈေးကိုလည်း အချိန်မရှိတဲ့ကြားမှာ လိုက်လံပို့ဆောင်ပေးတဲ့အတွက် အရမ်းပဲ ကျေးဇူးတင်ပါတယ်။ နောင်နှစ်မှာလည်း **Enat** ရဲ့ ဒီလိုပြိုင်ပွဲမျိုးရှိပါစေလို့ ဆုတောင်းပြီး **Enat** နဲ့အသားအရေကို ထိမ်းသိမ်းသွားပါ့မယ်။

**Enat** Vitamin E ကပြုလုပ်တဲ့ **Enat** Beauty Face အစီအစဉ်လေး ကတော့ **Enat** ကို သုံးစွဲတဲ့ Customer များနဲ့ **Enat** တို့အကြား တကယ့်ကို အချိတ်အဆက် မိမိပြုလုပ်သွားတဲ့ စိတ်ဝင်စားစရာ ကောင်းတဲ့ Brand Engagement Program လေးပါပဲ၊ **Enat** 2014 Beauty face Calendar ဘယ်လိုများ ထွက်ပေါ်လာမလဲဆိုတာကို စာဖတ် ပရိတ်သတ်များနှင့် အတူ ရင်ခုန်စွာ စောင့်စားလျှက်ရှိပါကြောင်း ။ ။



Life
7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# ပြည်သူ့ချစ်ပီယံအသင်းမှ ကြယ်တစ်ပွင့်

**အေးမွန်ရာပြည့်**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြည်သူ့အချစ်တော် မြန်မာအမျိုးသမီးဘောလုံးအသင်းမှ ပရိသတ်များအာရုံကို ထူးထူးခြားခြား ညှို့ယူဖမ်းစားနိုင်ခဲ့သူတစ်ဦး ရှိခဲ့ပါသည်။ သူကကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာအသင်း၏ ကစားကွက်များကို ကွင်းလယ်မှ ပုံဖော်ပေးနေသူဖြစ်သည်။ ထိုင်းနှင့်ပွဲမှအပ ကျန်ပွဲစဉ်တိုင်းတွင် မြန်မာအသင်း၏ ကွင်းလယ်ကို အကောင်းဆုံး ထိန်းကျောင်းကစားနိုင်ခဲ့ပြီး ဆီးဂိမ်းပွဲစဉ် လေးပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန် အတွက်လည်း ဖန်တီးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

အသင်းသားအားလုံးနီးပါးမှာ ကျားကျားလျားလျားဟန်ပန်များကြား အမျိုးသမီးတစ်ဦး၏ ဟန်ပန်ရှိသူ၊ အသားအရေ ဖြူဝင်းပြီး ဆံရှည်လေးဖြင့် ချစ်စဖွယ် အသွင်ရှိသူ၊ နုနယ်ဟန်ရှိသော်လည်း အမျိုးသားတစ်ဦးကဲ့သို့စွမ်းဆောင်နိုင်သည့်သူမကို မြန်မာဘောလုံးပရိသတ်များက ထူးထူးခြားခြားအားပေးခဲ့ကြသည်။

ပြိုင်ဘက်အသင်းဖြစ်သော ထိုင်းနိုင်ငံဘောလုံးအသင်း၏ မန်နေဂျာ ဒေါက်တာချန်ဗစ်ပိုချိုဝင်းကပင် သူ၏နည်းစနစ်၊ ကြံ့ခိုင်မှု၊ ရွှေ့လျားပုံများကို အလွန်ကောင်းမွန်ပြီး ပါးနပ်ကြောင်း လက်မတစ်ထောင်ထောင်နှင့် ချီးကျူးခဲ့သည်။



မလေးရှားအသင်းနှင့် တတိယနေရာလုပွဲအပြီးတွင် သန်းသန်းထွေးအား အသင်းဖော်များက ဂုဏ်ပြုအနမ်းပေးနေစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သူမသည် ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့သော မြန်မာ အမျိုးသမီးဘောလုံးအသင်း၏ ကွင်းလယ်ကစားသမားကျော်နံပါတ်(၇)ဝတ်ဆင်သည့် သန်းသန်းထွေးပင် ဖြစ်ပါသည်။

မန္တလေးမြို့ရှိ မန္တလာသီရိ ဘောလုံးကွင်းတွင် ကျင်းပသည့် အမျိုးသမီးဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် သန်းသန်းထွေး၏ အားကြိုးမာန်တက် ကစားနေပုံများက ဘောလုံးပွဲတစ်ခါမှ မကြည့်ဖူးသူများနှင့် ဘောလုံးအားကစားနည်း မကြိုက်သူများကိုပင် ဆွဲဆောင်နိုင်ခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက်တွင် စတင်သော အဖွင့်ပွဲစဉ်မှ ၂၀ ရက် တတိယနေရာလုပွဲစဉ်အထိ ဆယ်ရက်အတွင်း ဘောလုံးပွဲလေးပွဲစလုံးတွင် အချိန်ပြည့်မနားတမ်း၊ မမောတမ်း ကစားသွားနိုင်သည့် သန်းသန်းထွေးမှာ မြန်မာပြည်တွင်းနေထိုင်သူ အမျိုးသမီး၊ အမျိုးသား၊ ကလေးလူကြီးအများစု၏ တစ်ခဲနက်အားပေးမှုကို သိမ်းကျုံးရယူသွားသည်။

တကယ်တော့ သန်းသန်းထွေးသည်မြန်မာအမျိုးသမီးဘောလုံးသမားဘဝအဖြစ် ဖြတ်သန်းလာသည်မှာ ဆယ်စုနှစ်တစ်စု ကျော်ပင်ရှိနေပြီဖြစ်သည်။

**စာမျက်နှာ (၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

**စာမျက်နှာ (၅)မှ**

## ပြည်သူ့ချန်ပီယံအသင်းမှ ကြယ်တစ်ပွင့်

သို့သော်မြန်မာနိုင်ငံအတွင်း ပြုလုပ်သည့် ၂၀၁၃ ဆီးဂိမ်းဘောလုံးပြိုင်ပွဲမှသာ မြန်မာအသင်းမှ ပရိသတ်ထောင်ပေါင်းများစွာ ရှေ့တွင် ကစားခွင့်ရခဲ့သည့်အတွက် ယခုအချိန်မှ ပရိသတ်များ ၎င်းကို အနီးကပ်အားပေးခွင့် ရရှိခဲ့ခြင်းပင်။

"ဒီမှာ အိမ်ရှင်အဖြစ်ကျင်းပတာ မကြုံဘူးတော့ ဒီလောက်ပရိသတ်ကြီးရှေ့မှာ တစ်ခါမှမကန်ဖူးဘူး။ ၂၀၀၇ တုန်းကတော့ အိမ်ရှင်လုပ်လိုက်ပေမယ့် ခုလိုတစ်နိုင်ငံလုံးလည်းမပြနိုင်တော့ လူသိပ်မသိလိုက်ဘူး။ အခုဟာကတော့ အမျိုးသမီးတစ်သင်းလုံးကို အားပေးကြတာ တစ်နိုင်ငံကို အုန်းအုန်းကျွက်ကျွက်ပဲ"ဟု မသန်းသန်းထွေးက ပြောသည်။

မသန်းသန်းထွေးကို ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့အနီးရှိ ဇောမိကျေးရွာတွင် တောင်ယာလုပ်ငန်းလုပ်ကိုင်သူ ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးမိဘနှစ်ပါးက မွေးဖွားခဲ့သည်။ မိန်းကလေး လေးဦး၊ ယောကျာ်းလေးနှစ်ဦးရှိပြီး မွေးချင်းခြောက်ယောက်အနက် ငါးယောက်မြောက် သမီးဖြစ်သည်။

ကျေးရွာ အထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားစဉ် အသက် (၁၂) နှစ်ခန့် အရွယ်ကတည်းက ညနေကျောင်းဆင်းချိန်တိုင်း ယောကျာ်းလေးသူငယ်ချင်းများအကြား ဝင်ရောက်ကာ ဘောလုံးကန်လေ့ရှိသည်။ ထိုအချိန်ကတည်းက ဘောလုံးအသံကြားလျှင် ထမင်းစားနေရင်းတန်းလန်းကပင် ပြေးသွားတတ်သည့် မသန်းသန်းထွေးအား မိဘများနှင့် မွေးချင်းမောင်နှမများက ဘောလုံးကစားခြင်းမှာ မိန်းကလေးတစ်ယောက် လုပ်ရမည့် အလုပ်မဟုတ်ဟုဆိုကာ မကြာခဏဆူပူခံရလေ့ ရှိသည်။

တစ်ကြိမ်တွင် ၎င်းနှင့် ညီမဝမ်းကွဲတို့ အိမ်မှဝယ်ခိုင်းသည့် ပစ္စည်းတစ်ခုဝယ်ရန် အမေဖြစ်သူက အပြင်သို့ခိုင်းစဉ် ကရင်ရွာများအလိုက် ကျင်းပနေသည့် အမျိုးသမီးဘောလုံးပွဲနှင့် ကြုံကြိုက်၍ ဝတ်လာသည့် ဂါဝန်ကိုချွတ်ကာ အောက်ခံကွာတား ဘောင်းဘီဖြင့် ဝင်ကစားသည်အထိ ဘောလုံးပိုးဝင်ခဲ့သည်။ အစ်မဖြစ်သူက ဂါဝန်ချွတ်ဘောလုံးကန်၍ ညီမက ရှက်ကာ အိမ်သို့ပြန်တိုင်သဖြင့် ကြိမ်းမောင်းခံခဲ့ရခြင်း ဖြစ်စဉ်မှာ ဘဝတွင် အမှတ်အရဆုံးဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်ဟု မသန်းသန်းထွေးက ပြန်ပြောင်းပြောသည်။

"အစက အိမ်က ဒီအလုပ်ကို မိန်းကလေးတစ်ယောက်နဲ့ မသင့်တော်ဘူးဆိုပြီး လုံးဝပေးမလုပ်ဘူး။ သူတို့ပြောလည်း ကိုယ်က သိပ်အာရုံထဲမှာ မထားဘူး။ ဘောလုံးပွဲတွေ့တိုင်း ဝင်ကစားတာပဲ။ စိတ်ကတအားထက်သန်နေတော့ နောက်ဆုံးမှာ အိမ်ကမနိုင်တော့ လို့လုပ်ခွင့်ပြုလိုက်ရတာ"ဟု သန်းသန်းထွေးက ဘောလုံးကစားသမားဖြစ်လာရသည့် အကြောင်းကို ရယ်မောရင်းပြောသည်။

ယခုကဲ့သို့ နိုင်ငံ့လက်ရွေးစင် အမျိုးသမီးဘောလုံးသမားတစ်ဦးဖြစ်လာရန် သန်းသန်းထွေးဖြတ်သန်းလာခဲ့ရသည့်အဆင့်များက မနည်းမနောပေ။ ရပ်ကွက်၊မြို့နယ်၊ ခရိုင်၊ တိုင်း လက်ရွေးစင်များမှတစ်ဆင့် နိုင်ငံလက်ရွေးစင် အဖြစ် တစ်ဆင့်ချင်းတက်ခဲ့ရခြင်းဖြစ်သည်။

**စာမျက်နှာ (၇)သို့**




## ငါးမုန့်ညင်းစိမ်းဖက်ထုပ်

မုန်ညင်းစိမ်းသုံးစည်းကို အဖူးအညွန့်လေးတွေပဲ နွှင်ပါ။ ပြီးရင် ချင်း၊ ကြက်သွန်ဖြူထောင်းနည်းနည်းနဲ့ မွှေးဆန်စိမ်းမှုန့် သုံးဇွန်း၊ ဆားနဲ့ အရသာမှုန့်တွေ နယ်ထားပါ။ ငါးခူကိုလည်း ပါးပါးလေးတုံးပြီး ကြက်သွန်ဖြူနီ အရသာနယ်နှပ်ထားပါမယ်။ အသင့်ဝယ်ထားတဲ့ ငှက်ပျောဖက်ကို မုန့်ဖက်ထုပ်လို ထောင့်ချိုးချိုး၊ ပြီးရင် ငါးကိုထောင့်စွန်းမှာ အရင်ဆုံးထည့်ပါမယ်။ ပြီးရင် မုန်ညင်းနယ်ထားတာတွေထည့်ပါ။ မုန့်ဖက်ထုပ် အရွယ်အနေတော်ထည့်ပြီး ဖက်ထုပ်ထုပ်လိုက်ပါ။ ဖက်ထုပ်ပြီးရင် ပေါင်းခံခွက်ထဲ ထည့်ပေါင်းပါမယ်။ ၁၅ မိနစ်လောက် ပေါင်းပြီးရင်တော့ ဖက်လေးခွာလို့ ငါးမုန်ညင်းပေါင်းပူပူလေးကို သုံးဆောင်လို့ရပါပြီ။









စာမျက်နှာ (၆)မှ

## ပြည်သူ့ချန်ပီယံအသင်းမှ ကြယ်တစ်ပွင့်

အားကစားတွင် အာရုံစိုက်ခဲ့ပြီး ပညာရေးတွင်မူ ၁၀ တန်းဖြင့် တစ်ပိုင်းတစ်စရပ်ခဲ့သည်။

ပထမဆုံးနိုင်ငံတကာပွဲဖြစ်သည့် ၂၀၀၁ မလေးရှားဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင် ၃၀ဦးထဲတွင် ရွေးချယ်ခံခဲ့ရသော်လည်း နောက်ဆုံးရွေးချယ်မှုအဆင့်တွင် ပြုတ်ကျန်ခဲ့သည်။

လက်ရွေးစဉ်တွင် အရွေးမခံရသော်လည်း ဆက်လက်ကြိုးစားခဲ့ရာ ထိုနှစ်တွင်ပင် (၁၉) နှစ်အောက်နိုင်ငံတကာပြိုင်ပွဲ၌ ပထမဆုံးအကြိမ် နိုင်ငံကိုယ်စားပြုကစားသမားအနေဖြင့် စတင်ပါဝင်ခွင့်ရခဲ့သည်။

အသက် (၂၇) နှစ်အရွယ် သန်းသန်းထွေးသည် ၂၀၀၁ ခုနှစ်မှ လက်ရှိအချိန်ထိ နိုင်ငံကိုယ်စားပြုအမျိုးသမီးဘောလုံးသမားတစ်ဦးအနေဖြင့် နိုင်ငံတကာပွဲပေါင်း ၈၀ ခန့်ပါဝင်ကစားခဲ့ပြီးဖြစ်သည်။ နိုင်ငံအလိုက်ပြိုင်ပွဲများတွင် မြန်မာကိုယ်စားပြုကစားကာ အမိနိုင်ငံအမျိုးသမီးဘောလုံးအသင်းအတွက် အာဆီယံရွှေဆု နှစ်ဆု၊ ဆီးဂိမ်းပြိုင်ပွဲများတွင် ငွေဆုနှင့် ကြေးဆု နှစ်ခုစီ၊ စုစုပေါင်းဆုတံဆိပ် ခြောက်ဆုရယူပေးထားသည်။

ဘောလုံးကွင်းအတွင်းတွင် သာမကဘဲ ကွင်းပြင်ပတွင်ပါ လူတော်တစ်ယောက်အမြဲဖြစ်ချင်သည့် စိတ်ကြောင့် ကွင်းတွင်းနှင့် လေ့ကျင့်ခန်းလုပ်ရာတွင်လည်း ပွဲရည်ရွယ်ချက်ရှိရှိနှင့်သာ အရာရာကို ကြိုးစားလုပ်ဆောင်သည်။ မိမိကိုယ်ကိုယ်သာ ပြိုင်ဘက်အဖြစ်ခံယူပြီး အမြဲကြိုးစားလေ့ရှိသည်။

ကွင်းလယ် ကစားသမားတစ်ယောက်ဖြစ်သူ မသန်းသန်းထွေးသည် ကွင်းတွင်းစိတ်ဓာတ်အင်မတန်ကောင်းမွန်သည့်အမျိုးသမီးဖြစ်ပြီး နိုင်ချင်စိတ်လည်း အပြည့်ရှိသူဖြစ်ကြောင်း၊ နိုင်ငံလက်ရွေးစင်အသင်းဖော်များနှင့်လည်း ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း မြန်မာအမျိုးသမီးအသင်းမှ လက်ထောက်နည်းပြဖြစ်သူ ဒေါ်သက်သက်ဝင်းကမှတ်ချက်ပြုပြောကြားသည်။

"သူက တအားအရယ်သန်တယ်။ ဟာသတစ်ခုခုရှေ့မှာလုပ်ပြရင် ရယ်လို့ကို မပြီးတော့ဘူး။ ပျော်တတ်ပါတယ်။ သူ့ပုံလေးကလုံးလုံးလေးမို့ တစ်သင်းလုံးကသူ့ကို ဘူးသီးလို့ ချစ်စနိုးခေါ်ကြတယ်"ဟု ဒေါ်သက်သက်ဝင်းကတပည့်ဖြစ်သူနှင့် ပတ်သက်ပြီး ပြောသည်။ ဘောလုံးကစားရင်းသူအားကျသော ကစားသမားများမှာ ပြည်ပတွင် စီရော်နယ်ဒို၊ ပြည်တွင်း၌ ကျော်ကိုကိုဖြစ်သည်။

ဘောလုံးကွင်းအတွင်းတွင် ကြမ်းကြမ်းတမ်းတမ်းနှင့် ကစားနေရသော်လည်း ကွင်းပြင်ပတွင်မူ သာမန်မိန်းကလေးတစ်ယောက်နေထိုင်ပုံ၊ ဝတ်စားပုံအတိုင်းသာ နေထိုင်ပြီး ဝတ်စားပုံစမတ်ကျလွန်းသည့် မိန်းကလေးများကို တွေ့လျှင်လည်း တစ်ခါတစ်ရံအားကျမိသည်ဟု မသန်းသန်းထွေးက ဆိုသည်။

"မိန်းကလေးတွေ လှလှပပလေးဝတ်ရင် ကိုယ်လည်းအားကျတယ်။ ဒါပေမဲ့ကိုယ်လုပ်နေရတဲ့ အလုပ်က အဲဒီလိုနူးနူးညံ့ညံ့လုပ်ရတဲ့ အလုပ်မှ မဟုတ်တာဆိုပြီး ပြန်တွေးလိုက်ရတဲ့အခါတွေလည်းရှိတယ်"ဟု ရှေ့ဆံပင်များ အားလုံးကို ဘီးကုပ်ပန်းရောင်ဖြင့် အပြောင်သိမ်းကာ မျက်နှာတွင် သနပ်ခါးရေကျဲကိုသာ ပွတ်လိမ်းထားသည့် မသန်းသန်းထွေးက ပြောသည်။

ပြောဆိုနေရင်း လက်သည်းဆိုးဆေးပန်းရောင်ဆိုးထားသည့် ၎င်း၏ ဘယ်ဘက်လက်ချောင်းလေးများကို ငုံ့ကြည့်နေသည်။ ညာဘက်တွင်တော့ လက်သည်းဆိုးဆေးဆိုးထားခြင်းမရှိပါ။

လူငယ်သဘာဝ ငယ်စဉ်ကရည်းစားတစ်ယောက် ထားခဲ့ဖူးသော်လည်း လက်ရှိအချိန်တွင်မူ အိမ်ထောင်ပြုရန် ရည်ရွယ်ထားသူ မရှိသေးဟု သန်းသန်းထွေးက ပြောသည်။

"အခုချိန်မှာတစ်ကိုယ်တည်းပါပဲ။ အချစ်ရေးဘာမှ မစဉ်းစားသေးဘူး။ အဲဒီဟာတွေအတွက် သိပ်လည်းအာရုံမရှိဘူး။ အိမ်ထောင်ပြုဖို့ဆိုတာကလည်း မဖြစ်နိုင်သေးဘူး"ဟု ၎င်းက ပြောသည်။

အချစ်ရေး၊ အိမ်ထောင်ရေးဘက် မလှည့်နိုင်သေးသော်လည်း သူ့ဘဝရှေ့ရေးအတွက်တော့ စဉ်းစားစရာများ တစ်ပုံတစ်ပင်ပင်။ ယခုဆီးဂိမ်းပြိုင်ပွဲပြီးလျှင် သူ့မဘဝအတွက် အဆုံးအဖြတ်ရွေးချယ်ရမည့် လမ်းဆုံတွင် ရောက်ရှိနေသည်။

ဆီးဂိမ်းပွဲပြီးလျှင် မိခင်ရေကြောင်းပို့ဆောင်ရေးဌာနနှင့် ဘောလုံးအဖွဲ့ချုပ်နှစ်ခုအနက် တစ်ဖက်ဘက်သို့ အပြီးတိုင်ပြောင်းရွှေ့ရန် မိခင်ဌာနက ဖိအားပေးနေသည်။ အသက်အရွယ် အချိန်ပိုင်းတစ်ခုအတွင်းသာ ကစားနိုင်မည့် ချစ်မြတ်နိုးလှသည့် ဘောလုံးကစားနည်းနှင့် ရေရှည်ဝင်ငွေနှင့် အလုပ်အကိုင်တစ်ခုကို ပေးနိုင်မည့် အစိုးရဝန်ထမ်းဘဝ နှစ်ခုအနက် တစ်ခုကို အပြီးရွေးချယ်ရတော့မည်ဖြစ်သည်ဟု မသန်းသန်းထွေးက ၎င်း၏ အခက်အခဲကို ပြောပြသည်။ သို့သော် ယခုအချိန်ထိ ဘာဆက်လုပ်ရမည်ကို မဆုံးဖြတ်ရသေး . . .

"တစ်ခါတလေ ဘောလုံးချည်းကစားနေရတာ နှစ်ကြာလာတော့လည်း တစ်ခါတစ်ရံငြီးငွေ့မှုဖြစ်မိတယ်။ ဒါပေမဲ့လည်း ကိုယ်ကဒီအလုပ်ပဲကောင်းကောင်းလုပ်တတ်တာ။ ရုံးမတက်ရတော့ ရုံးပိုင်းဆိုင်ရာတွေကိုလည်း ကောင်းကောင်းမသိဘူး။ လူကြီးတွေအချင်းချင်းတော့ ညှိပေးမယ်တော့ ပြောတယ်။ ဘယ်လိုဖြစ်လာမလဲမသိသေးဘူး"ဟု မသန်းသန်းထွေးကပြောသည်။ ထိုသို့ဘဝအနာဂတ်အရေးနှင့် ပတ်သက်ပြီး ငေးမောစွာပြောနေစဉ် အချိန်၌ ပြိုင်ဘက်၏ ကွင်းလယ်ကို ထိန်းချုပ်သော ကွင်းလယ်ဗိုလ်ချုပ်ကျောနံပါတ် (၇)အမျိုးသမီး ဘဝပုံစံနှင့် များစွာ ကွာခြားနေသည်။

လက်ရှိတွင် ပို့ဆောင်ရေးဝန်ကြီးဌာနတွင် အကြီးတန်းစာရေးဖြစ်သည့်အတွက်လစာ ၁၁၀,၀၀၀ ကျပ်၊လက်ရွေးစင်ဘောလုံးကစားသမားရွေးချယ်ခံထားစဉ် လစာသုံးသိန်းရသည်။

သူမ ဘောလုံး ဆက်ကန်သည်ဖြစ်စေ၊ မကန်သည်ဖြစ်စေ မြန်မာပရိသတ်များ၏ ရင်ဘတ်ထဲတွင်တော့ မသန်းသန်းထွေးတစ်ယောက်က နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေရာယူထားပါပြီ။

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာတို့အမြဲဂုဏ်ယူနေမည့် အခိုက်တန့်ဖြစ်သော သုံးနာရီကျော်ကြာ ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့သည့် သမိုင်းဝင်မြန်မာ-ထိုင်းအမျိုးသမီးပွဲစဉ်မှ မြန်မာအသင်းကစားသမားတစ်ဦးအဖြစ် မှတ်တမ်းကောင်းကိုလည်း ရေးထိုးနိုင်ခဲ့ပါပြီ။



7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

မျက်နှာဖုံးမှ

## ပျောက်အောင်ကုမှာလား ကုန်အောင်ရိတ်မှာလား

"ဆေးထိုးတာ တစ်သိန်း၊ သောက်ဆေးက လေးသိန်း။ နောက်ထပ် ခြောက်ရက်ဆက်တိုက် ဆေးထိုးရမယ်။ ဆယ်သိန်းကျော်လောက်တော့ ကုန်မယ် ပြောတယ်"ဟု ခေတ်မီဆေးခန်းတွင် ကုသမှုခံယူခဲ့သူ မမိုးမိုးက ပြောသည်။

မမိုးမိုးသည် ခေါင်းအလွန်ကိုက်သောဝေဒနာကို ၁၀ နှစ်ကျော် ခံစားနေရသောကြောင့် ပျောက်ကင်းအောင် ကုသနိုင်သည်ဆိုသော အဆိုပါဆေးခန်း ကြော်ငြာကြောင့် ယုံကြည်အားကိုးစွာဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ လွန်ခဲ့သော တစ်လကျော်က အဆိုပါဆေးခန်းသို့လာရောက် ဆွေးနွေးခဲ့ရာတွင် ကုသရန် ငွေကြေးမလုံလောက်သောကြောင့် ထပ်မံစုဆောင်း၍ ဒုတိယအကြိမ် မြောက်လာရောက်ခဲ့ခြင်းဟု ဆိုသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က စစ်ဆေးအရေးယူမည်ဟု ပြောကြားထားသော အဆိုပါကြော်ငြာအားကောင်းကောင်းနှင့် ရောဂါအမြစ်ပြတ်ကုသသည်ဆိုသော ဆေးခန်းများမှာ ဗဟုသုတနည်းပါး၍ ရောဂါဝေဒနာအမြန်ဆုံး ပျောက်ကင်းလိုသော လူနာများကို လိမ်လည်မှုများပြုလုပ်ကာ ငွေရှာကောင်းနေဆဲပင်ဖြစ်သည်။

နောက်ဆုံးပေါ် ခေတ်မီစက်သစ်များကို အသုံးပြု၍ အထူးကုဆရာဝန်ကြီးများက ကုသပေးနေသည်ဟု ကြော်ငြာထားသော်လည်း လက်တွေ့၌ တခြားစီဖြစ်နေသည်ဟု ဆိုသည်။ နားကြပ်မကိုင်။ သွေးပေါင်ချိန်လည်းမတိုင်းဘဲ မြန်မာစကားပြန်နှင့် ဆေးကုသသော တရုတ်ဆေးဆရာတစ်ဦးက ဘယ်ဘက်လက်ကောက်ဝတ်တွင် သွေးခုန်နှုန်း စမ်းသပ်၍ ကျောက်ကပ်အားနည်းနေသည်။ ထို့ကြောင့် ခေါင်းကိုက်ရခြင်းဖြစ်သည်ဟု ပြောဆိုကာ ဆေးတစ်လုံးထိုးပေးခဲ့ခြင်းဖြစ်သည်ဟု မမိုးမိုးက ၎င်း၏ အတွေ့အကြုံကို ပြန်ပြောပြသည်။

ထိုကဲ့သို့ အဖြစ်အပျက်မျိုးကို မမိုးမိုးတစ်ယောက်သာခံစားရခြင်းမဟုတ်ဘဲ အဆိုပါအပျောက်ကုဆေးခန်းများတွင် သွားရောက်ကုသခဲ့သော လူနာအားလုံးနီးပါး ကြုံတွေ့ခဲ့ရသည်။ ကိုယ်တိုင်ကြုံတွေ့ဖူးသူ လူနာ ၁၅ ယောက်ကျော်ကို 7 Day Journal က မေးမြန်းမှုများပြုလုပ်ခဲ့ရာ တရုတ်ဆေးဆရာကုသကြောင်း၊ သေချာမစမ်းသပ်ဘဲ ရောဂါကုသမှုပေးကြောင်း၊ အနည်းဆုံးကျပ်ဆယ်သိန်းခန့် ကုန်ကျကြောင်းဆိုသော အဖြေများသာရရှိခဲ့သည်။




အမျိုးသားရောဂါများ၊ အမျိုးသမီးရောဂါများ၊ ကင်ဆာရောဂါ အမျိုးမျိုးကို ပျောက်ကင်းအောင် ကုသပေးနိုင်သည်။ ဆီးချို၊ သွေးချိုရောဂါကို အချိန်တိုအတွင်း ပျောက်ကင်းအောင်ကုသပေးနိုင်သည်။ လေးဘက်နာ ရောဂါ၊ ဂေါက်(ခေါ်) အဆစ်အမြစ်ရောင်ရောဂါတို့ကို ကုထုံးတစ်ကြိမ်၊ နှစ်ကြိမ်အတွင်း အမြစ်ပြတ်စေရမည်။ နာတာရှည်ပန်းနာရင်ကျပ်ရောဂါ ပြန်လည်ဖြစ်ပွားခြင်းမရှိစေရ။ လိပ်ခေါင်းရောဂါကို မနာမကျင်သွေးတစ်စက်မှမထွက်ဘဲ ၁၅ မိနစ်အတွင်း ထပ်မံမဖြစ်ပွားစေသည်အထိ ကုသပေးသည်။ အအေးမိတုပ်ကွေးမှအစ ၉၆ ပါးရောဂါပေါင်းစုံကို ကျော်လွန်ကာ အမျိုးမျိုးအသွယ်သွယ်သော ရောဂါများကို ခေတ်မီစက်သစ်ကြီးများ၊ နောက်ဆုံးပေါ် ဆေးပညာများ၊ ကျွမ်းကျင်သောပညာရှင်များက အမြစ်ပြတ် ပျောက်ကင်းစေရန် တာဝန်ယူ ကုသပေးနေသည်ဟု ကြော်ငြာကာ ဆေးခန်းတစ်ကြိမ်ပြလျှင် အနည်းဆုံးငွေကျပ် ငါးသိန်းမှ ဆယ်သိန်းကျော်အထိယူနေကြသော အပျောက်ကုဆေးခန်းများမှာ ရန်ကုန်မြို့တွင် အနည်းဆုံး ခုနစ်ခု၊ ရှစ်ခု ရှိနေပါသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း တရုတ်ဆေးခန်းများနှင့် တရုတ်ဆေးဆရာဝန်များအား ခွင့်ပြုချက်လုံးဝမရှိက ဆေးကုသခွင့်မပေးပါ။ ယနေ့အထိ ခွင့်ပြုထားသော တရုတ်ဆေးခန်းနှင့် တရုတ်ဆရာဝန်များမရှိသေးပါ"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

အဆိုပါ အပျောက်ကုဆေးခန်းများတွင် ကုသနေသော တရုတ်ဆေးဆရာများမှာ ခွင့်ပြုချက်လိုင်စင်မရှိသော၊ ယုံကြည်အားကိုးဖွယ်မရှိသောသူများသာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။

တရုတ်ဆေးဆရာများ ကုသသော အဆိုပါဆေးခန်းအချို့ကို မေးမြန်းရာတွင်လည်း မြန်မာနိုင်ငံဆေးကောင်စီက ခွင့်ပြုထားသော မြန်မာဆရာဝန်များ ကုသမှုပေးပြီး ခေတ်မီစက်ကိရိယာများဖြင့် နောက်ဆုံးပေါ် နည်းပညာကို အသုံးပြုထားကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကလည်း ဆေးခန်းသို့လာရောက်စစ်ဆေးမှုများပြုလုပ်ကြသည်ဟု ပြန်လည်ဖြေကြားကြသည်။

သို့သော် ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အလယ်ဘလောက်ရှိ နယူးဟောင်ကောင် အထူးကုဆေးခန်း၊ လမ်းမတော်မြို့နယ်၊ (၁)လမ်း ပုဂံအိမ်ရာရှိ အရှေ့တိုင်းဆေးခန်း၊ လသာမြို့နယ် စဉ့်အိုးတန်းအောက်လမ်းတွင် ဖွင့်လှစ်ထားသော ခေတ်မီဆေးကုခန်း၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းရှိ ပိုလိုဆေးခန်းနှင့် မြန်မာနိုင်ငံရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ ရွှေပိတောက်ဆေးခန်းတို့တွင် ခွင့်ပြုချက်လိုင်စင် မရှိသော တရုတ်ဆရာဝန်များက ကုသမှုများပေးနေပြီး လူနာများများရရှိရေးအတွက်လည်း သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာများ ထည့်သွင်းခြင်း၊ လူစည်ကားရာလမ်းဆုံတွင် လက်ကမ်းစာအုပ်ဝေငှခြင်း၊ အိမ်တိုင်ရာရောက် ကြော်ငြာစာအုပ်၊ စာရွက်ဝေခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

လိုင်စင်မဲ့ဆေးကုသမှုများနှင့် အပျောက်ကုဆေးခန်းများကို စစ်ဆေးရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ယခုနှစ်ဇွန်လ လယ်က ပုဂ္ဂလိကဆေးခန်းငါးခုသို့ သွားရောက်စစ်ဆေးခဲ့သည်ဆိုသော်လည်း အဆိုပါဆေးခန်းများမှာ ယနေ့ထိရှိနေဆဲဖြစ်သည်။

"ဂျာမနီကလာတဲ့ စက်တွေနဲ့ကုတယ်။ ဆရာဝန်ကြီးတွေလည်းရှိတယ်ဆိုတော့ သွားပြမိတာ။ တစ်လအတွင်း ၁၅ သိန်းလောက်ကုန်သွားတယ်။ ဘာမှမထူးဘူး"ဟု အဆစ်အမြစ်ရောင်ရောဂါကို ၁၀ နှစ်ကျော်ခံစားနေရသူတစ်ဦးကနယူးဟောင်ကောင်ဆေးခန်းသို့ သွားရောက်ကုသခဲ့စဉ်အတွေ့အကြုံကိုပြောပြသည်။

အမျိုးအမည်မသိ၊ အထောက်အထားတစ်စုံတစ်ရာမှမပါသော သောက်ဆေးများနှင့် ဆေးကုသခွင့်လိုင်စင်မရှိသော လူမျိုးခြားဆေးဆရာများက ကုသမှုပေးနေသည်မှာ သွားရောက်ကုသနေသော လူနာများအတွက် စိုးရိမ်စရာအခြေအနေတစ်ခုဖြစ်၏။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေတွင်မူ ဆေးခန်းကို မှတ်ပုံတင်ခြင်းမရှိဘဲ ဖွင့်လှစ်ပါက ထောက်ဒဏ်ခြောက်လမှ သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။ လိုင်စင်မဲ့နိုင်ငံခြားသားဆရာဝန်ဆေးကုသမှုများကို စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်နိုင်သည်ဟု မြန်မာနိုင်ငံဆေးကောင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

သို့သော် အဆိုပါဆေးကုခန်းများသည် မြန်မာနိုင်ငံဆေးတက္ကသိုလ်များမှ ဘွဲ့ရထားသော ဆရာဝန်တစ်ဦး၏ ဆမ(ဆရာဝန်မှတ်ပုံတင်)ကို အသုံးပြု၍ လိုင်စင်လျှောက်ထားပြီး ဆေးကုသမှု၌ လိုင်စင်မဲ့ နိုင်ငံခြားသားဆေးပညာရှင်များက ကုသမှုပေးနေခြင်းဖြစ်ကြောင်း စုံစမ်းသိရသည်။

ဆေးခန်းရှေ့တွင် မြန်မာနိုင်ငံဆေးကောင်စီ၏ အသိအမှတ်ပြု မြန်မာဆရာဝန်များ၏ ဆိုင်းဘုတ်များ ချိတ်ဆွဲထားပြီး ဆေးခန်းအတွင်းသို့ဝင်လျှင် အနောက်တိုင်းဆေးများကို မှန်ဗီရိုကြီးများအတွင်း၌ ထည့်သွင်းပြသထားမည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့သော် ကုသမှုပြုလုပ်ရာတွင် တရုတ်ဆေးဆရာများဖြစ်ပြီး အနောက်တိုင်းဆေးဝါးများကို အသုံးပြုသည်မဟုတ်ပါ။

"အောက်ထပ်မှာ ဆရာတို့ကို ပြင်ပလူနာကြည့်ဖို့ဆိုပြီးထားတယ်။ လူနာလာပြီဆိုတာနဲ့ အပေါ်ထပ်ကိုဆွဲတင်၊ ပြီးတော့ အဲဒီ အိစံကွား(တရုတ်ဆေးဆရာ)တွေနဲ့ကုခိုင်းတာ။ ဘယ်လောက်တော်လဲ မတော်လဲပြောမယ်ဆိုရင် သွေးပေါင်ချိန် ၁၈၀ လောက်တက်နေရင် အိစံကွားတွေ ဘာမှမလုပ်တတ်တော့ဘူး။ အဲဒီကျမှအောက်ထပ်က မြန်မာဆရာဝန်ဆီလာပြီး သွေးပေါင်ချပေးပါဦးပြောတယ်"ဟု အပျောက်ကုဆေးခန်းတစ်ခုတွင် နှစ်လကျော်အလုပ်လုပ်ခဲ့ဖူးသူ ဒေါက်တာမောင်မောင်အောင်က လွန်ခဲ့သော ခြောက်လခန့်က အတွေ့အကြုံကို ပြောသည်။

ခေတ်မီစက်သစ်ကြီးများဟု ဆိုရာတွင်လည်း အသည်းကြီး၍ အာထရာဆောင်းရိုက်ခိုင်းရာတွင် normal(ဘာမျှမရှိ)ဟု အဖြေပေးကြောင်း ဆေးခန်းတွင် တရုတ်ဆေးဆရာလေးဦး အပေါ်ထပ်၌ ရှိကြောင်း၊ အောက်ထပ်ရှိအနောက်တိုင်းဆေးများနှင့် မြန်မာဆရာဝန်များမှာဟန်ပြသက်သက်သာဖြစ်ကြောင်း ပြောဆိုသည်။

အဆိုပါအပျောက်ကုဆေးခန်းများကို စောင့်ကြည့်စစ်ဆေးနေသော်လည်း လစ်လျှင်လစ်သလိုလုပ်နေကြကြောင်း၊ သက်သေမရှိသောကြောင့် ပြုလုပ်၍မရကြောင်း၊ တွေ့ကြုံခဲ့လျှင် သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပြောသည်။

"ဒီကိစ္စကလူတော်တော်များများ နစ်နာနေတဲ့ကိစ္စပါ။ ပြည်ထောင်စုဝန်ကြီးဌာန အနေနဲ့ သက်ဆိုင်ရာကိုညှိနှိုင်းအကြောင်းကြားစာပို့ပြီးသားပါ။ အခုလိုရှိနေသေးတာကတော့ စစ်ဆေးအရေးယူမှုမှာ အားနည်းချက်တွေရှိနေတာကို ဖော်ပြတာပဲ"ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ အခြေခံကျန်းမာရေးကို ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သော ဥပဒေများလိုအပ်နေပြီး ယခုကဲ့သို့ လိုင်စင်မဲ့ဆေးကုသသူနှင့် ဆေးခန်းဆိုင်ရာပြဿနာများမှာ မလိုလားအပ်သော ကိစ္စရပ်များဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှုကော်မတီမှ အတွင်းရေးမှူးဒေါက်တာနေလင်းက ပြောသည်။

"ဒါတွေကို အာဏာပိုင်တွေက စံနမူနာအနေနဲ့ အရေးယူမှုတွေပြုလုပ်ဖို့လိုတယ်။ ဒါမှနောက်မလုပ်ရဲမှာ။ အခုဟာက အရေးယူမှုတွေ အားနည်းနေတယ်"ဟု ဒေါက်တာနေလင်းက ပြောကြားသည်။

မြန်မာနိုင်ငံဆေးကောင်စီ လက်မှတ်ရ အထူးကုဆရာဝန်ကြီးတစ်ဦးထိုင်သော ဆေးခန်းတွင် တစ်ကြိမ်သွားပြလျှင် ငွေကျပ်နှစ်သောင်းခန့် ကုန်ပါသည်။ အပျောက်ကုဆေးခန်းများတွင် လိုင်စင်မဲ့ဆေးကုသသူ၏ ကုသမှုက တစ်ကြိမ်လျှင် ငွေကျပ်တစ်သိန်းမှ ငါးသိန်းကျော်အထိ ကုန်ကျမည်ဖြစ်သည်။ ယုံကြည်စိတ်ချရမှုနှင့် ကုန်ကျငွေက နှိုင်းယှဉ်ကြည့်လျှင် ဆီနှင့်ရေ၊ မိုးနှင့်မြေကဲ့သို့ပင်။

"လိမ်စား၊ လုပ်စားနေကြတာ။ ဘာနဲ့တူသလဲဆိုတော့ ခြင်းထဲဝင်လာတဲ့ကြက်ကိုကုန်အောင် အမွေးနုတ်မယ်ဆိုတဲ့အတိုင်းပဲ"ဟု မသိနားမလည်သော လူနာများအပေါ် လိမ်လည်ပြုမူနေကြခြင်းကို ဒေါက်တာမောင်မောင်အောင်က ဝေဖန်လိုက်သည်။



### ၂၀၁၃ ဒီဇင်ဘာ ၂၅မှ ၃၁ရက်ထိ
### မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့်တစ်ပေမှ နှစ်ပေခန့်ရှိနိုင်ပါတယ်။

**ညအပူချိန်များအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များဟာ 7C-10C ခန့်၊ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတို့တွင် 11C-16C ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ ၅၀ ရာခိုင်နှုန်းခန့်သေချာမှုရှိနေပြီး ကျန်မြန်မာပြည်တစ်ဝန်းဒေသများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုမရှိပါ။

**မိုးရွာသွန်းမှုအခြေအနေ**

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မိုးအနည်းငယ်ရွာနိုင်ပါတယ်။ ရွာရန် ၆၀ ရာခိုင်နှုန်းရှိပါတယ်။ ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**မြူကျရောက်နိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ငါးရက်ခန့်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတို့မှာ ၃ ရက်ခန့်နံနက်ပိုင်းအချိန်အခါများတွင် မြူထူများဆိုင်းနိုင်ပါတယ်။ **ဒေါက်တာထွန်းလွင်** (MCCW)

Health
7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# လမ်းဘေးစာများတွင် အစာအဆိပ်သင့်စေသည့် ပိုးမွှားများ ပါဝင်နေ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

ရန်ကုန်မြို့အတွင်း လမ်းဘေးတွင် ရောင်းချသည့် အစားအစာများ၌ အစာအဆိပ်သင့်စေသည့် ပိုးမွှားများပါဝင်နေသည်ကို တွေ့ရှိခဲ့ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သတင်းရရှိသည်။

ထမင်းကြော်ကို အပူပေးပြီး ပြန်နွေးရောင်းချသည့် ဆိုင်များနှင့်လက်တွင်ပြည်တည်နာရှိသော အစားအသောက်ကိုင်တွယ်သူထံမှ ဝယ်ယူသည့် အစားအသောက်များတွင် အစာအဆိပ်သင့်မှုကို ဖြစ်ပေါ်စေသော ပိုးမွှားများပါဝင်နေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

ထိုသုတေသနကို ရန်ကုန်မြို့အတွင်းရှိ မြို့နယ်ငါးခု၌ လမ်းဘေး၌ရောင်းချသော အစားအစာများတွင် ပြုလုပ်ခဲ့ရာ အစားအဆိပ်သင့်မှုကိုဖြစ်ပေါ်စေသည့်ပိုးမွှားများ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနရှိအမျိုးသားအဆိပ်ထိန်းချုပ်မှု ဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းလှက ပြောသည်။

ထိုအစားအစာများတွင် သာမက ဈေးကွက်အတွင်းရှိ ဇရုတ်သီးမှုန့်များ၊ လက်လုပ်ချဉ်များ၊ အသားကင်များ၊ ငါးခေါင်းအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဆူရှီ၊ ငါးခြောက်အမျိုးမျိုး၊ မြေပဲအမျိုးမျိုးတို့မှလည်း အစာအဆိပ်သင့်နိုင်သည့် ပိုးမွှားများပါဝင်နေသည်ကို လေ့လာတွေ့ရှိခဲ့သည်။

ထမင်းကြော်ကို အပူပေးပြီး ပြန်နွေးခြင်းသည် ရောဂါပေါက်ဖွားမှု အားပေးသဖြင့် ထိုအစားအစာထဲတွင် Bacillus Cereus အစာအဆိပ်သင့်မှုကို ထမင်းကြော်များထဲတွင် အများဆုံးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် လက်တွင် ပြည်တည်နာ ရှိနေသူက အစားအသောက်ကိုင်တွယ်ရာမှ ပါဝင်လာသည့် ရောဂါပိုးသည် ပွက်ပွက်ဆူသည့် ချက်ပြုတ်မှုကို ခံနိုင်ရည်ရှိသည်။

ယင်းအဆိပ် ပါဝင်သော အစာသည်မူရင်းသဘာဝအတိုင်း အရောင်၊ အနံ့၊ အရသာ မပျက်ယွင်းဘဲ ရှိတတ်ပြီး ထိုအစာစားသုံးမိသူသည် အပြင်းအထန်ပိုက်နာခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်း စသည့် အစာလမ်းကြောင်းအဆိပ်သင့်မှုကိုပါ ခံစားရစေခြင်းဖြစ်ကြောင်း ဒေါက်တာသောင်းလှက ပြောသည်။

ထိုအဆိပ်သင့်ခြင်းမှ ကာကွယ်နိုင်ရန် သန့်ရှင်းလတ်ဆတ်သည်ဟု ယုံကြည်စိတ်ချရသောဆိုင်များမှ ဝယ်ယူရန်၊ အစားအသောက်ပြင်ဆင်ရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရန်နှင့် အစားအသောက်များ ဝယ်ယူလာပြီးလျှင် ချက်ချင်း ချက်ပြုတ်ရန်နှင့် အခန်းအပူချိန်တွင် ကြာရှည်စွာထားခြင်းကို ဆင်ခြင်ခြင်း စသည်တို့ဖြင့် အစားအစာများတွင် ပိုးမွှားများပေါက်ဖွား၍ ဖြစ်ပေါ်လာသည့် အစာအဆိပ်သင့်ခြင်းကို ကာကွယ်နိုင်ကြောင်း သိရသည်။

ထို့အပြင် မိသားစုအတွင်းဖြစ်စေ၊ ပတ်ဝန်းကျင်၌ဖြစ်စေ အစာအဆိပ်သင့်မှု တစ်ခုခုဖြစ်ပွားလာပါက ကူညီဖြေရှင်း၍ သိလိုသည့် အကြောင်းအရာများ မေးမြန်းရန် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန ဖုန်း - ၃၇၉၄၈၀၊ ၀၉ -၇၃၁၅၅၃၄၂ သို့ ၂၄ နာရီဆက်သွယ်မေးမြန်းနိုင်သည်။




*ရန်ကုန်မြို့လမ်းဘေးတစ်နေရာရှိ အစားအသောက်ရောင်းချနေမှုမြင်ကွင်း*  ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ် ကျရောက်ပါက မြန်မာနိုင်ငံမှ သွားရောက်ကူညီနိုင်ရေး ကျန်းမာရေးအဖွဲ့ ဖွဲ့စည်းမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

ဒေသတွင်း နိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက မြန်မာနိုင်ငံမှ သွားရောက်ကူညီနိုင်မည့် နိုင်ငံတကာကျန်းမာရေးအဖွဲ့တစ်ခုဖွဲ့စည်းနိုင်ရန်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နိုင်ငံတကာမှာ သဘာဝဘေးအန္တရာယ်တွေဖြစ်လာခဲ့ရင် မြန်မာနိုင်ငံအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် အဖွဲ့ ဖွဲ့စည်းမယ့် အစီအစဉ်တွေလုပ်ဖို့ရှိပါတယ်"ဟု ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းကပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပတိုင်းပြည်များတွင် ကြုံတွေ့ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် လူအားဖြင့် အကူအညီပေးခြင်းမှာ ဖိလစ်ပိုင်တွင်ကြုံတွေ့ခဲ့သည့်မုန်တိုင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး မြန်မာနိုင်ငံမှ အထူးကုဆရာဝန် ကိုးဦးပါဝင်သည့် ဆေးအဖွဲ့မှ သွားရောက် ကူညီခဲ့ခြင်းဖြစ်သည်။

ထိုဖိလစ်ပိုင်ခရီးအတွေ့အကြုံကိုရယူ၍ ကျန်းမာရေးအဖွဲ့ဖွဲ့စည်းကာ နိုင်ငံတွင်းသာမက ပြည်ပနိုင်ငံများသို့ပါ ကျန်းမာရေးဆိုင်ရာ အကူအညီများပေးနိုင်ရန် လေ့ကျင့်ပြီး လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်မှ စတင်၍ မြန်မာနိုင်ငံတွင်း တွင် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့သည်။



## လိင်လုပ်သားများ အိတ်ချ်အိုင်ဗီကူးစက်ခံရမှုလျော့ကျလာ

**ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

မြန်မာနိုင်ငံတွင် လိင်လုပ်သားများ၏ အိတ်ချ်အိုင်ဗီ (HIV) ရောဂါပိုး ကူးစက်ခံရမှုသည် ၂၀၀၅ ခုနှစ်တွင် လေးဆယ်ရာခိုင်နှုန်းကျော်ရှိရာမှ ယခုကာလတွင် တစ်ဆယ်ရာခိုင်နှုန်းအောက်သို့ လျော့ကျလာသည်ဟု သိရသည်။



အိတ်ချ်အိုင်ဗီပိုးကူးစက်မှုတိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် PSI ၏ထုတ်ပြန်ချက်များကိုကိုးကား၍ ပြည်ပသတင်းမီဒီယာ Diplomat ကရေးသားထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်မှစတင်၍ လိင်လုပ်သားများနှင့် လိင်တူဆက်ဆံသူများအား ကွန်ဒုံးအခမဲ့ဖြန့်ဝေခြင်း၊ ရောဂါဆိုင်ရာဆွေးနွေးပညာပေးမှုများ၊ အိတ်ချ်အိုင်ဗီနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများနှင့် စပ်လျဉ်း၍ လိင်လုပ်သားအချင်းချင်း အားပေးကူညီရေးနှင့် ဆေးရုံ၊ ဆေးခန်းများသို့ လမ်းညွှန်ပေးမှုများ ပြုလုပ်ပေးရေးများဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိလိင်လုပ်သားပေါင်း ခြောက်သိန်းကျော်အား အဆိုပါအစီအစဉ်တွင်ပါဝင်စေခဲ့ခြင်းဖြင့် ယခုကဲ့သို့ကျဆင်းလာခြင်းဖြစ်သည်ဟုဆိုသည်။

ရောဂါပိုးကူးစက်မှုနှုန်းကျဆင်းလာသော်လည်း လိင်လုပ်သားများနှင့် မူးယစ်ဆေးဝါးအကြောအတွင်းသို့ထိုးသွင်းသူများအနေဖြင့် ရောဂါပိုးကူးစက်ခံရမှု၌ စိုးရိမ်စရာအဆင့်၌ပင်ရှိနေသေးသည်ဟု UNFPA မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် Global Fund က အမေရိကန်ဒေါ်လာသန်း ၁၆၀ ထောက်ပံ့ထားပြီး အစိုးရနှင့်ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရသူပေါင်း နှစ်သိန်းနီးပါးရှိသည်ဟု သက်ဆိုင်ရာအဖွဲ့အစည်းများက ယခုနှစ်အတွင်း စာရင်းထုတ်ပြန်ထားသည်။

## စီပိုးကုသမှုဆိုင်ရာ လမ်းညွှန်စာအုပ် မတ်လတွင် ဖြန့်ချိမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

အသည်းရောင်အသားဝါ စီပိုးကုသမှုဆိုင်ရာ လမ်းညွှန်စာအုပ်ပြင်ဆင်ရေးဆွဲပြီးဖြစ်၍ ၂၀၁၄ မတ်လတွင် တစ်နိုင်ငံလုံးသို့ ဖြန့်ချိနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရှင်များအဖွဲ့မှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ ဘီပိုးကုသခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်ကို ယခုနှစ် စက်တင်ဘာလက ပထမဆုံးအကြိမ်ဖြန့်ဝေခဲ့ပြီး စီပိုးကုသခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်ကို လွန်ခဲ့သည့် လေးနှစ်ခန့်က ဖြန့်ဝေခဲ့ကာ ယခုခေတ်နှင့်အညီပြန်လည်မွမ်းမံပြင်ဆင်နေခြင်းဖြစ်သည်။

"နောက်ပိုင်း ဆိုရင်တော့ ၂ နှစ်တစ်ခါလောက် update လုပ်ရမယ်။ အခုတက်ခဲ့တဲ့နောက်ဆုံးအစည်းအဝေးအတိုင်းဆို အယူအဆတွေက လုံးဝပြောင်းပြန်ဖြစ်နေတယ်။ ဒါတွေကို မသိရင် ပြည်သူတွေရော၊ ကျန်းမာရေးဝန်ထမ်းတွေရော အခက်အခဲတွေရှိတယ်"ဟု ပါမောက္ခခင်မောင်ဝင်းက ပြောသည်။

ဆေးသုတေသနဦးစီးဌာနက ပြုလုပ်ထားသည့် စစ်တမ်းများအရ မြန်မာနိုင်ငံရှိ လူ ၁၀ ဦးတွင် တစ်ဦးမှာအသည်းရောင်အသားဝါဘီပိုးကူးစက်ခံနေရကြောင်း တွေ့ရှိခဲ့ကြသဖြင့် ခန့်မှန်းခြေအားဖြင့် ပြည်တွင်းတွင် ရောဂါပိုးကူးစက်ခံထားရသူ ခြောက်သန်းခန့်ရှိနေသည်ဟု ခန့်မှန်းထားသည်။

သို့သော် ထိုစာရင်းများမှာ ပြည်တွင်းတွင် ပြုလုပ်ထားသည့် စစ်တမ်းများဖြစ်ပြီး နိုင်ငံတကာတွင် မြန်မာနိုင်ငံမှ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးဆိုင်ရာ စာရင်းအချက်အလက်များ ရှိမနေကြောင်း သိရသည်။

တစ်နိုင်ငံလုံးရှိ အထွေထွေရောဂါကုဆရာဝန်များ ဆေးကုသမှုပုံစံတူညီစေရန် အထွေထွေရောဂါကုဆရာဝန်များ၏ ဆေးကုသမှုလမ်းညွှန်စာအုပ် ပထမဆုံးအကြိမ်အဖြစ် ထုတ်ဝေရန်စီစဉ်နေပြီး ၂၀၁၄ နှစ်ဆန်းတွင် တစ်နိုင်ငံလုံးရှိ အထွေထွေရောဂါကုဆရာဝန်များအား ဖြန့်ဝေသွားမည်ဖြစ်သည်။






# ကျော့က္ကာဒေသတွင်ယွန်းထည်လုပ်ကိုင်သူလေးဦးသာကျန်ရှိ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂၁**

မုံရွာမြို့နယ်၊ ကျော့က္ကာကျေးရွာတွင် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူလေးဦးသာကျန်ရှိတော့ကြောင်း ကျော့က္ကာကျေးရွာ ယွန်းထည်လုပ်ကိုင်သူများက ပြောသည်။

"ကျော့က္ကာတောင်ရွာမှာ ယွန်းထည်(နှီးကြမ်း) ပညာကို တစ်ရွာလုံးနီးပါးတတ်တယ်။ ဒီရွာမှာယွန်းထည်ကဝါးဈေးတက်တာရော ယွန်းထည်ဈေးတက်တာရောကြောင့် မိသားစုစားလောက်ရုံပဲ။ အရင်တုန်းက အလုပ်သမားတွေငှားပြီး လုပ်ကိုင်ရတဲ့ ကျော့က္ကာယွန်းထည်က အလုပ်သမားမငှားနိုင်တော့ဘဲ မိသားစုလူကုန်အလုပ်လုပ်မှ စားလောက်ရုံပဲ ရှိတဲ့အလုပ်ဖြစ်လာတော့ မိရိုးဖလာ ယွန်းထည်လုပ်ငန်းကို စွန့်လွှတ်ကုန်ကြတယ်"ဟု ယွန်းထည်လုပ်ငန်းများ နှစ်ပေါင်းငါးဆယ်ကျော် လုပ်ကိုင်ခဲ့သည့် အသက်(၈၁)နှစ်အရွယ်ရှိဦးလှသန်းက ပြောသည်။

"အသက်အရွယ် ကြီးတာရော တခြားအလုပ်အကိုင်တွေပြောင်းတာရောကြောင့် နှီးကြမ်းလုပ်တဲ့သူ လေးဦးပဲ ကျန်တယ်။ ကျော့က္ကာမြောက်ရွာက အချောကိုင်သစ်စေးသုတ် သရိုးကိုင်တဲ့ အလုပ်ကို လုပ်တဲ့သူကလည်း ၁၈ ဦးဝန်းကျင်ပဲ ကျန်တော့တယ်။



*ယွန်းထည်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦး*

ဓာတ်ပုံ- မျိုးမင်းဦး

အရင်တုန်းကတော့ ပန်းဆွဲတာ၊ ကနုတ်ရေးတာ ဒီမှာပဲ လုပ်တယ်။ အခုကနုတ်ရေးတဲ့ ပညာရှင်က ရှိတော့ ရှိတယ်။ ယွန်းထည်ကနုတ်ရေးသူမရှိတော့လို့ ပုဂံယွန်းထည်ပညာရှင်တွေဆီ အပ်နေရပြီ" ဟု ကျော့က္ကာမြောက်ကျေးရွာ ယွန်းရွှေအိမ် ယွန်းထည်လုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒေသခံအများစုသည် ရေနံလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်သူ ပိုမိုများပြားလာကြောင်း ယွန်းထည်အကြမ်းထုတ်လုပ်သူများက ပြောကြားသည်။ ကျော့က္ကာတောင်ရွာတွင် အခြေခံအလုပ်သမား အမျိုးသားတစ်ဦးလျှင် ကျပ်သုံးထောင်မှ သုံးထောင်ငါးရာအထိ ရှိပြီး အမျိုးသမီးတစ်ဦးလျှင် ကျပ်နှစ်ထောင်မှ နှစ်ထောင့်ငါးရာခန့်အထိ ဝင်ငွေရှိသည်။ ယွန်းထည်အကြမ်း လုပ်ကိုင်သူတစ်ဦး၏ ဝင်ငွေမှာအလုပ်အကိုင်အနည်းအများပေါ်မူတည်၍ ကျပ်တစ်ထောင်မှ ကျပ်သုံးထောင်ခန့်သာ ပျမ်းမျှဝင်ငွေရရှိခြင်းကြောင့် ယွန်းထည် အကြမ်းလုပ်ငန်းများတွင် အလုပ်သမားမငှားရမ်းနိုင်ကြောင်း ယွန်းထည်လုပ်ငန်းရှင်များက ပြောသည်။

ယွန်းထည်အကြမ်းလုပ်ကိုင်သူများသည် ကုန်ကြမ်းအဖြစ် ချင်းတွင်းမြစ်ရိုးဒေသထွက် ဝါးတစ်လုံးလျှင် ကျပ်လေးရာမှ ကျပ်တစ်ထောင်ခန့်အထိ ဝယ်ယူရပြီး ယွန်းထည်အော်ဒါမှာယူသူနည်းပါးခဲ့သည့်အတွက် ဘုရားဖူးများကိုသာ အဓိကအားထား ရောင်းချနေရခြင်းဖြစ်ကြောင်း ယွန်းထည်အကြမ်းလုပ်ကိုင်သူများက ပြောသည်။

# ရခိုင်ပြည်နယ် ရေကြောင်း လုံခြုံမှု အားနည်းနေသေး

**မောင်ကံ**

**မောင်တော၊**

**ဒီဇင်ဘာ- ၂၁**

ရခိုင်ပြည်နယ်ပင်လယ်ရေကြောင်းလုံခြုံရေးကို တပ်မတော်ရေတပ်က တာဝန်ယူထားသော်လည်း ရေကြောင်းလုံခြုံမှုအားနည်းနေသေးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများပါဝင်သည့်စက်လှေနှင့်မော်တော်ဘုတ်များမှာ မြန်မာဘက်ကမ်း ရခိုင်ပြည်နယ်မြို့နယ် အသီးသီးသို့ ဝင်ရောက်လာမှုများရှိနေကြောင်း သတင်းရရှိသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေ စက်လှေတွေနဲ့ မြန်မာဘက်ကမ်းကို ဝင်ရောက်လာလို့ သက်ဆိုင်ရာကတွေ့တာ မကြာခဏကြားနေရပါတယ်။ သူတို့က ရေကြောင်းကနေတစ်ဆင့်ဝင်လာပြီးတော့ သက်ဆိုင်ရာကတွေ့ရင် လှေပျက်လို့၊ မုန်တိုင်းရှိလို့ဆိုပြီး အကြောင်းပြပါတယ်။ သက်ဆိုင်ရာကမတွေ့ရင် လှေရော၊ လူရော ပျောက်သွားပါတယ်။ ဒီလိုမျိုးရေကြောင်းကနေတစ်ဆင့်ဝင်ရောက်လာနိုင်တာဟာ ရေကြောင်းလုံခြုံရေးအားနည်းနေလို့ဖြစ်ပါတယ်" ဟု ရခိုင်ဒေသခံတစ်ဦးက သုံးသပ်ပြောသည်။

အောက်တိုဘာလ ၂၇ ရက်က မောင်တောမြို့နယ်တောင်ပိုင်းနှင့် ဆက်စပ်နေသည့် ရသေ့တောင်မြို့နယ် ချိန်ခါလီကျေးရွာသို့ မုန်တိုင်းခိုရန်ဟုဆိုကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအများစုပါသော စက်လှေတစ်စီး ဝင်ရောက်လာခဲ့သဖြင့် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးကာ မြန်မာနိုင်ငံသားမဟုတ်သူ ၃၁ ဦးကို ပြန်လွှတ်လိုက်သည်။ ဒီဇင်ဘာ ၁၆ ရက်ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၆ ဦးကို မြေပုံမြို့နယ်၊ ပြင်ဝန်းကျေးရွာအနီးရှိ မြစ်ပြင်တွင် လှေဖြင့်တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ စက်လှေကို ပြန်လည်ပြုပြင်ပေး၍ စားနပ်ရိက္ခာများဖြည့်တင်းပေးကာ လာရာလမ်းသို့ပြန်လွှတ်ပေးလိုက်ရကြောင်း သိရသည်။










7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# ချင်းတွင်းမြစ်ရေပါးချိန် ရေယာဉ်များ သောင်တင်မှု မကြာခဏဖြစ်ပွား

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂၁**

ဒီဇင်ဘာလလယ် ချင်းတွင်းမြစ်ရေပါးချိန်တွင် မုံရွာမြို့အနီးတစ်ဝိုက်တွင် ရေယာဉ်များ သဲသောင်တင်မှု မကြာခဏဖြစ်ပွားခဲ့သဖြင့် ရေယာဉ်မောင်းများ အထူးသတိထားမောင်းနှင်နေရကြောင်း ချင်းတွင်းရေကြောင်းသွား ရေယာဉ်မောင်းများက ပြောသည်။

"အခု မုံရွာဆိပ်ကမ်းမှာလည်း သဲသောင်ကပေါ်တဲ့ နေရာပေါ်ပြီ။ ရေကြောင်းကပြောင်းနေတာဆိုတော့ ရေယာဉ်တွေ ခဏခဏရေလမ်းမှားပြီး သောင်တင်နေကြတယ်။ ချင်းတွင်းတံတားအထက်ဘက်က ရေကြောင်းကကျဉ်းတယ်။ တစ်ဖက်က သဲသောင်၊ တစ်ဖက်က ကျောက်ဆောင်ဆိုတော့ သတိထားမောင်းနေရတယ်။ ပုံမှန်နှစ်တွေထက်တော့ ချင်းတွင်းမြစ်ရိုးမှာ သဲသောင်တင်တာ မုံရွာတစ်ဝိုက်နဲ့ ဟုမ္မလင်းအဝင်ပဲရှိသေးတယ်။ အရင်နှစ်တုန်းက သောင်တင်ပြီး ရေကြောင်းကျပ်တဲ့နေရာတွေအားလုံး သွားလို့ရသေးတယ်" ဟု ချင်းတွင်းရေကြောင်းသွား ကုန်တင်ရေယာဉ်မောင်းနှင်သူတစ်ဦးက ပြောသည်။

"ရေယာဉ်တွေအားလုံး နမ့်တောအထိ ခရီးသည်ရောကုန်ပါ လက်ခံကြတယ်။ ကုန်တင်ရေယာဉ်တွေအားလုံး ဥရုမြစ်ဝမှာ ရပ်ပြီး ကုန်တွေကို စက်လှေနဲ့ ကဲ့ပြီးသယ်နေရတယ်။ ခရီးသည်တင်ရေယာဉ်တွေကတော့ နောင်ပိုအောင်အထိမောင်းပြီး နောင်ပိုအောင်ကနေ နမ့်တောအထိ ကားနဲ့ပို့တယ်။ ဥရုချောင်းထဲက ရေကနည်းတော့ စက်လှေအသေးလေးတွေပဲ မောင်းနိုင်တယ်။ မုံရွာအနီးတစ်ဝိုက်ပဲ ရေကြောင်းနည်းနည်းကျပ်နေတယ်" ဟု ချင်းတွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်မောင်းနှင်သူတစ်ဦးက ပြောသည်။



*ချင်းတွင်းမြစ်တစ်နေရာတွင် သောင်တင်နေသောစက်လှေတစ်စီး*

ဓာတ်ပုံ- မျိုးမင်းဦး

ချင်းတွင်းမြစ်ရေပါးချိန်တွင် ယခင်နှစ်က မင်းကင်းမြို့ဆိပ်ကမ်း၌ ရေယာဉ် ဆိုက်ကပ်နိုင်ခြင်း မရှိသော်လည်း ယခုနှစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းရေး ဌာနက သဲသောင်တူးစက်များဖြင့် ပြုပြင်ထားခြင်းကြောင့် ရေယာဉ်များ မင်းကင်းဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ကြောင်း ချင်းတွင်းရေကြောင်းသွားရေယာဉ်မောင်းများက ပြောကြားခဲ့သည်။

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် ရွှေနှင့် ဓာတ်သတ္တုတူးဖော်ခြင်း၊ တောတောင်များ ပျက်စီးခြင်းကြောင့် ဂေဟစနစ်များ ပျက်စီးခဲ့ပြီး ချင်းတွင်းမြစ်အတွင်း ဝင်ရောက်သော စိမ့်ရေစမ်းရေနည်းပါးခြင်း၊ သဲသောင်ဖြစ်ထွန်းမှု များပြားလာခြင်းဖြစ်သည်ဟု မုံရွာမြို့ဒေသခံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူများက သုံးသပ်ပြောကြားခဲ့သည်။

# အထွက်တိုးနေကြာစိုက်ခင်းများ ဒီဇင်ဘာလကုန် ရိတ်သိမ်းမည်

**မျိုးမင်းဦး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

စစ်ကိုင်းတိုင်းတွင် ရာသီဥတုနှင့်ကိုက်ညီသော အထွက်တိုးနေကြာစိုက်ခင်းများ စမ်းသပ်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာလကုန်တွင် စတင် ရိတ်သိမ်းတော့မည်ဖြစ်ကြောင်း စပ်မျိုးနေကြာစိုက်ပျိုးသော ဘုတလင်ဒေသခံ တောင်သူများကပြောကြားသည်။

"အထူးအထွက်တိုးနေကြာ-၁ နဲ့ အထွက်ကောင်းဆင်းရွှေကြာ-၃ စတဲ့ ရာသီဥတုနဲ့ ကိုက်ညီပြီး အထွက်ကောင်းတဲ့ နေကြာမျိုးတွေကို ဒီနှစ်စမ်းသပ်စိုက်ပျိုးခဲ့တာ အောင်မြင်တယ်လို့ ပြောနိုင်တယ်။ စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ ဝန်းကျင်မှာ ရိတ်သိမ်းရတယ်။ ဒီနှစ် ဒီဇင်ဘာလကုန်ရက်ပိုင်းမှ ရိတ်သိမ်းဖို့စီစဉ်ထားပါတယ်" ဟု မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင် အထွက်တိုးနေကြာစိုက်ပျိုးခဲ့သော ဒေသခံတောင်သူများက ပြောကြားသည်။

''မုံရွာ၊ ရွှေဘိုနဲ့ စစ်ကိုင်းခရိုင်တွေက အပူပိုင်း မိုးနည်းရပ်ဝန်းဒေသမှာပါဝင်ပြီး ရာသီဥတုပြောင်းလဲမှုကို အများဆုံးထိတွေ့ခံစားနေရပါတယ်။ မိရိုးဖလာစိုက်ပျိုးရေးစနစ်ကနေ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးတဲ့ စနစ်ကိုပြောင်းလဲကျင့်သုံးဖို့တော့ လိုအပ်နေပြီ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အထွက်နှုန်းကောင်းမွန်သော နေကြာမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကို ယခုနှစ်အတွင်း မိုးရာသီနှင့် ဆောင်းရာသီတွင် စပ်မျိုးမျိုးစေ့ထုတ်ဧက ၅၂ ဧကနှင့် အထွက်ကောင်းမျိုးစေ့ထုတ်လုပ်ခြင်း ၄၅ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆောင်းနေကြာ စိုက်ပျိုးမှုဧက သုံးသိန်းခြောက်သောင်းခန့် စိုက်ပျိုးခဲ့သည့်အနက် စပ်မျိုးနေကြာနှင့် ဆင်းရွှေကြာနေကြာမျိုးများ စိုက်ပျိုးမှုမှာ ၂၅ ရာခိုင်နှုန်းစိုက်ပျိုးခဲ့ပြီး ဒီဇင်ဘာလကုန်တွင် အထွက်တိုး နေကြာမျိုးများ ရိတ်သိမ်းမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သတင်းရရှိသည်။

**အ.ထ.က ကမ္ဘူ၊ ပခုက္ကူမြို့နယ် (၁၆) ကြိမ်မြောက်**
**မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ**

မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ၂၀၁၄-ခုနှစ် ဇန်နဝါရီလ (၅) ရက်၊ တနင်္ဂနွေနေ့ နေ့လည် (၁)နာရီ အထက ကမ္ဘူ မြတ်မာခန်းမ၌ ကျင်းပမည် ဖြစ်ပါသည်။ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ကျောင်းသား/သူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်- ရန်ကုန် - ဒုမိုလ်မှူးကြီးမန်းရွှေ (ငြိမ်း) ၀၁-၅၈၄၁၂၀၊ နေပြည်တော် - ဒေါ်အေးသူခိုင် ၀၉-၄၉၂၀၈၃၅၅ ၊ ပခုက္ကူ- ကိုပေါက် (သုခ) ၀၉-၂၃၀၀၈၁၈ ၊ Dr.မာမာအေး (သမားတော်) ၀၉-၂၀၀၃၄၄၁

ပူဇော်ငွေထည့်ဝင်လိုပါက ငွေစုစာအုပ်အမှတ် - ပထမပုဂ္ဂလိကဘဏ် (ပခုက္ကူ) Account No:B-8,201:022 No73

# ကချင်ပြည်နယ်အရေး ထဲထဲဝင်ဝင် လုပ်ကိုင်လိုသဖြင့် ပါတီထောင်ရခြင်းဖြစ်ကြောင်း ဒေါက်တာတူးဂျာပြော

**မရန်**

**မြစ်ကြီးနား၊ ဒီဇင်ဘာ-၂၂**

အစိုးရ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ဘက်စုံအသွင်ကူးပြောင်းရေးလုပ်ငန်းကို ထောက်ခံအားပေးပြီး ကချင်ပြည်နယ်အရေးကို ကိုယ်တိုင်ထဲထဲဝင်ဝင် ပါဝင်လုပ်ဆောင်လိုခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အထူးသဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ကြိုးစားလုပ်ကိုင်လိုသည့် အတွက် ပါတီထောင်ရခြင်း ဖြစ်ကြောင်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌဒေါက်တာတူးဂျာက ပြောသည်။

၂၀၁၃ ဒီဇင်ဘာ ၂၁ရက်တွင် ပြုလုပ်သော ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၏ ပါတီရုံးဖွင့်ပွဲ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပါတီအနေနဲ့ ပြည်သူလူထုအကျိုးကို အစဉ်အမြဲ ရှေးရှုပြီး လုပ်ဆောင်သွားမှာဖြစ်တယ်" ဟု ဒေါက်တာတူးဂျာကပြောသည်။

ပြည်သူလူထု၏ အဓိကပြဿနာတစ်ရပ်ကဲ့သို့ဖြစ်နေ သောမူးယစ်ဆေးဝါးသုံးစွဲမှုလျော့ချရေးကို ထိရောက်စွာလုပ်ဆောင်သွားနိုင်ရန်လည်း အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်းဒေါက်တာတူးဂျာကဆက်လက်ပြောကြားသည်။

ပါတီအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့အခွင့်အရေးကာကွယ်ထိန်းသိမ်းရေးတို့ကိုလည်း ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဆက်လက်ပြောသည်။ ပါတီကိုအောက်တိုဘာ ၃၀ ရက်တွင်တည်ထောင်ခွင့်ပြုခဲ့ပြီး ဒီဇင်ဘာ ၁၀ရက်၌မှတ်ပုံတင်ချပေးခဲ့ခြင်းဖြစ်သည်။

**အမြဲတမ်း (နေ့စဉ်) တရားစခန်း ဖွင့်လှစ်ထားခြင်း**

လှည်းကူးမြို့၊ စိတ္တသုခသာသနာ့ရိပ်သာကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစပြီး နေ့စဉ်အမြဲတမ်းတရားစခန်းအဖြစ် ဖွင့်လှစ်ထားပါတယ်။

ရဟန်းရှင်လူယောဂီသူတော်စင်(၃၀၀)ကျော်ခန့်ချမ်းသာစွာတရားအားထုတ်နိုင်တဲ့ "သန္တိသုခဓမ္မာရုံကြီး" လည်း ရှိပါတယ်။

ယောဂီသူတော်စင်များ စားရေး၊ နေရေး၊ ထိုင်ရေးတို့အတွက် ချမ်းသာမှုရအောင် ကပ္ပိယကာရကဝေယျာဝစ္စတို့မှ ဆောင်ရွက်ပေးထားပါတယ်။

အချိန်မရွေးလာရောက်၍ တရားအားထုတ်နိုင်ပါကြောင်း ဖိတ်ခေါ် တိုက်တွန်း အသိပေးနှိုးဆော်အပ်ပါတယ်။

**ဆက်သွယ်ရန်**

ဖုန်း- ၀၉-၈၆၂၆၄၄၇၊ ၀၉-၄၅၀၀၁၇၉၉၃

7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# ဘင်္ဂလားဒေ့ရှ်ဆောင်းဝတ်ထည်မျိုးစုံ စစ်တွေ၊ ရန်ကုန်ဈေးကွက်သို့ တင်ပို့နေ

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၂၃**

ယခုနှစ် ဆောင်းရာသီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် ဆောင်းဝတ်ထည်များ မောင်တော နယ်စပ်ဈေးကွက်သို့ အများဆုံးဝင်လာပြီး မောင်တောမှတစ်ဆင့် ရခိုင်ပြည်နယ်မြို့နယ်အသီးသီးနှင့် ရန်ကုန်ဈေးကွက်သို့တင်ပို့နေကြောင်း သတင်းရရှိသည်။

တစ်ဖက်နိုင်ငံမှ မောင်တောနယ်စပ်သို့ ဝင်ရောက်လာသည့် ဆောင်းဝတ်ထည်များမှာ ဖလန်နယ်၊ ဖလိုင်းအင်္ကျီနှင့် ညဝတ်အင်္ကျီများဖြစ်ပြီး တစ်ထည်လျှင် ကျပ် ၁,၅၀၀၊ ၂,၀၀၀ ဈေးရှိသည်။

"စစ်တွေ၊ ရန်ကုန်ဘက်ကို အများဆုံးတင်ပို့ရတာက ဖလန်နယ်အထည်နဲ့ညဝတ်အထည်တွေဖြစ်ပါတယ်။ ဈေးကောင်းလည်းရကြပါတယ်။ ညဝတ်အိပ်အထည်က ဝမ်းဆက်ဖြစ်တဲ့ အတွက် တစ်စုံကို ကျပ် ၄,၀၀၀၊ ၄,၅၀၀ ပေးရပါတယ်"ဟု မောင်တော မြို့မဈေးကြီး အတွင်းမှ အထည်ဆိုင်ရှင်တစ်ဦးက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် သိုးမွေးစောင်များနှင့် စောင်ပါးများလည်း အများအပြား ဝင်ရောက်ပြီး စောင်များမှာ ယခင်နှစ်ထက် ဈေးမြင့်နေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆူပူအကြမ်းဖက်မှုများ မကြာခဏ ဖြစ်ပေါ်နေသည့်အတွက် ပစ္စည်းရရှိမှု နည်းပါး၍ ဈေးမြင့်နေခြင်း ဖြစ်ကြောင်း တစ်နိုင်တစ်ပိုင် ကုန်သွယ်သူတစ်ဦးက ပြောသည်။



*ယခုရက်ပိုင်းအတွင်း အအေးပိုလာသဖြင့် အနွေးထည်များ ရောင်းကောင်းနေသည်*

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

တစ်ဖက်နိုင်ငံထုတ် ဆောင်းဝတ်ထည်များနှင့် စောင်များကို မောင်တောနှင့် ဘင်္ဂလားဒေ့ရှ်သို့ နေ့စဉ် ကူးသန်းသွားလာနေကြသည့် တစ်နိုင်တစ်ပိုင် ကုန်သွယ်သူများက အများဆုံး တင်သွင်းလာကြခြင်းဖြစ်သည်။

# မူးဘောင်တူးရာမှ အမြောက်ဆန်ဟောင်း တစ်လုံးတွေ့

**မျိုးမင်းဦး**

**မုံရွာ**-ခင်ဦးမြို့နယ် အိုအမ်စီမူးဘောင် လမ်းဘေး၊ ကွမ်းတိုင်း ကျေးရွာသွားလမ်းဘေးတွင် ဆည်မြောင်းဦးစီးဌာနမှ မြေကော်ယာဉ်ဖြင့် မူးဘောင်ပြုပြင်ရာမှ ဒီဇင်ဘာ ၂၂ ရက် နံနက်တွင် အမြောက်ကျည်ဆန်ဟောင်း တစ်လုံး တူးဖော်တွေ့ရှိခဲ့ကြောင်း သက်ဆိုင်ရာ ရဲမှတ်တမ်းများအရ သိရှိရသည်။

မူးဘောင်အရှေ့ဘက် ပေ ၂၀ ခန့်အကွာ၌ မြေကော်နေစဉ် အနက် လေးပေခန့်အရောက်တွင် အရှည် ၁၂ လက်မ၊ လုံးပတ် ၁၀ ဒသမ ၆ လက်မရှိ အမြောက်ကျည်ဆန် ဟောင်းတစ်ခုကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တူးဖော်တွေ့ရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။ အဆိုပါ အမြောက်ကျည်ဆန်ဟောင်းတူးဖော်တွေ့ရှိမှုနှင့် ပတ်သက်ပြီး ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့စခန်း ဒုတိယရဲမှူး ဘိုဘိုထွဋ်နှင့် အဖွဲ့က လာရောက်စစ်ဆေးပြီး သက်ဆိုင်ရာ တပ်များသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

# ပြည်မြို့ မီးသဂြိုဟ်စက်ဖြစ်မြောက်ရေး ရန်ပုံငွေစာပေဟောပြောပွဲမှ ကျပ်သိန်း ၁၅၀ ကျော်ရရှိ

**ဇော်မင်းထိုက်**

**ပြည်၊ ဒီဇင်ဘာ-၂၃**


ပြည်မြို့ရှိ အေးငြိမ်းရာ သုဿာန်တွင် အခမဲ့မီးသဂြိုဟ်နိုင်ရေး မီးသဂြိုဟ်စက် ဖြစ်မြောက်ရေး ရန်ပုံငွေ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၁ နှင့် ၂၂ ရက် ညက ကျင်းပခဲ့ရာ စုစုပေါင်း အလှူငွေ ကျပ် ၁၅၇ သိန်းရရှိခဲ့ကြောင်း မိုးမေတ္တာနာရေးကူညီမှုအသင်းမှ သတင်းရရှိသည်။

စာပေဟောပြောပွဲတွင် ရန်ကုန်နာရေးကူညီမှုအသင်းမှ ဦးကျော်သူ၊ ဒေါ်သန်းမြင့်အောင်၊ အလင်းဆက် (IR) တို့က ဟောပြောခဲ့ပြီး ဆောင်းဦးလှိုင်၊ ပိုပို၊ နန်းခင်ဇေယျာနှင့် Dancer အဖွဲ့တို့၏ ဖျော်ဖြေမှုများနှင့် တင်ဆက်ခဲ့သည်။ ရောဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ယူနိုက်တက် အမရာဘဏ်တို့မှ ဝန်ထမ်းများကလည်း အလှူခံမဏ္ဍပ်များဖွင့်ကာ ကူညီအလှူခံပေးခဲ့သည်။ အခမဲ့မီးသဂြိုဟ်စက်အတွက် အလှူငွေများထပ်မံလှူဒါန်းလိုပါက အဆိုပါဘဏ်များတွင် ဆက်လက်လှူဒါန်းနိုင်သည်ဟုဆိုသည်။

"ရန်ကုန်နာရေးက လှူမယ့်စက်ကတော့ သိန်း ၈၀ လောက်ရှိတယ်။ ဒီစက်တွေတည်ဆောက်ဖို့ကတော့ ကျွန်တော်တို့ဘက်က အဆင့်သင်ဖြစ်နေပြီ။ စည်ပင်ကိုလည်း အခမဲ့မီးသဂြိုဟ်နိုင်ဖို့တင်ပြထားတယ်။ ၂၀၁၄ ဇန်နဝါရီမှာ စနိုင်မယ်ထင်တယ်။ သဂြိုဟ်စက်နှစ်ခုကြားမှာ တရားနာဆောင်ပါ ဆောက်ဖို့ရှိတယ်။ ရှေ့လျှောက်အခမဲ့မီးသဂြိုဟ်နိုင်ဖို့ ရန်ပုံငွေထားရှိသွားမယ်"ဟု မိုးမေတ္တာ နာရေးကူညီမှုအသင်းမှ ဦးမိုးကြီးက ပြောသည်။

မိုးမေတ္တာ သွေးအလှူရှင်အသင်းမှ နာရေးကူညီမှုများပေးရာတွင် နာရေးရှင်များသည် မီးသဂြိုဟ်စရိတ်ဒီဇယ်ငါးဂါလန်အတွက် ကုန်ကျငွေ အခက်အခဲရှိနေမှုများ တွေ့နေရသဖြင့် နာရေးရှင်များအား တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ရန်ရည်ရွယ်သည်ဟု ဆိုသည်။ အတတ်နိုင်ဆုံး စရိတ်သက်သာစေမည့် မီးသဂြိုဟ်စက်တည်ထောင်ပြီး နာရေးရှင်များ အခမဲ့မီးသဂြိုဟ်နိုင်ရန် ဆောင်ရွက်ရာတွင် လာရောက်လှူဒါန်းကြသောဘဏ်များ၊ အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုကို အားရကြောင်း၊ မေတ္တာဖြင့် ကူညီပေးကြသော အနုပညာရှင်များ၊ အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင်ကြောင်း မိုးမေတ္တာ နာရေးကူညီမှုအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

MMC




AIM HIGH ★ FLY HIGH

Myanmar Metropolitan College

"အာရှတွင် အကောင်းဆုံး Education Specialist ဆရာများ ပိုင်ဆိုင် ထားသော၊ SR Education Group နှင့် အာရှ ထိပ်သီး အဆင့်မြင့် ပညာရေး အကြံပေးများ ဦးစီးဖွင့်လှစ်သောရန်ကုန် မြို့လယ်မှ ခေတ်မှီမြို့ပြ ကောလိပ် ကျောင်းကြီးကို January 2014 တွင် စတင်ဖွင့်လှစ်ပါမည်။"

(၁၀)တန်း အောင်နှင့် IGCSE အောင်မြင်ထားသော ကျောင်းသား ကျောင်းသူများ အတွက် Higher National Diploma in Business နှင့် Engineering ဘာသာရပ်များကို **Myanmar Metropolitan College** တွင် သင်တန်းကာလ (၂) နှစ်အတွင်း တက်ရောက်နိုင်ပြီး နောက်ဆုံးနှစ်သို့တိုက်ရိုက်ဝင်ခွင့် ရရှိနိုင်သော UK, USA, Australia, Ireland, Netherlands, New Zealand, Singapore, Malaysia, Thailand နိုင်ငံများရှိ တက္ကသိုလ်ကျောင်းကြီး (၅၀)ကျော်ကို နောက်ဆုံးနှစ်သို့ သွားရောက် သင်ကြားနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ကြောင်းနှင့် ပြည်တွင်းရှိ MMC တွင်လည်း တက်ရောက်နိုင်ပါပြီ။

- Certificate in Foundation Study (Business & Engineering)
- Higher National Diploma in Business
- Higher National Diploma in Electronics
- Bachelor of Business

လက်ရှိကျောင်းသားဦးရေ (၁၀၀) ကျော် စတင် တက်ရောက်နေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Grand Opening မတိုင်မီ Free Registration Fee for Jaunary 2014 Intake

MMC City Campus 47/48, Bahosi Building, Lanmataw Township (11131), Yangon, Myanmar. 01 2301380-1, 09 450063108-9
www.yourmmc.com, www.Fb.com/Myanmar Metropolitan College

7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# တောင်သူလယ်သမား လုပ်သမျှ ရာသီဥတု လိုက်၍ဖျက်

■ အောင်သစ်လွင်၊ အေးမွန်ရာပြည့်



ရာသီဥတုဖောက်ပြန်၍ အထွက်လျော့သောစပါးနှံကိုပြနေသော ရွှေဘိုနယ်မှ တောင်သူတစ်ဦး

ဓာတ်ပုံ - မျိုးမင်းဦး

မိုးတွင်းကာလ ရေဘေးအန္တရာယ်ကြောင့် မြန်မာနိုင်ငံ ဒေသအချို့၌ စိုက်ခင်းသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ခဲ့ရပြီးနောက် ရိတ်သိမ်းရမည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင်လည်း အချိန်အခါမဟုတ် ရွာသွန်းလာသော ဖျက်မိုးများနှင့် ပုံမှန်ထက် အအေးပိုကာ မြူထူထပ်စွာကျဆင်းမှုများက တောင်သူလယ်သမားများ ယခုနှစ် သီးနှံအထွက်အတွက် စိုးရိမ်နေရပြန်ပြီဖြစ်သည်။

၂၀၁၃ ခုနှစ် မိုးကြိုကာလမှ မိုးလွန်ကာလပြီးဆုံးသွားသည်အထိ မြန်မာနိုင်ငံသို့ ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းများ တစ်လုံးမျှ ဝင်ရောက်ခဲ့ခြင်း မရှိသော်လည်း ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းများနှင့် လေဖိအားနည်းရပ်ဝန်းများ၏ အရှိန်ကြောင့် မြန်မာနိုင်ငံဒေသအချို့တွင် သီးနှံစိုက်ခင်းများ ပျက်စီးခဲ့သည်။

ဒီဇင်ဘာ ၁၅ နှင့် ၁၆ ရက်များက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့တွင် မိုးသီးကြွေကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ရုတ်တရက်ရင်ဆိုင်လိုက်ရပြီး ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်နှင့် အနီး ပတ်ဝန်းကျင် ဒေသများရှိ တောင်သူအချို့ ရိတ်သိမ်းခြွေလှေ့နေသော နွေစပါးစိုက်ဧကထောင်နှင့်ချီ၍ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ခဲ့ရသည်။

တစ်နှစ်ပတ်လုံး လုပ်အားရော ငွေအားပါ ရင်းနှီးစိုက်ထုတ်ထားကာ ဝင်ငွေရခါနီးအချိန်မှ ရာသီဥတုဖောက်ပြန်၍ ပျက်စီးမှုကြုံတွေ့ခဲ့ရသောကြောင့် တောင်သူတစ်ဦးချင်းစီ၏ နောက်ခံမိသားစုအတွက်စားဝတ်နေရေးအခက်အခဲမမျှော်လင့်ဘဲရင်ဆိုင်ခဲ့ရကြောင်း တောင်သူများကပြောသည်။

"စပါးတွေက မနက်ဖြန် ပိုက်ဆံဖြစ်မယ်ဆိုရင် ဒီနေ့လိုကျမှ မမျှော်လင့်ဘဲ မိုးကရွာတာ။ ရွာပြန်တော့လည်း ပြန်ခြွေလှေ့လို့မရအောင် စပါးတွေပျက်စီးသွားတာ။ စပါးတွေကို အရမ်းနှမြောတယ်" ဟု နွေစပါးစိုက်ဧက တစ်ထောင်ကျော် ပျက်စီးခဲ့ရသည့် ကန့်ဘလူမြို့နယ် မင်းတုန်းအုပ်စုကျေးရွာမှ တောင်သူဦးငွေစိုးကပြောသည်။

ဒီဇင်ဘာလလယ်က ရွာသောမိုးကြောင့် ရွှေဘိုခရိုင်အပါအဝင် အလယ်ပိုင်းဒေသအချို့ရှိ သီးနှံစိုက်ခင်းများ ရေမြုပ်ပျက်စီးမှုမကြုံတွေ့ရသော်လည်း ရင့်မှည့်နေသော စပါးခင်းများ မိုးမိကာ သီးနှံအထွက်နှုန်းလျော့နည်းနိုင်သော ပြဿနာရှိကြောင်း ဝမ်းတွင်းမြို့မှ တောင်သူဦးဝင်းမြိုင်ကပြောသည်။

"တစ်ခါတလေတော့လည်း ဘဝပေးအခြေအနေက ရယ်စရာဗျ။ လယ်ထဲမှာ စပါးစိုက်နေရင်းနဲ့ ဒုက္ခသည်ဘဝရောက်သွားသလိုပဲ။ ရာသီဥတုက မှန်းလို့မရအောင်ကို မြန်ဆန်လွန်းအားကြီးတာ။ ရေရှည်မှာ ဒီပြဿနာ ဘယ်လိုဖြေရှင်းမလဲဆိုတာ အစိုးရနဲ့ ပညာရှင်တွေ ပူးပေါင်းအဖြေရှာသင့်တယ်ပါတယ်"ဟု အရာတော်မြို့နယ်ခင်သာအေးကျေးရွာအုပ်စုမှ တောင်သူတစ်ဦးကပြောသည်။

ဒီဇင်ဘာ ၁၅ ရက်က ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ တောင်သူအချို့ ရင်ဆိုင်ခဲ့ရသောပြဿနာမှာ ရာသီဥတု ဖောက်ပြန်မှုကြောင့် နောက်ဆုံးဖြစ်ပွားခဲ့သော ပြဿနာဖြစ်သည်။

နိုဝင်ဘာ လဆန်းပိုင်းကလည်း မြစ်ဝကျွန်းပေါ် အပါအဝင် အလယ်ပိုင်းဒေသအချို့တွင်လည်း အချိန်အခါမဟုတ်ရွာသွန်းသော မိုးအန္တရာယ်ကို ရင်ဆိုင်ခဲ့ရပြီး ရိတ်သိမ်းခြွေလှေ့ဆဲ စပါးခင်းများအပြင် စတင်စိုက်ပျိုးနေသော ပဲ၊ နှမ်းကဲ့သို့ ဆောင်းသီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ရသည်။

"စိုက်ပျိုးရေးဌာနဝန်ထမ်းတွေက စပါးခင်းတွေ ရေမြုပ်တာမြင်မှ ပျက်စီးဆုံးရှုံးမှုစာရင်းထဲ ထည့်တာပါ။ ရေမမြုပ်ဘဲ မိုးမိတာမျိုးတွေ၊ အထွက်နှုန်းလျော့တာမျိုးတွေကို တောင်သူတွေပဲသိတာပါ။ တောင်သူတွေဘဝကတော့ ကိုယ်ဖြစ်ကိုယ်ခံပဲ" ဟု ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ ဆန် စက်လုပ်ငန်းရှင် တစ်ဦးကပြောသည်။

နိုဝင်ဘာလက ရွာသွန်းခဲ့သော ဖျက်မိုးကြောင့် ရိတ်သိမ်းခြွေလှေ့မှုများအလျင်စလိုပြုလုပ်ခဲ့ရသော ဒေသများတွင် စပါးရာသီပြီး နောက်ထပ်စိုက်ပျိုးသော ပဲစိုက်ခင်းများထဲတွင် စပါးနှင့် ပဲပင်များ ရောနှောပေါက်နေသည်အထိ အခြေအနေ ဆိုးရွားနေကြောင်း ဓနုဖြူမြို့နယ်မှ တောင်သူတစ်ဦးကပြောသည်။

"လယ်ထဲမှာ ရိတ်သိမ်းပုံထားတဲ့ စပါးတွေ မိုးမိမှာစိုးလို့ အမိုးအကာအောက် အမြန်ပို့ရင်းနဲ့ မိုးမိပြီးကြွေတဲ့စပါးတွေ ကျန်ခဲ့တာ။ ဆောင်းသီးနှံကျလည်း အမြန်စိုက်ကြရတော့ စနစ်မကျတော့ဘဲ လယ်ကွင်းထဲမှာတင် အပင်တွေရောကုန်တာ။ ဒီပြဿနာက တောင်သူတွေ အခုလောလောဆယ် ရင်ဆိုင်နေရတဲ့ပြဿနာပါ" ဟု ဦးမြင့်စိုးကဆိုသည်။

သီးနှံများစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အရေးအကြီးဆုံးကာလအပိုင်းအခြားမှာ ရိတ်သိမ်းခြွေလှေ့ချိန်ဖြစ်ပြီး ရင့်မှည့်နေသော စပါးများ အမြန်ဆုံးရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီးစပါးများ အမြန်ဆုံးခြွေလှေ့နိုင်ရေးမှာ အရေးကြီးဆုံးဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက ပြောသည်။

"ဒေသတွင်းအိမ်နီးချင်းနိုင်ငံတွေမှာ ဘယ်နိုင်ငံမှာမှ လူအင်အား၊ တိရစ္ဆာန်အင်အားနဲ့ ရိတ်သိမ်းခြွေလှေ့တာမလုပ်တော့ဘူး။ စက်စွမ်းအားနဲ့ ရာသီဥတုကို အန်တုပြီး အမြန်ဆုံးလုပ်တာ။ မြန်မာနိုင်ငံက တောင်သူတွေကတော့ ကူမယ့်သူမရှိပါဘူး"ဟုဒေါက်တာထွန်းဝင်းကပြောသည်။

ထို့အပြင် ယခုကဲ့သို့ ရိတ်သိမ်းခြွေလှေ့ချိန်တွင် တောင်သူလယ်သမားများ နှစ်စဉ်ရင်ဆိုင်နေရသောပြဿနာကို ဒေသဆိုင်ရာ အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ရိတ်သိမ်းခြွေလှေ့စက်များ၊ စပါးအခြောက်ခံစက်များ တည်ထောင်ပေးထားသင့်ကြောင်း ဒေါက်တာထွန်းဝင်းက အကြံပြု ပြောကြားသည်။

တောင်သူအများစုမှာ ၎င်းတို့လယ်မှထွက်သော စပါးကို ရိတ်သိမ်းခြွေလှေ့ခြင်း၊ လက်စသတ်လုပ်ဆောင်နိုင်ခြင်းမရှိသေးသော်လည်း ယခု သီတင်းပတ်အတွင်း မြန်မာနိုင်ငံ ဒေသအချို့တွင် ရုတ်တရက် အအေးပိုလာပြီး မြူများလည်း ကျဆင်းနေသောကြောင့် ဖျက်ပိုးကျမည့် အခြေအနေကို စိုးရိမ်နေရသည်။

"ရာသီဥတုက သုံးလေးရက်ဆက်တိုက်အအေးပိုပြီး မြူပါကျတဲ့အတွက် စိုက်ခင်းထဲဖျက်ပိုးကကျတယ်။ ပိုးသတ်ဆေးသုံးပြီး ဖြေရှင်းနေပေမယ့် ဒီနှစ် ပဲအထွက်လျော့မှာစိုးတယ်"ဟု ဝမ်းတွင်းမြို့နယ်မှ တောင်သူ ဦးဖိုးထွန်းက ပြောသည်။

ယခုသီတင်းပတ်အတွင်း အအေးပိုကာ မြူထူကျဆင်းခဲ့သည့် ဒဏ်ကို မန္တလေးတိုင်းဒေသကြီးတွင်လည်း သိသိသာသာ ခံစားခဲ့ရပြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စု အတွင်းမှ ဆောင်းသီးနှံ ဧက ၅၀၀ ကျော် ဖျက်ပိုးကျရောက်ပြီး ပျက်စီးခဲ့ရကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးလှမြင့်အောင်က ပြောသည်။

"ဒီနှစ် ရာသီဥတုက ထူးခြားပြီး အအေးပိုတဲ့အပြင် မုန်တိုင်းကြောင့် ကွက်ကျားမိုးရွာတာ၊ တိမ်ထူပြီး မိုးအုံ့တာတွေကြောင့် ကိုင်းကျွန်းပေါ်က စိုက်ဧကတွေမှာလည်း ပိုးကျတာတွေဖြစ်ခဲ့တယ်။ ဒေသမှာရှိတဲ့ ပိုးသတ်ဆေးကုမ္ပဏီနဲ့ စိုက်ပျိုးရေးဌာနက ဝန်ထမ်းတွေ ပေါင်းပြီး ပညာပေးတာ၊ ဆွေးနွေးတာတွေ လုပ်ပေးခဲ့ရတယ်"ဟု ဦးလှမြင့်အောင်ကပြောသည်။

ယခင်က မြင်းခြံမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ခင်းများတွင် ယခုကဲ့သို့ ပိုးကျမှုမရှိခဲ့ဘဲ ယခုနှစ်ဆောင်းတွင်းမှာ အအေးသိသိသာသာ မြင့်မားခဲ့၍သာ ယခုကဲ့သို့ပိုးကျခဲ့ခြင်းဖြစ်ကြောင်း မြင်းခြံကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးအောင်ကျော်ကပြောသည်။

ယခုနှစ်မိုးရာသီတွင် မြစ်ဝကျွန်းပေါ်ဒေသ၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေဘေးအန္တရာယ်ဆိုးရွားစွာရင်ဆိုင်ခဲ့ရပြီး ကရင်ပြည်နယ်ဆိုလျှင် တစ်နှစ်အတွင်းသုံးကြိမ် ရေကြီးနစ်မြုပ်ခဲ့သည်။

တောင်သူလယ်သမားများအား အပြောင်းအလဲမြန်လာသော ရာသီဥတုက ပေးသည့် ခြောက်အိပ်မက်မှာ မိုးကာလမှသည် မိုးနှောင်းကိုလွန်၍ ဆောင်းကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ လက်ကျန်ဆောင်းရာသီတွင်လည်း စိုက်ပျိုးရေးကဏ္ဍအပေါ် အဓိကသက်ရောက်သော ရာသီဥတုအခြေအနေက မည်သို့ကြုံတွေ့ရင်ဆိုင်ရဦးမည်ဆိုသည်ကို မြန်မာနိုင်ငံဒေသအနှံ့မှ တောင်သူလယ်သမားများအတွက် ရင်ခုန်စရာ ဇာတ်သိမ်းတစ်ခုဖြစ်နေပေလိမ့်မည်။ ။

Education

7DAY NEWS JOURNAL

Vol.12, No.42 • DECEMBER 25 , 2013

# အခြေခံပညာဆရာ၊ ဆရာမများအသင်းဖွဲ့စည်းပေါ်ပေါက်နိုင်ရေးဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍပါဝင်မှုမြှင့်တင်ရေးနှင့်ပညာရည်မြင့်မားမှုအတွက် လွတ်လပ်စွာဆွေးနွေးဖလှယ်နိုင်ရေးတို့ဆောင်ရွက်ရန် အခြေခံပညာဆရာ၊ ဆရာမများအသင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အခြေခံနှင့်အဆင့်မြင့်ပညာဆရာ၊ ဆရာမများတွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက်ချခဲ့ကြသည်။

ဆရာ၊ ဆရာမများအချင်းချင်း စဉ်ဆက်မပြတ်တွေ့ဆုံနိုင်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများရှိလာစေရန် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် ဆရာ၊ ဆရာမများသမဂ္ဂဖွဲ့စည်းပေါ်ပေါက်စေရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

အခြေခံပညာဆရာ၊ ဆရာမများအသင်းတည်ထောင်ဖွဲ့စည်းပြီးပါက တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တက္ကသိုလ်ဆရာ၊ ဆရာမတွေက ၂၀၁၁ အလုပ်သမားဖွဲ့စည်းပုံဥပဒေကို အခြေခံပညာဆရာ၊ ဆရာမတွေကိုရှင်းလင်းအသိပေးပါမယ်။ ရွေ့လျားအဖွဲ့တွေဖွဲ့ပြီးတော့ အခြေခံပညာဆရာ၊ ဆရာမတွေကို အသင်းဖွဲ့စည်းမှုနဲ့ပတ်သက်ပြီးရှင်းလင်းတင်ပြမယ်။ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းက အခြေခံပညာဦးစီးဌာနတွေကို ဆရာများအသင်းဖွဲ့စည်းရေးနဲ့ပတ်သက်ပြီးရှင်းလင်းအသိပေးတာ၊ မေတ္တာရပ်ခံအကြောင်းကြားစာပို့တာတွေ ဆောင်ရွက်သွားပါမယ်"ဟု တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အခြေခံပညာဆရာ၊ ဆရာမများအသင်းဖွဲ့စည်းပေါ်ပေါက်ပြီးပါက မြန်မာနိုင်ငံလုံးဆိုင်ရာဆရာ၊ ဆရာမများကွန်ရက်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိပညာရေးဝန်ထမ်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

# တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ် ပြင်ဆင်ရေးဦးစားပေးဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ်ပြန်လည်ပြင်ဆင်ရေးအစီအစဉ်ကိုအဆင့်မြင့်ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၏ ဦးစားပေးလုပ်ငန်းစဉ်တွင် ထည့်သွင်းထားကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာသိမ်းမြင့်ကပြောသည်။

အဆင့်မြင့်ပညာကဏ္ဍကိုပြုပြင်ပြောင်းလဲရန် အငြိမ်းစားပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ပါမောက္ခချုပ်များ၊ ဝန်ကြီးဌာနအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့်တာဝန်ရှိသူများ၏ အကြံဉာဏ်ထောက်ပံ့မှုဖြင့် လုပ်ငန်းစဉ် ၁၃ ခုကို ချမှတ်ထားရာ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးစနစ်ပါဝင်နေခြင်းဖြစ်သည်။




*မြန်မာရေကြောင်းတက္ကသိုလ်ကို တွေ့ရစဉ်*

ဂျပန်နိုင်ငံက ကူညီပံ့ပိုးနေသော အမျိုးသားပညာရေးဥပဒေနှင့်မူဝါဒဆိုင်ရာဆွေးနွေးပွဲတွင်ပညာရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲလုပ်ငန်းစဉ်များ၊ အထူးလုပ်ငန်းအဖွဲ့များဆွေးနွေးနေမှုများနှင့် လွှတ်တော်သို့တင်သွင်းမည့်အမျိုးသားပညာရေးမူကြမ်းအခြေအနေများကို ဒေါက်တာသိမ်းမြင့်က ရှင်းလင်းပြောကြားခဲ့သည်။

"အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲဖို့ လုပ်ငန်းစဉ်တွေကတော့ (၁)ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် သင်ကြားရေးမဟာဌာနများဖွဲ့စည်းရေး။ (၂)အရည်အသွေးအာမခံစနစ်တည်ထောင်ရေးနှင့် နိုင်ငံတကာများ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ (၃)တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ်ပြင်ဆင်ရေးတို့ဖြစ်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆင့်မြင့်ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဦးစားပေးလုပ်ငန်းစဉ် ၁၃ ခုတွင် အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေးဘာသာ၊ ဥပဒေဘာသာ၊ စီးပွားရေးဘာသာတို့ကို သင်ကြားမှုမြှင့်တင်ရေးအစီအစဉ်၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများထုတ်ပြန်ပြဋ္ဌာန်းရေးအစီအစဉ်များပါဝင်သည်။

လက်ရှိ တက္ကသိုလ်ဝင်ခွင့်စိစစ်ရေးစနစ်မှာ အမှတ်အနည်းအများပေါ် အခြေခံဆုံးဖြတ်နေခြင်းကြောင့် ကျောင်းသားများသည်အမှတ်ကောင်းရရှိရေးဦးတည်နေပြီး ယင်းစနစ်ကိုပြောင်းလဲနိုင်ရေး ပညာရှင်များက ဝေဖန်ထောက်ပြနေကြသည်။

# အမျိုးသားပညာရေးဥပဒေမူကြမ်း လာမည့်လွှတ်တော်တွင် တင်သွင်းမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

ပြည်သူ့လွှတ်တော်ပညာရေး မြှင့်တင်မှုကော်မတီက ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေမူကြမ်းကို လာမည့်ဇန်နဝါရီတွင် ကျင်းပမည့်ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ရန် ရည်မှန်းထားကြောင်း သတင်းရရှိသည်။

ပညာရေးဝန်ကြီးဟောင်း ဒေါက်တာချမ်းငြိမ်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ကော်မတီက ရေးဆွဲထားသည့်မူကြမ်းကိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အဆင့်မြင့်ပညာရေး ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက်မှ ဒေါက်တာသိန်းလွင်တို့နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာလတွင် နေပြည်တော်၌ နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

လာမည့်နှစ် ဇန်နဝါရီလတွင် လွှတ်တော်ကော်မတီဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ နောက်ဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပြီးနောက် အများပြည်သူ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြသွားမည်ဖြစ်ကြောင်းပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဇန်နဝါရီမှာ လွှတ်တော်တင်နိုင်ပါမယ်။ လွှတ်တော်စတဲ့အချိန်မှာ ကော်မတီစုံ၊ ဝန်ကြီးဌာနစုံကို နောက်ဆုံးတင်ပြဦးမယ်။ ပြီးရင် သတင်းစာထဲ ထည့်မယ်။ ထင်မြင်ချက်တွေ ပြောဖို့လိုပါတယ်။ လူတိုင်းက ပါဝင်ပတ်သက်နေတော့တတ်နိုင်သလောက်ပြည့်စုံအောင် ကြိုးစားထားပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်သူ့လွှတ်တော်ပညာရေး မြှင့်တင်မှုကော်မတီက ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေမူကြမ်းတွင် ပုဒ်မ ၁၀၀ ခန့်ပါဝင်ပြီး လက်ခံနိုင်သော အခြေအနေရှိကြောင်း နိုင်ငံလုံးဆိုင်ရာပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက်မှ ဒေါက်တာသိန်းလွင်က ပြောထားသည်။

အမျိုးသားပညာရေး ဥပဒေမူကြမ်းကိုလွှတ်တော်သို့တင်သွင်း၍ ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုပြဋ္ဌာန်းနိုင်ပါက အခြားပညာရေးဆိုင်ရာဥပဒေများကိုဆက်လက်အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။




Coca-Cola
FIFA ကမ္ဘာ့ဖလားကြီးကို
အခမဲ့ *ကြည့်ရှုခွင့် လက်မှတ်
ရယူလိုက်ပါ
၂၆ ဒီဇင်ဘာ ၂၀၁၃
လှူငယ်အားကစားလေ့ကျင့်ရေးစခန်း
(သုဝဏ္ဏ)ရန်ကုန်မြို့
SEE THE REAL TROPHY
26 DEC 2013
THUWUNNA NATIONAL OUTDOOR STADIUM
YANGON
NO. 00001
FIFA WORLD CUP TROPHY TOUR by Coca-Cola
YANGON
*လက်မှတ်အရေအတွက် ကန့်သတ်ထားသောကြောင့်
စည်းကမ်းသတ်မှတ်ချက်များအတိုင်း အမြန်ဆုံး လာရောက်ဝယ်ယူလိုက်ပါ။
Tickets available :
MYANMAR
SKY NET
adidas
orange
City Mart
Ocean
Sein Gay Har
CAPITAL hypermarket
abc CONVENIENCE STORE

# မလေးရှားရောက်မြန်မာလုပ်သားများ အထောက်အထားမပေးမီ နိုင်ငံသားဟုတ်၊မဟုတ်စစ်ဆေးမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ–၂၁**

မလေးရှားနိုင်ငံအတွင်း မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရန်အတွက် မြန်မာနိုင်ငံသားမှန်ကန်ကြောင်း စစ်ဆေးမှုလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ကပြောသည်။

ပြီးခဲ့သည့်မေလကုန်ပိုင်းက မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများအကြမ်းဖက်ခံခဲ့ရပြီးနောက် မလေးရှားအစိုးရက ၎င်းနိုင်ငံအတွင်း တရားမဝင်နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားလုပ်သားများကို 6P အစီအစဉ်အရ အထူးစီမံချက်အဖြစ် တရားဝင်အလုပ်လုပ်ကိုင်ခွင့် အထောက်အထားထုတ်ပေးလျက်ရှိသည်။ ထို့နောက်မလေးရှားအစိုးရက သတ်မှတ်ကာလပြည့်သွား၍ ကျန်ရှိခဲ့သည့် အထောက်အထားမဲ့နိုင်ငံခြားသားလုပ်သားများကို လိုက်လံရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ဖမ်းဆီးခံရမှုတွင် တရားမဝင်ဖြစ်နေသည့် မြန်မာအလုပ်သမားအများစုလည်း ပါဝင်ခဲ့သည့်အတွက် မြန်မာအစိုးရက တရားမဝင်ဖြစ်နေသည့် မြန်မာအလုပ်သမားများကို အထောက်အထားထုတ်ပေးရန် စတင်လုပ်ဆောင်ခဲ့သည်။ ယခုအခါအထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ်အတွက် မြန်မာအစိုးရဘက်မှ အထူးကိုယ်စားလှယ်အဖွဲ့ အနေဖြင့် လဝက၊ ပြည်ထဲရေးနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူ ၁၂ ဦးတို့သည် ဒီဇင်ဘာ ၁၈ ရက်က မလေးရှားနိုင်ငံသို့ စတင်ထွက်ခွာခဲ့သည်။

သို့သော်ယခုအထောက်အထားထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ယခင်မလေးရှားအစိုးရမှ နိုင်ငံခြားသားအလုပ်သမားများကို အထူးစီမံချက်ဖြင့် အလုပ်လုပ်ကိုင်ခွင့်ပါမစ်(6P)တွင် ထုတ်ပေးခဲ့စဉ်ကာလက မှတ်ပုံတင်ထားပြီး အထောက်အထားထုတ်ပေးရန် ကျန်ရှိခဲ့သည့် မြန်မာအလုပ်သမားများကို ဦးစွာထုတ်ပေးရမည်ဖြစ်ပြီး အမည်စာရင်းတင်သွင်းထားခြင်းမရှိသေးသော မြန်မာအလုပ်သမားများအား ဆက်လက်ထုတ်ပေးနိုင်ရန် မလေးရှားအစိုးရနှင့် ထပ်မံညှိနှိုင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အခုထုတ်ပေးမှာက အရင် 6P တုန်းက ကျန်ခဲ့တဲ့အလုပ်သမားတွေကို အရင်ထုတ်ပေးရမှာ။ 6P ထဲမှာမပါခဲ့တဲ့အလုပ်သမားတွေကိုလည်း ထုတ်ပေးလို့ရအောင် သူတို့နဲ့ ဟိုရောက်မှ ထပ်ဆွေးနွေးရမှာ။ အခုတော့ အရင်ဆုံးနိုင်ငံသားမှန်ကြောင်း အရင်စစ်မှာ။ ပြီးမှအထောက်အထားထုတ်ပေးဖို့က နောက်မှ ဆက်လုပ်မယ်"ဟု ညွှန်ကြားရေးမှူးဦးမျိုးအောင်ကပြောသည်။

မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများနှင့်ဆင်တူသော မြန်မာစကားတတ်သည့် လူမျိုးကွဲများလည်းရှိသောကြောင့် ယခုအထောက်အထားထုတ်ပေးရာတွင် မြန်မာနိုင်ငံသားမှန်ကန်ကြောင်း သိရှိနိုင်ရန် ဘိုင်အိုမက်ထရစ်နည်းအပြင် အခြားစစ်ဆေးသည့်နည်းလမ်းများဖြင့် သေချာစိစစ်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိမလေးရှားနိုင်ငံတွင် သွားရောက်လုပ်ကိုင်သည့်မြန်မာအလုပ်သမားသုံးသိန်းနှင့် အထက်ရှိပြီး မလေးရှားအစိုးရထံ မှတ်ပုံတင်အမည်စာရင်းတင်သွင်းထားသော မြန်မာအလုပ်သမားသုံးသောင်းကျော်ကိုသာ ဦးစွာအထောက်အထားထုတ်ပေးသွားမည်ဖြစ်သည်။ အထောက်အထားထုတ်ပေးရာတွင် လုပ်သားတစ်ဦးချင်းစီ၏ ကုန်ကျစရိတ်အတွက် အတည်ပြုသတ်မှတ်ထားခြင်းမရှိသေးကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သတင်းရရှိသည်။



*မလေးရှားရောက် မြန်မာလုပ်သားများ ပတ်စ်ပို့များပြသစဉ်* burmatimes.net

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအမြန်အလိုရှိသည်**

AutoCAD ကျွမ်းကျင်သူများ အလိုရှိသည်။ လစာ+ဘောနပ်စ် ကောင်းကောင်းပေးမည်။ ဖုန်း-၀၉ ၂၅၀ ၂၁၄၇၄၇

၀၉ ၂၅၀၄၀၃၆၃၆

---

**အလိုရှိသည်**

အထွေထွေရောဂါကုဆရာဝန်တစ်ဦး အလိုရှိသည်။ ကော့သောင်းမြို့(မလိဝန်း) တွင် တာဝန်ထမ်းဆောင်ရန်။ အကျိုးအမြတ် ၇၅ ရာခိုင်နှုန်းခံစားခွင့်။

ဖုန်း-၀၉ ၂၅၀၄၇၁၄၃၅

---

**ဝန်ထမ်းအလိုရှိသည်**

အင်ဂျင်နီယာ (Cilvil,Mechnical)

ကျား/မ (၃) ဦး

အလူမီနီယမ်/စတီး/လျှပ်စစ်ကျွမ်းကျင် ကျား (၃) ဦး

အထွေထွေလုပ်သား/ကျွမ်းကျင်လုပ်သား ကျား (၂၀) ဦး

ဖုန်း-၀၁ ၅၄၃၈၁၆

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Staff M (2) Posts

Admin Staff F (2) Posts

NO(54) 1st Floor, Lan Thit Street (Maw Tin Street), Lanmadaw Tsp, Yangon.

PH:01 2300807

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေးဝန်ထမ်းအမြန်အလိုရှိသည်။ ရုပ်ရည်အသင့်တင့်ရှိပြီး Cosmetics ပစ္စည်းများ ရောင်းချမှုစိတ်ဝင်စားသူဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။ ဖုန်း-၀၉ ၇၃၁၅၈၇၄၂

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီး စက်ချုပ်ကျွမ်းကျင်။

အမှတ်(၂၀၅)၊ ၅ လွှာ၊ လမ်း ၄၀၊ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။

ဖုန်း-၀၉ ၅၀၄၃၁၇၀

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Receptionist | M (3) F (2) |
| Technician(Air-con/Electrical) | M (3) |
| Housekeeping | M (3) F (3) |
| Waiter/Waitress | M/F (2) |
| Secutity | M (2)/ F (2) |
| Driver | M (2) |

PH: 01 525001

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

မိုးနတ်မယ် Beauty Saloon

လျှော်+ Other မ (၁) ဦး

ငါးသောင်း+နေ့/စား

(၇၀)၊ သဟာယလမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၃၀ ၂၉၇၄၇

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| မန်နေဂျာ | ကျား (၁) ဦး |
| ရုံးဝန်ထမ်း | ကျား/မ (၂) ဦး |
| အထွေထွေဝန်ထမ်း | ကျား (၁၀) ဦး |
| ယာဉ်မောင်း (ကျွမ်းကျင်) | ကျား (၃) ဦး |

ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Manager | (M/F) |
| Civil Engineer(A.G.T.I or B.E) | (M/F) |
| ကွန်ပျူတာစာရင်းကိုင် | (M/F) |
| Storekeeper(ဘွဲ့ရဖြစ်ရမည်) | (M) |
| လုံခြုံရေး/ညစောင့် | (M) |
| သန့်ရှင်းရေးဝန်ထမ်း | (F) |

ဖုန်း-၀၉ ၄ ၂၀၀ ၂၇၃၄၈

---

**ဝန်ထမ်းအလိုရှိသည်**

Sales/Marketing Assistant

အသက် ၂၇ နှစ်ထက်မကြီးသူ၊ ဆက်ဆံရေးပြေပြစ်ပြီး သွက်လက်စွာ လုပ်ကိုင်နိုင်သူ၊ ကြော်ငြာလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

ဖုန်း-၀၁ ၂၀၀၈၃၇

---

**ဂရင်းလိ(ဖ်)ဖြန့်ချိရေး**

အရောင်းကြီးကြပ်ရေးမှူး

ကျား (၁) ဦး မ(၂) ဦး

အရောင်းမြှင့်တင်ရေးဝန်ထမ်း

ကျား (၅) ဦး မ (၅) ဦး

အရောင်းဝန်ထမ်း

ကျား (၅) ဦး မ(၅) ဦး

အရောင်းအကူဝန်ထမ်း

ကျား (၃) ဦး မ (၃) ဦး

ဖုန်း-၀၉ ၅၀၁၆၃၂၈

---

**ဝန်ထမ်းအလိုရှိသည်**

Driver အလိုရှိသည်။ အသက် ၅၀ နှင့်အထက်ရှိပြီး၊ ကျန်းမာရေးကောင်းမွန်ရမည်။ အရက်သေစာကင်းရှင်းပြီး ယာဉ်မောင်းလိုင်စင်နှင့် လုပ်သက်အနည်းဆုံး ၁၀ နှစ်ရှိရမည်။

ဖုန်း-၀၁ ၂၀၀၈၃၇

---

**အလိုရှိပါသည်**

ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း (ကျား)၊ ကိုယ်တိုင် ဦးဆောင်စိုက်ပျိုးနိုင်သူ၊ မင်္ဂလာဒုံ/မှော်ဘီတွင် လုပ်ရမည်။ ကျွမ်းကျင်မှုအလိုက် အခြေခံလစာ၊ ရေ၊ ထင်းမီး၊ နေစရာအဆင်သင့်။

ဖုန်း-၀၁ ၅၃၈၀ ၂၀၊ ၀၉ ၅၀၅၀၀၅၈

---

**အလိုရှိပါသည်**

အရောင်းမြှင့်တင်နိုင်သော (ဆေး) အရောင်းဝန်ထမ်း (Sales and Marketing) (ကျား) ဘွဲ့ရစရာ မလိုပါ။ အဝေးသင်မဖြစ်ရပါ။ အသက်မကန့်သတ်ပါ။ ရပိုင်ခွင့်အနည်းဆုံး လေးမျိုးရှိပါသည်။

ဖုန်း-၀၁ ၅၃၈၀ ၂၀၊၀၉ ၅၀၅၀၀၅၈

---

**အလိုရှိသည်**

မော်လမြိုင်မြို့ပေါ်ရှိ အလှပြင်ဆိုင်အတွက် (ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ လျှော်၊ ဆေးဆိုး၊ ပေါင်းတင်)၊ ဘက်စုံကျွမ်းကျင် မ (၂) ဦး အလိုရှိသည်။

ဖုန်း-၀၉ ၇၃၇၉၀၀၃၃

---

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (3) Posts

Accountant F (1) Post

စာရင်းကိုင်ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

ဖုန်း-၀၉ ၈၆ ၂၁ ၂၈၃

---

**ငှားရမ်းနိုင်သည်**

အကြီးတန်း လိုင်စင်အင်ဂျင်နီယာ ငှားရမ်းနိုင်သည်။ ဖုန်း-၀၉ ၂၃၀၅၈၄၄

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Chief Accountant | (1) Post |
| Assistant Account | (3) Posts |
| Manager | (1) Posts |
| Marketing | (1) Post |
| Office Staff | (2) Post |
| Driver | (1) Post |

Address-55,Sayasan Road, Bahan, Yangon.

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၁၀) ဦး

မော်တာ၊ စက်ချုပ်ကျွမ်းကျင် (၁၀) ဦး

နယ်မှ လာသူများအတွက် နေစရာ အဆောင်စီစဉ်ပေးမည်။

အိမ်အကူ မ (၁) ဦး

ကလေးထိန်း မ (၁) ဦး

ဖုန်း-၀၉ ၅၀၀၆၄၄၃

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

အချက်အပြုတ်ကျွမ်းကျင်

(ယိုးဒယား၊ တရုတ်၊ ရှမ်း)

မီးဖိုချောင်အကူ/ပန်းကန်ဆေး

စားပွဲထိုး/မုန့်ပို့

အအေးဖျော်ကျွမ်းကျင်

ဖုန်း-၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

Super Air Con Service မှ

ကျွမ်းကျင် (၃) ဦး

Helper (၅) ဦး

ဖုန်း-၀၁ ၅၅၁၁၆၈

---

**ဝန်ထမ်းအလိုရှိသည်**

ခေါင်းလျှော်+စက်ဆွဲကျွမ်းကျင် မ(၂)ဦး

ပညာသင်ဝန်ထမ်း မ(၅)ဦး

လစာ+နေ့+စား(ငြိမ်း)

ဖုန်း-၀၉ ၃၁၈၇၂၁၁၂

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းကြီးကြပ်ရေးမှူး

ကျား(၁) ဦး၊ မ (၂) ဦး

အရောင်းမြှင့်တင်ရေးဝန်ထမ်း

ကျား (၂) ဦး၊ မ (၅) ဦး

အရောင်းဝန်ထမ်း

ကျား (၂) ဦး၊မ (၅) ဦး

ဖုန်း-၀၉ ၈၆၂၀၅၀၈

---

**ဝန်ထမ်းအလိုရှိသည်**

စာစီစာရိုက် မ (၁) ဦး

Lagout & Photoshop အခြေခံရှိဦးစားပေးမည်။ မင်္ဂလာဇင်းတစ်စောင်တွင် တာဝန်ထမ်းဆောင်ရန်။ ဖုန်း-၀၉ ၅၀၇၉၆၇၈

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

| | |
|---|---|
| Architect Engineer | M/F (5) Posts |
| Site Manager | M (5) Posts |
| Interpreter (English) | M/F (5) Posts |
| Marketing | M/F (5) Posts |
| Logistic Officer | M/F (5) Posts |
| Law Officer | M/F (2) Posts |

PH:01 560726

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Air Con ကျွမ်းကျင် (၅) ဦး

သင်တန်းသား(အလုပ်သမား) (၅) ဦး

**Naing Linn Air Con**

ဖုန်း-၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**

ပိုးထည်၊ ချည်ထည်နှင့် အမျိုးသမီးဝတ် Fashion ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် လက်ထောက် Designer မ (၁) ဦး

အရောင်းဝန်ထမ်း မ (၂) ဦး

ဖုန်း-၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

စာစီစာရိုက် မ (၁) ဦး

Lagout & Photoshop အခြေခံရှိဦးစားပေးမည်။ မဂ္ဂဇင်းတစ်စောင်တွင် တာဝန်ထမ်းဆောင်ရန်။

ဖုန်း-၀၉ ၅၀၇၉၆၇၈

---

**ဝန်ထမ်းအလိုရှိသည်**

ပိုးထည်၊ ချည်ထည်နှင့် အမျိုးသမီးဝတ် Fashion ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် လက်ထောက် Designer မ (၁) ဦး

အရောင်းဝန်ထမ်း မ (၂) ဦး

ဖုန်း-၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

LCCI I,II,& MYOB သင်ကြားနိုင်သူ (၂) ဦး

AutoCAD 2D,3D& 3ds Max (၂) ဦး

Programming သင်ကြားနိုင်သူ (၂) ဦး

Wed Design သင်ကြားနိုင်သူ (၂) ဦး

Basic,DTP,Graphic Design သင်ကြားနိုင်သူ (၆) ဦး

ကွန်ပျူတာအလုပ်သင် (၆) ဦး

Reception (၄) ဦး

ဖုန်း-၀၉ ၄၉၂၉၀၇၇၈

---

**အလိုရှိသည်**

ပညာသင်ဝန်ထမ်း မ (၁၀) ဦး

ဓာတ်ပုံပညာသင်ကြားပေးမည်။ သင်တန်းပြီးဆုံးပါက အလုပ်ပြန်လည်ခန့်ထားပေးမည်။

ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**

TV,DVD ကျွမ်းကျင်စွာပြုပြင်နိုင်သူ(၁)ဦး

ကျပ် သုံးသိန်း။

ဖုန်း-၀၉ ၇၃၀၅၅၃၀၇

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# သတင်းထောက် မတရားသဖြင့် ထောင်ချခံရ၍ Eleven Media Group က သက်ဆိုင်သူများကို တရားစွဲမည်ဟုကြေညာ

**အေးသူစံ**




*Daily Eleven သတင်းစာ ဖတ်နေသူတစ်ဦး*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၎င်းတို့၏ သတင်းထောက်ကို ထောင်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် ဆက်စပ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးဖြေရှင်းမှုများပြုလုပ်ရန်နှင့် မတရားသဖြင့် ထောင်ချသည့်နည်းလမ်းဖြင့် လုပ်ဆောင်ခဲ့ခြင်းသည် သတင်းလွတ်လပ်ခွင့်ကိုခြိမ်းခြောက်ခြင်း၊ ထိပါးခြင်းဖြစ်သည့်နည်းတူ ကာယကံရှင်နှင့် Eleven Media ၏ ဂုဏ်သိက္ခာကို နစ်နာထိပါးစေသည့်အတွက်သက်ဆိုင်သူများ အားလုံးကို ဥပဒေကြောင်းအရ တရားစွဲရန် ဆောင်ရွက်သွားမည်ဟု Eleven Media Group က ကြေညာချက် ထုတ်ပြန်သည်။

ငွေဒဏ်သာ ချမှတ်လေ့ရှိသော အိမ်ကျော်နင်းမှု၊ အသရေဖျက်မှု၊ ညစ်ညမ်းစွာဆဲရေးမှုများတွင် ယခုကဲ့သို့ ဂျာနယ်လစ်တစ်ဦးအား မတရားသဖြင့် ထောင်ချသည့်နည်းလမ်းဖြင့် လုပ်ဆောင်ခဲ့ခြင်းသည် သတင်းလွတ်လပ်ခွင့်ကို ခြိမ်းခြောက်ခြင်း၊ ထိပါးခြင်းဖြစ်သည့်နည်းတူသတင်းထောက်နှင့် Eleven Media Group ၏ ဂုဏ်သိက္ခာကို နစ်နာထိပါးစေသည့်အတွက် သက်ဆိုင်သူများအားလုံးကို ဥပဒေကြောင်းအရ ဥပဒေနှင့်အညီ တရားစွဲဆိုရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်ဟု ဒီဇင်ဘာ ၁၉ ရက်ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ပိုင်နက် ကျူးလွန်မှု၊ ညစ်ညမ်းစွာ ပြောဆိုမှု၊ ဂုဏ်သိက္ခာညှိုးနွမ်းစေမှုတို့ဖြင့် ထောင်ဒဏ်သုံးလ ချမှတ်ခံခဲ့ရသည့် Eleven Media Group သတင်းထောက် မခိုင်(လှိုင်ကော်)အမှု၏ နောက်ကွယ်တွင် အဂတိလိုက်စားမှုနှင့် အုပ်ချုပ်ရေးပိုင်းက ဖိအားပေးမှုရှိ၊ မရှိကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စစ်ဆေးရန် Eleven က တောင်းဆိုထားချိန်တွင် အမိန့်ချခဲ့သည့် တရားသူကြီး ဦးမြမင်းဟန်က သတင်းထောက်ဖြစ်ခြင်းကြောင့် မဟုတ်ဘဲ ဥပဒေနှင့်အညီ အပြစ်ရှိသူကိုအမိန့်ချမှတ်ခဲ့ခြင်းသာဖြစ်သည်ဟု ပြောကြားသည်။

“တရားသူကြီးတွေဆိုတာ ကိုယ်ပိုင်အာဏာ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ်ပိုင် သုံးသပ်ချက်၊ စစ်ဆေးတွေ့ရှိချက်နဲ့ အမိန့်ကိုချရတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အထက်အရာရှိက ဒီကိစ္စမှာ တစ်စုံတစ်ရာဝင်ရောက်ပြောဆိုခြင်း၊ အမှုတွဲတောင်ယူပြီး ကြည့်ရှုခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်ကလည်း စစ်ဆေးပေါ်ပေါက်ချက်အတိုင်း ပြစ်မှုနဲ့ ပြစ်ဒဏ်မျှတစေရေးကို ရည်ရွယ်ပြီး ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဝေဖန်မှုတွေကိုဖြေရှင်းစရာ မရှိပါဘူး”ဟု ဒုတိယမြို့နယ်တရားသူကြီးဦးမြမင်းဟန်က ဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံတရားစီရင်ရေးတွင်သာမက နိုင်ငံတကာစီရင်ရေးနယ်ပယ်တွင်ပါ အသရေဖျက်မှုပုဒ်မ ၅၀၀ ဖြင့် စွပ်စွဲခံရပါက ငွေဒဏ်ချမှတ်လေ့ရှိသော်လည်း မခိုင်(လှိုင်ကော်)မှာ မူစွဲဆိုသူရှေ့နေ ဒေါ်အေးအေးဖြိုးကို အသရေပျက်စေမှုအတွက်ထောင်ဒဏ်တစ်လ ချမှတ်ခံခဲ့ရခြင်းကြောင့် တရားစီရင်ရေး နယ်ပယ်တွင် ဝေဖန်မှုများလည်း ထွက်ပေါ်နေသည်။ ယင်းနှင့် ပတ်သက်၍ ၎င်းက “ဒီပုဒ်မကို ထောင်ဒဏ်ချသင့်လား၊ ငွေဒဏ်ချသင့်လားဆိုတာ စော်ကားခံရသူရဲ့ ဂုဏ်အင်္ဂါနဲ့ အရည်အသွေးကို ကျွန်တော်တို့က ပြန်လည်စဉ်းစားရမှာ ကြည့်ရမှာဖြစ်ပါတယ်။ တစ်ဖက်က လူကလမ်းဘေးကလူ၊ ဘာဂုဏ်အင်္ဂါမှမရှိ တဲ့သူ၊ ကူလီထမ်းစားတဲ့သူကိုပြောလို့ ဂုဏ်သရေပျက်တာနဲ့ ဆရာဝန်တစ်ယောက်ကို ပြောလို့ ဂုဏ်သရေပျက်တာချင်း မတူပါဘူး။ ဂုဏ်သရေပျက်တဲ့အပေါ်မှာ မူတည်ပြီးတော့ သင့်တင့်မျှတတဲ့ အမိန့်ကိုချမှတ်တာဖြစ်ပါတယ်” ဟု ၎င်းကပြောသည်။

Eleven Media က ၎င်းတို့၏ သတင်းထောက်ကို ချမှတ်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များလုံးဝ မမျှတသည့်အပြင် သတင်းထောက်ကိုထောင်ချသည့်လုပ်ရပ်မှာ အမှန်တရားကိုမဖော်ထုတ်ရဲအောင်၊ သတင်းထောက်များကို အဟန့်အတားဖြစ်စေအောင် ပြုလုပ်သည့် လုပ်ရပ်သာဖြစ်ပြီး ယခုအမိန့်ကိုလည်း အထက်အဆင့်သို့ အယူခံတင်သွားမည်ဖြစ်ကြောင်း Eleven Media အယ်ဒီတာချုပ်ဦးဝေဖြိုးကပြောကြားသည်။

“သတင်းမေးတာက သူ့အိမ်ပေါက်ဝမှာတင် မဟုတ်ဘူး။ အိမ်ထဲတောင် ရောက်နေပြီ။ ကျွန်မဘယ်ကပါလို့ပြောလို့ မေးခွင့်ပြုပြီးမှ မေးတဲ့ မေးခွန်းကို မကျေနပ်လို့ဖြစ်တဲ့ဖြစ်စဉ်ကို စဉ်းစားကြည့်ရင် ရှင်းပါတယ်။ ပြစ်မှုမြောက်တယ်၊ မမြောက်ဘူးကို တရားသူကြီးက တရားစီရင်ရေးလမ်းကြောင်းမှာ ဘယ်လိုသက်သေတွေနဲ့ စစ်ချက်ယူစွဲချက်တင်လဲဆိုတာပြန်ပြီးလေ့လာဆန်းစစ်ရမယ်။ အချိန်တိုအတွင်း ဒီပြစ်မှုကို ပြစ်ဒဏ်ချမှတ်အောင်လုပ်ခဲ့တာကို နောက်ကွယ်မှာဘာတွေရှိနေလဲဆိုတာ ဆန်းစစ်ရမှာပဲ”ဟု ၎င်းကပြောကြားသည်။

ဆင်ဆာမဲ့ခွေများ ငှားရမ်းပြသမှုဖြင့် လှိုင်ကော်တရားရုံးက ဒဏ်ငွေတစ်သိန်းချခံထားရသည့် ဦးသန်းဇော်ဝင်းအား ယင်းဆင်ဆာမဲ့ခွေများထဲတွင် ပါဝင်သည့် ၎င်းမူပိုင်ဇာတ်ကား ၁၃ ကားအတွက် နစ်နာကြေးသိန်း ၂၀ ရလိုမှုဖြင့် လှိုင်ကော်ဗီဒီယို အခြေခံအဖွဲ့ဝင်ဟောင်းဦးသော်တာသိန်းက လှိုင်ကော်တရားရုံးတွင် ထပ်မံတရားစွဲဆိုခဲ့သည်။ ယင်းအမှုအတွက် ဒီဇင်ဘာ ၂၆ ရက် ရုံးချိန်း ချိန်းဆိုထားစဉ် ဦးသော်တာသိန်းက ၎င်း၏ရှေ့နေ ဒေါ်အေးအေးဖြိုးထံ ရှေ့နေငှားရမ်းခ နှစ်သိန်းသွားပေးရန် ဦးသန်းဇော်ဝင်းအား တောင်းဆိုခဲ့ကြောင်း သိရသည်။ ချိန်းဆိုထားသည့်နေ့ အောက်တိုဘာ ၂၇ ရက်တွင် ဦးသန်းဇော်ဝင်းနှင့်အတူ သတင်းထောက်မခိုင်က အဆိုပါရှေ့နေ အိမ်ထံသတင်းရယူရန် လိုက်ပါသွားပြီး ရှေ့နေ ဒေါ်အေးအေးဖြိုးအား ၎င်း၏ သတင်းထောက်ကတ်ကို ပြသ၍ Eleven မှ သတင်းထောက်ဖြစ်ကြောင်းနှင့် မေးခွန်းများ မေးမြန်းခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း၊ ဒေါ်အေးအေးဖြိုးကခွင့်ပြု၍ ရှေ့နေခဘယ်လောက်ပေးရလဲဟု မေးမြန်းစဉ် ဒေါ်အေးအေးဖြိုးက စိတ်ဆိုးသွားပြီး ၎င်း၏ ဖခင်ဖြစ်သူ ခရိုင် ဒီချုပ်ဥက္ကဋ္ဌ ဦးအောင်ရှိန်ကို ခေါ်လိုက်ကြောင်း၊ ဦးအောင်ရှိန်က ဤခရိုင်အတွင်း သတင်းယူခွင့်မပေးနိုင်ကြောင်း၊ ၎င်းကို မောင်းထုတ်သည့်အတွက် မခိုင်က တောင်းပန်ပြီး ပြန်ထွက်လာကြောင်း၊ ဒီဇင်ဘာ ၁၈ ရက်နေ့ထုတ် Daily Eleven သတင်းစာတွင် ဖော်ပြထားသည်။

“ရှေ့နေနဲ့ သွားတွေ့ဖို့ သူ့ကို မပြောခဲ့ဘူး။ ကျွန်တော့်ကိုပဲ အဲဒီနှစ်သိန်းလာပေးဖို့ ပြောခဲ့တာ။ မပေးဘဲ သူ့ဘာသာသူရှေ့နေဆီ သွားလိုက်တာ။ ပြဿနာဖြစ်ပြီးမှ ကျွန်တော်က ရောက်သွားတာ။ နစ်နာကြေးသိန်း ၂၀ တောင်းထားတာဟုတ်တယ်။ နော်ခိုင်ခိုင်အေးချို(မခိုင် လှိုင်ကော်)ကိုလည်း သူခေါ်သွားတာနေမယ်”ဟု အမှုတွင် တရားလိုပြသက်သေအဖြစ်ပါဝင်ခဲ့သည့်အပြင် ဦးသန်းဇော်ဝင်းကို နစ်နာကြေး ရလိုမှုဖြင့် တရားစွဲဆိုထားသူ ဦးသော်တာသိန်းကပြောသည်။

သိန်း ၂၀ နစ်နာကြေးတောင်းထားစဉ် ယင်းငွေကျပ် နှစ်သိန်းမှာ မည်သည့်အတွက် ထပ်မံပေးခိုင်းပါသလဲဟု 7DayNews က မေးမြန်းနေစဉ်မှာပင် ဖုန်းပိတ်ချလိုက်ပြီး ထပ်မံဆက်သွယ်ရာ ဖုန်းပိတ်ထားသဖြင့် ခေါ်ဆို၍မရခဲ့ပေ။

Eleven သတင်းစာ၏ ဖော်ပြချက်တွင်မူ ရှေ့နေခနှစ်သိန်းကို ဦးသော်တာသိန်းက ၎င်း၏ ရှေ့နေဒေါ်အေးအေးဖြိုးထံ စေလွှတ်ပေးခိုင်းခဲ့ပြီး ချိန်းဆိုသည့်နေ့တွင် သွားပေးခဲ့ခြင်းဖြစ်ကာ ဒေါ်အေးအေးဖြိုးကလည်း တံခါးဖွင့်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အမှုဖြစ်စဉ်တွင် တရားလို ဒေါ်အေးအေးဖြိုးဘက်က တင်ပြသည့် သက်သေများမှာ ၎င်း၏ မိသားစုဝင်များဖြစ်နေပြီး ၎င်းကိုယ်တိုင်လည်း ဥပဒေပညာရှင်ဖြစ်သည့်အတွက် ဥပဒေအကြောင်းကို နားလည်သည့် တရားလိုနှင့် ရင်ဆိုင်ရသည့်အမှုမှာ စွပ်စွဲခံရသူဘက်မှ သက်သာဖွယ်မမြင်ကြောင်း ဝေဖန်မှုများအပေါ် ဒုတိယမြို့နယ်တရားသူကြီး ဦးမြမင်းဟန်က “ဒီအမှုက အိမ်ထဲမှာ ပြဿနာဖြစ်တာဆိုတော့ အိမ်ထဲကလူတွေရဲ့ သက်သေ ထွက်ချက်တွေကိုပဲ ယုံကြည်ရမှာပေါ့။ ပတ်ဝန်းကျင်မှာဖြစ်တဲ့ သက်သေတွေကိုလည်း ဒီအမှုမှာ တင်ပြထားတာရှိပါတယ်” ဟု ၎င်းက ပြောကြားသည်။

သတင်းထောက်မခိုင်(လှိုင်ကော်)မှာ လတ်တလောတွင် လှိုင်ကော်အကျဉ်းထောင်တွင်အကျဉ်းကျခံနေရပြီဖြစ်သည်။

မခိုင်ပြန်လည်လွတ်မြောက်ရေးအတွက် ကမ္ဘာ့သတင်းစာများနှင့် သတင်းစာထုတ်ဝေသူများအစည်းအရုံး (WANIFRA) က သမ္မတဦးသိန်းစိန်ထံ မေတ္တာရပ်ခံစာပေးပို့ခဲ့ပြီး နိုင်ငံတကာ သတင်းထောက်များ ကာကွယ်ရေးအဖွဲ့ (CPJ) ၊ မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက် (MJN) ၊ မြန်မာ စာနယ်ဇင်းသမဂ္ဂ (MJU) နှင့် PEN Myanmar တို့ကလည်း အမှုကိုပြန်လည်စစ်ဆေးသုံးသပ်သင့်ကြောင်းကြေညာချက်အသီးသီး ထုတ်ပြန်ထားသည်။

7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# Commodity Watch

စာမျက်နှာ (၂)မှ

## စိုးထိတ်ခဲ့ရသော ခရစ္စမတ် သုံးကြိမ်တိုင်ခဲ့ပြီ

လတ်တလော ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နေရပ်ဇာတိများမှ နောက်ဆုံးထွက်ပြေးတိမ်းရှောင်လာခဲ့ကြရသော ဒေါ်ရွှယ်နူးတို့ကဲ့သို့စစ်ဘေးဒုက္ခသည်များအတွက်တော့ လတ်ဆတ်နေဆဲ စိတ်အမာရွတ်များကြောင့် ခရစ္စမတ်ပွဲတော်ကို မည်သို့ဖြတ်သန်းရမည်မသိသေးပါ။

၁၇ နှစ်ကြာအပစ်အခတ်ရပ်စဲထားသောအစိုးရနှင့် ကေအိုင်အေတို့ကြား ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်မှစတင်၍ တိုက်ပွဲများ တစ်ကျော့ပြန်ဖြစ်ပွားခဲ့သည်။ ၂နှစ်ကျော်ကာလအတွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုက်ပွဲများထပ်မံမဖြစ်ပွားရေး၊ စစ်ရှိန်လျှော့ချရေးတို့ကိုနှစ်ဖက်သဘောတူညီခဲ့ကြသော်လည်းတိုက်ပွဲများဆက်လက် ဖြစ်ပွားလျက်ရှိသည်။

အောက်တိုဘာမြစ်ကြီးနားငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီး နှစ်ပတ်ကျော်ခန့်အကြာတွင် အစိုးရတပ်နှင့် ကေအိုင်အေတို့ကြား မန်စီမြို့နယ်တွင် တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည်။

ငြိမ်းချမ်းရေးတွင်အပေါင်းလက္ခဏာဆန်သည့် ဖြစ်စဉ်ဟု သတ်မှတ်ခဲ့ကြသည့် ကေအိုင်အေဒုတိယစစ်ဦးစီးချုပ်ဗိုလ်ချုပ်ဂွန်မော်၏ ပထမဆုံးရန်ကုန်ခရီးစဉ်ကာလအတွင်းမှာပင် မန်စီမြို့နယ်၌ တိုက်ပွဲဖြစ်ပွားလျက်ရှိသည်။

တစ်သိန်းကျော်သည့် စစ်ဘေးဒုက္ခသည်များအရေးကိုမဖြေရှင်းမီမှာပင် ဘုရားကျောင်းများ၊ တရုတ်နယ်စပ်စခန်းများတွင် ဒုက္ခသည်ဦးရေမှာ ထပ်မံ၍တိုးပွားနေဆဲဖြစ်သည်။

စစ်ဘေးရှောင်ပြည်သူများ နေရပ်များသို့ပြန်လည်အခြေချနိုင်အောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော်လည်း ၂နှစ်ကျော်ကာလအတွင်း နေရပ်ပြန်နိုင်သော စစ်ဘေးဒုက္ခသည်ဦးရေမှာ တစ်ရာပင်မပြည့်သေးပါ။ ထပ်မံတိုးပွားနေသော စစ်ဘေးဒုက္ခသည်ဦးရေမှာမူ ထောင်ဂဏန်း၊ သောင်းဂဏန်းရှိနေပြီဖြစ်သည်။

လတ်တလောတိုက်ပွဲများ ဖြစ်ပွားနေသည့် မန်စီမြို့နယ်တွင်လည်း တိုက်ပွဲများဆက်လက်ပြင်းထန်လာပါက စစ်ဘေးဒုက္ခသည်ဦးရေမှာ ထပ်မံတိုးပွားလာနိုင်သည်ဟု ဒေသတွင်းအဖွဲ့အစည်းများကဆိုပါသည်။

ကမ္ဘာပေါ်တွင်ပြည်တွင်းစစ်အရှည်ကြာဆုံးတိုင်းပြည်ဖြစ်သည့် မြန်မာနိုင်ငံတွင် ကချင်စစ်ပွဲတစ်ကျော့ပြန်၍ ပြန်လည်ဖြစ်ပွားခဲ့သည်မှာ ယခုအကြိမ်ပါဆိုလျှင် ခရစ္စမတ်သုံးကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည်။

နှစ်ဖက်စလုံးမှ စစ်သည်များအပါအဝင် မြေစာပင်များဖြစ်ကြသည့် အပြစ်မဲ့ပြည်သူများစွာလည်း ထိခိုက်သေကျေဆုံးရှုံးမှုများခံစားခဲ့ကြရပြီးဖြစ်ပါသည်။ သိန်းနှင့်ချီသည့် စစ်ဘေးဒုက္ခသည်များအပါအဝင်ပြည်သူအားလုံးအတွက်ဆွေးနွေးပွဲသဘောတူညီချက်များကို နှစ်ဖက်စလုံးကအမှန်တကယ်လိုက်နာအကောင်အထည်ဖော်သင့်ကြောင်း ကချင်အရေးစောင့်ကြည့်သူများကသုံးသပ်ကြသည်။

အခြားသောစစ်ဘေးဒုက္ခသည်များကဲ့သို့ပင် တိုက်ပွဲများကြောင့် တာလောကြီးကျေးရွာမှရွှေ့စက် စစ်ရှောင်စခန်းတွင် ၂၀၁၁ ခုနှစ်ကတည်းက ခိုလှုံနေခဲ့သော ကိုလဖရီသည်လည်း ခရစ္စမတ်နေ့ကို တိတ်ဆိတ်စွာဖြင့် တတိယအကြိမ် ဖြတ်သန်းရဦးမည်ဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်တို့သည် ၄င်းတို့အထွတ်အမြတ်ထားရာခရစ္စမတ်နေ့တွင် နေရပ်ဇာတိများသို့ပြန်၍ ကွဲကွာနေသောဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ဆုံတွေ့လေ့ရှိကြသည်။ နိုင်ငံတစ်ဝန်းရှိ ခရစ်ယာန်ဘာသာဝင်များ၊ အခြားဘာသာဝင်များအေးချမ်းစွာဒီဇင်ဘာ ၂၅ ရက်ကိုဖြတ်သန်းနေချိန်တွင် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိစစ်ဘေးဒုက္ခသည်များတွင်တော့ ဒီဇင်ဘာနှင်းများကြား ပျော်ရွှင်မှုတွေခြောက်ကပ်နေပါသည်။

နေရပ်ဇာတိကျေးရွာများတွင် ဝါးနှင့်မဏ္ဍပ်ထိုး၊ ကောက်ရိုးခင်းပြီးပြုလုပ်သော ခရစ္စမတ်ပွဲတော်ဖြစ်ပါစေ သူတို့ပျော်ရွှင်စွာပါဝင်ဆင်နွှဲလေ့ရှိကြသည်။

စစ်ရှောင်စခန်းအများစုတွင်မူ ခရစ္စမတ်ပွဲတော်ကို သီးသန့်ပြုလုပ်မှုမရှိဘဲ အသင်းတော်များတွင်ပြုလုပ်သောပွဲတော်တွင်သာ စုပေါင်းပါဝင်ရလေ့ရှိသည်။

ကိုလဖရီကဲ့သို့နေရပ်စွန့်ခွာ စစ်ဘေးဒုက္ခသည်များအတွက်တော့ ဇာတိများတွင်ကျင်းပသော ခရစ္စမတ်ပွဲတော်ကပို၍အနှစ်သာရရှိပြီး ပို၍လွတ်လပ်ပျော်ရွှင်မှုကို ခံစားရပါသည်။

ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ မြေစာပင်တစ်ဦးဖြစ်သော ကိုလဖရီတစ်ယောက် အလိုလားဆုံးဆန္ဒမှာ. . .

'အမြန်ဆုံးရွာပြန်ပြီး ခရစ္စမတ်လုပ်နိုင်မယ်လို့မျှော်လင့်ပါတယ်'

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 109,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 367,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 395,000 |
| Galaxy Note II | 470,000 |
| Galaxy Tab3 7" | 309,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 915,000 |
| iPhone 5s(16GB) | 805,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 144,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 116,000 |
| G 610c (CDMA) | 159,000 |
| Y 300c (CDMA) | 102,000 |

### Sony

| Model | Price |
|---|---|
| Xperia Z | 450,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

ဒီဇင်ဘာ(၂၁) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 680,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 268,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 248,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | $WA95W_9$ | 195,000 |
| Panasonic | 72B2 | 205,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၂၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၃၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၂၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Dec (25) | 815 | 920 | 940 | 960 |
| Dec (26) | 815 | 920 | 940 | 960 |
| Dec (27) | 815 | 920 | 940 | 960 |
| Dec (28) | 815 | 920 | 940 | 960 |
| Dec (29) | 815 | 920 | 940 | 960 |
| Dec (30) | 815 | 920 | 940 | 960 |
| Dec (31) | 815 | 920 | 940 | 96`0 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500GB HDD, HD, 14" | 465,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500 GB HDD, 15.6" | 562,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 822,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 500 GB HDD ,14" | 979,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, HD, 14" | 440,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 500 GB HDD, HD,14" | 651,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 710,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1TB HDD ,15.6" | 1,077,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500 GB HDD, 14" | 479,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD,14" | 675,000 |
| Intel Core i5 1.7GHz,8GB DDR3,500GB HDD+SSD,8GB, 14" | 841,000 |
| Intel Core i7 1.8 GHz,4GB DDR3,750GB HDD, 14" | 861,000 |

7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# ကုန်ကျစရိတ်က လောလောဆယ် မတွက်ရသေးဘူး

## အားကစားဝန်ကြီးဌာန ဒုဝန်ကြီး ဦးဇော်ဝင်းနှင့် တွေ့ဆုံခြင်း

■ အောင်သူရ

တစ်ချိန်က နိုင်ငံတကာ၏အပယ်ခံဖြစ်သော မြန်မာနိုင်ငံ အနေဖြင့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွှေတံဆိပ် ၈၆ ခုရရှိကာ ဆုရရှိမှု စာရင်းတွင် ဒုတိယချိတ်ခဲ့သည်။ လိုအပ်ချက်များ၊ အားနည်းချက်များ ရှိခဲ့သော်လည်း ဆီးဂိမ်းပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်နှင့် မြန်မာ့တို့၏ စွမ်းဆောင်ရည်ကိုလည်း နိုင်ငံတကာအား ပြသခွင့်ရခဲ့သည်။ နှစ်ပေါင်း ၄၄ နှစ်ကြာမှပြန်ကျင်းပခွင့်ရပြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့် ပတ်သက်၍ အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဇော်ဝင်းကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်ထဲမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပဖို့အတွက် ဘယ်လောက်ကုန်ကျခဲ့ပါသလဲ။**

ကုန်ကျစရိတ်က လောလောဆယ်မှာမတွက်ရသေးဘူး။ ကဏ္ဍအလိုက် ကုန်ကျစရိတ်တွေ ရှိတယ်။ အဆောက်အအုံပိုင်း ပြင်ဆင်ကျင်းပရေးကုန်ကျစရိတ်တွေ တွက်ချက်ရဦးမယ်။

**အားကစားပွဲမှာ တွေ့ကြုံရတဲ့အတွက် အခက်အခဲတွေက ဘာတွေပါလဲ။**

အခက်အခဲတွေက နိုင်ငံတကာနဲ့လုပ်တဲ့အခါမှာ နိုင်ငံတကာကလာတဲ့ ဧည့်သည်ရှိတယ်။ နိုင်ငံတကာကို ဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ အခုမှအင်တာနက်နဲ့ ဆောင်ရွက်ရတဲ့စနစ်ကိုစဆောင်ရွက်တယ်။ လက်မှတ်တွေမှာတဲ့ကိစ္စ၊ နောက်တစ်ခါ မှတ်ပုံတင်ကတ်လုပ်ရတဲ့ကိစ္စ၊ ဒီဧည့်သည်တွေအတွက် ကတ်တွေကို ဒီမှာလုပ်လို့မရဘူး။ တရုတ်ပြည်မှာမှာပြီးလုပ်ရတယ်။ လုပ်ရတဲ့အခါကျတော့ ဧည့်သည်တွေရဲ့ မှတ်ပုံတင်ကတ်အချိန်မီရရှိရေး ကိစ္စတွေ၊ တက်ရောက်မယ့်လူတွေဝင်ခွင့် ရရှိရေးကိစ္စတွေ။ ဒါတွေမှာ အခက်အခဲတွေ အများကြီး ကြုံတယ်။

**ဒီအရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနိုင်ဖို့အတွက် ဘယ်နိုင်ငံတွေက အဓိကပံ့ပိုးတာလဲ။**

တရုတ်နိုင်ငံက အဓိကပံ့ပိုးတယ်။ နောက်အမေရိကန်ပညာရှင်တွေကလည်း နည်းပညာအပိုင်းတွေ ပံ့ပိုးတယ်။ အထူးသဖြင့် International Technology ပိုင်းမှာ တရုတ်နိုင်ငံကတော့ အစိုးရချင်းပံ့ပိုးတာ၊ အားကစားရုံတွေ ဆောက်တာတွေ၊ အားကစားပစ္စည်းတွေ၊ နည်းပြတွေ၊ GMS လို့ခေါ်တဲ့ Game စီမံခန့်ခွဲမှုစနစ်တွေကို တရုတ်က ပံ့ပိုးပေးခဲ့တယ်။ **အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့က အားကစားအဖွဲ့ ခေါင်းဆောင်တွေကို မေးကြည့်တော့ ဒိုင်တွေရဲ့ လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး သိပ်အဆင်မပြေဘူးလို့ပြောနေကြတယ်။**

မနက်တိုင်း အစည်းအဝေးတွေရှိတယ်။ အစည်းအဝေးမှာ ၁၁ နိုင်ငံကစားသမားခေါင်းဆောင်တွေတက်တယ်။ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ကိုယ်စားလှယ်အဖွဲ့တွေပေါင်းပြီး ကျွန်တော်ကိုယ်တိုင် ဒီကိစ္စတွေကိုရှင်းခဲ့တယ်။ နေ့စဉ်ကြုံတွေ့ရတယ်၊ နေ့တိုင်းရှင်းပြတယ်။ ဒီလောက် အခက်အခဲ မရှိပါဘူး။ Complain (စောဒကတက်)အားလုံးကို ဖြေရှင်းပေးနိုင်ခဲ့တယ်။ Complain ကတော့ ကိုယ်အသင်းနိုင်ဖို့အတွက် ငြင်းတာလေးတွေရှိတယ်။ စည်းမျဉ်းနဲ့ ကျော်ပြီးဆုံးဖြတ်တာမရှိပါဘူး။ အာရှ အိုလံပစ်ကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ ဆောင်ရွက်ခဲ့တယ်။

**ဆီးဂိမ်းပြိုင်ပွဲတွေ ပြီးသွားပြီဆိုတော့ ဒီအဆောက်အအုံတွေကို ဘာလုပ်မှာပါလဲ။**

အားကစားတက္ကသိုလ်ကြီးတွေ၊ ပထမဆုံးကတော့ ကျောင်းသား အားကစားပွဲတော်၊ နောက်ကိုပြီးရင် တိုင်းနဲ့ပြည်နယ်အားကစားပွဲ၊ ပြီးရင် အမျိုးသားအားကစားပွဲတော်၊ ပြီးရင် အိုလံပစ်ပြိုင်ပွဲတွေလုပ်မှာ။ ဒီအားကစားရုံတွေ၊ အဆောက်အအုံတွေက အဲဒီအတွက် ဆောက်တာ။ နှစ်အလိုက် စီမံကိန်းနဲ့လုပ်တာ၊ ရှေ့နှစ်ဆိုစပြီ။ **အရှေ့တောင်အာရှအားကစားပွဲတော်မှာ ရိုးရာအားကစားပွဲတွေများလာတယ်။ အိုလံပစ်ပြိုင်ပွဲအတွက်ကျတော့ သိပ်အသုံးမဝင်ဘူးလို့ဝေဖန်ကျတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာပြောလိုပါသလဲ။**

အဲဒီလိုမဟုတ်ပါဘူး။ အရှေ့တောင်အာရှဒေသ။ ဒီဒေသတွင်းမှာရှိတဲ့ အားကစားနည်းတွေကတော့ အားလုံးသဘောတူညီချက်နဲ့ ကစားတာ။ အိုလံပစ်ဆိုတာလဲ နိုင်ငံတွေကလုပ်ပေးတာ။ အိုလံပစ်ကို အခြေခံတဲ့အားကစားတွေပဲ ကျင်းပတယ်။ အာရှဒေသတွင်းမှာ ကျင်းပတဲ့ အားကစားနည်းတွေကလဲ အိုလံပစ်ကောင်စီရဲ့ သဘောတူညီချက်နဲ့ လုပ်တာ။

**နောက် မြန်မာနိုင်ငံသားတွေ အရမ်းစိတ်ဝင်စားတဲ့အမျိုးသားဘောလုံးအသင်းဟာ အုပ်စုကနေထွက်လိုက်ရတဲ့အတွက် ဝန်ကြီးဌာန အနေနဲ့ ဒီပေါ်မှာ ဘယ်လို ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဘောလုံးအဖွဲ့ချုပ်အနေနဲ့ လုပ်စရာတွေအများကြီးရှိပါတယ်။ ကျွန်တော့် အနေနဲ့တော့ ဘာမှမပြောချင်ပါဘူး။ သက်သက်တာဝန်ရှိတဲ့လူတွေကို ဆက်ပြီးတော့ အကြံပြုချက်တွေ၊ မှတ်ချက်တွေ ထွက်လာပါလိမ့်မယ်။ ရှုံးတဲ့ အသင်းပေါ်မှာ အပြစ်ပုံချတယ်လို့ ဖြစ်သွားမှာစိုးတယ်။ ကျွန်တော့် အနေနဲ့ မပြောချင်သေးဘူး။ စောပါသေးတယ်။ ပြန်သုံးသပ်ပြီးမှ လုပ်ရမှာဖြစ်တယ်။

**ဆီးဂိမ်းဖွင့်ပွဲနှင့် ပိတ်ပွဲမှာ ပြသွားတဲ့ သရုပ်ဖော်ချက်တွေက အဓိကဘာကို ရည်ညွှန်းချင်တာပါလဲ။**

မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု၊ မြန်မာနိုင်ငံရဲ့ သမိုင်းအစဉ်အလာ ယဉ်ကျေးမှု စွမ်းအားတွေ၊ အကအလှတွေ ဖော်ကျူးပြီးတော့ နိုင်ငံတကာက အတုယူလောက်အောင် ပြသွားတာက အဓိကတော့ကျောင်းသား၊ကျောင်းသူတွေရဲ့အားနဲ့ နည်းပညာရှင်တွေပါ မကဘူး၊ ကွန်ပျူတာ စနစ်တွေတင်မကဘူး၊ ကျောင်းသား၊ ကျောင်းသူတွေရဲ့ လုပ်အားနဲ့ ပြသသွားတာ။

**ဆက်ဆံရေးအရာရှိတွေအပါအဝင်လုပ်အားပေးလူငယ်တွေဘယ်နှယောက်လောက် အသုံးပြုခဲ့ရလဲ။**

ဆက်သွယ်ဆက်ဆံရေးလို့ခေါ်တဲ့ (LOV)အပါအဝင် စုစုပေါင်း ခုနစ်ထောင်လောက်သုံးခဲ့ရတယ်။

**ဘာများဖြည့်စွက်ပြောဖို့ ကျန်ပါသေးလဲ။**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်လုပ်နိုင်တယ်ဆိုတာ သမ္မတကြီးမိန့်ကြားသွားသလိုပါပဲ။ တကယ်တော့ ဒီအောင်မြင်မှုဟာ ပြည်သူလူထုတစ်ရပ်လုံး ကျောင်းသား၊ ကျောင်းသူတွေရဲ့ စွမ်းအားကိုပြသလိုက်တဲ့ အောင်မြင်ပွဲကြီးတစ်ပွဲပါပဲ။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ။






*ဆီးဂိမ်းပိတ်ပွဲ ကျင်းပနေစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ကမ်းခြေပုံစံဖန်တီးမယ့် မျှော်စင်ကျွန်း နှစ်ကူးပါတီ

**ဖွဲ့ညက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ပြုလုပ်မည့် ဖျော်ဖြေပွဲကို ကမ်းခြေပုံစံဖန်တီးတင်ဆက်မည်ဖြစ်ကြောင်း ဘိုဘိုအင်တာတိန်းမန့်မှ သတင်းရရှိသည်။

ဖျော်ဖြေပွဲကို New Year Beach Party ဟု အမည်ပေးထားကာ ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီတွင် ကန်တော်ကြီးမျှော်စင်ကျွန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

လာရောက်ကြည့်ရှုသည့်ပရိသတ်များအနေဖြင့် ကမ်းခြေအစစ်သို့ ရောက်ရှိနေသည့်အတိုင်း ခံစားနိုင်ရန် ပင်လယ်ကမ်းခြေပုံစံ အုန်းပင်များ၊ သဲသောင်ပြင်ရှုခင်း၊ ရေကူးကန်၊ ဆပ်ပြာကန်၊ သဲသောင်ပြင်ပေါ်တွင် သဲပန်းချီဆွဲပြမည့် အစီအစဉ်၊ ကယ်ရီရေးချားရေးဆွဲပေးမည့်အစီအစဉ် အပါအဝင် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ဘိုဘိုအင်တာတိန်းမန့်မှ သိရသည်။

ဖျော်ဖြေရေးစင်ပုံစံကိုလည်း ကမ်းခြေပုံစံ ပြုလုပ်ဖန်တီးထားခြင်းဖြစ်ပြီး စိုင်းစိုင်းခမ်းလှိုင်၊ ရသ၊ Snare ၊ ယုန်လေး၊ နိုင်းဝမ်း၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ လွှမ်း ပိုင်၊ ဘန်နီဖြိုး၊ G-Family ၊ ကိုကို၊ သားသား၊ ရဲရင့်အောင်၊ ဗျူဟာ၊ ဝေလ၊ Bobby Soxer နှင့် စူပါမော်ဒယ်အဖွဲ့တို့ ပါဝင်ကာ ညနေ ၆ နာရီမှ ၂၀၁၄ နှစ်သစ်ချိန်အထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ဝင်ကြေးကိုမူ ၆၅၀၀ ကျပ် သတ်မှတ်ထားကာ လက်မှတ်များကို ဘိုဘိုတေးထုတ်လုပ်ရေး စီးတီးမတ်၊ အိုးရှင်းစူပါမားကမတ်၊ မန်းသီရိတေးသံသွင်း၊ Nobody Fashion Store နှင့် Run Ygn ဆိုင်များတွင် ဝယ်ယူနိုင်ပြီး 1876 အွန်လိုင်းမှလည်း ဝယ်ယူနိုင်မည်ဖြစ်သည်။

ဖျော်ဖြေပွဲအစီအစဉ်နှင့်အတူ ဒီဂျေများ၏ ဖျော်ဖြေမှုအစီအစဉ်များအပြင် ၂၀၁၃ နှင့် ၂၀၁၄ နှစ်ကူးသည့်အချိန်တွင်လည်း မီးရှူးမီးပန်းများဖြင့် နှစ်သစ်ကို ကြိုရန် ပြင်ဆင်ထားကြောင်း သိရသည်။

# Technology

7DAY NEWS JOURNAL

Vol.12, No.42 • DECEMBER 25 , 2013


## ဖုန်းလိုင်းကျပ်ခြင်းဖြေရှင်းပေးမည့် ကားခြောက်စီးခန့် ဆက်သွယ်ရေးက စီစဉ်ထား

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖုန်းလိုင်းအသုံးပြုမှုများပြားသည့် နေရာများတွင် လိုင်းကျပ်ခြင်းများ ဖြေရှင်းရန်အတွက် မိုဘိုင်းကားခြောက်စီးခန့် အသုံးပြုလျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

မိုဘိုင်းဖုန်းလိုင်းအသုံးပြုမှုများပြားပြီး လိုင်းကျပ်တောက်မှုလျော့ပါးစေရန်အတွက် မိုဘိုင်းဖုန်းလိုင်းများကို အထောက်အပံ့ပေးနိုင်မည့် မိုဘိုင်း Transmission ကားခြောက်စီးခန့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်အသုံးရန်အတွက်ဝယ်ယူထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီးတစ်ဦးက ပြောသည်။

"လူဦးရေက ခန့်မှန်းတော့ ၂၅၀၀ လောက်တစ်ပြိုင်တည်း အဆင်ပြေပြေအသုံးပြုနိုင်တယ်။ အဓိကက သူ့ဒေသမှာရှိတဲ့ ဖုန်းလိုင်းကိုပဲ Support လုပ်ပေးတာပါ"ဟု ၎င်းကပြောသည်။

ဆီးဂိမ်းအားကစားပြိုင်ပွဲပြုလုပ်နေသည့် အားကစားကွင်းများတွင်လည်း မိုဘိုင်းကားများ ချထားပေးပြီး နေပြည်တော်တွင်နှစ်စီး၊ ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်းတွင် တစ်စီးချထားပေးကာ မန္တလေးတွင် လိုအပ်ပါက အဆင်သင့်အသုံးပြုနိုင်ရန်အတွက် တစ်စီးအဆင်သင့်ပြုလုပ်ပေးထားကြောင်း သတင်းရရှိသည်။

ထို့အပြင်မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကလည်း ၎င်းတို့ရောင်းချပေးထားသည့် CDMA 800 MHz ဖုန်းများအတွက်မိုဘိုင်းကားတစ်စီးဝယ်ယူထားပြီး ဖုန်းလိုင်းသုံးစွဲမှုများပြားသည့်နေရာများတွင် လိုအပ်ပါက သွားရောက်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်းမြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အားကစားကွင်းများတွင် မိုဘိုင်းကားများလွှတ်၍ ဖုန်းလိုင်းဆက်သွယ်မှုကောင်းမွန်စေရန် ဆောင်ရွက်ပေးထားသော်လည်း အားကစားကွင်းအချို့၌ ဖုန်းလိုင်းအဆင်မပြေမှုများ၊ ပြတ်တောက်ခြင်းများရှိနေကြောင်း သုဝဏ္ဏအားကစားကွင်းတွင်သွားရောက်အားပေးခဲ့သည့် ပရိသတ်တစ်ဦးကပြောသည်။

## ဦးပိုင်ရောင်းပေးသော ကျပ်၁,၅၀၀တန် ဖုန်းများအနက် အင်တာနက်လျှောက်ထားမှု နှစ်သိန်းကျော်

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ရောင်းချပေးခဲ့သည့် မိုဘိုင်းဖုန်းလိုင်းတစ်သန်းတွင်အင်တာနက်အသုံးပြုရန် လျှောက်ထားမှုနှစ်သိန်းကျော်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

MECTel အမှတ်တံဆိပ်ပါ ကျပ် ၁၅၀၀ တန်ဖုန်းလိုင်းတစ်သန်းရောင်းချပေးခဲ့ရာတွင် အင်တာနက်လျှောက်ထားရာ၌ CDMA 800 MHz ဖုန်းများမှာ အခြားသော GSM နှင့် WCDMA ဖုန်းများကဲ့သို့ မက်ဆေ့ချ်ပို့လျှောက်ထား၍မရဘဲတိုင်းမန်နေဂျာဆက်သွယ်ရေးရုံးသို့ သွားရောက်လျှောက်ထားရပြီး လက်ရှိတွင် အင်တာနက်လျှောက်ထားသူ နှစ်သိန်းကျော်ရှိနေပြီဖြစ်ကြောင်း မြန်မာ့စီးပွားရေးဦးပိုင် (MEC)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

CDMA 800 MHz ဖုန်းများ GSM နှင့် WCDMA ဖုန်းများ ကဲ့သို့ မက်ဆေ့ချ်ပို့၍ အင်တာနက်လျှောက်ထားနိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ပေးထားသည့်အင်တာနက် လိုင်းပမာဏနှင့် သုံးစွဲမှုမမျှတမည်ကို စိုးသောကြောင့် လက်ရှိတွင် ဆက်သွယ်ရေးမန်နေဂျာရုံးများ၌သာလျှောက်ထားရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။




MECTel မှ ကျပ် ၁၅၀၀ တန်ဖုန်းများကို အင်တာနက်လိုင်းအင်အားရှိသည့် ဒေသအားလုံးရှိ တိုင်းမန်နေဂျာဆက်သွယ်ရေးရုံးများ အားလုံးတွင် လျှောက်ထားနိုင်ပြီး ကျပ်တစ်သောင်းပေးသွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တပ်မတော်ခန်းမတွင် ၁၈ ရက်မှ ၂၀ ရက်အထိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ကျင်းပခဲ့သည့် ကုန်စည်ပြပွဲတွင် သုံးရက်တိုင် အင်တာနက်လာရောက်လျှောက်ထားသူများကို ကျပ်တစ်သောင်းပေးသွင်းပြီး မိနစ်ပိုင်းအတွင်း အင်တာနက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကျပ် ၁၅၀၀ တန် GSM၊ WCDMA ဖုန်းများအနေဖြင့် နံပါတ် 1331 သို့ Orderdata Service ရိုက်နှိပ်ရုံဖြင့် အင်တာနက်လျှောက်ထားနိုင်ပြီး မိနစ်ပိုင်းအတွင်းပြန်လည်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

## နည်းပညာဆိုင်ရာဆွေးနွေးမည့် Tech Camp တစ်ခုကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ပြည်တွင်းနှင့် နိုင်ငံတကာမှ နည်းပညာအဖွဲ့အစည်းများကို ချိတ်ဆက်ပြီး ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုနိုင်မှုစွမ်းရည်ကိုမြှင့်တင်ပေးရန် ရည်ရွယ်၍ နည်းပညာဆိုင်ရာ Tech Camp တစ်ခုပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နည်းပညာဖြင့် သာတူညီညာစုစည်းရာ"ခေါင်းစဉ်ဖြင့် အဆိုပါ Tech Camp အား ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာအိုင်စီတီဖွံ့ဖြိုးမှုအဖွဲ့ (MIDO)နှင့် အမေရိကန်သံရုံးတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Tech Camp တွင် နည်းပညာကျွမ်းကျင်သူများနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် ၁၀၀ မှ ၁၅၀ ဝန်းကျင်တက်ရောက်မည်ဖြစ်ပြီး ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှုကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများ ဖိတ်ခေါ်၍ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနှင့် အင်္ဂလိပ်နှစ်ဘာသာလုံးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံရှိ နည်းပညာအရင်းအမြစ်များအကြောင်း လေ့လာခြင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရှာဖွေခြင်းနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ ပေါ်ပေါက်လာစေရန် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Tech Camp သို့ တက်ရောက်လိုသည့် မြန်မာနိုင်ငံမှ အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များအနေဖြင့် အမည်၊ အဖွဲ့အစည်း၊ သီးခြားလွတ်လပ်စွာ ရပ်တည်လုပ်ကိုင်နေသူဖြစ်ပါက ပူးပေါင်းလုပ်ဆောင်နေသော အဖွဲ့အစည်းများကို ဖြေဆိုရမည်ဖြစ်ကာ အဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ အမည်သည့်ဒေသတွင် လုပ်ကိုင်နေသည်နှင့် Tech Camp တက်ရောက်လိုသည့် အကြောင်းရင်းများကို ဖြေကြားပြီး ဒီဇင်ဘာလ ၂၀ ရက် နောက်ဆုံးလျှောက်ထားခွင့်ပြုခဲ့သည်။


ပေးပို့သည့် အဖြေများပေါ်မူတည်ပြီး အများဆုံးကွဲပြားခြားနားသည့် ဆွေးနွေးလိုသူများကို တက်ရောက်စေလိုသောကြောင့် လူထုအခြေပြုအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်နှစ်ဦးသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။







# ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ဖေ့စ်ဘွတ်ခ်ရှယ်ယာများ မက်ဇူကာဘတ် ရောင်းချ




**နယူးယောက်၊ ဒီဇင်ဘာ-၂၀**

လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်၏ ကန်ဒေါ်လာသန်း ၇၀ တန်ဖိုးရှိ အဆင့်အေသာမန်ရှယ်ယာများ ကိုရောင်းချမှု၏ တစ်စိတ်တစ်ပိုင်း အဖြစ် ဖေ့စ်ဘွတ်တည်ထောင်သူ အမှုဆောင်အရာရှိချုပ်မက်ဇူကာ ဘက်က အခွန်ဆောင်ရန် ကန် ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံခန့် တန်ဖိုးရှိသည့် ၎င်းပိုင်ဆိုင်သော ရှယ်ယာပေါင်း ၄၁ ဒသမ ၄ သန်း ကို ရောင်းချမည်ဖြစ်သည်။

ယခုနှစ်အတွင်း တန်ဖိုးနှစ် ဆမြင့်တက်ခဲ့သည့် ဖေ့စ်ဘွတ်ခ် ရှယ်ယာများသည် ယမန်နေ့စျေး ကွက်မပိတ်မီက ရှယ်ယာတစ်ခု လျှင်ကန်ဒေါ်လာ ၅၃ ဒသမ ၅၄ သာရှိပြီးဒီဇင်ဘာ ၁၉ရက်ကထက် ၄ ရာခိုင်နှုန်းကျဆင်းသွားသည်။

မက်ဇူကာဘက်၏ ယင်းကဲ့ သို့ရှယ်ယာများရောင်းချမှုကြောင့် ၎င်း၏မဲပေးခွင့်အာဏာကို ၅၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၅၆ ဒသမ ၁ ရာခိုင်နှုန်းသို့ကျဆင်းသွားစေမည် ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောသည်။

ယင်းရောင်းချမှုမှရရှိသည့် ငွေအများစုကို အဆင့်ဘီရှယ်ယာ များဝယ်ယူခဲ့၍ ပေးဆောင်ရမည့် အခွန်များပေးဆောင်ရာတွင် မက် ကာဇူကာဘက်သုံးစွဲမည်ဟုမျှော် လင့်ကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ ကပြောသည်။

အဆင့်အေရှယ်ယာတစ်ခု ပိုင်ဆိုင်ထားသူမှာကုမ္ပဏီအတွက် မဲတစ်မဲပေးပိုင်ခွင့်ရှိပြီး အဆင့်ဘီ ရှယ်ယာရှင်များမှာ ၁၀ မဲပေးခွင့် ရှိကာ အချိန်မရွေးအဆင့်အေ အ ဖြစ်ကူးပြောင်းနိုင်သည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ဒါ ရိုက်တာအဖွဲ့ဝင် မာ့စ်အန်ဒရီက လည်း ကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်းတန်ဖိုးရှိ၎င်းပိုင်အဆင့် အေ ရှယ်ယာများကိုရောင်းချမည်ဖြစ် သည်။ ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ ကိုယ် တိုင်ကမူ ရှယ်ယာပေါင်း ၂၇ သန်း ရောင်းချသွားမည်ဖြစ်သည်။

*—Ref: Reuter*






# ကမ္ဘာ့ပထမဆုံးအမျိုးစုံသုံးနိုင်သည့် Chrome OS ကွန်ပျူတာ LGကုမ္ပဏီထုတ်လုပ်



**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ-၂၀**

Chrome OS အသုံးပြုထားသည့် LG ကွန်ပျူတာများသည် ဂူးဂဲလ်ကုမ္ပဏီ၏အဝေးထိန်းကွန်ပျူတာစနစ်ကို အခြေခံထားသော OS အသုံးပြုထားသည့် ကမ္ဘာ့ ပထမဆုံးကွန်ပျူတာ ဖြစ်လာတော့မည်ဖြစ်သည်။

ယင်းကွန်ပျူတာကို LG ကုမ္ပဏီက ဇန်နဝါရီလအတွင်းကျင်းပမည့် နိုင်ငံတကာကွန်ပျူတာပြပွဲတွင် ပထမအဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသမည်ဖြစ်သည်။ မြန်ဆန်ရိုးရှင်းစွာ အသုံးပြုနိုင်ရန် တီထွင်ထားသည့် Chrome OS နှင့် ယင်းကွန်ပျူတာ၏ app များအားလုံးကို အွန်လိုင်းမှရရှိနိုင်မည်ဖြစ်သည်။

လုပ်ဆောင်နိုင်မှုစွမ်းရည် အမြန်ဆုံးဖြစ်ပြီး Chrome စနစ်အခြေခံကွန်ပျူတာတွင် ၂၁ ဒသမ ၅ လက်မအကျယ်ရှိ HD အမျိုးအစားမျက်နှာပြင်ပါရှိသည်။ စွမ်းအားနိမ့်ပြီး ဂရပ်ဖစ်အရည်အသွေးနိမ့်သော OS ကအခြေခံပိုကျသော အစိတ်အပိုင်းများနှင့် ပရိုဆက်ဆာများကို ကွန်ပျူတာ ကုမ္ပဏီများအသုံးပြုနိုင်ရန်ခွင့်ပြုပေးသည်။ သို့သော် LG ကုမ္ပဏီက ဆန့်ကျင်ဘက်လမ်းကြောင်းကို ရွေးချယ်ကာ အထူးကောင်းမွန်သည့်မျက်နှာပြင်နှင့် နောက်ဆုံးပေါ်မျိုးဆက် Intel Celeron ပရိုဆက်ဆာအသုံးပြုထားကာ 1-megapixel ရှိ web ကင်မရာလည်း ထည့်သွင်းပေးထားသည်။

သို့သော် Cloudbase ကွန်ပျူတာများ၏ အတွင်းပိုင်းမှတ်ဉာဏ်မှာ 6GB သာပါရှိ၍ အသုံးပြုသူများအနေဖြင့် သိုလှောင်ရန်နေရာလိုအပ်ပါက သီးခြား hard-drive တစ်ခုတွဲ၍ သုံးရမည်ဖြစ်သည်။

ယင်းကွန်ပျူတာတွင် USB 2.0 သုံးပေါက်နှင့် USB 3.0 တစ်ပေါက်ပါဝင်ကာ HDM စနစ်ပါရှိသည်။ နိုင်ငံတကာကွန်ပျူတာပြပွဲကို ဇန်နဝါရီလ ၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။*—Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# အိမ်ရာဖွံ့ဖြိုးရေး ဘာလဲ၊ ဘယ်လဲ

မြင့်မိုရ်ဆွေ

စည်ပင်သာယာရေးနဲ့ ဖွံ့ဖြိုးရေး ဆိုတဲ့ စကားရပ်နှစ်ခုဟာ အင်္ဂလိပ်ဘာသာ “Development” ဆိုတဲ့စကားလုံးကိုမြန်မာဘာသာ ပြန်ထားတာဖြစ်ပြီး အဓိပ္ပာယ်က ထပ်တူထပ်မျှအတူတူပါပဲ။ မြို့တော်၊ မြို့ (City,Town)ဆိုတာတွေဟာလည်း မြို့ပြဒေသ (Urban)ဆိုတဲ့ အခေါ်အဝေါ်မှာ အားလုံး အကျုံးဝင်နေပါတယ်။ ဒါကြောင့်မြို့စည်ပင်သာယာရေး၊ မြို့တော်စည်ပင်သာယာရေး(City Dev:)ဆိုတာနဲ့ မြို့ပြဖွံ့ဖြိုးရေး (Urban Dev:)ဆိုတဲ့ စကားလုံးဟာ ဘာများကွာခြားပါသလဲလို့ မေးရင်“ကုလားကြီးနဲ့ အရာကြီး” ပါပဲလို့ ဖြေရမှာဖြစ်ပါတယ်။

ယခုအခါဆောက်လုပ်ရေးဝန်ကြီးဌာနက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (Dept; of Human Settlement and Housing Development)ကို မြို့ပြဖွံ့ဖြိုးရေးဦးစီးဌာနလို့ အမည်ပြောင်းမယ်ဆိုတဲ့ သတင်းစကားကိုကြားသိနေရတာအလွန်အံ့သြမိပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း မြို့ဖွံ့ဖြိုးရေးဦးစီးဌာနဆိုတာ မြို့ပြစည်ပင်သာယာရေးဦးစီးဌာနနဲ့ အဓိပ္ပာယ်ထပ်တူထပ်မျှဖြစ်နေလို့ပါပဲ။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခတ်ကြီးမှာပြည်ထောင်စုအဆင့်နဲ့ ဒေသန္တရအဆင့်ရဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းအမည်နဲ့ လုပ်ငန်းတာဝန်တွေရှုပ်ရှုပ်ထွေးထွေးဖြစ်စေမယ့်အခေါ်အဝေါ်နဲ့ ဖွဲ့စည်းပုံမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။ နောက်ပြီးမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဆိုတဲ့အမည်မှာ မြို့ ရွာဖွံ့ဖြိုးမှု(Human Settlement Dev:) နဲ့အိမ်ရာဖွံ့ဖြိုးမှု(Housing Dev:) အင်္ဂါရပ်နှစ်ခုစလုံးပါဝင်တဲ့ အတွက်လုပ်ငန်းပိုမိုကျယ်ပြန့်တာကို အထင်အရှားတွေ့ရှိနိုင်ပါတယ်။ အမှန်အားဖြင့် (Human Settlement)ဆိုတဲ့ အင်္ဂလိပ်ဘာသာစကားဟာ မြန်မာလို “လူနေဒေသလို့အဓိပ္ပာယ်ရပါတယ်။ အဲဒါကို ဆင့်ပွားအနေနဲ့ လူနေဒေသမှာ အခြေခံအကျဆုံးဖြစ်တဲ့“မြို့နဲ့ရွာ”ဆိုတဲ့ အခေါ်အဝေါ်ကို သုံးစွဲပြီး “မြို့ရွာဖွံ့ဖြိုးရေး”လို့ ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ ၁၉၉၆ ခုနှစ် ဇွန်လ ၁၄ ရက်က ကမ္ဘာ့ကုလသမဂ္ဂလူနေမြို့ရွာဒေသဆိုင်ရာညီလာခံ (UNCHS)(Habitat II)ကို တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့မှာ ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲရဲ့ ကြေညာချက် (Declaration)မှာ အဓိက ရည်မှန်းချက်အဖြစ် “လူသားအားလုံးအတွက် အိမ်ရာဖူလုံရေးနှင့် လူနေမြို့ရွာဒေသများကို ပိုမိုလုံခြုံမှု၊ ပိုမိုကျန်းမာမှု၊ ပိုမို၍ နေထိုင်ဖွယ်ကောင်းမွန်မှု၊ အခွင့်အလမ်းညီမျှမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ထုတ်လုပ်မှုကောင်းမွန်သောအရပ်များဖြစ်ထွန်းလာစေရန်”ဆိုပြီး ပါရှိတာတွေ့ရပါတယ်။



မန္တလေးမြို့လယ်တစ်နေရာ

ဓာတ်ပုံ - ညီညီဇော်

အဲဒီရည်မှန်းချက်များကို အကျဉ်းချုပ်လိုက်ရင် လူနေမြို့ရွာဖွံ့ဖြိုးရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဆိုတဲ့ အဓိကနှစ်ချက်ကိုပဲ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်“မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန”ဆိုတဲ့ အမည်ဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ရည်မှန်းချက်များနဲ့အညီ လုပ်ငန်းတာဝန်များကိုနိုင်ငံတကာအဆင့်ရင်ပေါင်တန်းပြီး မြန်မာနိုင်ငံမှာ ဖော်ဆောင်နိုင်ဖို့ထင်ဟပ်ထားတဲ့ အမည်ဖြစ်တာမို့ ကောင်းမွန်သင့်မြတ်လှကြောင်း အထူးပြောဖို့လိုမယ်မထင်ပါဘူး။

“မြို့ပြဖွံ့ဖြိုးရေးဦးစီးဌာန” ဆိုတဲ့ စကားရပ်မှာတော့ ကျေးရွာများလုံးဝအကျုံးမဝင်ပါဘူး။ နောက်ပြီး အိမ်ရာဖွံ့ဖြိုးရေးဆိုတဲ့ စကားရပ်လည်း မပါဝင်တော့တာကို တွေ့ရပါတယ်။ ရှင်းအောင်ပြောရရင် လူနေမြို့ရွာဒေသဆိုတဲ့ ကျယ်ပြန့်တဲ့စကားလုံးကို မြို့ပြဆိုတဲ့စကားလုံးသေးသေးနဲ့ လဲလှယ်အစားထိုးပြီး အိမ်ရာဖွံ့ဖြိုးရေးဆိုတဲ့ စကားရပ်ကိုပါ ဌာနအမည်မှ လုံးဝဖြုတ်ပစ်လိုက်ခြင်းဟာ လွန်စွာ အမြင်ကျဉ်းမြောင်းရုံမျှမက ကမ္ဘာ့ကုလသမဂ္ဂရဲ့ဦးတည်ချက်များကို ကောင်းစွာ ထင်ဟပ်ထားတဲ့ဌာနရဲ့ အမည်ကိုပါ အကြွင်းမဲ့ ပယ်ဖျက်ရာရောက်တယ်ဆိုတာ အထင်ရှားတွေ့မြင်နိုင်ပါတယ်။ တစ်နည်းအားဖြင့် ပေ ၁၀၀ လမ်းမကြီးကို သာမန်လူသွားလမ်းအဖြစ်ပြောင်းလဲပစ်လိုက်သလိုပါပဲ။

အသစ်ဖွဲ့စည်းမယ့် မြို့ပြဖွံ့ဖြိုးရေးဦးစီးဌာနမှာ အိမ်ရာဖွံ့ဖြိုးရေးအတွက် ဌာနခွဲတစ်ခုတော့ ပါဝင်မယ်လို့သိပါတယ်။ လူဦးရေငါးသန်းကျော်သာရှိတဲ့ စင်ကာပူနိုင်ငံမှာ အိုးအိမ်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ဆိုပြီး အိမ်ရာဖြည့်ဆည်းရေးလုပ်ငန်းကို တာဝန်ယူတဲ့အဖွဲ့အစည်းနဲ့မြို့ပြစီမံကိန်းများ ရေးဆွဲမှု၊ အကောင်အထည်ဖော်မှုကို ကြီးကြပ်တဲ့မြို့ပြဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့အစည်းတို့ကို သီးခြားဖွဲ့စည်းထားပါတယ်။ လူဦးရေသန်း ၆၀ ရှိတဲ့ မြန်မာနိုင်ငံမှာ ဘာကြောင့်နှစ်ဖွဲ့မရှိသလဲလို့မေးစရာရှိလာပါတယ်။ ဒီမိုကရေစီခေတ်မှာ ဒေသန္တရအစိုးရအဖွဲ့အစည်းများကို လုပ်ငန်းအကောင်အထည်ဖော်မှု (Implementation) လုပ်ပိုင်ခွင့်များပိုမိုပေးအပ်ရမှာဖြစ်ပေမယ့် ပြည်ထောင်စုအစိုးရအဆင့်က အထက်ပါလုပ်ငန်းများနဲ့ပတ်သက်ပြီး မူဝါဒချမှတ်ပေးဖို့၊ ဥပဒေဟောင်းများပြင်ဆင်ဖို့၊ လိုအပ်တဲ့ ဥပဒေသစ်များရေးဆွဲပြဋ္ဌာန်းဖို့၊ နည်းပညာအကူအညီပေးဖို့၊ စီမံကိန်းများရေးဆွဲပေးဖို့၊ စီမံကိန်းအကောင်အထည်ဖော်မှုလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးဖို့၊ နိုင်ငံတကာအကူအညီရယူဖို့၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်သင်တန်းများ ပေးဖို့၊ ပြည်ထောင်စု ဘတ်ဂျက်ငွေမှာ လျာထားပေးဖို့၊ ဘဏ္ဍာရေးအရင်းအမြစ်ထူထောင်ပြီး ထောက်ပံ့မှု (Financial assistance)ပေးဖို့စတဲ့ လုပ်ငန်းတာဝန်တွေကို ယခင်ခေတ်ထက် ပိုမိုအရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ပေးဖို့ အထူးလိုအပ်နေပါတယ်။ တိုင်းဒေသကြီးမြို့၊ ပြည်နယ်မြို့၊ ခရိုင်မြို့၊ မြို့နယ်မြို့များကို နိုင်ငံတကာနဲ့ရင်ပေါင်တန်းပြီး အဆင့်မြှင့်တင်ပေးနိုင်ဖို့မြို့ပြစီမံကိန်းတွေကို အများကြီးရေးဆွဲပေးဖို့လည်း လိုအပ်နေတာတွေ့ရပါတယ်။

အိမ်ရာဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ဒီမိုကရေစီသက်တမ်းကာလ ၂ နှစ်ကျော်အတွင်းတန်ဖိုးနည်းအိမ်ရာ တစ်လုံးမျှ အကောင်အထည်မပေါ်လာသေးပါဘူး။ မန္တလေးမှာသာဆောက်လက်စအနေအထားကိုကြားသိရပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ မြောက်ဒဂုံက အိမ်ရာစီမံကိန်းနဲ့မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ဒဂုံ(ဆိပ်ကမ်း)က အိမ်ရာစီမံကိန်းတွေဟာ တန်ဖိုးနည်းမဟုတ်တဲ့အပြင် အကောင်အထည်လည်းပေါ်မလာသေးတာတွေ့ရပါတယ်။ ရန်ကုန်မြို့မှာပဲ ၁၉၉၈ ခုနှစ်ကတည်ဆောက်ခဲ့တဲ့ တန်ဖိုးနည်းအိမ်ရာတွေ၊ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတည်ဆောက်ခဲ့တဲ့ မြို့သစ်တွေ၊ တဲပေါ်မှ တိုက်ပေါ်တင်စီမံကိန်းတွေ အစရှိတဲ့ အိမ်ရာပြဿနာဖြေရှင်းမှုအကျိုးဆက်တွေကိုသာ အမွေဆက်ခံပြီး ၁၅ နှစ်ကျော်ကာလအတွင်း တိုးပွားနေတဲ့ အိမ်ရာမဲ့လူဦးရေအတွက် အိမ်ရာလိုအပ်ချက်ကို ထိထိရောက်ရောက်မဖြည့်ဆည်းနိုင်သေးပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့ကြီးတွေ၊ ခရိုင်မြို့ကြီးတွေ၊ မြို့နယ်မြို့တွေအားလုံးမှာ အိမ်ရာမဲ့များ အမိုးအကာရရှိရေး၊ ခေတ်မီမြို့ပြအိမ်ရာများပေါ်ထွန်းရေးသာမက ကျေးလက်အိမ်ရာများ အဆင့်မြှင့်တင်ရေး အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရေးကိုပါ ရေတိုရေရှည်အားသွန်ခွန်စိုက် ဆောင်ရွက်ဖို့ အတွက် နိဒါန်းမပျိုးနိုင်သေးတာလည်း အမှန်ပါပဲ။ အချို့မြို့တွေမှာ ဝန်ထမ်းတွေအတွက် အငှားအိမ်ရာတည်ဆောက်မှုအနည်းအကျဉ်းမျှအကောင်အထည်ဖော်နိုင်ခြင်းနဲ့ပဲ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလ ၂နှစ်ကျော်မှာကျေနပ်နှစ်သိမ့်ခဲ့ကြရပါတယ်။

ဒီလိုအချိန်အခါနဲ့ အခြေအနေတွေမှာ ဌာနတစ်ခုရဲ့ မူလအဆင့်ကို မြင့်သထက်မြင့်အောင်မြှင့်တင်မှု (Upgrade)လုပ်ရမယ့်အစား အဆင့်နှိမ်ချမှု (Degrade) ပြုလုပ်လိုက်ခြင်းဟာ အိပ်မက်လေလားလို့ မယုံနိုင်လောက်အောင်ဖြစ်မိပါတယ်။ ဒီမိုကရေစီခေတ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနဲ့ လျော်ညီတဲ့ ဌာနဖွဲ့စည်းပုံပြောင်းလဲမှု (Effective Institutional Reform)လုံးဝမဟုတ်ဘူးဆိုတာကိုငြင်းကွယ်လို့မရပါဘူး။ အဲဒါဘာကြောင့်ဖြစ်ရသလဲဆိုတဲ့ အကြောင်းတရားတွေကို လက်လှမ်းမီသမျှ စူးစမ်းလေ့လာကြည့်လိုက်တဲ့အခါမှာ အကြောင်းတရားသုံးရပ်ပါဝင်နေကြောင်း တစ်စွန်းတစ်စသိရှိရပါတယ်။

ပထမအချက်က မြို့အိုးအိမ်ဦးစီးဌာနဟာ ၂၀၀၀ ပြည့်နှစ်မတိုင်မီနှစ်များမှာ အိမ်ရာဖွံ့ဖြိုးရေးအတွက်မြို့သစ်တည်ဆောက်မှုနဲ့ တန်ဖိုးနည်းအိမ်ရာအပါအဝင် နည်းဗျူဟာ အမျိုးမျိုးချမှတ်ပြီး အတိုင်းအတာတစ်ခုအထိအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပေမယ့် ၂၀၀၀ ပြည့်နှစ်အလွန်နှစ်များမှာ ထိုစဉ်ကဝန်ကြီးချုပ်ကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တဲ့ အိမ်ရာစီမံကိန်းကြီးကြပ်မှုကော်မတီရဲ့ ချုပ်ကိုင်မှုကို လုံးဝခံယူခဲ့ရပြီး အဆင့်မြင့်အိမ်ရာတွေ ပိုမိုဦးစားပေးတာတွေ့ရပါတယ်။ အဲဒီဥက္ကဋ္ဌဖြစ်သူကို အိမ်ရာကဏ္ဍလုပ်ငန်းများမှာ အာဏာအလွဲသုံးစားမှုနဲ့ ဖမ်းဆီးပြီးထောင်သွင်းအကျဉ်းချတဲ့ ၂၀၀၄ ခုနှစ်မှစပြီး အိုးအိမ်ရဲ့ပုံရိပ်ကို အကောင်းမမြင်မှုတွေရှိလာပါတယ်။

ဒုတိယအချက်က ၂၀၀၅ ခုနှစ်အလွန်မှာလည်း မြသီတာအိမ်ရာ၊ ရွှေအုန်းပင်အိမ်ရာ၊ ရတနာအိမ်ရာနဲ့သန်လျင်အောင်ချမ်းသာအိမ်ရာစတဲ့ အဆင့်မြင့်အိမ်ရာတွေမှာ လူကြီးတွေအပါအဝင် လက်သင့်ရာ ချထားမှုကြောင့် ရသူကလည်းအကောင်းမပြော၊မရသူတွေကလည်း အပြစ်မြင်တဲ့အပြင် အတုအယောင်လိုအပ်ချက် (Artificial Demand) များကိုရှေ့တန်းတင်ဖြည့်ဆည်းမှုများကြောင့် ဌာနရဲ့ ဂုဏ်သတင်းဟာ ကျဆင်းခဲ့ပြန်တာတွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ်အဲဒီအချက်နှစ်ရပ်ဟာဌာနရဲ့အမည်နဲ့မသက်ဆိုင်ဘဲ အာဏာအရင်းခံပြီး အမိန့်ပေးစနစ်နဲ့ အုပ်ချုပ်မှုနဲ့ ကိုယ်ကျိုးရှာမှုများရဲ့ အကျိုးဆက်များသာဖြစ်ခဲ့ပါတယ်။ အဲဒါတွေကြောင့် ဌာနဆိုင်ရာအမည်ကို ပြောင်းလဲရမယ်ဆိုရင် ယခင်အစိုးရလက်ထက်ကဌာနအားလုံးလိုလိုရဲ့ အမည်တွေကို ပြောင်းလဲပစ်ဖို့ လိုအပ်မှာဖြစ် ပါတယ်။

တတိယအချက်က ဒီမိုကရေစီခေတ်သစ်နိုင်ငံတော်အစိုးရရဲ့ အဆင့်မြင့်ရာထူးကြီးများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များအနက် အချို့က အိမ်ရာကဏ္ဍကို လူမှုရေးကဏ္ဍအဖြစ်သာရှုမြင်နေကြကြောင်း သိရှိရပြီး မြို့ပြဖွံ့ဖြိုးရေးခေါင်းစဉ်အောက်မှာဌာနခွဲအဖြစ်သာထားလိုက်ရင် တိုင်းပြည်အတွက်လုံလောက်ပြီလို့ ခပ်လွယ်လွယ်မှတ်ယူနေကြကြောင်း ကြားသိရပြန်ပါတယ်။

စာမျက်နှာ(၃၂)သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013



# မင်းဒင်ရဲ့ သက်ခိုင် – ၂

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

"သေနတ်သံရဲ့ နောက်ဆက်တွဲဖြစ်ရပ်ကတော့ မယုံနိုင်စရာပါပဲဗျာ။ တစ်ဖက်ကို လူနှစ်ဆယ်စီလောက် ရင်ဆိုင်နေကြရာကနေ သေနတ်သံလည်းထွက်လာရော အခြားငါး ဖမ်းစက်လှေတွေပေါ်က လူခြောက်ဆယ်၊ ခုနစ်ဆယ်လောက် ထပ်ဆင်းလာကြပြီးအဲဒီလူတွေဟာ တစ်ခုသောအုပ်စုနဲ့ ပူးပေါင်းလိုက်ကြတယ်ဗျ။ ဒီတော့ လူနှစ် ဆယ်ကျော်တစ်အုပ်စုနဲ့ လူတစ်ရာနီးပါးတစ်အုပ်စု၊ နှစ်အုပ်စု အဖြစ်ရင်ဆိုင်တွေ့ကြပါလေရော။ ခင်ဗျားကိုစကားဖြတ်ပြောရဦးမယ်။ ငါးဖမ်းစက်လှေတစ်စီးမှာ ရေလုပ်သားနှစ်ဆယ်ကနေ သုံးဆယ်အထိပါသတဲ့ဗျ။ အဲဒီ အချိန်တုန်းက ဖယ်အုံကန်ဆိပ်ကမ်းမှာငါးဖမ်းစက်လှေခြောက်စီးလောက်ကမ်းကပ်ထားတာ တွေ့ရတယ်။

အင်အားချင်းမမျှတာကို သတိပြုမိဟန်တူတဲ့ လူနှစ်ဆယ်ကျော်အုပ်စုဟာ စက်လှေတစ်စီးပေါ်ကိုပြေးတက်သွားကြပြီး "မိုက်တဲ့ကောင် လှေပေါ်တက်ခဲ့ကွာ" ဆိုတဲ့ စိန်ခေါ်သံတွေထွက်လာတယ်ဗျ။ သူတို့လက်ထဲမှာလည်း လက်နက်ကိုယ်စီနဲ့ပေါ့။ တစ်ချိန်တည်းမှာပဲ သံတုတ်၊ ဓားကိုယ်စီနဲ့ လူတစ်ရာနီးပါးရှိတဲ့ အုပ်စုဟာစိန်ခေါ်နေတဲ့ လှေပေါ်ကို နောက်ကနေတစ်ဟုန်ထိုးပြေးတက်သွားကြပြီး နှစ်ဖက်အပြန်အလှန်အသေအကျေထိုးကြခုတ်ကြ၊ သတ်ကြဖြတ်ကြပါလေရောဗျာ။ မြင်ကွင်းဟာ ကျွန်တော်နဲ့သိပ်မဝေးတာမို့ လူတစ်ဦးချင်းစီရဲ့မျက်နှာကိုသဲသဲကွဲကွဲမမြင်နိုင်ပေမယ့် သူတို့လှုပ်ရှားမှုတွေကိုတော့ အသေးစိတ်မြင်နေရပါတယ်။ အဲဒီလှေပေါ်မှာတော့ အပြန်အလှန်ထိုးခုတ်သတ်ဖြတ်နေကြတာမို့ ဆဲဆိုသံ၊ ညည်းညူသံ၊ အော်ဟစ်သံ၊ ကြိမ်းမောင်းသံတွေနဲ့ တကယ့်ကို ကမ္ဘာပျက်သလိုပါပဲဗျာ။ သွေးသံတရဲရဲဒဏ်ရာတွေနဲ့ ရေထဲကိုကန်ချခံရတဲ့ လူလေးငါးယောက်ကိုလည်း မြင်နေရတယ်။

တစ်ဖက်နဲ့တစ်ဖက် လူအင်အားချင်းမမျှတာမို့ အင်အားကြီးတဲ့အုပ်စုဟာ လူနှစ်ဆယ်ကျော်အုပ်စုကို တစ်ယောက်မကျန်အပြတ်ရှင်းပြီး ရေထဲကန်ချအစဖျောက်ဖို့အားထုတ်နေတယ်ဆိုတာ ထင်ရှားလာပါတယ်။ အများစုကိုင်ထားတဲ့ဓားတွေဟာ ဗမာဌက်ကြီးတောင်လို ဓားရှည်တွေမဟုတ်ဘူးဗျ။ တစ်တောင့်ထွာလောက်အရှည်ရှိတဲ့ ထိုင်းဓားအပြားကြီးတွေ။ ကျွန်တော့်စိတ်ထဲ အတော့်ကို ဇဝေဇဝါဖြစ်သွားတာအမှန်ပဲဗျ။ ဘယ်လိုဖြစ်ကုန်ကြတာတုံးပေါ့။ အစတုန်းကငါးဖမ်းစက်လှေနှစ်စီး၊ အုပ်စုနှစ်စုရန်ပွဲလို့ထင်နေပေမယ့် အမှန်တကယ်ကငါးဖမ်းစက်လှေတစ်စီးနဲ့ အခြားငါးဖမ်းစက်လှေလေးငါးစီးစုပြီးတိုက်တဲ့မြင်ကွင်းဖြစ်နေတာကိုး။ ကျွန်တော်နဲ့အတူဆိုင်ထဲမှာရှိနေတဲ့ ထားဝယ်လူငယ်လေးတစ်ယောက်ရှင်းပြမှ ကျွန်တော်လည်း အဖြစ်မှန်ကို ဇာတ်ရည်လည်ပါတော့တယ်။

အခု လူနှစ်အုပ်၊ ထိုးခုတ်သတ်ဖြတ်နေကြတဲ့ငါးဖမ်းလှေရဲ့ နာမည်ဟာ ပျံလွှားတဲ့ဗျာ။ ပျံလွှားပေါ်ကရေလုပ်သားအုပ်စုဟာ ဖယ်အုံကန်မှာ ဗိုလ်ကျကြီးစိုးနေတဲ့ အုပ်စုတဲ့။ ငါးဖမ်းစက်လှေအချင်းချင်းကြားမှာလည်း ပျံလွှားအုပ်စုကို တခြားငါးဖမ်းလှေတွေက အကြောက်ကြီးကြောက်ကြရသတဲ့။ နှစ်ပေါင်းများစွာဗိုလ်ကျစိုးမိုးလာတဲ့ ပျံလွှားအုပ်စုရဲ့အနိုင်ကျင့်ဗိုလ်ကျမှုကိုမခံနိုင်တဲ့အဆုံး တခြားငါးဖမ်းစက်လှေပိုင်ရှင်ထိုင်းသူဌေးတွေ မဟာမိတ်ဖွဲ့ပြီး ပျံလွှားကိုလက်စတုံးတဲ့ပွဲပါပဲ။ နောက်ဆုံးတော့ ရာချီတဲ့လူအုပ်ဟာ ပျံလွှားကလူတွေကိုသာမက ပျံလွှားလှေကိုပါ ဖျက်ဆီးနှစ်မြှုပ်ပစ်မယ့်သဘောနဲ့ လှေပေါ်မှာရှိသမျှ ပစ္စည်းလှေအစိတ်အပိုင်းတွေကိုပါခုတ်ထစ်ဖျက်ဆီးနေကြပါလေရောဗျာ။ လှေပေါ်ကရာချီတဲ့ရေခဲပုံးတွေကိုရေထဲကန်ချပစ်ကြတယ်။ ခွမ်းလို့ခေါ်တဲ့ဗုံ လုံတိုင်တွေ၊ ပဲ့နင်းခန်း၊ စက်ခန်း၊ လှေသားခန်းစတဲ့မည်းမည်းမြင်သမျှခုတ်ထစ်ဖျက်ဆီးနေကြလေရဲ့။

ကျွန်တော်က ငါးဖမ်းစက်လှေလို့ပြောနေလို့ ခင်ဗျားစိတ်ထဲမှာ ဘောက်တူသမ္ဗန်လို သစ်သားလှေထင်မနေနဲ့ဦး။ ဝါးတန်း၊ ဝါးလတ်လို့ခေါ်တဲ့ ငါးဖမ်းစက်လှေတွေဗျ။ သင်္ဘောအငယ်စားလို့ပြောလို့ရတယ်။ နာရီဝက်လောက်အကြာ အလောင်းဆယ်လောင်းလောက် ရေထဲကျအပြီး ပျံလွှားစက်လှေပေါ်က ရှိရှိသမျှအရာတွေကို ခုတ်ထစ်ဖျက်ဆီးပြီးချိန်လောက်မှာတော့ အရေးပေါ်အချက်ပေးသံတွေနဲ့အတူ ရဲကားငါးစီးလောက်ဖယ်အုံကန်ဆိပ်ကမ်းရန်ပွဲဆီကို အရှိန်ပြင်းပြင်းမောင်းဝင်လာပါတော့တယ်။ ရဲကားဥဩသံတွေဟာ ဖယ်အုံကန်တစ်ခုလုံးမှာ ဆူညံနေလေရဲ့ဗျာ။ ထိုင်းရဲငါးဆယ်လောက်ဟာ သေနတ်အချက်ပေါင်းများစွာကို မိုးပေါ်ထောင်ပစ်ပြီး ရန်ပွဲကိုရပ်တန့်နိုင်လိုက်ပါတယ်။ ပျံလွှားကံကောင်းသွားတယ်ဆိုပါစို့ဗျာ။ လူနာတွေတင်၊ အလောင်းတွေကောက်၊ တွေ့ရာလူဝမ်းလျားမှောက်ခိုင်းပြီး လက်ထိတ်ခတ်ဖမ်း၊ တကယ့်ကိုရုန်းရင်းဆန်ခတ်မြင်ကွင်းပါပဲ။

ကျွန်တော်သိရသလောက် အဲဒီနေ့ရန်ပွဲမှာ ပျံလွှားလှေသားဆယ့်နှစ်ယောက်လောက်သေပြီး ကျန်တဲ့ သူတွေ ဒဏ်ရာအပြင်းအထန်ရကြပါတယ်။ ပျံလွှားလည်း ရစရာမရှိအောင်ပျက်စီးသွားပြီး နောက်ဆုံးမှာ ပျံလွှားကိုအဲဒီဆိပ်ကမ်းမှာမတွေ့ရတော့ဘူးတဲ့ဗျာ။ အဲဒီနေ့၊ အဲဒီအချိန်ကစပြီး ပျံလွှားအုပ်စုဟာ ဖယ်အုံကန်ကနေ အစအနပျောက်သွားရောဆိုပါတော့။ ကျွန်တော်ကြားတာကတော့ ပျံလွှားလှေပိုင်ရှင်ထိုင်းသူဌေးဟာ ပျံလွှားကိုရောင်းပစ်လိုက်ရတယ်ဆိုပါတယ်။ မှတ်သားစရာကတော့ အဲဒီနေ့က ဖယ်အုံကန်မဟာရန်ပွဲဆင်နွှဲကြတဲ့ လူအုပ်စုကြီးထဲမှာ ထိုင်းလူမျိုးတစ်ယောက်မှမပါဘူးတဲ့ဗျာ"

ကိုသက်ခိုင်၏ ဖယ်အုံကန်မှ ပျံလွှားဇာတ်သိမ်းခန်းပြီးဆုံးချိန်တွင်ခေါင်ရန်တောင်ပေါ်မှာနေညိုခဲ့ပြီ။ မှုန်ပြာသောကောင်းကင်တွင် ငှက်အုပ်တချို့ အိပ်တန်းပျံနေကြပြီ။ ခေါင်ရန်တောင်အောက်က ဖူးခက်မြို့မြင်ကွင်း အနည်းငယ်မှုန်ဝါးလာချိန်တွင် ကျွန်တော်နှင့် ကိုသက်ခိုင်တောင်ပေါ်က ပြန်ဆင်းလာကြသည်။ ကားမောင်းနေသောကိုသက်ခိုင် နံဘေးမှာထိုင်နေရင်း ဘဝစုံလှသော ကိုသက်ခိုင်အကြောင်းကိုကျွန်တော်စဉ်းစားခန်းဝင်နေမိသည်။ ကိုသက်ခိုင်လည်း ကားမောင်းရင်း တစ်စုံတစ်ခုကိုတွေးတောကာ ခတ်မဆိတ်ရှိနေသည်။ အပြန်လမ်းကား နှစ်ဦးသား အတွေးကိုယ်စီဖြင့်။ ။

**အခန်း(၁၀)**

**ခယောင်းလမ်းပေါ်ကသက်ခိုင်**

မထင်မှတ်သောအချိန်တွင် မထင်မှတ်သောနေရာမှ ဘွားခနဲပေါ်လာတတ်သည်မှာ ကိုသက်ခိုင်၏စရိုက်တစ်ခုဖြစ်သဖြင့် ကျွန်တော့်အတွက် အဆန်းတကြယ်မဟုတ်တော့ချေ။ တစ်ခုသောနေ့မှာ ဝထော့ဖ်အရပ်မှာရှိသော ကျွန်တော့်ဆိုင်ရှိရာသို့ ကိုသက်ခိုင်ဆိုင်းမဆင့်ဗုံမဆင့် ပေါက်ချလာပြန်သည်။ အကြောင်းပြချက်မှာ 'ပျင်းလို့ဗျာ'ဟူ၏။ ကိုသက်ခိုင်သည် ကျွန်တော့်ဆိုင်အတွင်းရှိ ပစ္စည်းမျိုးစုံကို တစ်ခုစီစေ့စေ့စပ်စပ်လျှောက်ကြည့်လျက်ရှိသည်။ ထို့နောက် ပလတ်စတစ်အိပ်ငယ်များဖြင့် တစ်ကီလိုစီထုပ်ထားသော ပဲကြီးလှော်ထုပ်များကိုကိုင်ကြည့်ရင်းပြုံးနေသောကြောင့် ကျွန်တော်က သူ့ကိုမေးခွန်းထုတ်လိုက်မိသည်။

"ပဲကြီးလှော်မှာ ဘာရယ်စရာရှိလို့တုံးဗျာ"

"ဩော်. . . ဆန်းပြားလှတဲ့ ဘဝအလှည့်အပြောင်းကိုပြန်စဉ်းစားမိလို့ပါ။ လွန်ခဲ့တဲ့ဆယ်နှစ်ထိုင်းကို ကျွန်တော်ရောက်စကပေါ့။ ခင်ဗျားအခုလုပ်နေတဲ့အလုပ်မျိုး၊ခင်ဗျားဖွင့်ထားတဲ့ဆိုင်မျိုးကိုကျွန်တော်ဖွင့်ခဲ့ဖူးတယ်။ ကိုယ့်မြေကိုယ့်ရေမှာ တစ်ဗိုလ်တစ်မင်းဘဝနဲ့ လူတွင်ကျယ်လုပ်ခဲ့တဲ့ကျွန်တော်ဟာ ဒီလိုပဲကြီးလှော်ထုပ်တွေကို ကိုယ်တိုင်ထုပ်ခဲ့ဖူးတယ်။ ကွမ်းစား၊ ထုံးထုပ်ကလေးတွေ၊ အုန်းဆီပုံးကြီးထဲကနေ အုန်းဆီပုလင်းတွေထဲကိုထည့်တဲ့အလုပ်မျိုးကအစ ကျွန်တော်လုပ်ခဲ့ရတယ်"

"ခင်ဗျားကြည့်ရတာ အဲဒီအဖြစ်ကိုရှက်နေပုံရတယ်"

"ဘာရှက်စရာရှိတုံးဗျ။ ကျွန်တော်တို့မိသားစုနတ်မောက်ကနေတက်လာတုန်းကလည်း အနှိမ်ခံ၊ အပယ်ခံဘဝမျိုးနဲ့ ရုန်းကန်ခဲ့ဖူးတာပဲ။ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာရှိတာက ငါဟာ ခယောင်းလမ်းကိုဖြတ်ကျော်ရတော့မယ်ဆိုတဲ့အသိတစ်ခုပဲရှိနေခဲ့တယ်။ ရှေ့ဆက်ရမယ့်ဘဝခရီးအတွက် ခြေကုပ်တစ်နေရာစာကျားကုတ်ကျားခဲ ရှာနေရချိန်မဟုတ်လား။ ဒုစရိုက်အလုပ်ကလွဲရင် ဘယ်လိုအလုပ်မျိုးမဆိုလုပ်မယ်။ ဓားတောင်ကိုကျော်မယ်၊ မီးပင်လယ်ကိုဖြတ်မယ်ပေါ့ဗျာ။ ရှုပ်ရှုပ်ထွေးထွေးအလုပ်တွေကိုတော့ ကျွန်တော်စိတ်ကုန်ခဲ့တာအမှန်ပါပဲ"

ထိုစဉ်ခဏတွင်ပင် ကိုသက်ခိုင်၏ တယ်လီဖုန်းမှ အသံမြည်လာသဖြင့် ကျွန်တော်တို့စကားစဖြတ်ကာ ကိုသက်ခိုင်စကားသံကို နားစွင့်နေလိုက်သည်။

"အေး၊ ရာမန်၊ ငါပါ။ သက်ခိုင်ပါပြော"

". . . . . . ."

"ဘယ်မှာအဖမ်းခံရတာတုံး"

". . . . . ."

"မင်းကလေးမက သကွယ်ပါကဆို။ ဘယ့်နှယ်ဖူးခက်တံတားကြီးဂိတ်မှာ အဖမ်းခံရတာတုံး"

". . . . ."

"ပစ္စည်းတန်ဖိုးဘယ်လောက်ရှိလဲပြော၊ ဘာပစ္စည်းတွေလဲငါ့ကိုအမှန်အတိုင်းပြော"

". . . . ."

"အဲဒီကလေးမကိုစိတ်အေးအေးနေဖို့သာပြောလိုက်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ပြန်ရအောင်လုပ်ပေးမယ်"


". . . . ."

"ဟေ့ကောင်ရာမန် အေးအေးနေဆိုနေလိုက်တော့ကွာ။ ဘယ်လိုပိုင်တယ်၊ ဘယ်လိုရှင်းမယ်ဆိုတာ မင်းကိုငါသံတော်ဦးမတင်နိုင်ဘူး"

". . . . ."

"ပြန်ရ ရပါစေ့မယ်ဆိုကွာ။ မင်းက မန္တလေးသားတော်တော်ပီသတယ်။ လျှာကရှည်ပ့ါ"

**အချပ်ပို (IV)သို့**




# မပေါက်ကွဲသေးတဲ့ မိုင်းဗုံးများ

မောင်သာချို

(တစ်)

တစ်ခါက အမှောင်ထု အင်နှင့်အားနှင့် ကြီးစိုး၍နေဆဲ မနက်စောစောကြီးထဲမှာ ကချင်ပြည်နယ်၏အစပ် ဟောင်ပါးဆိုသောရွာကလေးကနေ ဆယ်ဇင်းတို့၊ တာမခန်တို့၊ ဖားကန့်တို့ကိုဖြတ်ကာ မြစ်ကြီးနားသို့ပြန်လာခဲ့ဖူးပါသည်။ တောင်ဆင်းတောင်တက်တွေကများမှများ၊ မှောင်ကလည်းမှောင်မို့ တောင်တွေးမြောက်တွေးနှင့် စိတ်အားငယ်နေစဉ်မှာပင် ကားပေါ်၌အတူပါလာသူဒေသခံမိတ်ဆွေက ကားရှေ့မီးရောင်၏အလင်း၌ပေါ်လာသည့်ကားလမ်းအချိုင့်တစ်နေရာကို လှမ်းပြပါသည်။

"အဲဒါ. . မကြာသေးခင်က
မိုင်းကွဲသွားတဲ့ နေရာပေါ့"

ကျွန်တော့်ခြေထောက်တွေယားကျိကျိဖြစ်သွားပါသည်။ သူက သူ့စကားကိုဆက်၍နေသောအခါ ခြေထောက်တွေ ယားကျိကျိဖြစ်လာရုံမျှသာမက ကိုယ့်ဒူးခေါင်းအောက်ပိုင်းကို ကိုယ်ပြန်စမ်းကြည့်မိသည့်အထိကိုပင်လျှင် ကျောချမ်း၍ သွားပါလေသည်။ တိုင်းရင်းသား သားအဖနှစ်ယောက်တို့ မနက်စောစောကြီး ဆိုင်ကယ်တစ်စီးနှင့် ခရီးနှင်ခဲ့ပါလေသတဲ့။ နာရေးဖြစ်သည့် ဆွေမျိုးသားချင်းများရှိရာ ရွာကလေးတစ်ရွာဆီသို့ ခရီးနှင်ခဲ့ခြင်းဖြစ်ပါသတဲ့။ အဖေနှင့်သမီး စကားတစ်ခွန်းစ နှစ်ခွန်းစပြော၍ လာခဲ့စဉ်မှာပင် ကားလမ်းတစ်နေရာ၌ မြှုပ်ထားသည့်မိုင်းကို ဆိုင်ကယ်က နင်းကာဝုန်းဝုန်းဒိုင်းဒိုင်းပေါက်ကွဲကုန်ခြင်းဖြစ်ပါသည်။

"သမီးကလေးကတော့ ပွဲချင်းပြီးပေါ့. . အဖေက ခြေထောက်နှစ်ချောင်းလုံး ဒူးဆစ်ကနေ ပြတ်ထွက်ကုန်တာ. . ကားမောင်းစားတာလေ. . အခု. . ကားမမောင်းနိုင်တော့ဘူး. . ရပ်ရွာက စောင့်ရှောက်ထားရတယ်"

တိုင်းရင်းသားအချင်းချင်း စစ်ခင်းကြရသည့် ပဋိပက္ခဖြစ်စဉ်ကြီးထဲတွင် သူတို့နှင့် ဘာမှမဆိုင်သည့် အဖေနှင့်သမီးတို့က အသက်နှင့်ဘဝကို ပေးလိုက်ကြရခြင်းဖြစ်ပါသည်။

(နှစ်)

မြန်မာနိုင်ငံမှာ မိုင်းကအမျိုးမျိုးအထွေထွေကိုပဲကွဲပါသည်။ ရထားလမ်းတွေပေါ်မှာ မိုင်းများကွဲခဲ့ပါ၏။ ကားလမ်း တွေပေါ်မှာ မိုင်းများကွဲ ခဲ့ပါ၏။ တောစပ်၊ တောင်စပ်၊ လယ်ကွင်းစပ်တွေမှာလည်း မိုင်းများကွဲခဲ့ပါ၏။ တည်းခိုခန်းထဲ၊ အိမ်သာထဲ ဈေးဆိုင်ကနားထဲမှာလည်းမိုင်းများကွဲခဲ့ပါ၏။ အပြစ်မဲ့သူတို့၏ ခြေထောက်အပြတ်များ၊ လက်ချောင်းငုတ်တိုများ၊အသက်လိပ်ပြာများအရေအတွက်မနည်းလှတော့။

မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးနှင့် ပတ်သက်၍ သုတေသီတစ်ဦး၏ အမည်ကို ကျွန်တော်မှတ်ထားဖူးပါသည်။ မစ္စတာမိုဆာပူအန်စူဝမ်းတဲ့။ သူက ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းကြောင့် အန္တရာယ်အဖြစ်ဆုံးနိုင်ငံငါးနိုင်ငံကို သုတေသနပြုထားပြီးဖြစ်ပါသည်။ ထုံးစံအတိုင်း ကျွန်တော်တို့နိုင်ငံကလေးပါရရှာပြန်တာပေါ့။

နံပါတ်တစ်က အာဖဂန်နစ္စတန်တဲ့။ နံပါတ်နှစ်က ကိုလံဘီယာတဲ့။ နံပါတ်သုံးက မြန်မာတဲ့။ နံပါတ်လေးက ပါကစ္စတန်တဲ့။ နံပါတ်ငါးက ကမ္ဘောဒီးယားတဲ့။ အချိန်မရွေးမွေးရာပါ ခြေထောက်တွေ၊ လက်တွေပြတ်ထွက်သွားနိုင်သည့်နိုင်ငံများ။ ဒေသတွင်း ပဋိပက္ခတွေ၊ စစ်ပွဲတွေ၊ မတူညီသည့် အယူအဆတွေအတွက် တစ်ယောက်ကိုတစ်ယောက် ထောင်ထားခဲ့သည့် မိုင်းဗုံးများ။ လက်တွေ့နင်းမိကိုင်မိကြသည်က ဘာမှမဆိုင်သည့် အပြစ်မဲ့ပြည်သူများ။

(သုံး)

ဟိုတုန်းက မိုင်းခပ်စိပ်စိပ်ကွဲခဲ့ရာ ဒေသများနှင့် ကျွန်တော်ရင်းနှီးပါသည်။ ပဲခူးတိုင်းထဲက ညောင်လေးပင်၊ ကညွတ်ကွင်း၊ ပဲနွယ်ကုန်း၊ ဖြူး စသည်စသည်။

စစ်တောင်းမြစ်ကမ်းပါးက ဒေသတွေကိုလည်း ကျွန်တော်ရင်းနှီးပါ၏။ မဒေါက်၊ ရွှေကျင်၊ ကျောက်ကြီး။ ရွာကလေးတွေကလည်း အများကြီး။ ပဒဲကောတဲ့၊ မဘီးလေးတဲ့၊ မဘီးကြီးတဲ့၊ စွယ်တိန်တဲ့၊ ဘောကထာတဲ့၊ ကော်သာစေးတဲ့၊ ပန်းအင်းတဲ့၊ ဖိုးပိန်တဲ့၊ ရှုခင်းသာတဲ့၊ ကုန်းမြင့်သာတဲ့၊ ဆွေမဟာမြိုင်တဲ့။ ကရင်တိုင်းရင်းသားအများစု ခိုမှီးနေထိုင်ကြရာ ရွာကလေးတွေ။

ကျွန်တော် ထိုဒေသများသို့ ရောက်ရှိခဲ့စဉ်က ကိုယ်တွေ့ကြုံခဲ့ရာ အဖြစ်ကလေးတစ်ခုကို အခြေခံ၍ ဝတ္ထုတိုကလေးတစ်ပုဒ်ကိုပင် ရေးခဲ့ဖူးပါသေးသည်။

ကျောင်းဆရာကလေးတစ်ယောက် ကရင်ရွာကလေးတရွာရှိရာသို့တာဝန်ဖြင့်ရောက်လာသည်။

> **ဒေသတွင်း ပဋိပက္ခတွေ၊ စစ်ပွဲတွေ၊ မတူညီသည့် အယူအဆတွေအတွက် တစ်ယောက်ကိုတစ်ယောက် ထောင်ထားခဲ့သည့် မိုင်းဗုံးများ။ လက်တွေ့နင်းမိကိုင်မိကြသည်က ဘာမှမဆိုင်သည့် အပြစ်မဲ့ပြည်သူများ . . .**

မူလတန်းပြဆရာအသစ်ကလေး။ အတန်းထဲသို့ ဝင်ဝင်ချင်း ဘာစာမှ မသင်သေးဘဲ မိတ်ဆက်သည့်အနေနှင့် ဂဏန်းသချာ်အကြောင်း ဗဟုသုတတွေလျှောက်ပြောနေရာက အမြှောက်အလီဘက်သို့ စိတ်ကူးရောက်သွားကာ ကလေးတို့ကို အခြေခံအလီကလေးတွေမေးသည်။ ကလေးတစ်ယောက်ကို မတ်တတ်ရပ်ခိုင်းပြီး နှစ်အလီမေးတော့ ကလေးဖြေဆိုဖို့လွယ်ကူစိမ့်သောငှာ ဆရာကလေးက လမ်းကြောင်းပေးသည်။ ဆရာက ကလေးကို လူတစ်ယောက်မှာ ခြေထောက်ဘယ်နှချောင်းရှိသလဲဟု မေးပါလေသတဲ့။

ကလေးက မျက်လုံးကလေးပေကလတ်ပေကလတ်နှင့် နှစ်ချောင်းဟုဖြေပါလေသတဲ့။ ဆရာက ဟုတ်ပြီဟုဆိုကာ သားတို့အိမ်မှာ လူဘယ်နှယောက်ရှိသလဲကွာဟု ထပ်ဆင့်၍ မေးပြန်ရာ ကလေး၏အဖြေက ငါးယောက်။ သည်မှာတွင် ဆရာက အားတက်သွားပြီး အဲဒါ နှစ်ငါးလီပေါ့ကွသားရေ. . ကဲမင်းတို့အိမ်မှာ စုစုပေါင်း ခြေထောက်ဘယ်နှချောင်းရှိသလဲဟု ဆက်ပြီးမေးချလိုက်ပါတော့သည်။ ကလေးတွေတွေကြီးဖြစ်သွားကာ ဖြေချလိုက်သည်က ရှစ်ချောင်းတဲ့။ လူငါးယောက် ခြေထောက်ရှစ်ချောင်း။ အဖေ့မှာကလည်း ခြေထောက်တစ်ချောင်းမရှိ။ အစ်ကို့မှာကလည်း ခြေထောက်တစ်ချောင်းမရှိ။ သည်တော့ နှစ်ငါးလီရှစ်။ စစ်တောင်းမြစ်ကမ်းဘေးက ကလေးတစ်ယောက်၏ သချာ်။ ဒါကို ကျွန်တော်က ဝတ္ထုတိုလုပ်ပြီး ရေးခဲ့ဖူးခြင်း ဖြစ်ပါသည်။

ဒေသခံများနှင့် စကားပြောဖြစ်သောအခါ သူတို့က သည်ဘက်ကရွာတိုင်းမှာ ခြေပြတ်၊ လက်ပြတ်ကတော့ မကင်းဘူးဆရာရဲ့ဟု ရင်ဖွင့်ပါသည်။ ဟင်းသီးဟင်းရွက်ရှာကြ၊ ကျွဲကျောင်းကြ၊ နွားကျောင်းကြ၊ ဝါးခုတ်ကြ၊ သစ်ခုတ်ကြ၊ တညင်းသီးခူးကြရာက ပေးဆပ်လိုက်ရသည့် ခြေထောက်ကလေးများ၊ လက်ကလေးများ။

မိုင်းထောင်သည်ကတော့ သူ့ဘက်ကိုယ့်ဘက်ထောင်ကြသည်ပဲဖြစ်ပါသည်။ သို့သော် ပဋိပက္ခဖြစ်နေစဉ်မှာရောဖြစ်ပြီးသွားသည့် နောက်မှာပါ သည်မိုင်းများကို မည်သူကမှ ပြန်ပြီးဖော်သွားလေ့မရှိပါ။ သည်အတိုင်းပစ်ထားခဲ့ကြခြင်းဖြစ်ပါသည်။ သို့ဖြင့်ဒေသခံလူထုတွေက နင်းမိကြကာ ခြေထောက်တွေ၊ လက်တွေပြတ်ထွက်သွားကြရုံသာမက အသက်ကိုပင်ပေးဆပ်သွားခဲ့ကြရခြင်းဖြစ်ပါသည်။

ယခုကမ္ဘာက မြန်မာနိုင်ငံကို မိုင်းအန္တရာယ်အရှိဆုံးနိုင်ငံငါးခုထဲ၌ နံပါတ်သုံးအဖြစ် စာရင်းတင်ထားပြီးဖြစ်ပါသည်။ မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များလုပ်ကိုင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

ပန်းခင်းသော လမ်းပေါ်၌ ကတ္တီပါဖိနပ်စီးကာ ရွှေထီးဆောင်း၍ မလျှောက်လှမ်းရလျှင်လည်း နေပါစေ။ မြက်ခင်းကလေးတို့ ဘယ်ညာတန်းစီကာ မြေသားနီနီနှင့် တောလမ်းတောင်လမ်းကလေးပဲဖြစ်စေဦးတော့ ခြေဗလာနှင့်ပဲလျှောက်ရလျှောက်ရ စိုးရိမ်သောကဗျာပါဒတစိုးတစိမှမရှိဘဲ ကျွန်တော်တို့ တိုင်းရင်းသားတွေ ပျော်ပျော်ပါးပါး လျှောက်လှမ်းသွားစေချင်ပါပြီ။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ပိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒ၊နိုင်လင်းထွန်း၊ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# အပေါက်ခြောက်ပေါက် တစ်ပေါက်မှာ တော်တော်ကြီးပါသည်

**လွင်ချန်ဖြိုး(နတ်မောက်)**



ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ပြုစုတော်မူသော ‘ဆိဒ္ဒပိ ဓာနနီ’ကျမ်းတွင် ဤသို့ ဖွင့်ဆိုရှင်းပြထားပါသည်။ သဂါထာ၊ ဒေဝတာသံယုတ်၊ ဆေတွာဝဂ်၊ နဇီရတိသုတ် ပါဠိတော်၌ မြတ်စွာဘုရားထံသို့ နတ်သားတစ်ပါးက လာရောက်၍ မေးလျှောက်ရာတွင် “လောက၌ အကျိုးစီးပွားတို့ကိုယိုကျ ဆုံးရှုံးစေသည့် အပေါက်တွေမည်မျှ ပါပါသနည်း” ဟူသောမေးခွန်းလည်းအပါအဝင်ဖြစ်ပါသည်။

ဤတွင် ဘုရားရှင်က အပျင်းထူခြင်း၊ မေ့လျော့ပေါ့တန်ခြင်း၊ ထကြွလုံ့လ မရှိခြင်း၊ မစောင့်စည်းခြင်း၊ အအိပ်ကြီးခြင်း၊ တွန့်ဆုတ်နှေးကွေးခြင်းဟူသော အပေါက်ခြောက်ပေါက်ကိုဟောကြားတော်မူပါသည်။

ထိုအပေါက် ခြောက်ပါးတို့ကို လုံခြုံအောင် ဖာထေးပိတ်ဆို့ကြသဖြင့် ဝိဝဋ္ဋနိဿိတ ပါရမီကုသိုလ်တို့မယိုမကျဘဲ တစ်လုံးတစ်ခဲတည်း စုဝေးလျက် မပျောက်မပျက် ပြည့်စုံအောင်တည်၍ ပါရမီကုသိုလ်သူဌေးဖြစ်ကြစေပြီး ငြိမ်းအေးလှသော နိဗ္ဗာနသုခ အဘယချမ်းသာကို ရောက်နိုင်ကြစေရန် ရည်သန်တောင့်တကာ ဆိဒ္ဒ=အပေါက်၊ပိဓာနနီ=ပိတ်ဆို့ရာပိတ်ဆို့ကြောင်းဟု အဓိပ္ပာယ်ရသည့် ဤ ‘ဆိဒ္ဒပိဓာနနီ’(အပေါက်ဖာကျမ်း) ကိုရေးသားစီရင်အပ်ရ ကြောင်း ဖော်ပြထားပါသည်။(ကိုးကား-ချုပ်ရာငြိမ်းရာ (ဝဏ္ဏသီရိ) )

တစ်ဦးချင်းစီ၊ တစ်ယောက်ချင်းစီဖြစ်သော လူသားများအတွက် လောကီအကျိုးစီးပွား၊ လောကုတ္တရာကောင်းကျိုးအထူးများကို ပိုင်ဆိုင်ခံစားရရှိရန်အတွက် ဖော်ပြပါ အပေါက်ခြောက်ပေါက်ကို ပိတ်ဆို့ကာကွယ်နိုင်ရုံမျှဖြင့် လုံလောက်သည်ဟု နားလည်မိပါသည်။ စီးပွားဥစ္စာ တိုးပွားစေရန်သော်လည်းကောင်း၊ တရားထူး၊ တရားမြတ် ရင့်ကျက်စေရန်သော်လည်းကောင်း အပေါက်ခြောက်ပေါက် မပေါ်ပေါက်အောင်၊ မရှိအောင် ကြိုတင်ပြင်ဆင်တားဆီးကြရမည်ဖြစ်ပါသည်။ အကယ်၍ အပေါက် ဖြစ်လာပါကလည်း သတိထားကြိုးစားပြီး ဖာထေးပိတ်ဆို့ကြရပါမည်။ လုံလုံခြုံခြုံ ကောင်းကောင်းမွန်မွန်၊ သပ်သပ်ရပ်ရပ် ပိတ်နိုင်ခြင်းကို အပိတ်လှခြင်းဟု ဆိုချင်ပါသည်။

စာရေးသူတို့ အနီးအနားရှိ ပြတင်းတံခါးများကိုလည်း လိုအပ်သောအခါ ဖွင့်၍ မလိုအပ်သောအခါ ပိတ်ကြရသည် ဖြစ်ပါသည်။ မိမိတို့ နေ့စဉ်ကိုင်တွယ် အသုံးပြုနေကြရသော ဘူး၊ ပုလင်း၊ ပုံး အဖုံးများကိုလည်း ဖွင့်ပြီး ပြန်လည်ပိတ်ကြရပါသည်။ လုံလုံခြုံခြုံ တင်းတင်းကျပ်ကျပ်၊ ကျကျနန ပိတ်မှသာလျှင် အစစအရာရာ စိတ်ချရမည်ဟု ဆိုချင်ပါသည်။ ဘဝတစ်ခုကို အစပြုဖွင့်လှစ်ခဲ့သော လူသားသက်ရှိများသည်လည်း ကိုယ်ယုံကြည်ရာ၊ ကိုယ်လက်လှမ်းမီရာ အနေအထားများဖြင့် ရပ်တည်ရှင်သန်နေထိုင်ကြရပြီး တစ်ချိန်ချိန်တွင် နိဂုံးချုပ်ကြရပါသည်။ မိမိတို့၏ ဘဝကန့်လန့်ကာကို မိမိတို့ကိုယ်တိုင် ပိတ်သိမ်းကြရခြင်း ဖြစ်ပါသည်။

ဘုရားရှင် သတိပေးညွှန်ပြသော အပေါက်ခြောက်ပေါက်တွင် အပျင်းထူခြင်း၊ မေ့လျော့ပေါ့တန်ခြင်း၊ ထကြွလုံ့လ မရှိခြင်း၊ အအိပ်ကြီးခြင်း၊ တွန့်ဆုတ်နှေးကွေးခြင်းဟူသော အပေါက်ငါးပေါက်ထက် မစောင့်စည်းခြင်း အပေါက်သည် စာရေးသူတို့အနီးအနားတွင် ကြီးကြီးမားမား၊ ထင်သာမြင်သာ ရှိလှသည်ဟု ဆိုချင်ပါသည်။ ထိုမစောင့်စည်းခြင်း အပေါက်ကြောင့် တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ မိသားတစ်စု၊ အုပ်စုတစ်စုအတွက်သော်လည်းကောင်း၊ နိုင်ငံတစ်ရပ်အတွက်သော်လည်းကောင်း ဆိုးပြစ်များစွာကို တိုးပွားပေါ်ပေါက်စေပါသည်။ ရေရှည်တွင် အလုံးစုံဖြစ်ထွန်းတိုးတက်စေရန် အတွက် အဓိကအကျဆုံးမှာ မစောင့်စည်းခြင်းအပေါက်ကို လုံအောင်ပိတ်နိုင်ဖို့ ကြိုးစားကြရပါမည်။

ဘာသာရေးအရသီလစောင့်ထိန်းခြင်းသည်လည်းကောင်း၊ အလုပ်တာဝန်အရစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရခြင်းသည်လည်းကောင်း၊လူသားပီသမှုအရ ကိုယ်ကျင့်သိက္ခာ၊ စိတ်နေစိတ်ထားများ မြင့်မြတ်ဖြောင့်မတ်ခြင်းသည် လည်းကောင်း စောင့်စည်း မှုသဘောတရားများဖြစ်ပါသည်။ စောင့်စည်းမှုကို ဆုပ်ကိုင်စွဲမြဲကျင့်သုံးခြင်းအားဖြင့် အပျင်းထူရန်၊ မေ့လျော့ပေါ့တန်ရန်၊ ထကြွလုံ့လကင်းမဲ့ရန်၊ အအိပ်ကြီးရန်၊ တွန့်ဆုတ်နှေးကွေးရန် အခွင့်သာမည်မဟုတ်ဟု ဆိုချင်ပါသည်။ စောင့်စည်းခြင်းသည် ခပ်သိမ်းသော ကိစ္စရပ်များစွာကို အောင်မြင် ပေါက်မြောက်တည်တံ့စေသည်ဟု ယုံကြည်မိပါသည်။

သို့သော် မစောင့်စည်းခြင်းများဖြင့်လတ်တလောလိုအင်ဆန္ဒများကိုပြည့်ဝစေမှု၊ အများတကာထက် လက်ဦးပိုင်ဆိုင်ရရှိမှု၊ အခွင့်အလမ်းများကို လွယ်ကူသက်သာစွာ ဖန်တီးခံစားနိုင်မှု၊ မျိုးဆက်နှင့် မျိုးနွယ်စု နီးစပ်ရာ အဝန်းအဝိုင်းအတွက် ကူညီထောက်ပံ့ပေးစွမ်းနိုင်မှု၊ ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်များကို ကိုယ်ကျိုးကြည့် အလွဲသုံးနိုင်မှုစသည့် ရေတိုကောင်းကျိုးချမ်းသာများကို ဖြစ်ထွန်းစေနိုင်သောကြောင့် စာရေးသူတို့ လူသားများ အားနှစ်သက်သဘောကျ ခုံမင်စွဲလမ်းစေရန် တွန်းအားပေးမည်ဖြစ်ပါသည်။ မစောင့်စည်းခြင်း၏ အရသာကို ကြိုက်သူ အရေအတွက် များပြားလာစေပါသည်။

မစောင့်စည်းသူ အရေအတွက်များလာသည်နှင့်အမျှ လောက၌ မစောင့်စည်းခြင်း အပေါက်သည် ကျယ်သည်ထက်ပို၍ ကျယ်လာမည် ဖြစ်ပါသည်။ မစောင့်စည်းခြင်း အပေါက်တစ်ခုတည်းဖြင့် အလုံးစုံပျက်စီးမှုသို့ကျရောက်သွားနိုင်ပါသည်။ မစောင့်စည်းခြင်းသည် နေရာအဆင့်အသီးသီးအတွက် ယုံကြည်မှုကို ဆုတ်ယုတ်ပျက်ပြားစေမည် ဖြစ်ပါသည်။ မစောင့်စည်းခြင်းသည် လူညံ့၊ လူယုတ်၊ လူမပီသသူများ၏ အတ္တထွက်ပေါက်ဟု ဆိုချင်ပါသည်။

စာမျက်နှာ(၃၂) သို့

Business 7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013



မြန်မာ့တန်းမြင့်ဆန် တန်၅၀၀၀ ဂျပန်ဆိပ်ကမ်းသို့ ရောက်ရှိစဉ် ဓာတ်ပုံ - ရဲမင်းအောင်/ဖေ့စ်ဘွတ်ခ်

# ရှစ်လခွဲအတွင်း ကုန်သွယ်မှုပမာဏ ယခင်နှစ် အလားတူကာလထက် လေးဘီလီယံကျော်ပိုများ

**ပြည်သိမ်း**

**ရန်ကုန်**- ကုန်သွယ်ရေးတွင်ဖြေလျှော့မှုများနှင့် တရားမဝင်မှောင်ခိုကုန်သွယ်မှုတားဆီးရေးများကြောင့် ၂၀၁၃ဘဏ္ဍာနှစ် ရှစ်လခွဲအတွင်း ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်အလားတူကာလထက် ဒေါ်လာ လေးဘီလီယံကျော်ပိုများလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ဒီနှစ်က ပို့ကုန်ရော၊ သွင်းကုန်ရော မနှစ်ကထက်ပိုများပါတယ်"ဟု ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်က ပြောကြားသည်။

၂၀၁၃-၁၄ဘဏ္ဍာနှစ်ရှစ်လခွဲ ကာလအတွင်းမြန်မာနိုင်ငံ၏ ကုန်သွယ်မှုမှာအမေရိကန်ဒေါ်လာ ၁၆ဘီလီယံကျော်ရှိပြီး ယခင်နှစ်အလားတူကာလက ကုန်သွယ်မှုပမာဏဒေါ်လာ ၁၂ဘီလီယံကျော်သာရှိသည်။ ထို့ကြောင့် လေးဘီလီယံကျော်ပိုများခြင်းဖြစ်သည်။

လယ်ယာထွက်ကုန်၊ ကျောက်စိမ်းနှင့် လက်ခစားလုပ်ငန်းများမှာ ယခင်နှစ်ထက်ပြည်ပသို့ ပိုမိုတင်ပို့နိုင်သည်။ ရှစ်လကျော်အတွင်းပို့ကုန်မှ အမေရိကန်ဒေါ်လာခုနစ်ဘီလီယံကျော်တင်ပို့ထားပြီး လယ်ယာထွက်ကုန်မှ ကန်ဒေါ်လာ ၁၁၃သန်း၊ ကျောက်စိမ်းမှ သန်း၇၀၀ ကျော်၊ သစ်တောထွက်ပစ္စည်းမှ ၇၈ သန်း၊ စက်မှုကုန်ချောမှ သန်း ၂၄၀ဖိုး အသီးသီးတင်ပို့ထားသည်။

သွင်းကုန်ပိုင်းတွင် ကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ရှိပြီး ယခင်နှစ်ထက် ကန်ဒေါ်လာ ၂ဒသမ ၄ ဘီလီယံပိုမိုတင်သွင်းပြီး ကန်ဒေါ်လာ ၁ဒသမ ၂သန်းကျော်ထိရှိသည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ သံနှင့် သံမဏိပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်း သန်း၇၀၀ နီးပါး ပိုမိုတင်ပို့ထားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၀ | ၉၈၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၀ | ၇၈၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၂ | ၁၃၄၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၅ | ၃၀. ၇၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၁ | ၁၆၂ | ကျပ် |

၂၀၁၃ ဒီဇင်ဘာ ၂၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၁၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၄. ၀၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၇၁၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၉၈၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၁. ၃၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၈၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၅၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၂,၁၅၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၄၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၂၀၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၇၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၆၃၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၉၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၀၃. ၇၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၄၁ |
| ငွေ | အောင်စ | ၁၉. ၃၅ |
| ကြေးနီ | ပေါင် | ၃. ၃၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဒီဇင်ဘာ ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# ရှစ်လအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်းငါးသောင်း ဖန်တီးပေးနိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

ယခုဘဏ္ဍာနှစ် ရှစ်လဝန်းကျင်တွင် ဝင်ရောက်ခဲ့သော ရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင် ငါးသောင်းနီးပါး ရှာဖွေပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်တစ်နှစ်လုံးတွင် ရရှိသောအလုပ်အကိုင်နှင့်ညီနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်နေရာ ငါးသောင်း ရှာဖွေပေးနိုင်ခဲ့သော်လည်း ယခု ဘဏ္ဍာနှစ်တွင် ဧပြီမှ နိုဝင်ဘာလကုန်အထိ ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် အလုပ်အကိုင် ငါးသောင်းနီးပါးရှိနေပြီဖြစ်သောကြောင့် ယခင်နှစ်ထက် ကျော်လွန်နိုင်မည်ဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ပြောသည်။

ယခုဘဏ္ဍာနှစ်တွင် အလုပ်အကိုင် အခွင့်အလမ်းပိုများလာခြင်းသည် မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုများတွင် စက်ရုံအလုပ်ရုံများနှင့် လုပ်သားအခြေပြုလုပ်ငန်းများ ဝင်ရောက်မှု ပိုများလာခြင်းကြောင့် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုကြောင့်ရရှိသောအလုပ်အကိုင်များပိုများလာသည့်အပြင် ယခုနှစ်ဝင်ရောက်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည်လည်း ယခင်နှစ်ထက်သုံးဆနီးပါး တိုးတက်လာမည်ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခန့်မှန်းထားသည်။

လက်ရှိဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည်လည်း ယခင်နှစ်များကဲ့သို့ သဘာဝသယံဇာတများတွင် ဝင်ရောက်မှုမများတော့ဘဲ စက်မှုလုပ်ငန်းများတွင် ဝင်ရောက်မှုများသည်။ ထို့ကြောင့် သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုသည် အဆပေါင်းများစွာ လျော့ကျသွားပြီဖြစ်ကြောင်း MIC စာရင်းဇယားများတွင် ဖော်ပြထားသည်။

ထိုသို့စက်မှုလုပ်ငန်းများဖြင့် ဝင်ရောက်မှုများလာခြင်းကလည်း ပြည်တွင်းရှိအလုပ်အကိုင် အခွင့်အလမ်းကို ပိုတိုးလာစေမည်ဖြစ်သည်။

စက်မှုဖြင့် ပြုလုပ်ရသော ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ သံမဏိနှင့် သံထည်လုပ်ငန်း၊ Fabriation လုပ်ငန်း၊ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆန်စပါးကြိတ်ခွဲလုပ်ငန်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းအပြင် အခြားစက်မှုဆိုင်ရာ လုပ်ငန်းမျိုးစုံ ဝင်ရောက်လာခဲ့သည်။

အဆိုပါလုပ်ငန်းများကို ဗြိတိန်၊ ဂျပန်၊ ပြင်သစ်၊ ဗီယက်နမ်၊ မလေးရှားစသော နိုင်ငံများအပါအဝင် နိုင်ငံမျိုးစုံမှ စက်မှုအခြေခံလုပ်ငန်းများ ဝင်ရောက်လာခဲ့ခြင်းကြောင့် ယခုကဲ့သို့စံချိန်တင်သောနှစ်တစ်နှစ်ဖြစ်လာခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

# လျှပ်စစ်မီးအပြည့်အဝနီးပါးရရှိသည့် မြို့နယ်များတွင် ပြည်ပအထည်ချုပ်လုပ်ငန်းများရင်းနှီးမြှုပ်နှံလာ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

လူနေမှုစရိတ်မြင့်မားပြီး မြေဈေးကြီးမြင့်မှုကြောင့် လျှပ်စစ်မီးကောင်းစွာရရှိသည့် နယ်မြို့များတွင်နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပိုများလာကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

“ပဲခူးတို့ ပုသိမ်မြို့တို့မှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်လာတာတွေ့ရတယ်”ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်စိုးကဆိုသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် လက်ရှိအချိန်တွင် အဓိကစိန်ခေါ်မှုမှာ မြေဈေးကြီးမြင့်မှုနှင့် အခြေခံအဆောက်အအုံမပြည့်စုံမှုတို့ ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ညွှန်ကြားရေးချုပ်ဦးအောင်နိုင်ဦးကပြောသည်။

ယခုနှစ်ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ လုပ်သားအခြေပြုလုပ်ငန်းများတွင် အများဆုံးဖြစ်ပြီး ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန်တို့မှ အထည်ချုပ်လုပ်ငန်းများဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေသည်။

ယင်းကဲ့သို့ အထည်ချုပ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာသကဲ့သို့ပင် ဥရောပသမဂ္ဂမှ အခွန်အထူးသက်သာခွင့်ကြောင့် ကိုရီးယား၊ ဂျပန်နိုင်ငံမှ အပ်ထည်အမှာပေးမှုမှာလည်း များစွာတိုးတက်လာသည်။

မြန်မာပို့ကုန်အပေါ် စီးပွားရေးအရ ပိတ်ဆို့မှုအနေဖြင့် အခွန်အထူးသက်သာခွင့်ကိုဥရောပသမဂ္ဂနိုင်ငံများက ရုပ်ဆိုင်းထားခဲ့ပြီး ၂၀၁၃ခုနှစ် ဇွန်လတွင် ပြန်ခံစားခွင့်ပေးသဖြင့် အထည်ချုပ်ကဏ္ဍတွင် အော်ဒါများတစ်ရှိန်ထိုးမြင့်တက်လာခြင်းဖြစ်သည်။

“ဒီရက်ပိုင်းမှာတော့ အလုပ်ရှင်နဲ့အလုပ်သမား မပြေလည်ဆန္ဒပြတာတွေကြောင့် အော်ဒါတချို့ဖျက်သိမ်းတာတွေ တချို့စက်ရုံတွေမှာရှိတယ်”ဟု လှိုင်သာယာ စက်မှုဇုန် ၄ ရှိ အထည်ချုပ်စက်ရုံတစ်ရုံမှ ဒါရိုက်တာတစ်ဦးကဆို သည်။

အလုပ်ရှင်အလုပ်သမားမပြေလည်၍ ဆန္ဒပြမှု၊ လုပ်ခအခကြေးငွေပြဿနာ၊ ဆိပ်ကမ်းများတွင်အစိုးရယန္တရားများကြာမြင့်မှုတို့ကြောင့် အော်ဒါတချို့မှာ ဗီယက်နမ်နိုင်ငံသို့ပြောင်းရွှေ့သွားမှုများရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင်များကပြောကြားသည်။








# ထိုင်းနိုင်ငံမှ အနီရောင်လွှမ်းသော ကျေးရွာများ

ကြည်နေဝင်းမင်း

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ နောင်ဟူလင်ကျေးရွာမှာ ထူးထူးခြားခြားမဟုတ်သော ကျေးလက်တောရွာလေးဖြစ်သည်။ သဲဆန်သည့်မြေကြီးပေါ်တွင် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ အိမ်များအတွက် အရိပ်ရရှိစေသော သီးပင်စားပင်များဖြင့် တည်ရှိသည်။

သို့သော် အူဒုံသာနီမြို့၏ အနောက်တောင်ဘက်ယွန်းယွန်းရှိ နောင်ဟူလင်ရွာမှာ ယခုအခါ အနီရောင်ကျေးရွာဟု သူတို့ဘာသာ ကင်ပွန်းတပ်ကြသည်။ ယင်းဒေသအတွင်းရှိ အခြားထောင်ချီသော ကျေးရွာများကဲ့သို့ပင်ဖြစ်သည်။ အဆိုပါဒေသမှာ ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ဦးဆောင်သော အာဏာရ ပူအာထိုင်းပါတီ ထောက်ခံမှုနှလုံးသည်းပွတ်နေရာပင်ဖြစ်သည်။

ထိုကဲ့သို့ ကင်ပွန်းတပ်ခေါ်ဝေါ်မှုမှာ အစိုးရ၏ လူထုအခြေခံကို လျော့ရဲရဲစုစည်းထားသော ရှပ်နီလှုပ်ရှားမှုဟုခေါ်ဝေါ်သည့် မဟာမိတ်စုစည်းမှုဖြစ်ကြောင်း မည်ကာမတ္တပြောဆိုမှုထက်ပိုပါသည်။ ရွာသူရွာသားများသည် လက်တွေ့အကြောင်းအရာများဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရေး၊ သို့မဟုတ်ပါကလည်း မူးယစ်ဆေးဝါးသုံးစွဲမှု ထိန်းချုပ်ရေးကဲ့သို့ အကြောင်းအရာများအပေါ်လည်း အမြင်ချင်းဖလှယ်ကြသည်။

သူကြီးအိမ်သို့ ကျွန်တော်သွားရောက်လည်ပတ်ချိန်တွင် နံရံတစ်ခုပေါ်၌ အခမ်းအနားတစ်ခုတက်ရောက်နေသော ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ကြီးမားသော ဓာတ်ပုံကြီးကို နံရံပြည့်တပ်ဆင်ထားသည်ကို တွေ့ရပြီး ဘန်ကောက်မြို့အစိုးရဆန့်ကျင်သော ကန့်ကွက်ရေးလှုပ်ရှားမှုအဖွဲ့၏ မှတ်ချက်များအပေါ် အပြင်းအထန်ငြင်းခုံနေကြသည်။ အထူးသဖြင့် မစ္စစ်ယင်လပ်အား တစ်ကြိမ်တွင် မျက်ရည်ကျသွားစေခဲ့သော ရှင်နာဝပ်မိသားစုတစ်ခုလုံးကို နိုင်ငံမှ အတင်းအကျပ်ထွက်ခွာသွားစေရေးကိစ္စဖြစ်သည်။ ရွာသူရွာသားများမှာ ထိုသို့ပြောကြားမှုကို အကြီးအကျယ်ဒေါသထွက်ခဲ့ကြပြီး စည်းလုံးမှုပြသရန် ၎င်းတို့၏နာမည်အားလုံးကို ရှင်နာဝပ်သို့ ပြောင်းရေး စဉ်းစားနေကြသည်။

ထို့အပြင် အီဆာအန်ဟု အများခေါ်ဝေါ်ကြသော အရှေ့မြောက်ပိုင်းမှ လူများမှာ သူတို့ဘာကိုမဲပေးမှန်းမသိလောက်အောင် ပညာမဲ့ကြသည်ဟူသော ဆန္ဒပြသူများကြား ပြောကြားမှုများကိုလည်း ရွာသူရွာသားများက ရင်နာနေကြသည်။

“ကောင်းပြီ သူတို့တစ်တွေဟာ ကျွန်မထက် ပညာတတ်ကြမယ်ဆိုတာ သိတယ်”ဟု အသက်ဆယ်နှစ်အရွယ်တွင် ကျောင်းထွက်ခဲ့သည်ဟုဆိုသော အမျိုးသမီးကြီးတစ်ဦးကပြောသည်။ “ဒါပေမဲ့ အနည်းဆုံး ဒီမိုကရေစီ ဘာလဲဆိုတာ ကျွန်မနားလည်သေးတယ်။ အဲဒီဘန်ကောက်ကလူတွေ တက္ကသိုလ်တွေတက်၊ နိုင်ငံခြားမှာ ပညာသင်ပြီး သူတို့တွေ ဘယ်လိုလုပ် ဒီမိုကရေစီကို နားမလည်ကြတာလဲ”ဟု သူကဆက်လက်ပြောပါသည်။

မကြာသေးမီက ဘန်ကောက်မြို့တွင်ဖြစ်ပေါ်ခဲ့သော အကျပ်အတည်းကာလအတွင်း ရှပ်နီများကို မမြင်တွေ့ရသလောက်ပင် ဖြစ်သည်။ ယင်းမှာ ဆန္ဒပြအဖွဲ့များနှင့် ထိပ်တိုက်တွေ့ပြီး စစ်ဘက်ကကြားဝင်လာနိုင်မည့် အခြေအနေကို ၎င်းတို့၏ခေါင်းဆောင်များက မလိုလားကြခြင်းဖြစ်သလို ၎င်းတို့၏ လှုပ်ရှားမှုအတွင်းမှာပင် ဂိုဏ်းကွဲများဖြစ်လာပြီး ထိုင်းကျေးလက်များမှ ရွေ့လျားလှုပ်ရှားရန် ခက်ခဲခြင်းကြောင့်လည်း ဖြစ်သည်။

၎င်းတို့မှာ ကိုယ့်ဒေသတွင် ကိုယ်နေရပြီး သူတို့ရွေးချယ်ထားသော အစိုးရကို ဘန်ကောက်ဆန္ဒပြသူများက ဖြုတ်ချရန်ကြိုးစားနေခြင်းအပေါ် ထိုင်ကြည့်နေရခြင်းမှာ စိတ်ပျက်နေရကြောင်း အရှေ့မြောက်ပိုင်းမှ လူများက ထပ်ခါတလဲလဲပြောပြကြသည်။ အကျယ်လောင်ဆုံးစွပ်စွဲချက်များမှာ ရှပ်နီများသည် အာဏာရပါတီက ငွေဖြင့်ဝယ်ယူထားပြီး ပြောဆိုမှုများဖြစ်သည်။ သို့သော် ရွေးကောက်ပွဲကျင်းပချိန်တွင် ကမ်းလှမ်းသော ငွေကြေးအနည်းငယ်က သက်ဆင်ရှင်နာဝပ်နှင့် ယခုအခါ ၎င်း၏ညီမ ယင်လပ်ရှင်နာဝပ်အပေါ် နှစ်ပေါင်းများစွာ မယိမ်းမယိုင်သစ္စာခံခြင်းရရှိစေသည်ဟူသော အယူအဆမှာ စော်ကားခြင်းဖြစ်သည်ဟု အရှေ့မြောက်ပိုင်းမှ လူများက ခံစားရသည်။

သို့ဖြစ်ရာ လူထုအကြိုက်မူဝါဒများဖြင့် ဝယ်ယူခံရသည်ဟူသော စွပ်စွဲချက်များမှာရော မည်သို့အခြေအနေရှိသနည်း။ အူဒုံသာနီမြို့ ဆန်စက်တစ်ခုတွင် လယ်သမားများသည် နံနက်လင်းအားကြီးအချိန်ကပင် ၎င်းတို့လယ်က ထွက်ရှိသော ဆန်များကို ရောင်းချရန် တန်းစီနေကြသည်။ အတိတ်ကာလကဆိုလျှင် လယ်သမားများမှာ ဆန်ဈေးမည်မျှရရှိမည်ကို သေချာစွာမသိရှိခဲ့ကြ။ ယနေ့ဆိုလျှင် အစိုးရက ရက်ရောသော ဈေးနှုန်းတစ်ရပ် အာမခံထားသည်။

“ဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ အပိုအလျှံသုံးဖို့ ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကလေးတွေကို ကျောင်းပို့နိုင်တယ်။ မိသားစုအတွက် အသုံးစရိတ်ပိုရတယ်။ ဒီလိုမျိုးအကူအညီ ကျွန်တော်တို့ ဘယ်တုန်းကမှ မရရှိခဲ့ဘူး”ဟု လယ်သမား ဆင်သူဝါပီက ပြောသည်။

သို့သော်လယ်သမားများအား မည်သည့်အချိန် ပိုက်ဆံချေးမည်နည်းဆိုသည့်အပေါ် အနည်းငယ်မသေချာမှုရှိနေသည်။ လယ်သမားများအား ငွေပေးချေသော စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမများဘဏ်မှာ စပါးဝယ်ယူရေးအစီအစဉ်ကို လွှမ်းခြုံရန် အာမခံစာချုပ်(ဘွန်း)ဈေးကွက်တွင် လုံလောက်သောရန်ပုံငွေ မရှာဖွေနိုင်ဖြစ်ခဲ့သည်။ ထိုင်းနိုင်ငံ၏နေရာအချို့တွင် ငွေပေးချေမှုနောက်ကျခြင်းအတွက် လယ်သမားများက စတင်ဆန္ဒပြနေကြသည်။

စပါးဝယ်ယူရေးအစီအစဉ် အကျိုးအမြတ်များကြောင့် အာဏာရပါတီအတွက် ဖေဖော်ဝါရီ ရွေးကောက်ပွဲ မဲရရှိရေး သေချာချင်သေချာပါလိမ့်မည်။ သို့သော် စီးပွားရေးပညာရှင် အများအပြားက ယင်းအစီအစဉ် ပြိုလဲသွားနိုင်သည်ဟုယူဆကြသည်။ အကြောင်းမှာ ဝယ်ယူထားသော ဆန်အမြောက်အမြားကို အစိုးရက လယ်သမားများအား ပေးချေခဲ့သော ဈေးနှင့် နိုင်ငံတကာဈေးကွက်၌ မရောင်းချနိုင်သောကြောင့် ဖြစ်သည်။ ယင်းမှာ ဝန်ကြီးချုပ်အပေါ် တန်ပြန်သက်ရောက်နိုင်သည်။ ထို့အပြင် အနည်းဆုံးအခြေခံလစာနှုန်းထား မြှင့်တင်ခဲ့သော ယင်လပ်၏ ဆုံးဖြတ်ချက်မှာ အလုပ်သမားများကြား ရေပန်းစားသည်။ သို့သော် စက်ရုံပိုင်ရှင်များကြား ရေပန်းမစားလှပါ။ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် မှီခိုမှုမှ ဖယ်ခွာရေး ထူထောင်သော စက်ရုံလုပ်ငန်းများတွင် အခြေခံလစာတစ်ရက်ဘတ် ၃၀၀ အနည်းဆုံး သတ်မှတ်လိုက်၍ စက်ရုံများအမြတ်ရရေး ရုန်းကန်နေကြရသည်။

တစ်ဖက်တွင် သက်ဆင်အပေါ် သစ္စာရှိသော အကြောင်းရင်းများတွင် ၎င်းကိုထောက်ခံသူများ မကြာခဏ ထုတ်ဖော်ပြောကြားသော အကြောင်းအရာမှာ စရိတ်နည်းကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျေးရွာအသေးစားချေးငွေရန်ပုံငွေအစီအစဉ်တို့ဖြစ်သည်။ မစ္စစ်ပလန်သီယန်ယင်မှာ သဲသဲမဲမဲ ရှပ်နီထောက်ခံသူတစ်ဦးဖြစ်သည်။ သို့သော် ယခင်က ထိုသို့မဟုတ်ခဲ့ပါ။

“သက်ဆင်ရောက်လာတဲ့အချိန်အထိ ကျွန်မတို့ အမြဲတမ်း ဒီမိုကရက်ပါတီကိုမဲပေးခဲ့တယ်။ ပထမဆုံးအကြိမ် သက်ဆင် မဲဆွယ်ပွဲလုပ်ပြီးကတိတွေပေးပေမယ့် ကျွန်မတို့ သူ့ကိုမယုံခဲ့ဘူး”ဟု မစ္စစ်ပလန်က ပြောသည်။

ထိုအချိန်က မစ္စစ်ပလန်မှာ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်နေခဲ့သည်။ နောက်ပိုင်းတွင် ကျေးရွာရန်ပုံငွေအဖွဲ့မှ ငွေချေးပြီး စက်ချုပ်ဆိုင်လေးတစ်ခုဖွင့်သည်။ တဖြည်းဖြည်း လုပ်ငန်းကို တိုးချဲ့နိုင်ခဲ့သည်။ အခြား မည်သည့်ဝန်ကြီးချုပ်ကမျှ ထိုသို့သော အခွင့်အရေး ၎င်းကိုမပေးခဲ့ဟု မစ္စစ်ပလန်က ပြောသည်။

၂၀၁၀ ဧပြီလတွင် ၎င်းနှင့် မောင်ဖြစ်သူ ဝါဆန်တို့ ဘန်ကောက်မြို့ ရှပ်နီဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသည်။ ထိုစဉ်က ဒီမိုကရက်ပါတီအစိုးရကို ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ စစ်တပ်နှင့် ပထမဆုံး ရင်ဆိုင်မိချိန်မှာပင် မောင်ဖြစ်သူ ဝါဆန် ခေါင်းကိုသေနတ်မှန်ပြီး သေဆုံးခဲ့သည်။

သူတို့ဘက်က ဆန္ဒပြသူများကို ဆက်ဆံပုံနှင့် ယခုအခါ ဘန်ကောက်မြို့ ဆန္ဒပြသူများအပေါ် ဆက်ဆံပုံခြားနားမှုနှင့် သူတို့ရွေးချယ်ခဲ့သော အစိုးရကိုဖြုတ်ချရေး ကြိုးစားနေမှုများအပေါ် မစ္စစ်ပလန်သီယန်ယင်က ခါးခါးသီးသီး ဖြစ်နေသည်။

ယင်းသို့မတရားမှုခံစားချက်များက နှစ်နှစ်ကာကာမဟုတ်သော ရှပ်နီများကိုပင် ပါတီအတွက် ရပ်တည်ရေး တွန်းပို့နေပြီး သက်ဆင် ဩဇာဆက်လက်လွှမ်းမိုးနေမှုနှင့် အစိုးရ၏ မူဝါဒအချို့အပေါ် မသင်္ကာခြင်းများကို ဘေးချိတ်ထားရန် ဖြစ်လာသည်။


“ဟိုတုန်းကလို အာဏာသိမ်းတာမျိုးကို ငါတို့လက်ခံမှာ မဟုတ်တော့ဘူး”ဟု နောင်ဟူလင်ကျေးရွာသူကြီး၏ဇနီးသည် ခမ်ဆမ်ချိုသက်က ပြောသည်။


“ငါတို့ရွေးချယ်ထားတဲ့ အစိုးရ တည်မြဲဖို့ ငါတို့တိုက်ပွဲဝင်မယ်”ဟု ၎င်းက အဆုံးသတ်စကားဆိုသည်။

*—Ref: BBC*

7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

## 7DAY BOOK REVIEW




### နမ်းကြာညို လက်ရွေးစင်စာများ (ညိုမြ)

အိုးဝေမဂ္ဂဇင်းတွင် "ငရဲခွေးကြီးလွတ်နေပြီ" အမည်ရှိအင်္ဂလိပ်ဘာသာဖြင့်ရေးသားသောဆောင်းပါးတစ်ပုဒ်ကြောင့်အယ်ဒီတာကိုအောင်ဆန်းကျောင်းမှ ထုတ်ပယ်ခြင်းခံရသည်။ ထိုဆောင်းပါးကို ညိုမြ ရေးသားခဲ့ခြင်းဖြစ်သည်။ ဦးညိုမြသည် ၁၉၄၆ အိုးဝေ သတင်းစာထူထောင်သောအခါ "ဘုန်းကြီးကျောင်းသား မောင်သုမန"ကလောင်အမည်ခံယူ၍ သတင်းစာဆောင်းပါး အမြောက်အမြားကို ရေးသားခဲ့သည်။ ယခုထုတ်ဝေသော ညိုမြ၏ နမ်းကြာညိုလက်ရွေးစင်စာများတွင် ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာ၊ ရုပ်ပုံလွှာ၊ စာပဒေသာစသည့် ကဏ္ဍများအပြင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဆောင်းပါးများနှင့် ညိုမြအကြောင်း ခေတ်ပြိုင်ပုဂ္ဂိုလ်များက ဖွဲ့နွဲ့ထားသောညိုမြ၏ ကောက်ကြောင်းများကိုဖတ်ရှုနိုင်မည်ဖြစ်သည်။

"သတင်းစာဆရာ၊ဂျာနယ်လစ်၊သမိုင်းပညာရှင်၊ ဘာသာပြန်ဆရာ၊ ခေတ်ပြောင်သရော်စာရေးဖွဲ့သူ၊ လွတ်လပ်ရေး မော်ကွန်းဝင်စသည့် ညိုမြ၏ ဂုဏ်ထူးဝိသေသများအပြင် ဝတ္ထုတိုသမား၊ ပြဇာတ်ရေးသူ၊ ကဗျာဆရာ၊ ရုပ်ပုံလွှာဖွဲ့နွဲ့သူ၊ ယဉ်ကျေးမှု သုတေသီ၊ အင်္ဂလိပ်လိုရသမြောက်ရေးဖွဲ့သူစသည်စသည်တို့အတွက်ဤစာအုပ်က အဓိပ္ပာယ်တစ်စုံတစ်ရာထိ အနက်ဖွင့်ပေးလိမ့်မည်ဟုယူမှတ်ပါသည်"ဟုထုတ်ဝေသူ၏ အမှာစာမှတ်ချက်အတိုင်းပင် ဤစာအုပ်ပါ စာစုများကို ဖတ်ရှုရင်း မြန်မာ့သမိုင်း၏ တစ်စွန်းတစပုံရိပ်၊ သတင်းစာ၊ အနုပညာ၊ နိုင်ငံရေးစသည့် ကဏ္ဍပေါင်းစုံကိုထိတွေ့နိုင်မည်ဖြစ်သည်။ ယင်းစာအုပ်ကို ရာပြည့်စာအုပ်တိုက်က တန်ဖိုး ၆,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

### ပဥ္စမ မြန်မာနိုင်ငံတော် တည်ထောင်ခန်း (အောင်ဝေး)

စာရေးသူအောင်ဝေး၏ ပဥ္စမမြန်မာနိုင်ငံတော် တည်ထောင်ခန်းစာအုပ်ထွက်ရှိလာသည်။ စာရေးသူသည် ၁၉၈၈နှင့် ၁၉၈၉ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်၏ ရောဝတီတိုင်း ခရီးစဉ်အတွင်း အတူလိုက်ပါခဲ့စဉ်က အဖြစ်အပျက်များကို ပြန်ပြောင်း အမှတ်ရ ရေးသားထားခြင်းဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည် ပင်လယ်ပြင်ကနေပုသိမ်ကို ပြန်ရောက်လာပြီး အဖမ်းခံနေရတဲ့ ကျွန်တော်တို့တွေကို ပြန်လွှတ်ပေးဖို့ အရေးဆိုနေတဲ့ ရက်တွေမှာ တိုင်းမှူးဗိုလ်ချုပ်မြင့်အောင်က ဒေါ်အောင်ဆန်းစုကြည်ကားနဲ့သွားလို့လာလို့မရအောင်လမ်းတကာလမ်း သံဆူးကြိုးတွေချပြီး အသေပိတ်ထားလိုက်ပါတယ်။ ဒီလောက်ကတော့ဒေါ်အောင်ဆန်းစုကြည်က ဘယ်မှုလိမ့်မတုံး။

ကျွန်တော်တို့ ထောင်ထဲကို အပြင်က သတင်းရေးပို့လိုက်တဲ့စာ လျှို့ဝှက်ရောက်လာပါတယ်။ ဒေါ်အောင်ဆန်းစုကြည် စက်ဘီးတစ်စီးယူပြီး ပုသိမ်တစ်မြို့လုံးနှံ့အောင် ပတ်စီးပြလိုက်တာ ဗိုလ်ချုပ်မြင့်အောင်ဘာမှကိုမလုပ်နိုင်တော့ပါဘူးတဲ့။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်လ်ဒီ အဖွဲ့ဝင်တွေရဲ့ စက်ဘီးတပ်ကြီးဟာ ဗိုလ်ချုပ်မြင့်အောင် ပိတ်ဆို့ထားတဲ့ နေရာတိုင်းကို ထိုးဖောက်စီးနင်းခဲ့ကြတာပါပဲ" ဟု စာအုပ်တစ်နေရာတွင် ရေးသားထားသည်။ စာဖတ်သူများလွန်ခဲ့သောနှစ်ပေါင်း ၂၅နှစ်ခန့်က အဖြစ်အပျက်များကိုပြန်ပြောင်းသိရှိအမှတ်ရစေမည်ဖြစ်သည်။ စာအုပ်ကို ဆန်းစသော်တာ စာအုပ်တိုက်က ထုတ်ဝေပြီး တန်ဖိုး ၁,၃၀၀ ကျပ် ဖြစ်သည်။

## Knowledge ဗဟုသုတ

### အီလက်ထရွန်နစ်သွားပွတ်တံတွေဘယ်အချိန်ကပေါ်ပေါက်ခဲ့တာလဲ

အီလက်ထရွန်နစ်သွားပွတ်တံသည် လျှပ်စစ်စွမ်းအင်(သို့မဟုတ်) ဓာတ်ခဲကိုအသုံးပြုပြီး သွားပွတ်တံခေါင်းကို လှည့်ပေးခြင်းဖြင့် သွားများ သန့်ရှင်းအောင်လုပ်ဆောင်ပေးသည့် အရာဖြစ်သည်။ ပထမဆုံး အီလက်ထရွန်နစ်သွားပွတ်တံ Broxodent ကို ၁၉၅၄ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံမှ ဒေါက်တာဖီးလစ်ဂိုင်းဝုဂ်ဆိုသူက စတင်တီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါသွားပွတ်တံများကို လူနာများအတွက် အထူးသဖြင့် သွားနှင့်မေးရိုးဆိုင်ရာလူနာများအတွက် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး သာမန်သွားပွတ်တံကဲ့သို့ အားစိုက်လုပ်ဆောင်ရန်မလိုသဖြင့် လူနာများသွားတိုက်ရာတွင် အဆင်ပြေစေသည်ဟုဆိုသည်။ ၎င်းနောက် ၁၉၅၉ ခုနှစ်တွင် အမေရိကဈေးကွက်သို့စတင်မိတ်ဆက်ခဲ့ပြီး ၁၉၆၀ ခုနှစ်များက ဓာတ်ခဲသုံးကြိုးမဲ့အီလက်ထရွန်နစ် သွားပွတ်တံများပေါ်ထွက်လာခဲ့သည်။ အဆိုပါသွားပွတ်တံများကို အသုံးပြုရာတွင်လည်း ထိရောက်စွာနှင့် မှန်ကန်စွာအသုံးပြုရန်လိုအပ်ပြီး လဲလှယ်ရန်အီလက်ထရွန်နစ်သွားပွတ်တံထုတ်လုပ်သူများက အကြံပြုထားသည်။ ယနေ့ခေတ်တွင်မူ လူကြီးသုံး၊ ကလေးသုံး အီလက်ထရွန်နစ်သွားပွတ်တံများကို ခေတ်မီနည်းစနစ်၊ ပုံစံအမျိုးမျိုးဖြင့် တွင်ကျယ်စွာ ထုတ်လုပ်ရောင်းချနေကြပြီဖြစ်သည်။

*—Ref: Wikipedia*






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မဖြစ်နိုင်သည့်အရာကို အချိန်ပေးပြီး ဆောင်ရွက်နေရမည်။ သစ်ခြောက်ပင်အောက် ပန်းကောက်သူသဖွယ် မရသည်ကို သိလင့်ကစားမျှော်လင့်ချက်နှင့် သူရူးသဖွယ်လှုပ်ရှားနေမည်။ လာရောက်ပြစဉ်က ဈေးတစ်မျိုး၊ ဝယ်ချင်သောဆန္ဒရှိ၍ မေးမြန်းသောအခါမတန်သည့် ဈေးဆိုသူများနှင့် တွေ့ရတတ်သည်။ ငွေကြေးနှင့်ပတ်သက်ပြီး အငြင်းပွားစရာများဖြစ်တတ်သည်။ အချိန်ပိုအလုပ်ပိုများ ဆောင်ရွက်ရမည့်ကာလဖြစ်သည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ငွေလိမ်ခံရမည်။ အပြိုင်များမည်။ အခက်အခဲကြားမှ တိုးတက်မည်။ ရန်အနှောင့်အယှက်များကျော်လွှားနိုင်မည်။ မိမိအပေါ် ကူညီခဲ့သူများကို တစ်ဖန်ပြန်လည်၍ အထောက်အကူပေးနိုင်မည်။ တိတိကျကျလုပ်လေ တလွဲတချော်ဖြစ်လေ ကြုံမည်။ ဖြစ်လိုစိတ်ပြင်းထန်လေ နှောင့်နှေးလေဖြစ်မည်။ ခေါင်းအေးအေးနှင့် စနစ်တကျလုပ်ပါက အလုံးစုံအဆင်ပြေသွားနိုင်ပါသည်။ ယာဉ်ကားမောင်းနှင်မှုဂရုစိုက်ပါ။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စိတ်အနှောင့်အယှက်များဖြစ်တတ်သည်။ စိတ်ညစ်ဖွယ်ရာ (သို့မဟုတ်)ကြေကွဲဖွယ်ရာ အကြောင်းတစ်စုံတစ်ရာပေါ်တတ်သည်။ အခက်အခဲအညှပ်နှင့်ကြုံပြီးက အလုံးစုံအောင်မြင်ခြင်းကို တစ်ဆက်တည်းရရှိသွားမည်။ ရဲဝံ့စွာရပ်တည်ခြင်း၊ မဖြစ်မနေလုပ်ကိုင်ခြင်း၊ ကိုယ်ပိုင်အစွမ်းအစနှင့် အလုံးစုံကို ဖန်တီးနိုင်ခြင်းဖြင့် တိုးတက်ခြင်း၊ အဆင်ပြေခြင်းများကို ရရှိပေမည်။ မတော်တဆထိရှမှုများ ဂရုစိုက်ရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စိတ်နှစ်မျိုးနှစ်ခွဖြစ်နေမည်။ သီးသန့်အေးအေးချမ်းချမ်းနေခြင်း၊ အများနှင့်တွဲဖက်ခြင်း ဆန္ဒနှစ်မျိုးပေါ်နေမည်။ သီးသန့်နေထိုင်မှုကို ဦးစားပေးပါ။ ဤကာလသည် အန္တရာယ်ကြီးသော၊ စိတ်အနှောင့်အယှက်များရသော ကာလမျိုးဖြစ်သည်။ ပြဿနာပုံစံများ ထပ်တလဲလဲဖြစ်တတ်သည်။ ပြဿနာဟောင်းများကိုလည်း ဖြေရှင်းရမည်။ စိတ်လိုက်မာန်ပါဆောင်ရွက်၍မရ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အဆိုးကင်းစင်၍ ကောင်းခြင်းဘက်သို့ ဦးတည်မည်။ ရည်စူးရည်မှန်းထားသည်များ စနစ်တကျအကောင်အထည်ဖော်၍ အောင်မြင်မှုအဆင့်ဆင့်ရရှိမည်။ မိတ်ကောင်းဆွေကောင်းများထံမှ ကောင်းသောအထောက်အကူရရှိမည်။ ဆောင်ရွက်ထားသည့်ကိစ္စမှန်သမျှ တိတိကျကျပြီးဆုံးသွားမည်။ ကံမြင့်၍ လုပ်သမျှအောင်မြင်မည်။ ရှုပ်ထွေးနေသောပြဿနာများဖြေရှင်းနိုင်မည်။ ကျန်းမာရေးဂရုစိုက်ပါ။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အထူးကောင်းသည်။ အောင်မြင်မှုသရဖူနှင့် တိုးတက်မှုအလုံးစုံကို အခိုင်အမာရရှိမည့်ကာလဖြစ်သည်။ အလုပ်၏ တိုးတက်ခြင်း၊ လုပ်ပိုင်ခွင့်များ ပိုမိုမြင့်မားလာခြင်း၊ အကြံအစည်ရည်ရွယ်ချက်အောင်မြင်ခြင်းနှင့် ကံမြင့်မားခြင်းများရှိမည်။ ကြုံတွေ့နေသည့် အနှောင့်အယှက်များ၊ အတားအဆီးများကို အလွယ်တကူဖြေရှင်းနိုင်သော နည်းလမ်းတွေ့မည်။ ပိတ်ဆို့နေသော ငွေစီးကြောင်းများ ပုံမှန်အတိုင်းလည်ပတ်လာမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရာရာစိတ်အားထက်သန်စွာ လုပ်ကိုင်လိုစိတ်ပေါ် ထွန်းနေမည်။ ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်မားသော ဘဝသို့ကူးပြောင်းတိုးတက်ခြင်းကံပေါ်မည်။ ရန်အတိုက်အခံများမည်။ ဦးတည်လိုက်တိုင်း နေရာတိုင်း၌ အခက်အခဲများကြုံမည်။ မည်မျှခက်ခဲခြင်းနှင့်ကြုံစေ၊ မိမိကျော်ဖြတ်၍ အောင်မြင်ခြင်း၊ တိုးတက်ခြင်းရရှိနိုင်သည်။ ငွေရေး၊ ကြေးရေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများကို သတိနှင့်ဆောင်ရွက်ပါ။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ငွေကြေးနှင့်ပတ်သက်သည့်ကံ၊ အလုပ်ကိစ္စအလုံးစုံတွင် ထင်ရှားသောတိုးတက်မှုများရလာမည်။ စုပေါင်းတွဲဖက်ပြီးလုပ်သော ကိစ္စများမှ ကောင်းကျိုးအဆင့်ဆင့်ရမည်။ မတော်တဆထိရှမှု ဂရုစိုက်ရမည်။ သွား၊ သွားဖုံးဒုက္ခပေးမည်။ အစာမကြေ၊ အစာအိမ်ဝမ်းဗိုက်နှင့်ပတ်သက်၍ ခံစားရမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ မတော်မတရားတစ်ပါးသူက မိမိထံမှ ရယူသွားသည့်အရာများ ပြန်လည်ရရှိနိုင်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ငွေဝင်နှုန်းနှေးကွေး၍ အထွက်နှုန်းအလွန်မြန်ဆန်နေသည်။ ကျစ်ကျစ်လျစ်လျစ်သုံးစွဲကာမှ တော်ရုံကျမည်။ လက်တွင်ရှိသော ငွေကုန်ဆုံးသွားတတ်သည်။ တစ်ပါးသူကိစ္စအတွက် ရုံးရောက်ဂတ်ရောက် ဖြေရှင်းရတတ်သည်။ မိမိအပေါ် ဒုက္ခပေးသူများ၊ အနှောင့်အယှက်ပေးသူများ တွေ့မည်။ စီမံပြီးလုပ်သောကိစ္စများ တလွဲတချော်ဖြစ်တတ်သည်။ သူတစ်ပါးက မိမိအားလိမ်ညာခြင်းပြုလိမ့်မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လမ်းကြောင်းဟောင်းများ၊ အလုပ်ဟောင်းများရပ်၍ အသစ်ပေါ် ထွန်းခြင်းရှိမည်။ အပြိုင်အတိုက်အခံများ၊ အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့ရတတ်သည်။ နေရာအပြောင်းအလဲကိစ္စများဆောင်ရွက်အဆင်ပြေမည်။ ကိုယ်ပေးသောကတိသည်လည်း စောင့်ထိန်းရန်ခက်ခဲသလို တစ်ပါးသူ၏ ကတိစကားလည်း ပျက်ယွင်းတတ်သည်။ စကားကုန်ပြော၍မရ။ ဖြစ်ပေါ်လာသောပြဿနာကို ချက်ချင်းဖြေရှင်းပါ။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အထူးအောင်မြင်မည်။ ရည်ရွယ်ချက်များကို ရှေ့တိုးဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။ ပေါ်ပေါက်လာသည့် အတားအဆီးအားလုံးကိုကျော်လွှား၍ ဆပွားရရှိအောင်မြင်မည်။ ပညာသင်တန်းနှင့်ပတ်သက်သည်များကြုံမည်။ အလုပ်အကြံအစည်သစ်များ ဆောင်ရွက်အောင်မြင်မည်။ ခက်ခဲသောပြဿနာများကို ကိုင်တွယ်ဖြေရှင်းအဆင်ပြေမည်။ လုပ်ငန်းခွင်မှသူများ အလုပ်သစ်လုပ်ကိုင်၍ တိုးတက်မှုရှိမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ဘဝအတွက် အရေးပါသော ဆုံးဖြတ်ချက်ချမှတ်ရမည်။ ဦးတည်တိုက်တိုင်း နေရာတိုင်းအနှောင့်အယှက်ကြုံမည်။ အပြိုင်များနှင့် အနှောင့်အယှက်များသည် ဝန်းကျင်တွင် ခါတိုင်းထက်ပို၍ ဖြစ်လာမည်။ ခက်ခက်ခဲခဲဖြေရှင်းရမည်ဟု ယူဆထားသည်များ အလွယ်တကူဖြေရှင်းနိုင်ပြီး ပေါ့ပေါ့တန်တန် သဘောထားပြီးစီးမည်ဟုယူဆထားသည်များမှ ပြဿနာများနှင့် လေးလေးနက်နက်ဖြေရှင်းရမည်။


# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၆၄)

## အလျားလိုက်

၁။ စတိုးဆိုင်များတွင် ပေါ်ပေါ်တင်တင် မရောင်းတော့သော ပစ္စည်းများ
၄။ ကျူးကျော်သူများနှင့် အာဏာပိုင်များကြားက ထိတွေ့မှုပုံစံတစ်မျိုး
၅။ ဆီးဂိမ်းတွင် တစ်ချိန်က မြန်မာတို့ သရဖူဆောင်းခဲ့သော အားကစားနည်းတစ်မျိုး
၁၀။ တင်းနစ်ကစားရာတွင် ပါဝင်သောရိုက်ချက်တစ်မျိုး
၁၁။ လူငယ်များအသက်မွေးဝမ်းကျောင်းပြုလိုစိတ်နည်းလာသောနယ်ပယ်
၁၂။ ရွှေဆုရပြီး မျက်ရည်ကျသူ

## ဒေါင်လိုက်

၂။ Quarterly စီးပွားရေးမဂ္ဂဇင်းတစ်ခု
၃။ မူးယစ်သောက်စားမှုကို အားပေးသော အရာ
၆။ မြန်မာကျောင်းသားများကို ပညာသင်ဆုပေးလိုသော နိုင်ငံတစ်ခု
၇။ အပူပိုင်းဒေသနှင့် ကိုက်ညီသော သီးနှံတစ်မျိုး
၈။ လူမျိုးတုံး သတ်ဖြတ်မှု
၉။ မိုက်ကရိုဆော့ဖ် ကုမ္ပဏီက ရှာဖွေနေသူ



အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ..........................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၇-၁၂-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

Smart Dictionary **ကံထူးသူ**

**၁။ Dr. တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈ (၁၅၂)၊ ရတနာအိမ်ရာ၊ ရတနာလမ်း၊ သာကေတ**

**ကျန်အဖြေမှန်သူမရှိပါ။**

## ပဟေဠိ အမှတ်စဉ်(၂၆၃)အဖြေမှန်




**ပဟေဠိဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**

အိမ်ခန်းပြင်ဆင်ပြီးအိမ်ခန်းအမြန်ရောင်းမည်။ 1AC, 1BR, (၁၂ ပေခွဲ×၅၅) ပထမထပ်၊ ဇီဇဝါလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉ ၃၁၃၅၁၁၃၇

**ရောင်းမည်**

အမှတ်(၁၈)၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ပေ(၂၂×၅၅)၊ နှစ်ထပ်ခွဲလုံး ချင်းတိုက်။ သိန်း (၅၇၀၀)ညှိနှိုင်း။ ဆက်သွယ်ရန်-

ဖုန်း-၀၉ ၅၀၁၁၃၅၉

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ် (၃) ပေ၊ ပေ (၄၀× ၁၀၀) အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း၊ Million Coins ဘေးလမ်းမှလည်းဝင်နိုင်၊ ပြည်လမ်းမမှလည်းဝင်နိုင်။(သိန်း ၅၀၀၀)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

မြေကွက်သီးသန့်၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံကားဂိတ်နှင့် နီးသည်။ ပေ(၄၀×၆၀)၊ နှစ်၆၀ ဂရန်၊ သိန်း ၄၅၀၀။

ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

**ရောင်းမည်**

စမ်းချောင်း၊ ဦးဝိစာရလမ်းအနီး၊ ပထပ်၊ ပေ (၁၃×၁၅)၊ ပါကေးခင်း၊ အဲကွန်း၊ ရေပူရေအေး၊ ပြင်ဆင်ပြီး၊ အိပ်ခန်းတစ်ခန်း။ ညှိနှိုင်းဈေး-၅၅၀ သိန်း။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ခရိုင်ချင်းဆက်လမ်းပေါ်ရှိဥယျာဉ်ခြံမြေ ၄၆. ၀၀ ဧကေ တစ်ဆက်စပ်တည်းရောင်းမည်။

ဖုန်း-၀၉ ၄၂၃၆၆၁၉၃၇

**ရောင်းမည်**

ဝေဇယန္တာ လမ်းသွယ် ပေ (၄၀×၆၀)၊ ဂရန် မြေ၊ ကျပ် (၃၅၀၀ သိန်း)။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၅၀၃၂၁၀၄

**ရောင်းမည်**

မရမ်းကုန်း၊ မေခလမ်း ပေ (၁၃၀×၈၄)၊ တစ်ထပ်တိုက်၊ ဘိုးဘွားပိုင်မြေ၊ အိပ်ခန်းလေးခန်း၊ ညှေ့ခန်းတစ်ခန်း၊ ထမင်းစားခန်း တစ်ခန်း၊ ဖုန်းရေမီး၊ အဲကွန်း ခြောက်လုံး၊မြက်ခင်းကျယ်။ ဖုန်း-၀၉ ၅၁၈၈၄၉၇

**ရောင်းမည်**

လှိုင်သာယာမီးခွက်ဈေးဖုံးစင်တာ၊ မင်္ဂလာ/သင်တန်းခန်းမဖွင့်နိုင်သော ဈေးလမ်းမကြီး (၂၇×၆၀)ပေပိုရှိ၊ ထောင့်ကွက်၊ ရေမီးစုံ၊ ဂရန်ပါအိမ်ခြံမြေ။ သိန်း (၁၅၀၀)၊ (၂၉/ခ) ဘိုးရာဇာလမ်း ၇ ရပ်ကွက်။

ဖုန်း-၀၉ ၂၅၆၂၀၈၉၅၂

**တည်ဆောက်ပေးမည်**

"Triple B"Construction Group အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအမျိုးမျိုးအား PAE ဖြင့် တည်ဆောက်ပေးပါသည်။

ဖုန်း-၀၉ ၄၄၈၀၀၃၂၂၄

**သင်ကြားပေးသည်**

Auto CAD Basic (2d,3d),3d max exterior, interior ကို ရုံးချိန်ပြင်ပသင်ကြားသည်။

ဖုန်း-၀၉ ၂၅၄၁၃၃၁၃၈

**သင်ကြားပေးသည်**

Marketing နှင့် ပတ်သက်သော Sales & Marketing Management, Sales Plan, Marketing Plan စသည်များကို အိမ်၊ ဆိုင်၊ ရုံးများသို့ သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၂၅၀၀၂၂၇၇၆

**ချွေးပေါက်ကျယ်ပျောက်ဆေးရည်**

သဘာဝထွက်ပစ္စည်းဖြစ်ပြီး မျက်နှာပြင်ချွေးပေါက်ကျယ်နေမှုကို ဆေးရည်ညစ်လိမ်းခြင်းဖြင့် ပျောက်ကင်းစေသည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရွှေအိမ်စံ(အိတ်ဆိုင်)**

နိုင်ငံခြားသေတ္တာ၊ တွန်းလှည်း၊ ကျောပိုးအိတ်၊ ခရီးဆောင်အိတ်၊ ဘေးလွယ်အိတ်၊ ရုံးသုံးဖိုင်အိတ်၊ ကျားလက်ကိုင်အိတ်၊ အမျိုးမျိုးအရောင်းဆိုင်။

ဖုန်း-၀၉ ၅၀၉၆၂၀၇

**သင်ကြားပေးသည်**

IGCSE (O & A),2014 တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် (Math,Physics) ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စေရန် တာဝန်ယူသင်ကြားသည်။

ဖုန်း- ၀၉ ၄၅၀၀၆၄၀၀၉

**English Language Course**

(2 months)

အင်္ဂလိပ်စကားပြော သင်တန်း အခြေခံမှစ၍ သင်ကြားပေးသည်။ One to One, Special Class (10 ဦး)& Home Visit.

PH: 09-400494397

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ်(၃)၊ ပေ(၄၀×၁၀၀)၊ အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း Million Coins ဘေးလမ်းမှလည်းဝင်နိုင်၊ ပြည်လမ်းမမှလည်းဝင်နိုင်။ သိန်း(၅၀၀၀) ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ၊ ဂုံညှင်း၊ နီတောအနောက် ဦးပိုင်အမှတ်(၁၅)၊ ပေ(၈၀×၁၅၀)။

ဖုန်း-၅၁၉၄၇၆

**ဆိုင်ခန်းငှားမည်**

သမ္မတဟိုတယ်အနီး၊ စတုရန်းပေ(၂၅၀၀)၊ ကြွေပြားခင်း၊ 1MB, 1BR၊ ရေချိုးခန်း၊ အိမ်သာ(၂)၊ ဖုန်း(၁)လုံး၊ အဲကွန်း(၃)၊ မီးစက်ပါသည်။ ငှားသူပွဲခပေးရန်မလို။ ညှိနှိုင်းလစာ -(၃၅)သိန်း။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ရောင်းမည်**

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အောင်မြင်လမ်း၊ ခြံအမှတ်(၅၇)၊ ပေ(၂၅×၆၀)။

**ဖုန်း-၅၁၉၄၇၆**

**ရုံးခန်းငှားမည်**

ပြည်လမ်းမအတွင်း၊ ပေ(၄၀×၉၀)၊ 2RC၊ အခန်း(၃)ခန်း၊ ဟောခန်း(၁)ခန်း၊ ဖုန်း(၂)လုံး၊ အင်တာနက်လိုင်း(၁)၊ ငှားသူပွဲခပေးရန်မလို။ ညှိနှိုင်းလစာ သိန်း(၃၀)။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**Teacher U Kyaw Min Aung**

ENGLISH (FOUR SKILLS), ENGLISH (FOR JOB). PH: 09-43120092

**သင်ကြားပေးပါသည်**

သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း အထိကျူရှင်လိုက်သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၂၅၀၀၇၅၆၇

**တရုတ်စာသင်တန်း**

အခြေခံမရှိသူများနှင့် ကလေးငယ်များ တရုတ်စာမူလတန်းပုံမှန်သင်တန်း နှင့် တရုတ်စာစကားပြောသင်တန်းရေး၊ ဖတ်၊ ပြောသင်တန်းများကို စနစ်တကျ သင်ကြားပေးနေပါသည်။ ဆက်သွယ်ရန် -

ဖုန်း-၀၉ ၇၃၁၉၄၃၆၅

**သင်ကြားပေးသည်**

မူလတန်းကလေးများအား ဘာသာစုံ သင်ကြားပေးပါသည်။ အလယ်တန်းမှ နဝမတန်းတက်ရောက်မည့် ကျောင်းသားများ ကျက်စာ(သို့)ဘာသာစုံ သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၇၃၀၂၁၃၁၇

**ရေးဆွဲပေးသည်**

Professional Website များကို ချိုသာသောဈေးနှုန်း၊ အကောင်းဆုံးသော ဝန်ဆောင်မှုများဖြင့် Myanmar Host Web Design မှ ရေးဆွဲပေးနေပါပြီ။

ဖုန်း-၀၉ ၄၅၀၀၅၅၉၂၉

**သင်ပေးသည်**

ကားရှိသူများအတွက် ဆရာကိုယ်တိုင်အိမ်တိုင်ရာရောက် ကားမောင်းသင်ပေးနေပါသည်။

ဖုန်း-၀၉ ၂၅၀၀၅၀၃၇၁

**အိမ်လိုက်သင်သည်**

Miscroft Excelဖြင့် Financial Statement အထိ (Function) များအသုံးပြုပြီး Software တစ်ခုကဲ့သို့ အသုံးပြုနိုင်အောင် သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၂၃၆၉၄၂၃၄

**ငှားမည်**

မရမ်းကုန်းမြို့နယ် ရှစ်မိုင် PRIMROSE CONDO သုံးလွှာ၊ ညှေ့ခန်း၊ 1MBR, 2SBR, 1 Maid Room, Fully Furnish ကိုယ်ပိုင်ပါကင်၊ ဓာတ်လှေကားနှစ်စင်း၊ Card Security စနစ်။ ဖုန်း-၀၉ ၇၃၂၀၁၇၈၄

**ရောင်းမည်**

အမှတ် (၁၈)၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ပေ(၂၂×၅၅)၊ နှစ်ထပ်ခွဲလုံး ချင်းတိုက်။ သိန်း (၅၇၀၀) ညှိနှိုင်း။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၅၀၁၁၃၅၉

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ် (၃) ပေ၊ ပေ (၄၀× ၁၀၀) အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း၊ Million Coins ဘေးလမ်းမှလည်းဝင်နိုင်၊ ပြည်လမ်းမမှလည်း ဝင်ရောက်နိုင်သည်။(သိန်း ၅၀၀၀)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**အကျိုးတူလုပ်ငန်း**

မြန်မာ့မြေလုပ်ငန်းစုသို့ အကျိုးတူကွန်ဒို/တိုက်ခန်း အိမ်ရာများ ဆောက်လုပ်ချင်သော မြေရှင်များ ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

စာမျက်နှာ(၂၃)မှ

## အိမ်ရာဖွံ့ဖြိုးရေး ဘာလဲ၊ ဘယ်လဲ

အိမ်ရာကဏ္ဍကိုလူမှုရေးကဏ္ဍသက်သက်အဖြစ် ရှုမြင်တာဟာ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က မဆလခေတ်ရဲ့ အမြင်ဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကို ကမ္ဘာ့ဘဏ်က ၁၉၉၃ ခုနှစ်က ထုတ်ဝေခဲ့တဲ့ "ဈေးကွက်များကို သက်ဝင်လှုပ်ရှားစေသော အိမ်ရာကဏ္ဍ" (Housing;enabling Markets to Work)ဆိုတဲ့စာအုပ်ကို ဖတ်ရှုစေချင်ပါတယ်။ အဲဒီစာအုပ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ အိမ်ရာကဏ္ဍကိုတိုင်းပြည်စီးပွားရေးတစ်ရပ်လုံးရဲ့ သော့ချက်အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှုမြင်ပြီး စီမံခန့်ခွဲကြရမယ်လို့ အတိအလင်းသုံးသပ်ဖော်ပြထားပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အိမ်ရာကဏ္ဍရင်းနှီးမြှုပ်နှံမှုဟာ GNP ရဲ့ ၂ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိရှိကြောင်း၊ ငွေလုံးငွေရင်း ရင်းနှီးမှုရဲ့ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းရှိကြောင်း၊ အိမ်ရာကဏ္ဍဝန်ဆောင်မှုအနေနဲ့ GNP ရဲ့ ၄ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိရှိပြန်ကြောင်း၊ ပုံသေပိုင်ပစ္စည်းအနေနဲ့ တိုင်းပြည်ကြွယ်ဝချမ်းသာမှုမှာ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိပါဝင်ကြောင်း မီးမောင်းထိုးပြထားပါတယ်။

ဒါ့အပြင် နိုင်ငံတစ်နိုင်ငံရဲ့ လူမှုရေးနဲ့ စီးပွားရေးရည်မှန်းချက်များအနက် အရေးကြီးတဲ့ အချက်(၁၀)ချက်ကိုအိမ်ရာကဏ္ဍကဖြည့်ဆည်းပေးနေကြောင်းကိုလည်း အသေးစိတ်ရှင်းလင်းဖော်ပြထားပါတယ်။

(၁) ဆင်းရဲမွဲတေမှုကို လျော့နည်းစေခြင်း။

(၂) ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ပေးခြင်း။

(၃) အိမ်ထောင်စုများရဲ့ စုဆောင်းငွေနဲ့ ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေခြင်း။

(၄) အလုပ်အကိုင်များဖန်တီးပေးခြင်းနဲ့ ထုတ်လုပ်မှုစွမ်းအားကိုတိုးတက်စေခြင်း။

(၅) တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ခြင်း။

(၆) ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကြီးမားမှုကို ဖြစ်ထွန်းစေခြင်း။

(၇) အမျိုးသားကြွယ်ဝချမ်းသာမှုကို ဆောင်နှင်းပေးခြင်း။

(၈) တိုင်းပြည်ဝင်ငွေထွက်ငွေစာရင်းတွင် အနုတ်လက္ခဏာပြခြင်းကို လျော့နည်းစေခြင်း။

(၉) ဘဏ္ဍာငွေလည်ပတ်မှုစနစ်ဖွံ့ဖြိုးစေခြင်း။

(၁၀) သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပေးနိုင်ခြင်း။

အထက်ပါအချက်များအပြင် အလေးအနက်မှတ်သားသင့်တဲ့ စကားရပ်နှစ်ခုက "အိမ်ရာကဏ္ဍမှာတစ်ဒေါ်လာရင်းနှီးလိုက်ခြင်းဟာ အခြားသော စီးပွားရေးလုပ်ငန်းများမှာ နှစ်ဒေါ်လာရင်းနှီးမြှုပ်နှံမှုကို ဆောင်ကြဉ်းပေးတယ်"ဆိုတဲ့ စကားနဲ့ "အိမ်ရာကဏ္ဍမှာအလုပ်အကိုင်တစ်ခုဖန်တီးပေးခြင်းဟာ အခြားကဏ္ဍမှာ နောက်ထပ်အလုပ်အကိုင်နှစ်ခုကို ဖြစ်ထွန်းစေတယ်"ဆိုတဲ့ စကားရပ်တွေပါပဲ။

၁၉၇၅ ခုနှစ်က ချီလီနိုင်ငံမှာ စီးပွားရေးအကြီးအကျယ်ကျဆင်းခဲ့ပါတယ်။ တစ်ဦးချင်းဝင်ငွေ ၅ ရာခိုင်နှုန်း တိုးတက်မှုကနေ ၁၅ ရာခိုင်နှုန်းကျဆင်းသွားပါတယ်။ ချီလီအစိုးရက အိမ်ရာဖွံ့ဖြိုးရေးကို ထောက်ပံ့မှုများစွာ ပေးအပ်ပြီး ပိုမိုအားသွန်ဆောက်လုပ်မှုကြောင့် ထုတ်လုပ်မှုလေးဆတိုးပြီး ၁၉၈၀ ပြည့်နှစ်မှာ တစ်ဦးချင်းဝင်ငွေ ၅ ရာခိုင်နှုန်းတိုးတက်မှုကို ပြန်လည်ရရှိခဲ့ပါတယ်။ မလေးရှားနိုင်ငံမှာ ၁၉၈၅ ခုနှစ်က စီးပွားရေးကျဆင်းမှုဖြစ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးကဏ္ဍဟာ ၁၉၈၀ ခုနှစ်မှစပြီး နှစ်စဉ် ၉ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်နေရာက ၁၉၈၆ ခုနှစ်မှာတော့ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ အစိုးရက တစ်နှစ်ကိုတန်ဖိုးနည်း အိမ်ရာ ၈၀,၀၀၀ အထိ ဆောက်လုပ်ရန်မူချမှတ်ပြီး GNP ကိုတိုးတက်အောင် ဆောင်ရွက်တာတွေ့ရပါတယ်။

အိမ်ရာကဏ္ဍမှာ လိုအပ်တာထက်ပိုမိုရင်းနှီးပြန်ရင်လည်း တိုင်းပြည်စီးပွားရေးကျဆင်းမှုကို ဖြစ်စေနိုင်ပါတယ်။ ၁၉၉၆ ခုနှစ် ထိုင်းနိုင်ငံစီးပွားရေးကျဆင်းမှုမှာ အိမ်ရာတွေကို လိုအပ်ချက်ထက် ၅၀ ရာခိုင်နှုန်းခန့်ပိုမိုပြီး ဆောက်လုပ်ခြင်းဟာ အဓိကအကြောင်းတရားတစ်ရပ်အဖြစ် ပါဝင်တာတွေ့ရပါတယ်။ အထက်ပါအချက်များအရ အိမ်ရာဟာ စီးပွားရေးအတွက်သော့ချက်ကဏ္ဍတစ်ခုဖြစ်ကြောင်း အလွန်ထင်ရှားပါတယ်။

ဒါကြောင့် ဌာနဆိုင်ရာဖွဲ့စည်းပုံကိုပြင်ဆင်ရန် တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးရေးအတွက် မိမိဌာနက ပါဝင်ရမယ့် အခန်းကဏ္ဍရဲ့ အရေးပါမှုကို ဓမ္မဓိဋ္ဌာန်ကျကျမြင်ဖို့ လိုအပ်ပါတယ်။ အခန်းကဏ္ဍကအရေးကြီးလေလေ ပြည်ထောင်စုအဆင့်ရဲ့ တာဝန်ယူမှုမြင့်မားလေလေဖြစ်ပါတယ်။ တာဝန်ယူမှုဆိုတာလည်း "ချုပ်ကိုင်မှု" မဟုတ်ဘဲ ထိန်းကျောင်းမှု၊ ထောက်ပံ့မှုနဲ့ ထမ်းပိုးပေးတဲ့ "ထ သုံးလုံး" တာဝန်ယူမှုသာဖြစ်ပါတယ်။ မျက်မှောက်ခေတ်ကာလ ဒီမိုကရေစီသက်တမ်းနုနုလေးမှာ အိမ်ရာမဲ့တွေ၊ ကျူးကျော်တာတွေ၊ အလုပ်လက်မဲ့တွေ အလွန်အမင်းတိုးပွားများပြားနေတဲ့ အချိန်နဲ့ တစ်ပြေးညီအိမ်ရာ ပြဿနာဖြေရှင်းရေးလုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများထံ ရက်ရက်ရောရောနှမြောမှုမရှိလွှဲပါ၏ဆိုတဲ့ ဖွဲ့စည်းပုံမျိုးလည်းမဖြစ်သင့်ပါဘူး။ "ထ သုံးလုံး" တာဝန်ယူမှုကို ထင်ဟပ်ရမယ့် ပြည်ထောင်စုအဆင့်ဌာနဆိုင်ရာဖွဲ့စည်းပုံမှာတိုင်းပြည်စီးပွားရေးအတွက် အရေးပါရုံမျှမက ကမ္ဘာ့ကုလသမဂ္ဂကပါ အလေးထားတဲ့ အခန်းကဏ္ဍကိုဖြုတ်လိုက်မယ်ဆိုရင် မြန်မာနိုင်ငံမှာ "အိမ်ရာဖွံ့ဖြိုးရေး ဘာလဲ၊ဘယ်လဲ"လို့ မေးပါရစေ။

စာမျက်နှာ(၂၆)မှ

## အပေါက်ခြောက်ပေါက် တစ်ပေါက်မှာ တော်တော်ကြီးပါသည်

ရိုးအေးသော၊ ငွေကြေး၊ ဉာဏ်ရည်နှင့် အားအင်နည်းပါးသော လူအများအား မစောင့်စည်းခြင်း တရားကိုလက်ကိုင်ထားသည့် လူတန်းစားများက ဖြတ်စားလျှပ်စားလုပ်ကာ အနိုင်ယူလွှမ်းမိုး ခြယ်လှယ်တတ်ကြပါသည်။

မစောင့်စည်းမှုများကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားခဲ့ရသည်။ လောဘရမ္မက်ဖြင့် ယှဉ်ပြိုင်မှုများ ပြင်းထန်လာခဲ့ရသည်။ အချင်းချင်း ရန်စောင်အငြိုးဖွဲ့မှု ပြဿနာများ အဖြစ်များလာခဲ့ရသည်။ လူသားအရင်းအမြစ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ခုခံအားများ ကျဆင်းခဲ့ကြရသည်။ လူမှုအဖွဲ့အစည်းများစွာကို အင်အားချည့်နဲ့ ယုတ်လျော့စေသည်။ နောက်ဆုံးတွင် နိုင်ငံတော်၏ အနာဂတ်ကို မှုန်ဝါးပျောက်ကွယ်စေ၍ ခရီးခက်စေခဲ့ပါသည်။ ဗုဒ္ဓဘုရားဟောအကြောင်းအရာများတွင် ပါရှိသည့် မစောင့်စည်းခြင်း အပေါက်သည် စာရေးသူတို့ မြန်မာနိုင်ငံတွင် အကြီးဆုံး၊ အကျယ်ဆုံး ဖြစ်နေသည်ဟု ထင်မှတ်ရစေပါသည်။

တိုင်းပြည်ခေါင်းဆောင်များ၊ အာဏာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ရွာဒေသအလိုက် အုပ်ချုပ်သူများ၊ ပညာတတ်များ၊ သာမန်ပြည်သူများ ဆင့်ကဲဆင့်ကဲ မစောင့်စည်းကြသောအခါ စာရေးသူတို့ နိုင်ငံသည် ရှေ့ဆက်ရမည့် ခြေလှမ်းတိုင်းအတွက် ခက်ခဲပင်ပန်း၊ ကြမ်းတမ်းစေခဲ့ပါသည်။ ပြည်သူကို ပြည်သူဟု သဘောမထားခဲ့ကြသူများ၊ ပြည်သူပိုင် သဘာဝသယံဇာတများကို လက်ဝါးကြီးအုပ်ခဲ့ကြသူများ၊ နည်းနည်းဖြစ်စေ၊ များများဖြစ်စေ အခွင့်ရှိလျှင် ရှိသလို ကိုယ့်အတွက် ကိုယ်ယက်ခဲ့ကြသူများ၏ မစောင့်စည်းခြင်းများကြောင့် နောင်မျိုးဆက်ရင်သွေးများထိအောင် နစ်နာဆုံးရှုံးထိခိုက်စေခဲ့ရပါသည်။

လောက၌ အကျိုးစီးပွားတို့ကို ယိုကျဆုံးရှုံးစေသည့် အပေါက်များကို တစ်ဦးချင်းစီ ပိတ်ကြရပါမည်။ သို့မှသာ အကျိုးစီးပွားများ ခိုင်မာဖြစ်ထွန်းမည် ဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင် မစောင့်စည်းခြင်း အပေါက်သည် တော်တော်လေးကြီးနေကြောင်း အားလုံးလက်ခံမည်ဟု ယူဆပါသည်။ တော်တော်ကြီးသော အပေါက်ကို လုံအောင်၊ နောက်ထပ် မပေါက်ရအောင် ပိတ်ဖို့ အဆပေါင်းများစွာ အားထုတ်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## JOKE

### အထင်ကြီးမလားလို့

ရည်းစားကောင်မလေးနှင့် ပထမဆုံးချိန်းတွေ့သောနေ့တွင် ကောင်လေးက ကောင်မလေးကို ခမ်းနားသေသပ်သော အီတလီစားသောက်ဆိုင်တစ်ခုသို့ခေါ်သွားသည်။ နှစ်ဦးသားစကားအနည်းငယ်ပြောပြီးနောက် ကောင်လေးက မီနူးစာရင်းကို ကောက်ယူကြည့်လိုက်ပြီး စားပွဲထိုးအား ခေါ်ကာ "ကျွန်တော်တို့ ဂျူဆက်ပီ စပိုဒူလက်ချီစားမယ်"ဟု ပြောလိုက်သည်။ စားပွဲထိုးက "ဝမ်းနည်းပါတယ် လူကြီးမင်း၊ အဲဒါကျွန်တော်တို့ ဆိုင်ပိုင်ရှင်နာမည်ပါ"ဟု ပြန်ပြောပါတော့သည်။

### ပြောင်းလဲချင်တာ

ဘီလ်တစ်ယောက်သူငယ်ချင်း ဒေါက်ကလပ်နှင့် ဘားတစ်ခုတွင် စားသောက်နေသည်။ ရုတ်တရက်ပင်ဒေါက်ကလပ်က "ဘီလ်ရေ အကယ်၍များ မင်းကို အပြောင်းအလဲလုပ်ဖို့ အခွင့်အရေးပေးမယ်ဆိုရင် မင်းဘာကိုများ ပြောင်းလဲချင်ခဲ့သလဲ"ဟု မေးခွန်းထုတ်သည်။ ဘီလ်ကမဆိုင်းမတွပင် "ငါလောင်းကစားလုပ်ခဲ့မှာမဟုတ်ဘူး"ဟု ပြောသည်။

"ဘာဖြစ်လို့လဲ ဘီလ်။ မင်းပိုက်ဆံတွေအများကြီး ရှုံးသွားခဲ့လို့လား" ဟု မေးမြန်းရာ ဘီလ်က "မဟုတ်ပါဘူး။ ငါပိုက်ဆံတွေအများကြီးနိုင်ခဲ့ တယ်။ အဲဒီပိုက်ဆံတွေနဲ့ ငါအိမ်ထောင်ပြုလိုက်တယ်လေ"ဟု ဆိုပါသည်။

စာမျက်နှာ(၃၃)မှ

## ကျန်းမာရေးယိုယွင်းလာသော မြစ်ရော

ရောဝတီမြစ်သည်ရေဝေရေလဲဒေသတွင် ကြုံတွေ့ရသည့် ပြဿနာများအပြင်မြစ်ညာပိုင်းတွင် တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများကလည်း ထိန်းသိမ်းရေးကို ခြိမ်းခြောက်နေသည်။

ရောဝတီမြစ်တွင် တည်ဆောက်မည့်စီမံကိန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ကန့်ကွက်နေသည့်ကြားက မြစ်ဆုံစီမံကိန်းကို သမ္မတအမိန့်ဖြင့် ရပ်ဆိုင်းထားသည်မှလွဲ၍ ကျန်စီမံကိန်းများမှာတည်ဆောက်နေဆဲဖြစ်သည်။

ရောဝတီမြစ်အထက်ပိုင်းတွင် မည်သို့ဖြစ်နေသည်ကို သူအားလုံးမသိ။ သူသိသည်က ရောဝတီမြစ်ထဲတွင် ရေရှိမှ သူတို့အသက်ရှင်မည်။ ထို့ကြောင့် ရောဝတီမြစ်တွင် ရေအမြဲရှိအောင် လုပ်ပေးကြရန် ဇီးကျွန်းရွာသား ဦးခင်ဝင်းက လူ၅၀ ကျော် တက်ရောက်သည့်မြစ်ဝှမ်းဒေသ အလုပ်ရုံဆွေးနွေးပွဲတွင် ထစ်ငေါ့တုန်ယင်နေသော စကားသံဖြင့် ပြောဆိုလိုက်သည်။



ကဲပါဗျာ !
ခိုင်ခိုင်ကျော် ထမင်းဆိုင်မှာ လိုက်ကျွေးပါ့ မယ် . . .
သန့်ရှင်းမှု ၊ အစားအစာဘေးကင်းလုံခြုံမှု ၊ အရသာ ၊ အရည်အသွေးထိန်းသိမ်းနိုင်မှုအတွက် ထိုင်းနိုင်ငံ Unilever Food Solutions က မြန်မာနိုင်ငံအတွက် Brand Embassador ခန့်အပ်ပြီး ၄င်း၏ အကြံပြုချက်အရ Central Kitchen ဖြင့် ချက်ပြုတ်ပြင်ဆင် ရောင်းချလျက်ရှိသော . . .
ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
ထိုင်း ၊ စင်္ကာပူတို့မှ မှာယူတင်သွင်းထားသော ထမင်းဘူးများဖြင့် မှာယူသည့်နေရာသို့ အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။ ပူနွေး လတ်ဆတ်၍ သန့်ရှင်းသော ထမင်းဘူးများကို အသင့်စားသုံးနိုင်ရန် ဈေးကားများဖြင့် ညနေ (၄း၃၀)နာရီတွင် မြို့နယ်များ၌ လှည့်လည်ရောင်းချလျက်ရှိပါသည်။
ထမင်းဘူးခွံများ၏ အရည်အသွေးကောင်းမွန်မှုကြောင့် . . .
"(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး" ၌ အားကစားသမားများအတွက် အသုံးပြုရန် ရွေးချယ်ခြင်းခံရကြောင်း စားသုံးသူမိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

| | | |
|---|---|---|
| ပါရမီဆိုင်ခွဲ | - | အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။ |
| ပြည်လမ်းဆိုင်ခွဲ (Breakfast) | - | မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဇောတဲလ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။ ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈ |
| ဂန္ဓမာဆိုင်ခွဲ | - | Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။ |

Environment

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

Vol.12, No.42 • DECEMBER 25 , 2013



ဓာတ်ပုံ - အိဖြူမွန်

# ကျန်းမာရေးယိုယွင်းလာသော မြစ်ရော

အိဖြူမွန်

သူ တို့ရွာက ဧရာဝတီမြစ်၏ အလယ်တွင်ရှိသည်။ မြစ်လယ်တွင်ရှိနေသော သူတို့ရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာကိုင်းစိုက်ပျိုးသည့်လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ကိုင်သော သူတို့အတွက် ဧရာဝတီမြစ်သည် ကျေးဇူးရှင် ကျွေးဖေဖေဖြစ်သည်။ ရွာသို့မြစ်ရေတဖြည်းဖြည်းတက်လာပြီး ပြန်ကျသွားလျှင် အဖိုးဖြတ်မရသည့် မြေဆီသြဇာများ ကျန်ရစ်ခဲ့၍ ပျော်ကြရသည်ဟု ဇီးကျွန်းကျေးရွာသား ဦးခင်ဝင်းကဆိုသည်။

သူငယ်စဉ်ကတည်းက နှစ်စဉ်အကျိုးပြုခဲ့သောမြစ်ကြီးသည် သိသာစွာ ပြောင်းလဲလာပြီး ယခုအခါ သူတို့ကို မကျွေးမွေးနိုင်တော့။ ရေတက်ကြမ်းပြီး ရေကျလျှင် သဲကြမ်းများတင်ကျန်မှုကြောင့် မကြာခဏဆိုသလို စိုက်ပျိုးရေးအတွက် မြေသြဇာများကို အသုံးပြုကြရသည်။

"ရွာကိုရေမတက်တာ ၂၀၀၇ ခုနှစ်ကတွက်ရင် လေးငါးခြောက်နှစ်ရှိပြီဗျ။ မိုးကြီးတဲ့နှစ်တွေ ရေတက်ပေမယ့်လည်း ဝုန်းခနဲ ပြန်ကျသွားရော။ အရင်တုန်းကများ ရေကျဖို့တစ်လကိုးသီတင်းစောင့်ရတယ်" ဟု ဦးခင်ဝင်းက မချိတင်ကဲ လေသံဖြင့် ပြောသည်။

ရေတက်ကြမ်းခြင်း၊ ရေကျကြမ်းခြင်းတို့အပြင် မြစ်လက်တွင် မြေကေပေါင်း ၁၉၀၀ ကျော်ရှိသည့် သူတို့ရွာအုပ်စုကြီးသည် တဖြည်းဖြည်းမြစ်ကမ်းပါး တိုက်စားမှုကြောင့် ကေ ၁၅၀၀ ခန့်သာကျန်ရှိတော့သည်။

ဧရာဝတီမြစ်သည် ကချင်ပြည်နယ်ရှိ မေခနှင့် မလိခမြစ်တို့ပေါင်းစုံပြီး မြစ်ကြီးတစ်စင်းအဖြစ် ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြတ်သန်းစီးဆင်းပြီး ပင်လယ်ထဲသို့ စီးဝင်သည်။ အဆိုပါတိုင်းဒေသကြီးများမှ ဒေသခံများသည် မြစ်ကြီးကို အမှီပြု၍ ပုံစံမျိုးစုံဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

"ရွာဆိုရင်မြစ်ကြောင်းပြောင်းလို့ ခဏခဏရွာပြောင်းရတယ်။ မြစ်ကြောင်းကြီးက ရွာကိုကပ်လာတယ်။ လုပ်စားစရာမြေမရှိတော့ စားဝတ်နေရေး ခက်ခဲလာတယ်" ဟု ညောင်ပင်သာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဦးခင်ဝင်းအပြင် မြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်ပြီး မြစ်ကိုမှီ၍ စားသောက်နေသူများက ဧရာဝတီမြစ်ကြောင်း ပြောင်းလဲနေသည်ကို သုတေသနစစ်တမ်းထက်တိကျသည့် ကိုယ့်တွေ့ကြုံမှုများကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒေသခံများက ရန်ကုန်တွင် ပြုလုပ်သည့်မြစ်ဝှမ်းဒေသများ အလုပ်ရုံဆွေးနွေးပွဲများတွင် ထောက်ခံပြောဆိုကြသည်။

ဧရာဝတီမြစ်သည် ၁၉၉၀ မတိုင်မီကမြစ်၏ ရေစီးနှုန်းနှင့် ကမ်းပါးပြိုကျမှုနှုန်းများသည် ပုံမှန်ဖြစ်သော်လည်း ၁၉၉၀ နှောင်းပိုင်းတွင် ရေစီးမှုနှုန်းနှင့် ကမ်းပါးပြိုကျမှုနှုန်းများ ပြောင်းလဲလာသည်ဟု သုတေသနပညာရှင် ဦးမောင်မောင်အေးက ပြောသည်။

၁၉၉၀ နှောင်းပိုင်း မြစ်ကြောင်းပြောင်းလဲ၍ မြစ်ဝကျွန်းပေါ်ဒေသသို့ မြစ်ရေရောက်ရှိမှုနည်းခြင်းကြောင့် ပင်လယ်ရေတိုးဝင်မှုသည်တစ်နှစ်လျှင်ကေ ၂၅၀၀ ကျော်ရှိသည်ဟု ၁၉၉၀ မှ ၂၀၀၆ ခုနှစ်အထိ မြစ်ကြောင်း လေ့လာသုတေသနပြုခဲ့သူဘူမိဗေဒပါမောက္ခ ဦးမောင်မောင်အေးက ဆိုသည်။

"မြစ်ဝှမ်းတစ်ခုမှာ သဘာဝဖြစ်စဉ်နဲ့ လူမှုဖြစ်စဉ်နှစ်မျိုးရှိပါတယ်။ ဘယ်လို ကွဲပြားတယ်ဆိုတာ ခွဲခြားဖို့ခက်တယ်။ ပြည့်ပြည့်စုံစုံသိဖို့ သုတေသနအများကြီးလုပ်ဖို့လိုပါတယ်။ ဧရာဝတီမြစ်ရဲ့ ပြောင်းလဲမှုဟာ ၁၉၉၀ နောက်ပိုင်းမှာ ဖြစ်လာတယ်လို့ ပြောလို့ရတယ်" ဟု ဦးမောင်မောင်အေးက ပြောသည်။

မြန်မာနိုင်ငံတွင် စီးဆင်းနေသော အခြားမြစ်များနှင့် နှိုင်းယှဉ်ပါက ရေဝေရေလဲဒေသ ကြီးမားသည့် ဧရာဝတီမြစ်ထိန်းသိမ်းရေးသည် အဖြေရှာရန် ခက်ခဲသည့် လုပ်ငန်း တစ်ရပ်ဖြစ်သည်။ ဧရာဝတီမြစ်နှင့် ပတ်သက်ပြီး တိကျသော သုတေသနစစ်တမ်းများ အများအပြားမရှိခြင်းက မည်သို့ကုစားရမည်ကို အဖြေထုတ်မည့်သူများ အတွက် ခက်ခဲစေသည်။

ဧရာဝတီမြစ်ရေ ထိန်းသိမ်းရေးအတွက် ရေဝေရေလဲဒေသတွင် သစ်တောပြုန်းတီးခြင်းများ ထိန်းညှိခြင်း၊ မြစ်အတွင်းသို့စီးဝင်နေသည့် မြစ်လက်တက်များ မတိမ်ကောအောင်ထိန်းသိမ်းခြင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းများ လျှော့ချခြင်း၊ မြစ်အတွင်း ငါးမျိုးသုဉ်းနိုင်သည့် အဆိပ်ချငါးဖမ်းခြင်း၊ ရှော့တိုက်ဖမ်းဆီးခြင်းများ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်ဟုပညာရှင်တို့က ထောက်ပြပြောဆိုလိုက်သည်။

"လူတွေနဲ့ တိုင်းပြည်ရဲ့ ပေါ်လစီမှားရင် သဘာဝတရားဟာ အလူးအလဲ ခံရတယ်" ဟု သစ်တောဦးစီးဌာနမှ ရေဝေရေလဲဒေသများကို စီမံခန့်ခွဲရသည့် ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးတင်အေးက ကောက်ချက်ချသည်။

ဧရာဝတီမြစ်ထိန်းသိမ်းရေးအတွက် အစိုးရက ရေဝေရေလဲဒေသများတွင် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများ မရှိသော်လည်း မြစ်အတွင်းရှိ သဲသောင်များ တူးဖော်ခြင်းနှင့် ကမ်းပါးပြိုကျခြင်းများကို ထိန်းသိမ်းရန် နှစ်စဉ် ကျပ်သန်းပေါင်း တစ်ထောင်ကျော် ဘတ်ဂျက်ချပေးလျက်ရှိသည်။ ဧရာဝတီမြစ်ကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေကြသည့် လူဦးရေမှာ နိုင်ငံလူဦးရေ၏ ငါးပုံတစ်ပုံသာ ရှိသောကြောင့် ဧရာဝတီမြစ်အရေးသည် အမျိုးသားအဆင့်အနေဖြင့် အစိုးရက အားသွန်ခွန်စိုက် ဖြေရှင်းရမည်ဟု ပညာရှင်များက ကောက်ချက်ချသည်။

ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသသည် တောင်ယာခုတ်ခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ရွှေလုပ်ကွက်များ များပြားလာခြင်းတို့ကြောင့် သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုသည် မူလအဆင့်တွင်မရှိသော်လည်း နည်းပညာနှင့် ငွေကြေးပံ့အောကာ ပြုပြင်လျှင် ရနိုင်သည့်အခြေအနေတွင်ရှိသည်ဟုပညာရှင်များက ဆိုသည်။

စာမျက်နှာ(၃၂)သို့









# Tourism

7 DAY NEWS JOURNAL

Vol.12, No.42 • DECEMBER 25 , 2013




ဝေဟင်တွင် ပါရာမိုတာ စီးနင်းနေသည်ကို တွေ့ရစဉ်

## မြန်မာနိုင်ငံသား ပါရာမိုတာစီးနင်းသူနှစ်ဦး နှစ်သစ်ကူးအထိမ်းအမှတ် ကျောက်မဲတွင် ပျံသန်းမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၁**

မြန်မာနိုင်ငံသားပါရာမိုတာစီးနင်းသူနှစ်ဦးသည် နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် ဇန်နဝါရီလ ၁ရက်တွင် ပါရာမိုတာပျံသန်းမှုပြုလုပ်မည်ဟု သတင်းရရှိသည်။

ကိုကျော်စိုးအောင်နှင့် ကိုစိုင်းကျော်ကျော်ဦးတို့နှစ်ဦးသည် ၂၀၁၄နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် ကျောက်မဲမြို့တွင် အချိန်တစ်နာရီခန့် ပါရာမိုတာပျံသန်းမှုပြုလုပ်မည်ဟု ကိုကျော်စိုးအောင်ကပြောသည်။

“ပါရာမိုတာပျံသန်းတာက အတက်အဆင်းကအခက်ဆုံးပဲ။ လေထဲရောက်သွားရင်ဘာမှမဖြစ်တော့ဘူး။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ညနေပိုင်းလောက်ပျံသန်းမှုပြုလုပ်မယ်”ဟု ကိုကျော်စိုးအောင်ကပြောသည်။

၎င်းသည်ပါရာမိုတာပျံသန်းမှုကို ၂၀၁၂နှစ်ကုန်ပိုင်းမှစတင်၍ တစ်ကိုယ်တော်ပျံသန်းခဲ့ပြီး နောင်ချို၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ သီလဝါစသည့်မြို့များတွင် ပျံသန်းခဲ့ရာ စုစုပေါင်းပျံသန်းချိန် ၁၀နာရီကျော်ပျံသန်းခဲ့ကာ ၎င်း၏ပျံသန်းမှုကို YouTube ရှိ Myanmar Paramotorsvတွင် ကြည့်ရှုနိုင်သည်ဟု ဆိုသည်။

ထို့အပြင် ပြည်တွင်းရှိပါရာမိုတာ ပျံသန်းမှုစိတ်ဝင်စားသူများသည်လည်း ဆက်သွယ်နိုင်ပြီး ပါရာမိုတာစီးနင်းမှုပြန့်ပွားစေရန် ကူညီသွားမည်ဟု ၎င်းကဆက်လက်ပြောသည်။

ပါရာမိုတာပျံသန်းမှုကို Thanaka ခရီးသွားကုမ္ပဏီ၏ စီစဉ်မှုဖြင့် ဒီဇင်ဘာလဒုတိယပတ်ကပြင်သစ်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံအပါအဝင်နှစ်ဦးသည်ပုဂံ၊ အင်းလေးနှင့် ညောင်ရွှေမြို့တို့တွင် ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

## အဆင့်မြင့်အဲကွန်းမြို့ပတ်ရထား ဘူတာစဉ်တိုင်း ရပ်တန့်ပေးမည်

**အိမ့်မွန်ကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၁**

ယခင်က ၁၄ ဘူတာသာ ရပ်တန့်ပေးသော RBE အဆင့်မြင့် အဲကွန်းမြို့ပတ်ရထားကို ခရီးသွားပြည်သူများ၏ တောင်းဆိုချက်အရ မကြာမီရက်ပိုင်းအတွင်း ဘူတာစဉ် ရပ်တန့်ပေးမည်ဖြစ်ပြီး အထူးတွဲသီးသန့် ရထားတစ်စီးထပ်မံပြေးဆွဲမည်ဖြစ်ကြောင်းမြန်မာ့မီးရထားမှအရာရှိ တစ်ဦးက ပြောသည်။

“ကျွန်တော်တို့ကို ခဏခဏတောင်းဆိုကြလို့ပါ။ ဟိုဘူတာရပ်ပေး ဒီဘူတာရပ်ပေးနဲ့ဆိုတော့ အဲဒါကြောင့် ဘူတာစဉ်ပဲရပ်ပေးတော့မှာပါ”ဟု အဆိုပါအရာရှိကဆိုသည်။

ယခင်က RBE ရထားရပ်တန့်ပေးသောဘူတာများမှာ ရန်ကုန်ဘူတာကြီး၊ ဘုရားလမ်း၊ ကြည့်မြင်တိုင်၊ လှည်းတန်း၊ ကမာရွတ်၊ သမိုင်း၊ အင်းစိန်၊ ဒညင်းကုန်း၊ မင်္ဂလာဒုံ၊ ပုရွက်ဆိတ်ကုန်း၊ တံတားလေး၊ ကန်ဘဲ့၊ ပုဇွန်တောင်၊ မလွှကုန်း စသည့်ဘူတာများဖြစ်သည်။ ယခင်က လှည်းတန်းဘူတာတွင် ရပ်တန့်ခြင်းမရှိသော်လည်း ခရီးသွားပြည်သူများ၏ တောင်းဆိုချက်အရ နိုဝင်ဘာ ၈ ရက်တွင် လှည်းတန်းဘူတာ၌ စတင်ရပ်တန့်ပေးခဲ့သည်။

RBE အဲကွန်းရထားကို အောက်တိုဘာ ၅ ရက်တွင် စတင်ပြေးဆွဲခဲ့ပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ခရီးစဉ်တစ်ခု အတွက် ၄၀၀ ကျပ်၊ နိုင်ငံခြားသားတစ်ဦးလျှင် ကန်နှစ်ဒေါ်လာဟု လက်မှတ်နှုန်းထား သတ်မှတ်ထားသည်။

ထို့အပြင် ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းမှုပြဿနာဖြေရှင်းရန် ရည်ရွယ်၍ အထူးတွဲသီးသန့်ရထားတစ်စီး တိုးချဲ့ပြေးဆွဲမည်ဟု မြန်မာ့မီးရထားမှ အရာရှိတစ်ဦးကပြောသည်။အဆိုပါရထားတွင် လူစီးတွဲ ၆ တွဲပါဝင်ပြီး မြစ်ငယ်စက်ရုံမှ အသစ်ထုတ်လုပ်သော တွဲဆိုင်းများဖြစ်သည်။

“အခု ရန်ကုန်ကိုရောက်နေပါပြီ။ မြို့ပတ်လမ်းပိုင်းကို စမ်းသပ်ပြေးဆွဲနေပါပြီ”ဟု မြန်မာ့မီးရထားမှအရာရှိတစ်ဦးက ပြောသည်။လက်ရှိတွင်မြန်မာ့မီးရထားမှ ရိုးရိုးတွဲ ၁၀၀ ကျပ်၊ အထူးတွဲ ၂၀၀ ကျပ်၊ အထူးတွဲ သီးသန့်ရထားခရီးစဉ် တစ်ခုတည်း အတွက် ၃၀၀ ကျပ်၊ RBE အဆင့်မြင့် အဲကွန်းရထားခရီးစဉ်တစ်ခုတည်း အတွက် ၄၀၀ ကျပ်စသည်ဖြင့် ရထားအမျိုးအစားအလိုက် လက်မှတ်နှုန်းထားများသတ်မှတ် ထားသည်။




7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# Cartoon
















7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

"တီထွင်ကြံဆမှုဆိုတာ ကောင်းတဲ့အရာပါ။
ဇီဝအကြမ်းဖက်မှုတွေကလွဲရင်
တီထွင်ကြံဆမှုကြောင့်ပဲ
လူသားတွေရဲ့အခြေအနေက
တိုးတက်လာတာပါ။"



# ဘီလ်ဂိတ်နှင့် တွေ့ဆုံခြင်း

**ခင်မေဇော်(ဝါရှင်တန်ဒီစီ)**

အင်တာနက်ကကမ္ဘာကြီးကိုကယ်တင်မှာမဟုတ်ဘူးဟု မိုက်ကရိုဆော့ဖ်ကို ပူးတွဲတည်ထောင်ခဲ့သူ ဘီလီယံသူဌေးကြီးဘီလ်ဂိတ်ကပြောဆိုလိုက်သည်။ သို့သော် ရောဂါများကို အမြစ်ပြတ်ဖယ်ရှားခြင်းများက ကမ္ဘာကြီးကို ကယ်တင်နိုင်မည်ဟု သူကဆိုသည်။

အိုင်တီနည်းပညာကို မြတ်နိုးနှစ်သက်လှသော်လည်း လူသားတို့၏ ဘဝများကိုမြှင့်တင်ရန်အတွက် ပို၍ အခြေခံကျသော အရာများ ဆောင်ရွက်ရန် ပိုမိုလိုအပ်ပြီး ဥပမာအနေနှင့် ကလေးများဘဝကောင်းမွန်ရေးဖြင့် ကလေး အာဟာရ ပြည့်မီရေးတို့ဖြစ်ကြောင်း သူကပြောဆိုလိုက်သည်။

အင်တာနက်မရှိသော ကမ္ဘာ့လူသန်းပေါင်းငါးထောင်ကို အင်တာနက်ရရေးအတွက် လုပ်ဆောင်ခြင်းသည် ယခုမျိုးဆက်အတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည်ဟု ဖေ့စ်ဘွတ်ခ်တည်ထောင်သူမာ့ခ်ဇူကာဘာက်ကပြောဆိုခဲ့သည်။ ဤပြောဆိုချက်ကို ဘီလ်ဂိတ်ကတော့ သဘောမတူပါ။ ကမ္ဘာ့ပြည်သူများကို အင်တာနက်ဆက်သွယ်ပေးခြင်းက ငှက်ဖျားကာကွယ်ဆေးကို ဖော်ထုတ်ရေးထက်ပို၍ အရေးကြီးပါသလားဟူသော မေးခွန်းကို ဘီလ်ဂိတ်က "ခင်ဗျားနောက်နေတာလား"ဟုပြန်ပြီးမေးခွန်းထုတ်ခဲ့ဖူးသည်။

ဂိတ်၏ အရေးပေါ်ရည်မှန်းချက်မှာ ကာကွယ်၍ရသည့် ရောဂါများဖြင့် ၂၀ စက္ကန့်တိုင်း အသက်ငါးနှစ်အောက်ကလေးတစ်ဦးနှုန်းသေဆုံးနေခြင်းကိုဟန့်တားရန်ဖြစ်သည်။ စီရဲတာတွင်ရှိသည့် ဘီလ်အင်န်မလင်းဒါးဂိတ်ဖောင်ဒေးရှင်းကို သူ့ဖခင်နှင့် ဇနီးဖြစ်သူမလင်းဒါးတို့ဦးဆောင်လုပ်ကိုင်နေပြီး ဝန်ထမ်းပေါင်း ၁၁,၀၀၀ ရှိသည်။ လူသားများ၏ ဘဝကို ပြောင်းလဲတိုးတက်စေမည့် မည်သည့်စီမံကိန်းမျိုးကို ငွေကြေးထောက်ပံ့မှုပေးမည်ဆိုသည်ကို ထိုနေရာမှ ဆုံးဖြတ်နေသည်။ ဂိတ်ကိုယ်တိုင်က ကမ္ဘာအနှံ့က သူတို့၏ စီမံချက်များကို အလုပ်ဖြစ်၊မဖြစ်လှည့်လည်ကြည့်ရှုနေသည်။ ကလေးကျောင်းများတွင် အာဟာရအစီအစဉ်၊စိုက်ပျိုးရေးလုပ်ငန်းများစသည်တို့တွင် ကူညီနေပြီး သူ့အတွက် အရေးကြီးဆုံးကတော့ ကလေးများအတွက် ကာကွယ်ဆေးဖြစ်သည်။

အသက် (၅၈) နှစ်အရွယ်တွင် ဘီလ်ဂိတ်သည် သူငယ်ရွယ်စဉ်ကတည်းက ရှိနေခဲ့သည့် စိတ်မရှည်မှုများနှင့် တီထွင်လိုသော စိတ်ကူးစိတ်သန်းရည်မှန်းချက်များရှိနေဆဲဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်က အမေရိကန်နိုင်ငံ၏ အထင်ကရ ဟားဗတ်တက္ကသိုလ်မှ ကျောင်းမပြီးခင်နုတ်ထွက်ခဲ့ပြီး ကမ္ဘာ့ပထမဆုံးကွန်ပျူတာသုံးဆော့ဖ်ဝဲကို တည်ထောင်ခဲ့သည်။ ကွန်ပျူတာသည် လူတို့၏ နေ့စဉ်ဘဝကို ကူညီပေးနိုင်ပြီး အိမ်တိုင်းတွင် ကွန်ပျူတာထားရှိရေးသည်သူ၏စိတ်ကူးစိတ်သန်းများဖြစ်ခဲ့သည်။ ဘီလ်ဂိတ်အားစီဘီအက်စ်တီဗီမှချာလီရိုစ်က မိနစ် ၆၀ အစီအစဉ်တွင် မေးမြန်းချက်များမှ ကောက်နုတ်ဖော်ပြပါသည်။

**တီထွင်ကြံဆမှုအပေါ် ဘယ်လိုမြင်ပါသလဲ။**

တီထွင်ကြံဆမှု ဆိုတာကောင်းတဲ့အရာပါ။ ဇီဝအကြမ်းဖက်မှုတို့၊ဘာတို့ကလွဲရင် တီထွင်ကြံဆမှုကြောင့်ပဲ လူသားတွေရဲ့ အခြေအနေက တိုးတက်လာတာပါ။ ဒါပေမဲ့ ဒီလိုနည်းပညာတွေက အံ့မခန်းစရာကောင်းမွန်နေပေမဲ့လည်း ကျွန်တော်တို့လိုချင်တဲ့ အချိန်အတိုင်းအတာအတွင်း ဒါကို အလိုအပ်ဆုံးဖြစ်နေတဲ့ လူတွေဆီကို ကျွန်တော်တို့ မပေးပို့နိုင်ဘူး။ အင်တာနက်နည်းပညာတွေက ပံ့ပိုးပေးခဲ့လို့ တရုတ်နဲ့ အိန္ဒိယတို့ ကမ္ဘာ့ဈေးကွက်ထဲဝင်ရောက်လာတယ်။ ဒါကတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဘန်ဂါလိုက နည်းပညာစင်တာတွေကို ရောက်ရင် အဲဒီနဲ့ သုံးမိုင်လောက်ဝေးတဲ့ နေရာမှာ နေတဲ့သူတွေကိုလည်း သွားကြည့်ကြပါ။ အိမ်သာမရှိဘူး။ ရေသန့်မရှိဘူး။

**လာမယ့်အနှစ် ၂၀ မှာကမ္ဘာမှာကာကွယ်နိုင်တဲ့ရောဂါတွေကို အမြစ်ဖြတ်ဖယ်ရှားရေးလုပ်မယ့်လို့ ခင်ဗျားပြောတယ်။**

ဟုတ်တယ်။ ဒါကကျွန်တော် အများဆုံးလုပ်သွားမယ့် အလုပ်တွေပဲ။

**ဥပမာ ပိုလီယိုပေါ့နော်။**

ဟုတ်တယ်။ပိုလီယိုကို ၂၀၁၈ မှာ အမြစ်ဖြတ်နိုင်လိမ့်မယ်။

**တီဘီအဆုတ်ရောင်ကရော။**

လက်ရှိဆေးတွေက သိပ်ကြီးမကောင်းလှဘူး။ သူတို့က တီဘီရောဂါကို လျှော့ကျအောင်တော့ လုပ်နိုင်တယ်။ ဒါပေမဲ့အမြစ်ပြတ်အောင်မလုပ်နိုင်သေးဘူး။ ပိုကောင်းတဲ့ဆေးကို ဆက်ပြီးရှာနေတယ်။ ၆ နှစ်၊ ၇ နှစ်လောက် ဆိုရင် ပိုကောင်းတဲ့ဆေးရလာမယ်။

**ငှက်ဖျားဆေး အခြေအနေက ဘယ်လိုရှိသလဲ။**

ငှက်ဖျားက အခုမှ ပိုကောင်းတဲ့ဆေးနည်းတွေကို တီထွင်နေတုန်းပဲရှိပါသေးတယ်။ အဲဒါကို အာရုံထားပြီး လုပ်နေတုန်းဆိုတော့ အနှစ် ၂၀ လောက်အတွင်း ဖြစ်လာနိုင်ပါတယ်။

**ရောဂါတစ်ခုကို အမြစ်ဖြတ်မယ်။ နောက်ရောဂါတစ်ခုကို အမြစ်ဖြတ်မယ်။ နောက်ထပ်ရောဂါတစ်ခုကို အမြစ်ဖြတ်မယ်ဆိုပြီး ပြောနေတဲ့သူကို အရင်က ကျွန်တော် တစ်ခါမှ မဆုံဖူးဘူး။ ဒါကအိပ်မက်တစ်ခုလိုဖြစ်နေမလား။**

ကျွန်တော်ကတော့ ဒီအတွက် အင်မတန်မျှော်လင့်ချက်ကြီးပြီး စိတ်လည်းလှုပ်ရှားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက လုပ်လို့ရတဲ့ အရာတွေမို့ပါပဲ။

ဆေးရုံဆေးခန်းတွေကိုသွားလိုက်ရင် ဒီလိုဖျားနာနေတဲ့ ကလေးတွေကိုကြည့်လိုက်ရင် ကိုယ့်ကလေးတွေနဲ့ ယှဉ်ပြီး ခံစားနားလည်လို့ရပါတယ်။ ကမ္ဘာကြီးမှာ ချမ်းသာကြွယ်ဝမှုတွေရှိနေပြီး ဒီလိုကာကွယ်လို့ရတဲ့ ရောဂါတွေအတွက် မကူညီနိုင်သေးတာဟာ အတော့်ကို လက်မခံနိုင်စရာပါ။

**လျှပ်စစ်မီးမရတဲ့ ဒေသတွေမှာ အအေးခန်းမှာ သိမ်းဆည်းရမယ့် ကာကွယ်ဆေးတွေ ပို့ဆောင်ဖို့အတွက် ခင်ဗျားစီစဉ်နေတယ်ဆိုတာ ဘယ်လိုအခြေအနေရှိသလဲ။**

ဟုတ်ပါတယ်။ စက်မှုနည်းပညာရှင်တွေနဲ့ တိုင်ပင်ပြီး အအေးဘူးတီထွင်တာ အောင်မြင်သွားပါပြီ။ ဒီဘူးက သိပ်လည်း မကြီးလှဘူး။ (အမြင့် သုံးပေခန့်၊ အကျယ် တစ်ပေခွဲ)ဒီထဲမှာ ကလေးရောဂါကာကွယ်ထိုးဆေး ၂၀၀ကို ထည့်ပြီး သိမ်းထားလို့ရတယ်။ လျှပ်စစ်မီးမလိုဘူး။ ဘက်ထရီမလိုဘူး။ ဆေးတွေကို ဒီအအေးဘူးထဲမှာ ၁၅ ရက်ကြာသိုလှောင်ထားလို့ရတယ်။

**ဆေး ဘယ်လောက်ကောင်းကောင်း ဒီဆေးတွေကို ယူမသွားရင် သုံးလို့မရဘူးပေါ့။**

မှန်ပါတယ်။ အခုတော့ ကျွန်တော်တို့က ကမ္ဘာ့အနှံ့က ကာကွယ်ဆေးလိုနေတဲ့ ဘယ်ကလေးဆီကိုမဆို ဒီကာကွယ်ဆေးပို့လို့ရပါပြီ။

**နောက်ပြီး ခင်ဗျားအိမ်သာစီမံကိန်းလုပ်နေတယ်ပြောတယ်။**

ဟုတ်ပါတယ်။ နောက်စီမံကိန်းတစ်ခုက အိမ်သာပါ။ အိမ်သာကလည်း ကာကွယ်ဆေးလိုပါပဲ။ ကမ္ဘာ့ဆင်းရဲတဲ့ဒေသတွေမှာ အိမ်သာမရှိတော့မြစ်တွေ၊ချောင်းတွေထဲ စွန့်ပစ်ပြီး ရေညစ်ညမ်း၊ ရောဂါတွေရပါတယ်။ ရောဂါတွေပြန့်တယ်။

**ဒီတော့ ခင်ဗျားက အိမ်သာဆောက်တဲ့နည်းပညာရှာရတော့တာပေါ့။**

ဟုတ်ပါတယ်။ ကျင်းမတူရဘဲ အိမ်သာဆောက်ဖို့ အိမ်သာနည်းပညာပြိုင်ပွဲလုပ်ပါတယ်။ အခုတီထွင်မှု ၂၀ လောက်စလုပ်နေကြပါတယ်။ အကောင်းဆုံးလေးခုကို ရွေးမှာပါ။ တချို့က မီးရှို့တဲ့နည်း၊ တချို့ကလေဆာနည်းစသဖြင့်ပေါ့ အမျိုးမျိုးသုံးဖို့စမ်းသပ်နေပါတယ်။ ဒီအိမ်သာတစ်ခုထဲမှာပဲ ပြန်ပြီးတော့ ချေဖျက်ပစ်နိုင်အောင် တီထွင်မှုတွေကတော့ အမျိုးမျိုးပါပဲ။ လာမယ့်လေး၊ ငါးနှစ်ဆိုရင် ကျင်းမတူဘဲ ရွှေ့ပြောင်းလို့ ရတဲ့ အိမ်သာကို ကျွန်တော်တို့ အပြီးသတ်တီထွင်နိုင်မှာပါ။

**ကျေးဇူးတင်ပါတယ်။**

(စိတ်မရှည်သော အကောင်းမြင်ဝါဒီတစ်ဦးအဖြစ် သူ့ကိုယ်သူ သတ်မှတ်ထားသော ဘီလ်ဂိတ်က ကဏ္ဍအတော်များများကို စိတ်ဝင်တစားလေ့လာသူဖြစ်ပြီး လေ့လာလျှင်လည်း အတွင်းကျကျလေ့လာသူဖြစ်သည်။မိမိတည်ထောင်ခဲ့သော မိုက်ကရိုဆော့ဖ်ကုမ္ပဏီမှ အမြတ်များစွာကို ကမ္ဘာ့ကလေးကျန်းမာရေးအတွက် ကာကွယ်ဆေးဖော်ထုတ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လူအများအကျိုးရှိစေမည့် လုပ်ငန်းများစွာတွင် ဘီလ်ဂိတ်က လှူဒါန်းသုံးစွဲနေသည်။ ကမ္ဘာကြီးကို ပို၍ နေချင်စဖွယ်ကောင်းအောင် ဖန်တီးသူအဖြစ် လူအများက တလေးတစားအသိအမှတ်ပြုခံနေရသူလည်းဖြစ်ပါသည်။)



## Leader's Profile

# မော်လဒိုက်သမ္မတ အဗ္ဗဒူလာယာမင်း

ရဲမင်း

အဗ္ဗဒူလာယာမင်း အဗ္ဗဒူဂါယွန်းသည် မော်လဒိုက်သမ္မတနိုင်ငံ၏ ဆဌမမြောက်နှင့် လက်ရှိသမ္မတဖြစ်သည်။ ယာမင်းသည် မော်လဒိုက်ပြည်သူ့လွှတ်တော်အမတ်အဖြစ် ၁၉၉၃ ခုနှစ်မှ လေးကြိမ်ဆက်တိုက် ရွေးကောက်တင်မြှောက်ခံရပြီး လူနည်းစုခေါင်းဆောင်အဖြစ် ဆက်တိုက်တာဝန်ယူခဲ့သည်။ ကျွန်းငယ်ပေါင်း ၂၆ ကျွန်းပါဝင်သော အိန္ဒိယသမုဒ္ဒရာကျွန်းနိုင်ငံ၏ မီဘူးနှင့် ဘားကျွန်းမဲဆန္ဒနယ်များကို ကိုယ်စားပြုခဲ့သည်။

ယာမင်းကို ၁၉၅၉ ခုနှစ် မေလ ၂၁ ရက်က မော်လဒိုက်နိုင်ငံမြို့တော်မာလီတွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူ ကေယွန်းအီဘရာဟင်မှာ ရှေ့နေချုပ်ဟောင်းတစ်ဦးဖြစ်သည်။

အစ်ကိုဖြစ်သူမှာ ၁၉၇၈ မှ ၂၀၀၈ ခုနှစ်အတွင်း မော်လဒိုက်နိုင်ငံသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယာမင်းသည် အခြေခံပညာကိုမော်လဒိုက်နိုင်ငံမှာပင် သင်ယူခဲ့ပြီး တက္ကသိုလ်ပညာကို လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ အမေရိကန်တက္ကသိုလ်တွင် တက်ရောက်ပြီး စီးပွားစီမံဘွဲ့ရရှိခဲ့သည်။ နောက်ပိုင်းတွင် ယာမင်းသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကလဲရီမောင့်တက္ကသိုလ်၌ ပြည်သူ့မူဝါဒဘာသာရပ် အထူးပြုသင်ယူခဲ့သည်။

ယာမင်း၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်လျှပ်စစ်ဓာတ်အားကုမ္ပဏီ (STELCO)က နိုင်ငံမြို့တော်မာလီနှင့် အခြားကျွန်းစုများသို့ အရေးကြီးသော လျှပ်စစ်သွယ်တန်းရေး စီမံကိန်းအများအပြား အကောင်အထည်ဖော်ခဲ့သည်။ မာလီနိုင်ငံ၏ လျှပ်စစ်သွယ်တန်းရေး တတိယနှင့် စတုတ္ထအဆင့် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခဲ့သလို ကမ္ဘာ့ရေနံဈေးနှုန်းများ ကြီးမြင့်လာချိန်တွင် လျှပ်စစ်ဓာတ်အားဈေးနှုန်း ထိန်းချုပ်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သည်။

ထို့အပြင် ယာမင်းတို့အဖွဲ့သည် မော်လဒိုက်နိုင်ငံ၏ ဝေးလံသော ကျွန်းများသို့ လျှပ်စစ်သွယ်တန်းရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ခဲ့သည်။

ယာမင်းသည် ၎င်းကူညီထူထောင်ခဲ့သော ပြည်သူ့မဟာမိတ် (PA)ပါတီတွင် နှစ်အနည်းငယ်ပါဝင်ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် မော်လဒိုက်တိုးတက်ရေးပါတီ (PPM)သို့ဝင်ရောက်ခဲ့သည်။ ပါတီစတင်ဖွဲ့စည်းချိန်မှစ၍ PPM လွှတ်တော်အမတ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၃ ဇန်နဝါရီ ၁၇ မှ ၁၉ ရက်အထိ PPM ပါတီကွန်ဂရက်တွင်လည်း လွှတ်တော်အမတ်အဖွဲ့ကို ဆက်လက်ဦးဆောင်ရန် ရွေးချယ်ခြင်းခံရသည်။

အဗ္ဗဒူလာယာမင်းသည် နိုင်ငံရေးလုပ်ငန်းအပြင် ၎င်းမွေးဖွားကြီးပြင်းခဲ့ရာ မက်ချန်ဂေါဟီဒေသ၌ စည်းရုံးရေးမှူးအဖြစ် တာဝန်ယူပြီး လူကြိုက်များသော ယဉ်ကျေးမှုပွဲတော်များ စီစဉ်ကျင်းပခဲ့သည်။ ထို့အပြင် ၎င်းလက်ထက်မှာပင် လူ့အဖွဲ့အစည်းအခြေစိုက် အာမာဒီယာကျောင်းမှာလည်း နာမည်ကျော် ပုဂ္ဂလိကကျောင်းဖြစ်လာသည်။

၂၀၁၃ မော်လဒိုက်သမ္မတရွေးကောက်ပွဲများကို အကျော့နှစ်ကျော့ခွဲ၍ ကျင်းပခဲ့ပြီး စက်တင်ဘာ ၇ ရက်က ကျင်းပသော ပထမအကျော့ရလဒ်ကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့သည်။ နိုဝင်ဘာ ၁၆ ရက်တွင် ရွေးကောက်ပွဲထပ်မံကျင်းပခဲ့ရာ အဗ္ဗဒူလာယာမင်းက ပြိုင်ဘက်သမ္မတဟောင်း မိုဟာမက်နာရှိဒ်ကို အနိုင်ရရှိပြီး မော်လဒိုက်သမ္မတ ဖြစ်လာခဲ့သည်။

အဗ္ဗဒူလာ ယာမင်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သော်လည်း သားသမီးမရှိပေ။

—*Ref: Wikipedia*

# အငြင်းပွားဖွယ် ရေနံနှင့် သဘာဝဓာတ်ငွေ့ဥပဒေ မက္ကဆီကိုသမ္မတလက်မှတ်ထိုး

**မက္ကဆီကိုစီးတီး၊ ဒီဇင်ဘာ-၂၁**

၁၉၃၈ ခုနှစ်အတွင်း နိုင်ငံပိုင်ပြုခဲ့ချိန်မှစ၍ နိုင်ငံခြားကုမ္ပဏီများ ပထမဆုံးရေနံတူးဖော်ခွင့်ရရှိမည့် အငြင်းပွားဖွယ်ဥပဒေကိုမက္ကဆီကိုသမ္မတ အန်းနရစ်ပင်ညာနီယက်တိုက လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ယင်းဥပဒေကို လွှတ်တော်တွင် ဒီဇင်ဘာ ၁၃ ရက်၌ အတည်ပြုပေးခဲ့ပြီး မက္ကဆီကိုပြည်နယ်အများစုက ထောက်ခံခဲ့ကြသည်။ နိုင်ငံ၏ကျဆင်းနေသည့် ရေနံထုတ်လုပ်မှုပမာဏကို မြှင့်တင်ရေး လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများရရှိရန် ယင်းပြုပြင်ပြောင်းလဲမှုက ကူညီပေးလိမ့်မည်ဟု နီယက်တိုက ပြောသည်။

ယင်းဥပဒေမှာ နိုင်ငံ့အကျိုးစီးပွားကို ပျက်စီးစေသည်ဟု အတိုက်အခံများကပြောသည်။ ယင်းဥပဒေက မက္ကဆီကိုနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်သုံးချက်ကို ပြောင်းလဲလိုက်ပြီး ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုလိုက်သည်။




PRESIDENCIA/AFP

*ဒီဇင်ဘာ ၂၀ ရက်က အမျိုးသားအိမ်တော်တွင်ကျင်းပသော အခမ်းအနားတစ်ခု၌ စွမ်းအင်လုပ်ငန်း ပြုပြင်ပြောင်းလဲရေးလက်မှတ်ရေးထိုးထုတ်ပြန်ထားသော အမိန့်ကြေညာစာတမ်းကို မက္ကဆီကိုသမ္မတ ပင်ညာနီယက်တိုက ပြသနေစဉ်*

"ဒါဟာ ကျွန်တော်တို့ နိုင်ငံအတွက် သမိုင်းသစ်တစ်ခုရဲ့အစပါ။ အားလုံးအတွက် ပိုကောင်းတဲ့ အနာဂတ်တစ်ခုဖြစ်လာဖို့ တံခါးတွေဖွင့်ထားလိုက်ပါပြီ"ဟု ပင်ညာနီယက်တိုကပြောသည်။

မက္ကဆီကို၏ ရေနံထုတ်လုပ်မှုပမာဏမှာ ၂၀၀၄ ခုနှစ်အတွင်းက တစ်နေ့လျှင် ရေနံစည်ပေါင်း ၃ ဒသမ ၄ သန်းရှိခဲ့ရာမှ လက်ရှိတွင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်းသို့ ကျဆင်းသွားခဲ့သည်။

လွှတ်တော်အဆောက်အအုံ၏ ဝင်ပေါက်ကို ကုလားထိုင်များ စုပုံပိတ်ဆို့ထားမှုအပါအဝင် အတိုက်အခံလွှတ်တော်အမတ်များက ပြီးခဲ့သည့်သီတင်းပတ်မဲခွဲဆုံးဖြတ်မှုကို နည်းမျိုးစုံဖြင့် တားဆီးရန် ကြိုးစားခဲ့သည်။

မက္ကဆီကိုနိုင်ငံ၏ ရေနံကြွယ်ဝမှုကို ပြောင်တလင်းခါသွားစေမည့် အစီအစဉ်ကို ရှုတ်ချရန် လွှတ်တော်အမတ် အန်တိုနီယိုဂါစီယာက လွှတ်တော်တွင် ၎င်း၏အဝတ်အစားများကို ချွတ်ချပစ်ခဲ့သည်။ ယင်းဥပဒေကြမ်းကို အထက်လွှတ်တော်က ဦးစွာအတည်ပြုပေးခဲ့ပြီး နောက်တစ်ရက်တွင် အောက်လွှတ်တော်က အတည်ပြုပေးခဲ့သည်။ —*Ref: BBC*

# ဂရင်းပိစ်အဖွဲ့ ကန့်ကွက်ခဲ့သော အာတိတ်ရေနံတွင်းမှ ရေနံများ ရုရှားဂတ်စ်ပရွန်ကုမ္ပဏီ စတင်ထုတ်ယူ

**မော်စကို၊ ဒီဇင်ဘာ-၂၁**

စက်တင်ဘာလအတွင်း ဂရင်းပိစ်တက်ကြွလှုပ်ရှားသူ ၃၀ တက်ရောက်ကာ ဆန္ဒပြခဲ့သော အာတိတ်ဒေသရှိ ရေနံတွင်းမှ ရေနံထုတ်လုပ်မှု စတင်နေပြီဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီကြီး ဂတ်စ်ပရွန်က ပြောကြားသည်။

ယခုကြေညာချက်မှာ အာတိတ်ဒေသ အေးခဲနေသော ရေခဲပြင်အောက်တွင် ထုထည်များပြားစွာတည်ရှိနေသည်ဟု ယုံကြည်ရသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကိုထုတ်ယူရေး အချိန်ကြာမြင့်စွာကတည်းက စီစဉ်ထားသော ရုရှားနိုင်ငံ၏ကြိုးစားမှု တရားဝင်စတင်ခြင်း အမှတ်အသားဟု အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။

သို့သော် ယင်းမှာ တက်ကြွလှုပ်ရှားသူများကို ဒေါသထွက်စေခဲ့သည်။ အာတိတ်ဒေသမှာ ကမ္ဘာပေါ်တွင် သဘာဝအတိုင်းမပျက်မယွင်းတည်ရှိသော နောက်ဆုံးနေရာဒေသအဖြစ် ၎င်းတို့က ရှုမြင်ကြပြီး ရေနံယိုဖိတ်မှုနှင့် အခြားဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ထိန်းချုပ်ရန် အလွန်ခက်ခဲမည်ဟု ပြောကြားကြသည်။

ဂတ်စ်ပရွန်၏ကြေညာချက်၌ ကုမ္ပဏီအနေဖြင့် ရုရှားပိုင်အာတိတ်ကြမ်းပြင်အသုံးချရေး ၎င်းတို့စီစဉ်ထားသော အခြားလုပ်ကွက် ၂၉ ကွက်တွင်လည်း လုပ်ကိုင်ခွင့်ရှိသည်ဟု အခိုင်အမာဖော်ပြထားသည်။ ပရီရက်လွှန်မိုရီလုပ်ကွက်မှနေ၍ ဂတ်စ်ပရွန်က ရေနံထုတ်လုပ်မှုစတင်နေပြီဖြစ်ကာ ယင်းမှာ အာတိတ်ကြမ်းပြင် သဘာဝအရင်းအမြစ်များကို ဖော်ထုတ်ရေး ရုရှားနိုင်ငံ၏သမိုင်းတွင် ပထမဆုံးစီမံကိန်းဖြစ်သည်ဟု ဂတ်စ်ပရွန်၏ကြေညာချက်၌ ဖော်ပြထားသည်။ —*Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.42 • DECEMBER 25 , 2013

## Super Bowl ဖျော်ဖြေပွဲအတွက် ဒေါ်လာနှစ်သန်းတောင်းလိုက်တဲ့အီမီနမ်

**နယူးယောက်၊ ဒီဇင်ဘာ-၂၁**

အမေရိကန်နာမည်ကျော် ရက်ပါကြီး အီမီနမ်သည် Super Bowl ဖျော်ဖြေပွဲအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းတောင်းဆိုခဲ့ကြောင်းနှင့် ၎င်းတောင်းဆိုသည့် ငွေပမာဏမရလျှင် ဖျော်ဖြေတင်ဆက်ပေးမည်မဟုတ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

အမေရိကန်အမျိုးသား ဘောလုံးချန်ပီယံလုပွဲ Super Bowl အ စီအစဉ်ကြီးကြပ်သူများသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ချန်ပီယံလုပွဲအတွင်း ကျင်းပသည့်ပါတီပွဲ၌ အီမီနမ်ပါဝင်ဖျော်ဖြေတင်ဆက်ပေးရန် ကမ်းလှမ်းခဲ့သည်ဟု TMZ သတင်းက ဖော်ပြခဲ့သည်။ အီမီနမ်သည် ပါတီပွဲတွင် ၎င်း၏ နာမည်ကျော်လူကြိုက်များသော သီချင်းများဖြင့် ဧည့်ပရိသတ် ၁၅၀၀ ခန့်ကို ဖျော်ဖြေတင်ဆက်ရမည်ဖြစ်သည်။ သို့ရာတွင် အဆိုတော် အီမီနမ်က Super Bowl ပါတီ ဖျော်ဖြေပွဲအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းပေးရမည်ဟု ပြန်လည်တောင်းဆိုခဲ့သောကြောင့် ပွဲစီစဉ်သူများမှာ အခြားအဆိုတော်တစ်ဦးကို ပြောင်းလဲရှာဖွေနေသည်ဟု TMZ သတင်းက ဖော်ပြခဲ့သည်။

ပွဲစီစဉ်သူများသည် အဆိုတော် ကန်ယီဝက်စ်က အနုပညာကြေးအဖြစ် အမေရိကန်ဒေါ်လာ တစ်သန်းကျော်ကို တောင်းဆိုခဲ့သည်ဟု သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။ ထို့ကြောင့် Super Bowl တာဝန်ခံများသည် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲသာ ကျသင့်မည့် R&B အဆိုတော် ဂျန်နယ်လီမွန်နေးကို ငှားရမ်းရန် စီစဉ်နေသည်ဟုလည်း သတင်းများထွက်ပေါ်ခဲ့သည်။



## “အကယ်ဒမီဆိုတာကိုမေ့ထားပြီးတော့ ဖောက်ရမယ့်လမ်းသစ်ကိုပဲ စိတ်ဝင်စားတယ်”



ဓာတ်ပုံ-နစ်ကီ

### ■ ဒါရိုက်တာဝိုင်းနှင့်တွေ့ဆုံခြင်း

**ကြူကြူဟာန်**

ဟာသရုပ်ရှင်များဆက်တိုက် ရုံတင်နေချိန်တွင် “အာဒံရယ် ဧဝရယ် ဒဿရယ်” ဒရာမာရုပ်ရှင်ကို ဖန်တီးကာ မင်းသား၊မင်းသမီးနှင့် ထုတ်လုပ်သူတို့ကို အကယ်ဒမီဆု အသီးသီးရရှိအောင် ဖန်တီးပေးနိုင်ခဲ့သော်လည်း ကိုယ်တိုင်အကယ်ဒမီနှင့်လွဲချော်ခဲ့သူမှာ ဒါရိုက်တာဝိုင်းဖြစ်သည်။ သာမန်ချစ်ကြိုက်ကွဲညားဇာတ်လမ်းထဲမှ ခွဲထွက်ပြီး ၅၂၈အချစ်ကို ဖန်တီးရိုက်ကူးပြခဲ့သောသူ၏ “လက်ပံ” ရုပ်ရှင်သည်လည်း ၂၀၁၂ခုနှစ်အတွက် အကယ်ဒမီဆန်ခါတင်စာရင်းတွင်ပါဝင်နေပြန်သည်။ ထို့ကြောင့် ဒါရိုက်တာဝိုင်း၏ အကယ်ဒမီရင်ခုန်သံနှင့် အနုပညာလောကတွင် ရှေ့ဆက်ဖန်တီးမည့်စိတ်ကူးအိပ်မက်များနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားပါသည်။

**ဒီနှစ် “လက်ပံ” ရုပ်ရှင်က ဆန်ခါတင်စာရင်းမှာပါတော့ အစ်ကိုရဲ့ အကယ်ဒမီရင်ခုန်သံကဘယ်လိုရှိပါသလဲ။**

အဲဒါတော့ အကောင်းဆုံးစကားပြောရင်တော့ ပေးတော့လည်း ယူလိုက်တာပေါ့။ မပေးရင်လည်း မယူဘူးပေါ့။ ဒီလိုပဲ ဆုံးဖြတ်ထားပါတယ်။ ရှေ့နှစ်ကလည်း နည်းနည်း Lesson မိထားတော့ အနာကအခုထက်ထိသွေးထွက်နေတုန်းပဲလေ။

**နှစ်တိုင်းအကယ်ဒမီနဲ့ပတ်သက်ပြီးမေးလိုက်ရင် အစ်ကို့ဆီကစိတ်လှုပ်ရှားမှုများနေတာမတွေ့ရဘူး။ အဲဒါဘာကြောင့်လဲ။**

တစ်အချက်က ပရော်ဖက်ရှင်နယ်ဒါရိုက်တာဆိုတာကအစ်ကို့ရဲ့ ငွေရှင်၊ ထုတ်လုပ်သူကိုငွေရေးကြေးရေးအရ ဆုံးရှုံးမှုမရှိအောင် ကြိုးစားနိုင်တဲ့အတွက် နောက်တစ်ချက်က ဒီကားမှာပါတဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ အနုပညာမောင်နှမတွေ၊ အခြားလူတွေကိုရော ပရိသတ်က မှတ်ကျောက်တင်ပေးနိုင်တဲ့အတွက် အစ်ကိုအနေနဲ့ အကယ်ဒမီရခြင်း၊ မရခြင်းက တုန်လှုပ်မှုမရှိဘူး။ ဘာလို့လဲဆိုတော့ အစ်ကိုက ပရော်ဖက်ရှင်နယ်ဒါရိုက်တာတစ်ယောက်အနေနဲ့ အဲဒီနှစ်ခုလုံးကို တာဝန်ကျေခဲ့ပြီလို့ထင်တယ်။ ‘လက်ပံ’မှာ ပရိဂ္ဂျုဆာအပြောင်းအလဲဖြစ်တဲ့အပေါ်မှာရော ဦးဝင်းကြည်အနေနဲ့ ငွေရေးကြေးရေးအမြတ်အစွန်းရပါတယ်။

စာမျက်နှာ ၄၁ »



7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

## ဇန်နဝါရီမှာ ဒရာမာဇာတ်လမ်းတွဲသစ် စတင်ရိုက်ကူးမယ့် ပတ်ယူချန်း

**ဆိုးလ်၊ ဒီဇင်ဘာ-၂၁**

တောင်ကိုရီးယားသရုပ်ဆောင်အဆိုတော် ပတ်ယူချန်းသည် SBS ရုပ်သံလိုင်း၏ ဒရာမာဇာတ်လမ်းတွဲသစ် ‘Three Day's’ ၌ပါဝင်သရုပ်ဆောင်မည်ဟု အတည်ပြုပြောကြားခဲ့သည်။



ပတ်ယူချန်းသည် လာမည့်နှစ်ဇန်နဝါရီလတွင် Three Days ဒရာမာဇာတ်လမ်းတွဲ၌ စတင်ပါဝင်မည်ဖြစ်ကြောင်းနှင့် ယင်းဒရာမာဇာတ်လမ်းတွဲကို ဖေဖော်ဝါရီလကုန်တွင် SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်မည်ဖြစ်ကြောင်း SBS တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကေဒရာမာစတားပတ်ယူချန်းသည် လက်ရှိတွင် Sea Fog ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသောကြောင့် SBS ဒရာမာဇာတ်လမ်းတွဲသစ်တွင် ပါဝင်ရန် အဆင်မပြေဖြစ်နေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ “ပတ်ယူချန်းရဲ့ Sea Fog ရုပ်ရှင်ကားရိုက်ကူးရေးနဲ့ Three Days ဒရာမာဇာတ်လမ်းတွဲ ထုတ်လွှင့်ရေးအစီအစဉ်တွေကို ပြန်ညှိရတာတွေရှိပါတယ်။ ဒါပေမဲ့ ယူချန်းအနေနဲ့ အလုပ်နှစ်ခုစလုံးကို အာရုံစိုက်နိုင်အောင်လို့ ဟိုဘက်အစီအစဉ်ကောဒီဘက်အစဉ်ကပါနည်းနည်းစီလျှော့ပေးဖို့သဘောတူခဲ့ကြပါတယ်” ဟု SBS ရုပ်သံလိုင်း၏ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

Sea Fog ရုပ်ရှင်ဇာတ်ကားကို ပြီးခဲ့သည့် အောက်တိုဘာလမှ စတင်ရိုက်ကူးလျက်ရှိပြီး လာမည့်နှစ် နွေရာသီတွင် ရုံတင်ပြသမည်ဖြစ်သည်။ Three Days ဒရာမာဇာတ်လမ်းတွဲမှ အချို့သော သရုပ်ဆောင်များသည် များမကြာမီရက်အတွင်းတွင် ဇာတ်လမ်းတွဲ ပထမပိုင်းတွင် စတင်သရုပ်ဆောင်တော့မည်ဖြစ်သည်။

—*Ref: TenAsia*

## ငပလီမှာ သူငယ်ချင်းတွေနဲ့ ခရီးသွားမှတ်တမ်းရိုက်ကူးခဲ့တဲ့ နန်းမြတ်ဖြိုးသင်း

**ဖွဲ့ညက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

ရုပ်သံလိုင်းများတွင် ပြသမည့် လူငယ်အဆိုတော် ခြောက်ဦးပါဝင်သော ခရီးသွားမှတ်တမ်းအစီအစဉ်၏ ပထမဆုံးခရီးစဉ်အဖြစ် ငပလီတွင် သွားရောက်ရိုက်ကူးခဲ့ကြောင်း နန်းမြတ်ဖြိုးသင်းကပြောသည်။

ယင်းအစီအစဉ်ကို Let's Go ဟု အမည်ပေးထားပြီး ဒီဇင်ဘာဒုတိယပတ်အတွင်းက ၎င်းနှင့်အတူ ဘန်နီဖြိုး၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ ထက်ထက် (Bobby Soxer)နှင့် နန်းသူဇာတို့ပါဝင်မည်ဖြစ်ပြီး ဒါရိုက်တာဝင်းလွင်ထက်ကရိုက်ကူးထားခြင်းဖြစ်ကြောင်း နန်းမြတ်ဖြိုးသင်းကပြောသည်။

“ငပလီက ပထမဆုံးခရီးပါ။ လူငယ်ခြောက်ယောက်ခရီးသွားနေတာကို အဓိကထားရိုက်ကူးထားတာပါ”ဟု ယင်းခရီးသွားမှတ်တမ်းရိုက်ကူးရေးနှင့် ပတ်သက်၍ ၎င်းကပြောသည်။

ယင်းခရီးစဉ်တွင် ဘန်နီဖြိုး၏ တစ်ကိုယ်တော်အယ်လ်ဘမ်ထဲမှ သီချင်းတစ်ပုဒ်နှင့် ကြော်ငြာတစ်ခုလည်း ရိုက်ကူးခဲ့ကြောင်း နန်းမြတ်ဖြိုးသင်းကပြောသည်။

လတ်တလောအနုပညာလှုပ်ရှားမှုအနေဖြင့် ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးမည့် “ဝါစိမ်းနီကမ္ဘာသိမ်းမည်”ရုပ်သံဇာတ်လမ်းတွဲရိုက်ကူးရန် အစီအစဉ်ရှိပြီး ယင်းဇာတ်လမ်းတွဲတွင် မင်းသမီးရှူး ရှူးနေသော ကောင်မလေးတစ်ယောက်အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ထို့အပြင် နန်းသူဇာနှင့်အတူ သီဆိုထားသော Friend တေးစီးရီး၏ အော်ဒီယိုစီဒီကိုလည်း ပရိသတ်အားပေးမှု ရရှိခဲ့သောကြောင့် ၂၀၁၄ ခုနှစ်တွင် အမ်တီဗီထွက်ရှိနိုင်ရန် ကြိုးပမ်းမည်ဟု ၎င်းကဆိုသည်။



ဓာတ်ပုံ-နစ်ကီ






စာ(၃၉)မှ

# ဒါရိုက်တာဝိုင်းနှင့်တွေ့ဆုံခြင်း

သရုပ်ဆောင်တွေအနေနဲ့လည်း ဘာပဲပြောပြောသူတို့ဘဝမှာ'လက်ပံ'ဆိုတာပရိသတ်ကနေ စိုက်ထူပေးတဲ့မှတ်တိုင်တစ်ခုတော့ရခဲ့ပြီလို့ အစ်ကိုထင်တယ်။ အကယ်ဒမီရခြင်း၊ မရခြင်းက သိပ်တုန်လှုပ်စရာမရှိတဲ့အတွက် ဘာမှမဖြစ်ပါဘူး။

**ရှေ့နှစ်ကလည်း နည်းနည်းLess -on မိထားခဲ့တယ်လို့ဆိုတော့ ကိုယ့်ရဲ့ Personal နဲ့ပတ်သက်ပြီး အကယ်ဒမီရသင့်ခဲ့ပေမယ့် မရခဲ့တာဟာ ဖြစ်သင့်တယ်လို့ထင်လား။**

မဖြစ်သင့်ဘူးပေါ့။ ပြီးခဲ့တဲ့နှစ်အကယ်ဒမီပွဲက လာမတက်လို့ပေါ့။ လာတက်မှပေးမယ်။ လာတက်တာ၊ မတက်တာနဲ့ဆိုင်လို့လား။ အရည်အချင်းဆိုတာ ပေးသင့်ရင်ပေးရမှာပဲ။ အဲဒီအပေါ်မှာ အမြင်ကြည်လင်တဲ့ သူလည်းရှိတယ်။ အမြင်မကြည်တဲ့ သူလည်းရှိတယ်။ ပြီးတော့ အစ်ကိုတို့ဆီမှာက ကားတော်တော်များများကို ရှေးအစွဲတွေနဲ့ကြည့်တယ်။ ရိုက်ရိုးရိုက်စဉ်တွေနဲ့။ အကယ်ဒမီရတဲ့ကား တော်တော်များများကြည့်ရင် ရိုးရိုး ကြီးတွေဖြစ်နေတတ်တယ်။ အစ်ကို့ကားတော်တော်များများက အငြင်းပွားဖွယ်ရာတွေပါမယ်။ စိတ်ကူးဆန်းဆန်းလေးတွေပါတယ်။ အစ်ကို့အနေနဲ့ အမှတ်ပေးစည်းမျဉ်းနဲ့ ကိုက်ညီအောင်ရိုက်ပါဆို မရိုက်နိုင်ဘူး။ ရိုက်မယ်ဆိုရင် အစ်ကို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာသစ္စာဖောက်သလိုဖြစ်မယ်။ မရိုက်နိုင်ဘူး။ ရိုက်မယ်ဆိုရင် ကိုယ့်အနုပညာမောင်နှမတွေအပေါ်မှာ အစ်ကိုက လမ်းသစ်ဖောက်ချင်တဲ့သူ။ အကယ်ဒမီဆိုတာကိုမေ့ထားပြီးတော့ ဖောက်ရမယ့်လမ်းသစ်ကိုပဲ စိတ်ဝင်စားတယ်။

**အကယ်ဒမီဆန်ခါတင်မှာပါတဲ့ လက်ပံကားရိုက်ခဲ့တာကြာပြီဆိုတော့ အခုချိန်မှာ ကိုယ်ရိုက်ခဲ့တဲ့ကားကို ဘယ်လိုသုံးသပ်ချင်လဲ။**

အစ်ကိုအမှန်အတိုင်းပြောရရင် အစ်ကို့ကားမှာ အားအနည်းဆုံးက အသံပဲရှိမှာပါ။ ကျန်တဲ့အပိုင်းတွေက အစ်ကိုစိတ်ကြိုက်တစ်နှစ်ခွဲလောက် ကားဆက်ချိန်ယူခဲ့ရတဲ့ကား။ တော်တော်လေးအချိန်ယူပြီး လုပ်ခဲ့ရတဲ့ကားပါ။ အသံကိုအစွမ်းကုန်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အသံက နည်းပညာအခက်အခဲတွေကြောင့် အသံမှာအဆင်မပြေခဲ့ဘူး။

ကျန်တဲ့ ကင်မရာအယူအဆကြည့်မလား၊ ပလော့တ်ကြည့်မလား၊ ပြီးတော့ လိုက်တင်အယူအဆပိုင်းကိုကြည့်မလား။ အရေးကြီးဆုံးက အဲဒီထဲမှာပါတဲ့ဇာတ်ညွှန်းပိုင်းဆိုင်ရာအတတ်ပညာက လက်ပံမှာ အရေးပါပါတယ်။ ဝတ္ထုစာအုပ်တစ်ရာကျော်က စာတွေအကုန်လုံးကို အသုံးမပြုဘဲနဲ့ မထင်မှတ်တဲ့ အပိုင်းကနေစပြီးတော့ မထင်မှတ်ရင် မထင်မှတ်သလိုပရိသတ်ကို စိတ်ဝင်စားအောင်ရိုက်ပြတာ။ ဝတ္ထုကကောင်းတယ်။သို့သော်လည်း ဝတ္ထုအတိုင်းသာရိုက်ပြရမယ်ဆို အချိန်ကြာညောင်းပြီးတော့ ကားတစ်ကားကို သုံးနာရီလောက်ကြည့်ရမှာပါ။ အဲဒီအတွက် လက်ပံမှာ အဓိကရိုက်ချက်ရယ်၊ ဇာတ်ညွှန်းရဲ့အတတ်ပညာရယ်ကိုဦးစားပေးထားပါတယ်။

**ပြဿနာတွေရှိနေရင် အကယ်ဒမီမရတတ်ဘူးလို့ပြောကြတယ်။ လက်ပံကားမှာပါတဲ့ မင်းသမီးစိုးမြတ်သူဇာက မူးယစ်ဆေးနဲ့ပတ်သက်ပြီး လတ်တလောမှာသတင်းထွက်ခဲ့တယ်။ စိုးမြတ်သူဇာကိုလည်းအများစုက အကယ်ဒမီခန့်မှန်းကြတယ်။ ဒါရိုက်တာတစ်ယောက်အနေနဲ့ အစ်ကိုရောဘယ်လိုထင် ပါသလဲ။**

အကယ်ဒမီရွေးချယ်ရေးဘုတ်အဖွဲ့ဝင် ဦးကြည်စိုးထွန်းကတော့ ဒီဟာတွေနဲ့မဆုံးဖြတ်ပါဘူးဆိုပြီး အတိအလင်းတော့ပြောထားတယ်။ သူ့စကားကိုယုံကြည်ရမယ်နဲ့တူပါတယ်။ သို့သော်ငြားလည်း အစ်ကိုတို့မှာ ရှိတတ်တယ်။ ဗမာစကားကအရမ်းရှုပ်တယ်။ အင်္ဂလိပ်စကားမှာမှ He ရယ် She ရယ်ပဲရှိတာ။ ဗမာမှာကအမျိုးမျိုးပဲ။ စကားကိုလွှဲပြောတာမျိုးနဲ့ဆုကို မပယ်စေချင်ဘူး။ ဘာလို့လဲဆိုတော့ အစ်ကိုတို့လောကမှာ အသက်ရှင်တဲ့ကာလအတွင်းမှာပွင့်ပွင့်လင်းလင်းနေရထိုင်ရအောင် မကြီးစိုးအပေါ်မှာ သုံးသပ်ရမယ်ဆိုရင် ဒါတွေဟာအနုပညာနဲ့လားလားမှမဆိုင်တဲ့ကိစ္စပါ။ အစ်ကို့အနေနဲ့ အဲဒါတွေတော့ထည့်သွင်းပြီး မစဉ်းစားစေချင်ဘူး။ အဲဒီလိုပါပဲ ကျန်တဲ့ကိစ္စအဝဝကိုလည်း အနုပညာစံအရပဲ ဆုံးဖြတ်စေချင်ပါတယ်။

**ဒီမှာ အချစ်၊ ဟာသ၊ ဒရာမာကားတွေပဲ ရိုက်ကြတာများတယ်။ မှတ်တမ်းကားမျိုးတွေရိုက်တာနည်းတယ်။ နိုင်ငံတကာမှာဆိုမှတ်တမ်းကားတွေက တကယ့်ကိုပေါက်မြောက်တယ်။ အစ်ကိုလည်းလယ်သမားတွေ လယ်သိမ်းခံရတဲ့ကားရိုက်ခဲ့တာရှိတော့ နောက်ထပ်မှတ်တမ်းကားမျိုးရိုက်ဖို့အစီအစဉ်ရှိလား။**

အမှန်အတိုင်းပြောရရင်အစ်ကိုမှတ်တမ်းကားရိုက်ဖို့အတွက် လေ့လာရပါဦးမယ်။ မှတ်တမ်းကားနဲ့ ရုပ်ရှင်ကတော်တော်ကွာဟတာကိုတွေ့ရတယ်။ ရုပ်ရှင်က စိတ်ကူးယဉ်ဆန်သော၊ သဘာဝနဲ့နီးစပ်သောဇာတ်လမ်းများပေါ့။ မှတ်တမ်းကားက တတယ့်အဖြစ်မှန်ကိုရိုက်ရတာ။ အခုလယ်သမားကားကလည်းတန်းလန်းကြီးဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ အစ်ကိုတကယ်ရိုက်ကြည့်တဲ့အချိန်မှာ တော်တော်လေးကိုအခက်အခဲရှိမှန်းသိရပါတယ်။ မှတ်တမ်းကားမျိုးကို လူတွေစိတ်ဝင်စားအောင် အများကြီးကြိုးစားရဦးမှာပါ။ အစ်ကိုတို့ နိုင်ငံအနေနဲ့ မှတ်တမ်းကားက ဟိုဘက်မှာကျတော့ သိပ်ပြီးတိုးတက်လာပြီဆိုတော့ ကြည့်လည်းကြည့်တတ်နေပြီဆိုတော့ အဆင်ပြေတယ်။ ဒီဘက်မှာကျတော့ ပရိသတ်ကြည့်နိုင်အောင် မပျင်းဖို့အများကြီး နည်းစနစ်တွေလိုပါသေးတယ်။

**အနုပညာလောကမှာ ဇာတ်ရဲ့ကာရိုက်တာနဲ့ တကယ်လိုက်ဖက်တဲ့ သူကိုမရှာဘဲ နီးစပ်သူအချင်းချင်းပဲရိုက်ကြတယ်လို့ ပြောသံတွေကြားရပါတယ်။ အစ်ကိုရောဇာတ်ကားတစ်ကားရိုက်တော့မယ်ဆိုရင် ဇာတ်ကောင်ကို ဘယ်လိုစံနဲ့ရွေးချယ်ပါသလဲ။**

အဓိက ကတော့ ဇာတ်ကောင်ရဲ့ စရိုက်အံဝင်ဖို့ပဲအရေးကြီးပါတယ်။ အဲဒီလူက ကိုယ်နဲ့တည့်သည်၊ မတည့်သည် အစ်ကို့ခေါင်းထဲမှာလုံးဝမရှိပါဘူး။ အားလုံးက ချစ်ချစ်ခင်ခင်နေရမယ်လို့ပဲသတ်မှတ်ပါတယ်။ သူတို့ရဲ့ အလုပ်တွေ၊ အပြုအမူတွေအပေါ်မှာ ဝေဖန်ကောင်းဝေဖန်လိမ့်မယ်။ သို့သော်ငြားလည်းဝေဖန်လိုက်လို့ အစ်ကို့စိတ်ထဲမှာဘာမှမရှိဘူး။ ချစ်ခြင်း၊ မုန်းခြင်းဆိုတာမရှိဘူး။

အစ်ကို့ရဲ့ဇာတ်ကောင်နဲ့ လိုက်ရင်သုံးမှာပဲ။ အဲဒီလူကိုမသုံးဘူးဆိုရင် အစ်ကို့ရဲ့ ကိုယ်ကျင့်တရားကိုဖောက်ဖျက်တာနဲ့တူတယ်။ လူတစ်ယောက်ကိုမုန်းလို့မသုံးဘူး၊ လူတစ်ယောက်ကိုမုန်းလို့ဘေးဖယ်ထားတယ်။ လူတစ်ယောက်ကို မုန်းလို့ ဆုမချီးမြှင့်ဘူး၊ လူတစ်ယောက်ကိုမုန်းလို့ရာထူးမပေးဘူးဆိုတာတွေက လူတစ်ယောက်အနေနဲ့ကိုယ်ကျင့်တရားဖောက်ဖျက်တယ်လို့အစ်ကိုထင်တယ်။ အစ်ကိုကတော့ မလုပ်ဘူး။

**အစ်ကိုအခုရိုက်နေတဲ့ ဇာတ်ကားတွေကိုအရေအတွက်နည်းနည်းနဲ့ ကွာလတီကောင်းအောင်ရိုက်ကူးနေတော့ ဒီထက်ပိုပြီးတော့ဇာတ်ကားရိုက်ကူးမှုတွေ တိုးချဲ့ပြီးလုပ်ဆောင်သွားဖို့ရှိလား။**

အစ်ကိုလုပ်နိုင်သလောက်လေးပဲ လုပ်တာပါ။ ပိုက်ဆံရရင်ပြီးရောဆိုပြီး မလုပ်ပါဘူး။ ငါဒီလမှာ တစ်ကားရိုက်နိုင်မယ်ဆိုတစ်ကားပဲတည်တယ်။ အဲဒီတစ်ကားကို ကောင်းကောင်းလေးနဲ့ ပရိသတ်ကြည့်လို့အဆင်ပြေမယ့်အဆင့်ကို ရိုက်တယ်။ အဲဒီလိုပဲ ရုပ် ရှင်ဆိုလည်း ပရိသတ်ဘယ်လောက်ထိ ရုပ်ရှင်ရုံမှာကြည့်နိုင်လောက်တဲ့အဆင့်မှ ရုပ်ရှင်ကိုတည်တာ။ အစ်ကို့ကို ရုပ်ရှင်အပ်တဲ့ သူတွေအများကြီးပါပဲ။ ဒါပေမဲ့ကားတိုင်းလက်မခံပါဘူး။ အဲဒီလိုလက်ခံရင် ပရိသတ်ချစ်တဲ့ဝိုင်းက ပရိသတ်မုန်းတဲ့ဝိုင်းဖြစ်သွားပါလိမ့်မယ်။ အဲဒါကြောင့်မို့အစ်ကိုပရိသတ် အချစ်ကိုပဲလိုချင်ပါတယ်။ ရမယ့်ငွေရေးကြေးရေးကိုမကြည့်ပါဘူး။ မေးခွန်းကိုချို့ဆိုရင်အစ်ကို့ရဲ့ပုံမှန်သွားနေတဲ့လမ်းကြောင်းက မှန်ကန်တယ်ထင်တဲ့အတွက် အစ်ကိုဒီအတိုင်းလေးပဲရှိနေမှာပါ။

**အခုအနုပညာလောကက လူတချို့လည်း နိုင်ငံတကာနဲ့ချိတ်ပြီး ဇာတ်ကားတွေရိုက်ဖို့ ကြိုးစားနေကြပြီပေါ့။ အစ်ကိုရောဆန္ဒရှိလား။**

အစ်ကို့အနေနဲ့ပြောရရင် အင်တာနေရှင်နယ်အဆင့်သွားဖို့ဆိုတာအရာရာမှာစောနေပါသေးတယ်။ တကယ့် တကယ်အင်တာနေရှင်နယ်သွားဖို့အတွက် အဆင့်သင့်ဖြစ်နေပြီလားဆိုတဲ့ မေးခွန်းမေးဖို့လိုတယ်။ ဘာလို့လဲဆိုတော့ တကယ့်အင်တာနေရှင်နယ်ကအလုပ်လုပ်တာနဲ့ အစ်ကိုတို့နိုင်ငံတွေက အလုပ်လုပ်တာပြောင်းပြန်တွေဖြစ်နေတယ်။ ဒီလိုအလုပ်မျိုးသွားလုပ်လို့ကတော့ ဘယ်အင်တာနေရှင်နယ် တကယ့်ပရော်ဖက်ရှင်နယ်ကမှ လက်ခံမှာမဟုတ်ဘူး။ ကိုယ့်နိုင်ငံထဲမှာပိုက်ဆံညာယူမယ့်နိုင်ငံခြားသားကလက်ခံရင်တော့ လက်ခံမှာပေ့ါ။

**ကျေးဇူးတင်ပါတယ်။**

ခေတ်မီ ဆေးကုခန်း
လေပြွန်ပန်းနာရောဂါဝရှုပြုပါ။

ပန်းနာရောဂါမှာ ရုတ်တရက် အမောဆို့ခြင်း၊ အသက်ရှူမြန်ခြင်း၊ ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်တတ်သည်။ တချို့ ရောဂါသည်များသည် ရင်-အောင့်ခြင်း ဖြစ်တတ်သည်။ ၎င်းရောဂါ အခြေအနေသည် ရောဂါသည်မှ မီးခိုးငွေ့၊ ရေမွှေး၊ သဘော်ဆေး၊ ဖုံမှုန့်၊ အိမ်မွေးတိရိစ္ဆာန်၊ ပန်းဝတ်မှုံစသော စူးရှသော အနံ့များနှင့် ထိတွေ့သောအခါ ဖြစ်လေ့ရှိပါသည်။ ညပိုင်းနှင့် မနက်မိုးလင်းချိန်တို့တွင် ရောဂါအခြေအနေ ဆိုးလာတတ်သည်။ သို့မဟုတ် ပိုးဆိုးလာသည်။ ပန်းနာရောဂါ ဆွဲကပ်နေပါက ရောဂါအခြေအနေ ဆိုးပါလျက် ဆေးမကုပဲထားလျှင် အသက်ကို အန္တရာယ် ဖြစ်စေပါသည်။

"ခေတ်မီဆေးခန်း"သည် ပန်းနာရင်ကျပ်အထူးကုစင်တာဖြစ်သည်။ နှစ်ပေါင်းတစ်ရာကျော်ရှိ တိုင်းရင်းကုထုံးဖြင့်လေပြွန်ရောင်ရမ်းခြင်း၊ ပန်းနာခြင်း၊ အဆုပ်ရောင်ရမ်းခြင်းရောဂါများကုသပေးပါသည်။ ရောဂါမည်မျှဆိုးနေပါစေ၊ အချိန်မည်မျှကြာနေပါစေ၊ အားလုံးကို ပျောက်ကင်းအောင် ကုသပေးနိုင်ပါသည်။ ကုထုံး (၁-၂)ကြိမ်အတွင်း ရောဂါပျောက်ကင်းစေနိုင်ပါသည်။ ကုသပြီးနောက် ပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။



ပိတ်ရက်မရှိ။

နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ
အမြန်ပျောက်ကင်းစေသော ကုထုံးသစ်

နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ ရောဂါများသည် နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်ကျဆင်းခြင်း၊ လည်ချောင်းခြောက်သွေ့ခြင်း၊ နာခြင်း၊ ချောင်းဆိုးရာတွင် ချွဲသလိပ်များခြင်း၊ အော့ဂလီဆန်ခြင်းများ ဖြစ်တတ်ပါသည်။ အချိန်မှီ ဆေးကုသခြင်းမပြုပါက နှာခေါင်း၊ လည်ချောင်း ကင်ဆာဖြစ်သွား နိုင်ပါသည်။

ကျွန်တော်တို့ဆေး ကုခန်းတွင် အမေရိကန်နိုင်ငံမှ ခေတ်အမီဆုံး နား၊ နှာခေါင်း၊ လည်ချောင်းစစ်ဆေးသောကွန်ပျူတာ စက်ကြီး များဖြင့်စစ်ဆေးကုသပေးနေပါသည်။ ၃-၅မိနစ်အတွင်း နှာခေါင်း ရောင်နာ၊ လည်ချောင်း ရောင်နာ ရောဂါများကို တိတိကျကျ စစ်ဆေးတွေ့ရှိ နိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ 6G-YNT နည်းပညာဖြင့် ကုသပေးသောကြောင့် အလျှင်အမြန်ပျောက်ကင်း စေနိုင်ပါသည်။ သက်သာရမြန်ဆန်၍ ကုသချိန်တိုတောင်းပါသည်။ အမြစ်ပြတ်ပါသည်။ နာတာရှည် နှာခေါင်းရောင်နာ၊ နှာခေါင်းအလာဂျီ၊ နှာတွင်းလိုဏ်မြှောင်းရောင်နာ၊ နှာခေါင်းထွက်သက်အသားဖု၊ လည်ချောင်းရောင်နာ၊ အာသီးရောင်နာ စသောရောဂါများ ကုသရာတွင် ဆေးစွမ်းထက်လှပါသည်။ ရောဂါကြီးကြီး၊ သေးသေး၊ နာတာရှည်၊ ကာလတို ရောဂါများ အားလုံးကို တစ်ကြိမ်တည်းဖြင့် ပျောက်အောင်ကုသပေးပါသည်။



ဆေးခန်းဖွင့်ချိန်
နံနက် (၈)နာရီမှ ည (၈)နာရီထိ

အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09-421180800

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ်OBD-IIသင်တန်း
Diagnostic, Software, WiringDiagram, ModernAutomotiveTechnology စာတွေ့၊ လက်တွေ့
စနေနေ့တိုင်း(အခမဲ့) မိတ်ဆက်သင်တန်း
အမှတ်စဉ်(၃၈)(၃၉)(၄၀)ပုံမှန်တန်းခွဲသစ်များကို ဇန်နဝါရီလ(၂)ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်။
Scan Tools အမျိုးမျိုးရရှိနိုင်ပြီ။
Engine Doctor Engineering
အမှတ် ( ၁၀၂ )၊ မြေညီထပ်၊ ၅၂ လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၄၂၁၁ ၄၄၄ ၉၅၊ ၀၉-၄၂၁၁ ၄၄၄ ၉၆၊ ၀၉-၄၂၁၁ ၄၄၄ ၉၇၊ ၀၁-၉၀ ၁၀ ၅၇၆

# Sports

7DAY NEWS JOURNAL

Vol.12, No.42 • DECEMBER 25 , 2013


## မြန်မာဆီးဂိမ်းတွင် စံချိန်သစ် ၄၄ ခု ထွက်ပေါ်




*ပြေးခုန်ပစ်အားကစားပြိုင်ပွဲတစ်ခုကျင်းပနေစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

ကျင်းပပြီးစီးခဲ့သော ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ပြိုင်ပွဲ ၄၄ မျိုး၌ စံချိန်သစ်များ တင်ခဲ့ကြောင်း သတင်းရရှိသည်။

ဆီးဂိမ်းစံချိန်သစ် ၄၄ ခုတွင် မြန်မာအားကစားသမားတစ်ဦးသာ ပါဝင်ပြီး ၎င်းမှာ ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၌ ပိုလ်စွဲခဲ့သောစောမာလာနွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျင်းပသော ဆီးဂိမ်း၌ အားကစားနည်းအလိုက် စံချိန်သစ်တင်နိုင်သူ အများဆုံးမှာ ထိုင်းအားကစားအဖွဲ့ဖြစ်ပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် ပိုလ်စွဲခဲ့သော ထိုင်းမှ ကစားသမား ၁၂ ဦးက ဆီးဂိမ်းစံချိန်သစ် ၁၈ ခု ရေးထိုးမှတ်တမ်းတင်ခဲ့သည်။

စံချိန်သစ်ဒုတိယအများဆုံးမှာ ၂၀၁၅ ဆီးဂိမ်းကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူနိုင်ငံဖြစ်သည်။ စင်ကာပူကစားသမား ကိုးဦးက စံချိန်သစ် ၁၁ ခု တင်နိုင်ခဲ့သည်။

ဗီယက်နမ်နှင့် အင်ဒိုနီးရှားကစားသမားများကလည်း စံချိန်သစ်ခြောက်ခုစီတင်နိုင်ခဲ့ပြီး ဖိလစ်ပိုင်ကစားသမားတစ်ဦးတည်းက စံချိန်သစ် နှစ်ခု တင်ခဲ့သည်။

ထို့ကြောင့် ပြိုင်ပွဲဝင် ၁၁ နိုင်ငံတွင် နိုင်ငံခြောက်နိုင်ငံမှ ကစားသမားများက စံချိန်ရှင်များ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့က ၂၇ ကြိမ်မြောက် ဆီးဂိမ်း၏ စံချိန်သစ် ၄၄ ခုစာရင်းသာကြေညာသော်လည်း ယခင်စံချိန်ဟောင်းနှင့် စံချိန်သစ်တို့ကို အသေးစိတ် သတင်းထုတ်ပြန်ခြင်း မရှိပေ။

အာဆီယံဒေသတွင်း အကြီးကျယ်ဆုံးအားကစားပြိုင်ပွဲဖြစ်သော ဆီးဂိမ်းမှာ ယခုနောက်ပိုင်းတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော နိုင်ငံအသီးသီးက ရွှေတံဆိပ်များများရရှိရန် ရိုးရာအားကစားနည်းများ ပိုမိုထည့်သွင်းပြီး အိုလံပစ်အားကစားနည်းများ လျော့လာသည့်အတွက် ဒေသတွင်းအားကစားအဆင့်အတန်းကို နိမ့်ကျလာစေကြောင်း အားကစားရေးရာကျွမ်းကျင်သူများက ဝေဖန်မှုများရှိသည်။ မြန်မာနိုင်ငံတွင် ကျင်းပသော ၂၇ ကြိမ်မြောက် ဆီးဂိမ်းတွင်လည်း မြန်မာ့ရိုးရာ အားကစားနည်းများကို ခေါင်းစဉ်များစွာခွဲ၍ ထည့်သွင်းခဲ့သည့်အတွက် ဝေဖန်မှုများလည်း ရှိသည်။

မြန်မာဆီးဂိမ်းတွင် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သော မြန်မာ့ရိုးရာလှေပြိုင်ပွဲနှင့် ရိုးရာခြင်းခတ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၄ ခုချီးမြှင့်ရာ မြန်မာက ရွှေ ၂၀ ရရှိခဲ့သည်။




## အိန္ဒိယဒိုင်အမျိုးသမီးကိုတိုင်ကြားရန် မသေချာသေး

**ဖွဲ့မာန်၊ ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

မြန်မာ-ထိုင်းအမျိုးသမီးဘောလုံး အကြိုဗိုလ်လုပွဲ၌ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍အာရှဘောလုံးအဖွဲ့ချုပ်ထံ တိုင်ကြားမည်ဟု မြန်မာအမျိုးသမီးဘောလုံးနည်းပြက ပြောကြားထားသော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံသို့ အကြောင်းကြားမှုမရှိသေးဘဲ တိုင်ကြားရန် မသေချာသေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ဒီဇင်ဘာ ၁၈ ရက်က မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ခဲ့သော မြန်မာနှင့်ထိုင်း အမျိုးသမီးအကြိုဗိုလ်လုပွဲစဉ်တွင် အိန္ဒိယလူမျိုးကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များသည် မျှတမှုမရှိသည့်အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တိုင်ပင်ကာ အာရှဘောလုံးအဖွဲ့ချုပ် (AFC)ထံ တိုင်ကြားသွားမည်ဟု မြန်မာအမျိုးသမီးဘောလုံးအသင်းနည်းပြကုမဒါကပြောကြားခဲ့သည်။

"တိုင်မယ်၊ မတိုင်ဘူးဆိုတာ မသေချာသေးဘူး။ အခုထိ ဘာမှလုပ်ထားတာမရှိသေးဘူး"ဟု မြန်မာဘောလုံးအဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံဦးစိုးမိုးကျော်က ပြောသည်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း ၁၂ မိနစ်၌မြန်မာအသင်းက သွင်းယူသော ဂိုးကို လူကျွံဘောအဖြစ်သတ်မှတ်ခဲ့ပြီး ပွဲချိန် ၁၉ မိနစ် တွင် ထိုင်းအသင်းသွင်းယူသောဂိုးမှာ လူကျွံဘောဖြစ်နေသော်လည်း ကွင်းလယ်ဒိုင်လူကြီးက ဂိုးအဖြစ်သတ်မှတ်ပေးခဲ့ခြင်းကြောင့် တိုင်ကြားမည်ဖြစ်ပြီး တိုင်ကြားရာတွင် ကွင်းလယ်ဒိုင်သာမက စည်းကြပ်ဒိုင်၏ စွမ်းဆောင်ရည်မပြည့်ဝမှုကိုသက်သေအထောက်အထားများဖြင့် ပေးပို့သွားမည်ဟု ပြောကြားထားသည်။

"ဒီလိုတိုင်တဲ့အတွက် ပွဲအဖြေကိုတော့ ပြောင်းလဲနိုင်မှာမဟုတ်ပါဘူး။နောက်ထပ်ဒါမျိုး ထပ်ပြီးမဖြစ်အောင် တိုင်တာဖြစ်တယ်"ဟု ဂျပန်လူမျိုးနည်းပြကုမဒါကပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် အချိန်ပိုကစားပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက်နှစ်ဂိုးစီ သရေကျနေ ၍ ပင်နယ်တီအဆုံး အဖြတ်ခံယူရာတွင် ၁၁ ဂိုး၊ ၁၀ ဂိုးဖြင့်ရှုံးပြီး မြန်မာအသင်းဗိုလ်လုပွဲနှင့် လွဲခဲ့ရခြင်းဖြစ်သည်။




# ဘရာဇီးကမ္ဘာ့ဖလားကာလအတွင်း ကမ္ဘာလှည့်ခရီးသွားများ ကန်ဒေါ်လာ ၁၀ ဘီလီယံ သုံးစွဲနိုင်


SHAUN BOTTENILL/EPA

**ဘရာစီးလီးယား၊ ဒီဇင်ဘာ-၂၂** လာမည့်နှစ်ကမ္ဘာ့ဖလားပွဲအတွင်း နိုင်ငံခြားသားနှင့် ဘရာဇီးနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ ကန်ဒေါ်လာ ၁၀ ဘီလီယံသုံးစွဲကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ဘရာဇီးနိုင်ငံ ကမ္ဘာလှည့်ခရီးသွားအဖွဲ့က ပြောသည်။

ယင်းသုံးစွဲမှုမှာ ဘရာဇီးနိုင်ငံ ဒေသများအားလုံးအတွက် လေကြောင်းခရီးဝန်ဆောင်မှုမှသည် တရားမဝင်စီးပွားရေးများအထိ စီးပွားရေးကဏ္ဍများကို အားဖြည့်ပေးမည့် အရေးကြီးသော ရင်းမြစ်များဖြစ်သည်ဟု ဘရာဇီးနိုင်ငံ ကမ္ဘာလှည့်ခရီးသွားအဖွဲ့ ဥက္ကဋ္ဌ ဖလာဗီယိုဒီနိုက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ဇွန်လက ၁၅ ရက်ကြာကျင်းပခဲ့သော တိုက်ကြီးများဖလားပွဲကြောင့် ဘရာဇီးနိုင်ငံ စီးပွားရေးအတွက်ကန်ဒေါ်လာ၃၁၁ သန်းရရှိခဲ့သည်ဟု ၎င်းကပြောသည်။ ဘရာဇီးနိုင်ငံတွင် ကမ္ဘာ့ဖလားကျင်းပသောကြောင့် ကုန်ကျစရိတ်မြင့်မားခြင်းကိုလူထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြခဲ့ကြပြီး အများပြည်သူအတွက် ဝန်ဆောင်မှုများအဆင့်မြှင့်ပေးရန်တောင်းဆိုခဲ့ကြသည်။ ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ပုပ်ရဟန်းမင်းကြီး တက်ရောက်သော ကမ္ဘာ့လူငယ်များနေ့အခမ်းအနားတွင်လည်း ကန်ဒေါ်လာ ၅၀၂ သန်း ရရှိခဲ့သည်။

ဘဏ္ဍာငွေရရှိမှုမှာ ယင်းပွဲလမ်းသဘင်ကြီးများအတွက် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းကို မကာမိလျှင်ပင် ကမ္ဘာ့ဖလားအတွက် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု သုံးခုအနက်တစ်ခုမှာ အဓိကကျသော မြို့များတွင် အဆင့်မြင့်မြို့ပြပြောင်းလဲမှုများဖြစ်ပေါ်စေခဲ့ကြောင်း မစ္စတာဒီနိုက ပြောသည်။

ကမ္ဘာ့ဖလားနှင့် ကမ္ဘာ့လူငယ်များနေ့ကဲ့သို့ ရောမအခမ်းအနားကြီးများမှ ချက်ချင်း အမြတ်ရရှိမှုများအပြင် ဘရာဇီးနိုင်ငံအတွက် ဆယ်စုနှစ်များစွာ ပုံမှန်အကျိုးအမြတ်ရရှိစေမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

—*Ref:AFP*


EPA

# ကမ္ဘာ့ဖလားတွင် ပါဝင်ခွင့်ရရန် မမျှော်လင့် နိုင်ငံပွဲများမကြည့်ဟု တီဗက်ဇ်ပြောကြား

**ဗျူးနိုစ်အေးရစ်၊ ဒီဇင်ဘာ-၂၂** အာဂျင်တီးနားနိုင်ငံ၏ ကမ္ဘာ့ဖလားအသင်းတွင် ပါဝင်ရေး မျှော်လင့်ချက်မထားကြောင်းနှင့် နိုင်ငံပွဲများကိုလည်း ရုပ်မြင်သံကြားမှ ကြည့်လေ့မရှိဟု ဂျူဗင်တပ်တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်က ပြောသည်။

ယခုအချိန်အထိ ဂျူဗင်တပ်အတွက် စီးရီးအေဂိုးပေါင်း ၁၀ ဂိုးသွင်းယူပေးထားသည့် တီဗက်ဇ်မှာ ၂၀၁၁ ခုနှစ်တွင် အလီဂျန်ဒရိုဆာဘယ်လာ အာဂျင်တီးနားနည်းပြဖြစ်လာကတည်းက အသင်းတွင် ပါဝင်ခွင့် မရခဲ့ပေ။

"ဆာဘယ်လာကကျွန်တော့်ကို မခေါ်ဘူးဆိုရင်လည်း ကျွန်တော့်ကို ဘာလို့မရွေးလဲဆိုပြီး သူ့ဆီဖုန်းဆက်နေမှာ မဟုတ်ပါဘူး" ဟု တီဗက်ဇ်က အာဂျင်တီးနားရေဒီယိုအား ပြောကြားသည်။

တီဗက်ဇ်က ၎င်းအနေဖြင့် အာဂျင်တီးနားလက်ရွေးစင် အသင်းခေါင်းဆောင်မက်ဆီ အပါအဝင် လက်ရွေးစင်ကစားသမားများနှင့် ဆက်ဆံရေးကောင်းမွန်သည်ဟု ပြောကြားသည်။

အချို့ မီဒီယာဝေဖန်ရေး သမားများကမူ တီဗက်ဇ်မှာ နည်းပြဆာဘယ်လာ၏ နည်းဗျူဟာနှင့် အံဝင်မည်မဟုတ်သလို ၎င်းမှာအသင်း၏ ဟန်ချက်ညီမှုကို ပျက်ပြားစေနိုင်သည်ဟု ဆိုသည်။

—*Ref:Reuters*



7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013



PETER POWELL/EPA

# ဘောက်ဆင်ဒေးမှာ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးတို့အနိုင်သေချာတယ်

## ပရီးမီးယားလိဂ်ပွဲစဉ်(၁၈) ပွဲကြိုသုံးသပ်ချက်

### ဟားလ်စီးတီး – မန်ယူ

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| မန်ယူ ၄ – ၀ ဟားလ်စီးတီး |
| ဟားလ်စီးတီး ၁ – ၃ မန်ယူ |
| ဟားလ်စီးတီး ၀ – ၁ မန်ယူ |

မန်ယူက နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးထားပါတယ်။ ဟားလ်စီးတီးက နောက်ဆုံးသုံးပွဲ ဆက်တိုက်သရေကျနေတာကြောင့် ဒီပွဲလည်း မန်ယူအနိုင်ပါပဲ။

### နော့ဝှစ်ချ် – ဖူလ်ဟမ်

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| နော့ဝှစ်ချ် ၀ – ၀ ဖူလ်ဟမ် |
| ဖူလ်ဟမ် ၅ – ၀ နော့ဝှစ်ချ် |
| ဖူလ်ဟမ် ၂ – ၁ နော့ဝှစ်ချ် |

ဖူလ်ဟမ်က ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲမှာ တစ်ပွဲပဲအနိုင်ရထားပါတယ်။ အိမ်ကွင်းဆိုရင် ခြေစွမ်းသိပ်မဆိုးတဲ့ နော့ဝှစ်ချ်တို့ဖူလ်ဟမ်ကိုအနိုင်သေချာပါတယ်။

### နယူးကာဆယ် – စတုတ်စီးတီး

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| နယူးကာဆယ် ၂ – ၁ စတုတ်စီးတီး |
| စတုတ်စီးတီး ၂ – ၁ နယူးကာဆယ် |
| နယူးကာဆယ် ၃ – ၀ စတုတ်စီးတီး |

နယူးကာဆယ်က နောက်ဆုံးအိမ်ကွင်းလေးပွဲမှာ သုံးပွဲနိုင် တစ်ပွဲသရေကျထားပါတယ်။ အဝေးကွင်းနောက်ဆုံးသုံးပွဲမှာအနိုင်မရတဲ့ စတုတ်ဂိုးပြတ်ရှုံးမှာပါ။

### အဲဗာတန် – ဆန်းဒါးလန်း

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ဆန်းဒါးလန်း ၁ – ၀ အဲဗာတန် |
| အဲဗာတန် ၂ – ၁ ဆန်းဒါးလန်း |
| အဲဗာတန် ၄ – ၀ ဆန်းဒါးလန်း |

အဲဗာတန်ဟာ နောက်ဆုံးသုံးနှစ်အတွင်းအိမ်ကွင်းမှာ ဆန်းဒါးလန်းကို မရှုံးနိမ့်ထားပါဘူး။ ခြေစွမ်းထက်နေတဲ့ အဲဗာတန်တို့ အနိုင်သုံးမှတ်ရယူသွားမယ့်ပွဲပါ။

### စပါး – ဝက်စ်ဘရွန်း

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ဝက်စ်ဘရွန်း ၀ – ၁ စပါး |
| စပါး ၁ – ၁ ဝက်စ်ဘရွန်း |
| စပါး ၁ – ၀ ဝက်စ်ဘရွန်း |

အဝေးကွင်းသုံးပွဲဆက်တိုက်နိုင်ပွဲမရသေးတဲ့ ဝက်စ်ဘရွန်းတို့ စပါးကို အနိုင်ရဖို့မလွယ်ပါဘူး။ စပါးအနိုင်သေချာတဲ့ပွဲဖြစ်ပြီး နှစ်ဖက်သွင်းဂိုးများနိုင်ပါတယ်။

### ကာဒစ်ဖ် – ဆောက်သမ်တန်

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ဆောက်သမ်တန် ၁ – ၁ ကာဒစ်ဖ် |
| ကာဒစ်ဖ် ၂ – ၁ ဆောက်သမ်တန် |
| ဆောက်သမ်တန် ၁ – ၀ ကာဒစ်ဖ် |

နည်းပြမက်ကေးမရှိတော့တဲ့ကာဒစ်ဖ်တို့ အိမ်ကွင်းမှာနိုင်ပွဲရဖို့ ရုန်းကန်ရတော့မှာပါ။ ကစားပုံသိပ်မကောင်းတဲ့ ဆောက်သမ်တန် ရှုံးသွားနိုင်ပါတယ်။

### ဝက်စ်ဟမ်း – အာဆင်နယ်

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| အာဆင်နယ် ၅ – ၁ ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း ၁ – ၃ အာဆင်နယ် |
| ဝက်စ်ဟမ်း ၀ – ၃ အာဆင်နယ် |

နောက်တန်းအမှားများနေတဲ့ဝက်စ်ဟမ်းတို့ နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံး၊ တစ်ပွဲသရေကျထားတာကြောင့် ချန်ပီ

### အက်စတွန်ဗီလာ – ခရစ္စတယ်ပဲလေ့စ်

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ဗီလာ ၃ – ၁ ပဲလေ့စ် |
| ပဲလေ့စ် ၂ – ၂ ဗီလာ |
| ပဲလေ့စ် ၂ – ၀ ဗီလာ |

အဝေးကွင်း ခြေစွမ်းညံ့တဲ့ ပဲလေ့စ်တို့ဗီလာကိုနိုင်ဖို့မလွယ်ပါဘူး။ နောက်ဆုံးသုံးပွဲဆက်တိုက် ရှုံးနိမ့်ထားတဲ့ ဗီလာတို့အနိုင်ကန်သွားမယ့်ပွဲပါ။ ဗီလာအနိုင်ပါ။

### ချယ်လ်ဆီး – ဆွမ်ဆီး

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| ချယ်လ်ဆီး ၂ – ၀ ဆွမ်ဆီး |
| ဆွမ်ဆီး ၀ – ၀ ချယ်လ်ဆီး |
| ချယ်လ်ဆီး ၀ – ၂ ဆွမ်ဆီး |

အာဆင်နယ်နဲ့တွေ့ဆုံအပြီး နောက် သုံးရက်အကြာမှာ နည်းပြလော့ဒရပ်ရဲ့ဆွမ်ဆီးကို အိမ်ကွင်းမှာညှော်ခံကစားရမှာပါ။ ချယ်လ်ဆီးအနိုင်ပါ။

### မန်စီးတီး – လီဗာပူး

| နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု |
|---|
| မန်စီးတီး ၂ – ၂ လီဗာပူး |
| လီဗာပူး ၂ – ၂ မန်စီးတီး |
| လီဗာပူး ၂ – ၂ မန်စီးတီး |

နောက်ဆုံးလေးပွဲဆက်တိုက် ပွဲတိုင်းဂိုးသွင်းခဲ့တဲ့ တိုက်စစ်မှူးဆွာရက်ဇ် မန်စီးတီးအိမ်ကွင်းမှာ ဂိုးသွင်းနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ မန်စီးတီးအနိုင်ပါ။






7 DAY NEWS JOURNAL

Vol.12, No.42 • DECEMBER 25 , 2013


# နိုင်ဂျီးရီးယားစစ်သွေးကြွများ လက်နက်ကြီးများအသုံးပြု၍ အစိုးရစစ်တန်းလျားများကိုတိုက်ခိုက်



AFP

**မိုင်ဒူဂူရီ၊ ဒီဇင်ဘာ-၂၁**

အစ္စလာမ်မစ်အစွန်းရောက်များသည် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းရှိ စစ်တပ်တင့်ကားတပ်ရင်းတန်းလျားများကို လေယာဉ်ပစ်ဒုံးကျည်များ၊ လောင်ချာကြီးများဖြင့်ဝင်ရောက်ပစ်ခတ်ခဲ့သည်ဟု နိုင်ဂျီးရီးယားစစ်တပ်က ပြောကြားသည်။ စစ်တန်းလျားများမှာ မီးဟုန်းဟုန်းတောက်နေခဲ့ပြီး စစ်သားများ၏ ကလေးငယ်များနှင့်အမျိုးသမီးအများအပြား သေဆုံးခဲ့သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။

ဒီဇင်ဘာ ၂၀ ရက် နံနက်အစောပိုင်းတွင် ဘာမာမြို့ရှိစခန်းသို့ အစ္စလာမ်မစ်များဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်ပွားရာနေရာသို့ တိုက်လေယာဉ်များနှင့် မြေပြင်တပ်ဖွဲ့များ စေလွှတ်၍ တန်ပြန်တိုက်ခိုက်ခဲ့ရသည်ဟု နိုင်ဂျီးရီးယားဗိုလ်မှူးချုပ် ခရစ်အိုလူကိုလိတ်က ပြောကြားသည်။

အရေးပေါ်ဥပဒေထုတ်ပြန်ထားသော ဒေသတစ်ခုတွင် ယခုလအတွင်း စစ်တပ်အပေါ် ဒုတိယအကြိမ် အပြင်းအထန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းပြည်နယ်သုံးခုတွင် အရေးပေါ်ဥပဒေထုတ်ပြန်ခဲ့သည်မှာ ခုနစ်လကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အစိုးရစစ်တပ်များသည် အရှိန်အဟုန်ကောင်းနေသော အစ္စလာမ်မစ်စစ်သွေးကြွများအပေါ် ထိရောက်စွာကိုင်တွယ်နိုင်ခြင်းမရှိပေ။

စစ်တပ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သူများသည် ကင်မရွန်းနယ်စပ်မှတစ်ဆင့် နိုင်ဂျီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်ဟု ဗိုလ်မှူးချုပ်ခရစ်က ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် အစ္စလာမ်မစ်စစ်သွေးကြွများ၏ လေးနှစ်ကြာ ဆူပူသောင်းကျန်းမှုများအတွင်း လူပေါင်းထောင်နှင့်ချီ၍ သေဆုံးခဲ့သည်။ *—Ref:AP*



REUTERS

# အမေရိကန်ချူလက်နက်များ ခေတ်မီရေးအစီအစဉ် ဒေါ်လာ ၃၅၅ ဘီလီယံ ကုန်ကျနိုင်

**ဝါရှင်တန်၊ ဒီဇင်ဘာ-၂၁**

နျူလက်နက်များ ခေတ်မီအောင်အဆင့်မြှင့်တင်ရေး အိုဘားမားအစိုးရ၏ အစီအစဉ်မှာ လာမည့်ဆယ်နှစ်အတွင်း ကုန်ကျစရိတ်ကန်ဒေါ်လာ ၃၅၅ ဘီလီယံရှိနိုင်ကြောင်း ကွန်ဂရက်လွှတ်တော်ဘတ်ဂျက်ရုံးကပြောကြားသည်။ ယင်းအစီအစဉ်တွင် နျူလက်နက်တိုက်များ၊ နျူဗုံးများ၊ ပစ်ခတ်ရေးစနစ်များ၊ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်ရေး လုပ်ငန်းများလည်း ပါဝင်သည်။

ယခုထုတ်ပြန်ချက်မှာ ယမန်နှစ်က ကွန်ဂရက်တွင် အစီရင်ခံခဲ့သော ကန်ဒေါ်လာ ၂၀၈ ဒသမ ၅ ဘီလီယံ ခန့်မှန်းချက်ထက် ကန်ဒေါ်လာ ၁၅၀ ဘီလီယံနီးပါး ပိုများနေသည်။ နျူလက်နက်များ ခေတ်မီရေးကြိုးပမ်းမှုမှာ ယခုအခါ အစပင်ရှိသေး၍ ၂၀၂၃ ခုနှစ်နောက်ပိုင်း ကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း လက်နက်ထိန်းချုပ်ရေးအဖွဲ့တစ်ဖွဲ့မှ ဆန်းစစ်လေ့လာသူတစ်ဦးကပြောကြားသည်။

၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကန်နျူကလီးယားတပ်ဖွဲ့အတွက်ကန်ဒေါ်လာ ၃၂ ဒသမ ၁ ဘီလီယံ ခွင့်ပြုရန် သမ္မတအိုဘားမားက တောင်းဆိုထားသည်။ ယင်းတွင် လက်နက်တိုက်များကို ထိန်းသိမ်းရေး၊ ဓာတ်ခွဲခန်းများအား ထောက်ပံ့ရေး၊ နျူလက်နက်များ သယ်ဆောင်ပစ်ခတ်မည့် ရေငုပ်သင်္ဘောများ၊ ဒုံးကျည်များ၊ ဗုံးကြဲလေယာဉ်များအတွက် ထောက်ပံ့ပေးရေး ကုန်ကျစရိတ်များ ပါဝင်သည်။

*—Ref: Reuters*




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးပါတီသစ် နယူးဒေလီတွင် အစိုးရဖွဲ့မည်

**နယူးဒေလီ၊ ဒီဇင်ဘာ-၂၃**

အိန္ဒိယနိုင်ငံတွင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို ဦးဆောင်သော ပါတီသစ်က မြို့တော်နယူးဒေလီတွင် အစိုးရဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သာမန်လူများ၏ပါတီ(AAP) ခေါင်းဆောင် အစိုးရဝန်ထမ်းဟောင်း အာဗင်းကီဂျီဝယ်လ်မှာလည်း နယူးဒေလီဒေသ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဟု ပါတီက ပြောကြားသည်။

ယခုလအစောပိုင်းကကျင်းပသော ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် ကီဂျီဝယ်လ်၏ AAP ပါတီက အမတ်နေရာ အများဆုံးရရှိခဲ့သည်။

နယူးဒေလီဒေသကို နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သော အာဏာရကွန်ဂရက်ပါတီက ကီဂျီဝယ်လ် ဦးဆောင်သော အစိုးရသစ်ကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ သို့သော် ၎င်း၏အစိုးရအဖွဲ့တွင် ပါဝင်မည်မဟုတ်ဟု ပြောသည်။

အမုန်တကယ်တွင်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ၌ ဟိန္ဒူအမျိုးသားရေးပါတီ (BJP) က အမတ်နေရာ အများဆုံးရရှိခဲ့သည်။ သို့သော်လည်း အစိုးရဖွဲ့ရေး ညှိနှိုင်းမှုများလုပ်ဆောင်ရာတွင် AAP ပါတီနှင့်သော်လည်းကောင်း၊ ကွန်ဂရက်ပါတီနှင့်သော်လည်းကောင်း ပူးပေါင်းရန် အဆင်မပြေခဲ့ပေ။

ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သော အမတ်နေရာ ၇၀ အတွက် နယူးဒေလီပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် BJP ပါတီက ၃၂ နေရာ၊ AAP ပါတီက ၂၈ နေရာနှင့် ကွန်ဂရက်ပါတီက ရှစ်နေရာ အနိုင်ရရှိခဲ့သည်။



ANINDITO MUKHERJEE/REUTERS
*AAP ပါတီခေါင်းဆောင် အာဗင်း ကီဂျီဝယ်လ်*

ကီဂျီဝယ်လ်၏အစိုးရ ကျမ်းသစ္စာကျိန်ဆိုမည့်ရက်ကို နောက်ပိုင်းတွင် သတ်မှတ်သွားမည်ဖြစ်သည်။ *—Ref: AFP/BBC*




# အာဖဂန်နစ္စတန်နှင့် နယ်စပ်အနီးတွင် ပါကစ္စတန်စစ်တပ် ထိုးစစ်ဆင်

**အစ္စလာမာဘတ်၊ ဒီဇင်ဘာ-၂၃**

တာလီဘန်သူပုန်များအား တိုက်ခိုက်သည့် စစ်ဆင်ရေးတစ်ခုအတွင်း အစိုးရတပ်ဖွဲ့ဝင်များက အရပ်သားဒါဇင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်ဟု ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်ရှိ ပက်ရှ်တန်ဒေသမှ ဒေသခံများက ဒီဇင်ဘာ ၂၃ ရက်တွင်ပြောကြားသည်။

အာဖဂန်နစ္စတန်နှင့် နယ်နိမိတ်ထိစပ်နေသည့်ပါကစ္စတန်နိုင်ငံ တောင်တန်းများပေါ်ရှိ အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွယ်သည့် တာလီဘန်စစ်သွေးကြွများ အခိုင်အမာနေရာယူထားသော မြောက်ပိုင်းဝါဇီရစ္စတန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်တစ်ခုကို ဒီဇင်ဘာ ၁၈ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယင်းစစ်ဆင်ရေးစတင်ခဲ့ခြင်းဖြစ်သည်။

အသေခံ တိုက်ခိုက်မှုပြီးနောက် မြောက်ပိုင်းဝါဇီရစ္စတန်ပြည်နယ် မာအလီဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း စစ်သွေးကြွ အနည်းဆုံး ၂၃ ဦးကို သတ်ဖြတ်နိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာအရာရှိများက ပြောသည်။

ဥပဒေမဲ့ဖြစ်နေသော ယင်းဒေသဝန်းကျင်တွင် ပါကစ္စတန်အာဏာပိုင်များက နေဝင်မီးငြိမ်းအမိန့်ထုတ်ထားသည်။ စစ်တပ်ရဟတ်ယာဉ်များ၏ ပစ်ခတ်မှုနှင့် စီးနင်းတိုက်ခိုက်မှုများ ရက်ပေါင်းများစွာကြာဖြစ်ပွားခဲ့ပြီးနောက် လူများစွာမှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးသွားကြသည်ဟု ဒေသခံများကပြောသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုများအတွင်း မိမိ၏ဇနီးနှင့် သားသမီးသုံးဦး သေဆုံးခဲ့ရကြောင်း ဒေသခံတစ်ဦးဖြစ်သူ မိုဟာမက်တေယက်ကပြောသည်။ “အစိုးရက သူတို့ကို ထာဝရအိပ်ပျော်အောင် လုပ်လိုက်တာပဲ”ဟု ၎င်းကပြောသည်။ သေဆုံးသူဒါဇင်ပေါင်းများစွာရှိသည်ဟုလည်း ဒေသခံများက ပြောသည်။

တိုက်ပွဲဖြစ်ပွားချိန်မှစ၍ ယခုအချိန်ထိသေဆုံးသူ အရပ်သား ၇၀ ဦးရှိပြီဖြစ်ကြောင်း အမည်မဖော်လိုသည့် ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။ ရိုက်တာသတင်းဌာနက ပါကစ္စတန်စစ်ဘက်ဆိုင်ရာသို့ယင်းအရပ်သားများသေဆုံးမှုသတင်းနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။ *—Ref: Reuters*

# ယှဉ်ပြိုင်မှုများအပေါ် တားဆီးခဲ့သော ဂူးဂဲလ်ကုမ္ပဏီ ထိရောက်စွာဖြေရှင်းရန် အချိန်မရှိတော့ဟု အီးယူသတိပေး

**ဘရပ်ဆဲလ်၊ ဒီဇင်ဘာ-၂၃**

ယှဉ်ပြိုင်မှုအပေါ် ဆန့်ကျင်သော အပြုအမူအတွက် အီးယူ၏စုံစမ်းစစ်ဆေးမှုများကို ဖြေရှင်းရေး ပိုမိုကောင်းမွန်သော ကမ်းလှမ်းမှုလုပ်ရန် ဂူးဂဲလ်ကုမ္ပဏီအတွက် အချိန်မရှိတော့ကြောင်း အီးယူကပြောကြားလိုက်သည်။ ယင်းကိစ္စ မပြေလည်ခဲ့ပါက ဂူးဂဲလ်မှာ တရားစွဲဆိုခံရပြီး ကြီးလေးသော ဒဏ်ငွေများ ပေးဆောင်ရဖွယ်ရှိသည်။

အင်တာနက်ရှာဖွေရေးကုမ္ပဏီကြီး ဂူးဂဲလ်၏ နောက်ဆုံးအလျှော့ပေး ကမ်းလှမ်းမှုများကို အီးယူယှဉ်ပြိုင်မှုအားပေးရေးအဖွဲ့ အကြီးအကဲ ချိုချင်အယ်လ်မူနီယာက ပယ်ချလိုက်ပြီး နောက်ထပ်ကျေနပ်လောက်သော ကမ်းလှမ်းမှုပြုလုပ်ရန် အချိန်အနည်းငယ်သာ ကျန်ရှိနေတော့သည်ဟု သတိပေးလိုက်သည်။

ဂူးဂဲလ်ကုမ္ပဏီသည်အင်တာနက်ရှာဖွေမှုများတွင် ပြိုင်ဘက်ကုမ္ပဏီများအပေါ် တားဆီးမှုများလုပ်ခဲ့သည်ဟူသော တိုင်တန်းမှုများအပေါ် ဥရောပကော်မရှင်၏ ယှဉ်ပြိုင်မှုအားပေးရေးကော်မရှင်က သုံးနှစ်ကြာ စုံစမ်းစစ်ဆေးခဲ့သည်။

ယင်းကိစ္စဖြေရှင်းရန် ဧပြီလအတွင်း ဂူးဂဲလ်ကုမ္ပဏီက တင်ပြမှုများကို မိုက်ကရိုဆော့ဖ်အပါအဝင် ပြိုင်ဘက်ကုမ္ပဏီများက ပယ်ချခဲ့သည်။ ဂူးဂဲလ်တင်ပြသော အပြောင်းအလဲများမှာ ဂူးဂဲလ်၏ ဈေးကွက်စိုးမိုးမှုကို ပိုမိုခိုင်မာစေလိမ့်မည်ဟုပြိုင်ဘက်များက ပြောကြားသည်။ ယခုတစ်ဖန် ထပ်မံပြင်ဆင်ထားသော တင်ပြချက်များမှာလည်း မလုံလောက်သေးကြောင်း အယ်လ်မူနီယာကပြောသည်။ ဂူးဂဲလ်၏ ထပ်မံတင်ပြမှုများမှာ ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်မှုများကို ပြေပျောက်အောင်မလုပ်နိုင်ဟု အီးယူ၏ယှဉ်ပြိုင်မှုအားပေးရေးအဖွဲ့ အကြီးအကဲ အယ်လ်မူနီယာကပြောသည်။ *—Ref: Reuters*

7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

# အဲအေးရှားကုမ္ပဏီ ဥရောပသို့ ၂၀၁၆ တွင် တန်ဖိုးနည်းလေကြောင်းခရီးစဉ်များ ပြေးဆွဲမည်

**ပါရီ၊ ဒီဇင်ဘာ-၂၂**
အဲအေးရှားကုမ္ပဏီက AirAsia X ဟုခေါ်သော တန်ဖိုးနည်းခရီးရှည်လေယာဉ်ခရီးစဉ်များ ၂၀၁၆ ခုနှစ်တွင် ဥရောပသို့ ပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းခရီးစဉ်များတွင် အမြတ်အစွန်းများ နည်းပါးသော်လည်း ရေရှည်အတွက် ရည်ရွယ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဲအေးရှားကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ် မစ္စတာဖာနန်ဒက်စ်က ပြောသည်။ AirAisa X နှင့် Air Bus ကုမ္ပဏီတို့ကြား A330-300 အမျိုးအစားလေယာဉ် ၂၅ စီး ဝယ်ယူမည့် သဘောတူညီမှုတစ်ရပ်ကို မလေးရှားနိုင်ငံတွင် မကြာမီက လက်မှတ်ရေးထိုးခဲ့သည်။

လေကြောင်းလိုင်းတစ်ခုအနေဖြင့်တန်ဖိုးကန်ဒေါ်လာခြောက်ဘီ လီယံရှိ A330-300 လေယာဉ်များကို တစ်ကြိမ်တည်း ဝယ်ယူမှုမှာ ကမ္ဘာပေါ်တွင် တန်ဖိုးအကြီးဆုံး ရောင်းဝယ်မှုဖြစ်သည်။

စုစုပေါင်း လေယာဉ် ၅၈ စီးဖြင့် မွန်ဂိုလီးယားကဲ့သို့ ဈေးကွက်သစ်များသို့ ဝင်ရောက်ကာ ခရီးစဉ်အသစ်များကို ၂၀၁၉ ခုနှစ်တွင် ပြေးဆွဲပေးသွားရန်ရည်ရွယ်ထားကြောင်း မစ္စတာဖာနန်ဒက်စ်က ပြောသည်။

အဲအေးရှားလေကြောင်းလိုင်းစတင်ပြေးဆွဲခဲ့သည့် ၂၀၀၇ ခုနှစ်မှစ၍ ခရီးသည်ပေါင်း ကိုးသန်းကျော်ကို ပို့ဆောင်ပေးထားပြီး ဩစတြေးလျနှင့် အရှေ့အလယ်ပိုင်းဒေသအပါအဝင် အာရှတစ်ခွင်ရှိ ခရီးဆုံးနေရာ(၁၈)ခုသို့ လေကြောင်းခရီး ဝန်ဆောင်မှုပေးနေသည်။

Air Asia X မှာ လေကြောင်းခရီးဖြင့် သွားလာလိုမှု မြင့်တက်လာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းများကြောင့် လေကြောင်းခရီးဝန်ဆောင်မှုနယ်ပယ်တွင် တိုးတက်လာမည်ဖြစ်ကြောင်း မစ္စတာဖာနန်ဒက်စ်က ပြောသည်။


REMY GABALDA/AFP
*ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း Airbus လေယာဉ်များထုတ်လုပ်တပ်ဆင်သောစက်ရုံတွင် အာရှ၏အကြီးဆုံးစရိတ်နည်းလေကြောင်းလိုင်း AirAsia ၏ Airbus A320 လေယာဉ်တစ်စီးကို ဆွဲယူလာသည်ကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်*

ကမ္ဘာ့လေကြောင်းဝန်ဆောင်မှုပေးသည့်ဦးဆောင်မြို့ဖြစ်သော ယူအေအီးနိုင်ငံ ဒူဘိုင်းကဲ့သို့ မလေးရှားနိုင်ငံဖြစ်လာစေမည့် အခွင့်အရေး အများအပြားရှိပြီး အစိုးရနှင့် လေဆိပ်အာဏာပိုင်များ၏ ထောက်ခံအားပေးမှုလိုကြောင်း ၎င်းက အလေးအနက် ပြောကြားခဲ့သည်။—*Ref: Bernama*

# အမေရိကန်လျှို့ဝှက်ဘဏ်စာရင်းများဖော်ထုတ်ရေးအစီအစဉ်တွင် ပါဝင်ရေး ဆွစ်ဇာလန်ဘဏ်များ ကြိုတင်ပြင်ဆင်

**ဂျီနီဗာ၊ ဒီဇင်ဘာ-၂၂**
အခွန်ရှောင်တိမ်းနေသော အမေရိကန်နိုင်ငံသားများ ဖော်ထုတ်ရန် လျှို့ဝှက်ဘဏ်စာရင်းများကို တင်ပြရေး အမေရိကန်နိုင်ငံ၏ အစီအစဉ်တွင် ပါဝင်မည်လားဆိုသည်ကို ဆွစ်ဇာလန်ဘဏ်များအနေဖြင့် နောက်ဆုံးသတ်မှတ်ထားသော ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ဆုံးဖြတ်ရမည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ၏ ဘဏ်ပေါင်း ၃၀၀ အနက် ၄၀ က အမေရိကန်နိုင်ငံ၏ အစီအစဉ်တွင် ပါဝင်မည်ဟု ထုတ်ဖော်ပြောကြားထားပြီး ဖြစ်သည်။

အမေရိကန်၏ အစီအစဉ်အရ လျှို့ဝှက်ဘဏ်စာရင်းများ ဖော်ထုတ်ပြောကြားသော ဘဏ်များအနေဖြင့် ဖမ်းဆီးအရေးယူခြင်းနှင့် ကြီးလေးသော ဒဏ်ငွေများ ချမှတ်ခံရခြင်းမှ ကင်းဝေးမည်ဖြစ်သည်။

"ကျွန်တော်တို့ဘာလုပ်ကြမှာလဲ။ ဒါဟာ ကြီးမားတဲ့မေးခွန်းပဲဖြစ်ပါတယ်" ဟု ဆွစ်ဇာလန်စီးပွားရေးရှေ့နေ ဒေါက်ကလပ်စ်ဟောနွန်းက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။

အမေရိကန်နိုင်ငံသားများက ကန်ဒေါ်လာ ဘီလီယံနှင့်ချီသော ငွေကြေးနှင့် အခြားပိုင်ဆိုင်မှုများကို အခွန်အာဏာပိုင်များထံ ဖုံးကွယ်ထားရာတွင် ဆွစ်ဇာလန်ဘဏ်များက အကူအညီပေးနေသည်ဟု ဝါရှင်တန်က စွပ်စွဲထားသည်။

ယင်း အငြင်းပွားမှုအပေါ် နှစ်နိုင်ငံကြား ဩဂုတ်လတွင် သဘောတူညီမှုရရှိခဲ့ပြီး ယင်းမှာ လျှို့ဝှက်စာရင်းများလက်ခံသော ဆွစ်ဇာလန်နိုင်ငံ ဘဏ်လုပ်ငန်းများ၏ အစဉ်အလာကို ထိုးနှက်ချက်တစ်ရပ် ဖြစ်စေခဲ့သည်။
—*Ref: AFP*

# အမေရိကန်နှင့် အီးယူ လွတ်လပ်စွာကုန်သွယ်ရေးဆွေးနွေးပွဲ တတိယအကျော့ ကျင်းပပြီးစီး

**ဝါရှင်တန်၊ ဒီဇင်ဘာ-၂၂**
အမေရိကန်နှင့် ဥရောပသမဂ္ဂ (အီးယူ)၏ ကြီးမားသော စီးပွားရေးနယ်ပယ်များတွင် အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာစေရန် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရှိသည့် ကမ္ဘာ့အကြီးဆုံးနယ်ပယ်တစ်ခု ဖန်တီးရေး တတိယအကျော့ ဆွေးနွေးပွဲများ ဒီဇင်ဘာ ၁၉ ရက်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ငါးရက်ကြာကျင်းပခဲ့သည့် အမေရိကန်နှင့် အီးယူကုန်သွယ်ရေး အာဏာပိုင်များ၏ ဆွေးနွေးပွဲများ ပြီးဆုံးသွားပြီဖြစ်သည်။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဥပဒေပြဋ္ဌာန်းရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန် သဘောတူညီချက်ဖြစ်သည့် အတ္တလန်တိတ်ကိုဖြတ်၍ ပူးပေါင်းကုန်သွယ်ရင်းနှီးမြှုပ်နှံမှု (TTIP) သဘောတူညီရန် ဆွေးနွေးပွဲများကို ဇူလိုင်လအတွင်းက ဝါရှင်တန်မြို့တွင် စတင်ကျင်းပခဲ့သည်။

ယင်းစီးပွားရေးနယ်ပယ်နှစ်ခု ပူးပေါင်းလိုက်ပါက ကမ္ဘာ့စီးပွားရေးကုန်ထုတ်လုပ်မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းအထိရှိသည်။ အလိုအပ်ဆုံးအချိန်တစ်ခုတွင် အမေရိကန်နိုင်ငံသားများနှင့် ဥရောပသားများအားလုံးအတွက် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည့်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည့် ယင်းသဘောတူညီမှုရယူနိုင်ရန် လမ်းကြောင်းမှန်ပေါ်ရှိနေဆဲဖြစ်ကြောင်း အီးယူအကြီးအကဲ ဂါစီယာဘာဆီရို၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

TTIP သဘောတူညီမှု၏ အဓိကကဏ္ဍသုံးခုဖြစ်သော ဈေးကွက်တွင်းသို့ဝင်ရောက်မှု၊ ဥပဒေများနှင့် သတ်မှတ်ချက်များ ပြဋ္ဌာန်းရေးစသည့်ကဏ္ဍတို့တွင် တိုးတက်မှုများရှိခဲ့သည်။ ယင်းကဏ္ဍ များကို မတ်လအတွင်း ကျင်းပရန် မျှော်လင့်ထားသော ဆွေးနွေးပွဲများအတွင်း အလေးထားဆွေးနွေးမည်ဟု အီးယူက ပြောသည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် မလိုအပ်သော ကွာခြားချက်များကြောင့် ဖြစ်ပေါ်လာသည့် အတားအဆီးများ၊ ကုန်ကျစရိတ်များကို အနိမ့်ဆုံးလျှော့ချရန် (သို့မဟုတ်) အပြီးသတ်ရှင်းလင်းရန်မှာ ယင်းဆွေးနွေးမှု များ၏ ဦးတည်ချက်ဖြစ်ကြောင်း အမေရိကန်နိုင်ငံမှ စေ့စပ်ညှိနှိုင်းရေး ပုဂ္ဂိုလ်ဒန်မူလေးက ပြောသည်။

—*Ref: AFP*


# ၂၀၁၄ အလွန် တပ်ဖွဲ့ဝင်များ ထားရှိရေး နေတိုးအဖွဲ့နှင့် အာဖဂန်နစ္စတန် စတင်ဆွေးနွေး

**ကဘူးလ်၊ ဒီဇင်ဘာ-၂၂**
၂၀၁၄ ခုနှစ် ကုန်လွန်ချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ တပ်ဖွဲ့များ ဆက်လက်ထားရှိရေးနှင့် ပတ်သက်၍ နေတိုးအဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံနှင့် ဆွေးနွေးပွဲများကို စတင်လိုက်သည်။ သို့သော် သီးခြားဆွေးနွေးနေသော အမေရိကန်နှင့် အာဖဂန်နစ္စတန်ကြား သဘောတူညီမှု ပြီးပြတ်သည့် အချိန်အထိ နှစ်ဖက်သဘောတူညီမှုကို လက်မှတ်ရေးထိုးမည် မဟုတ်ဟု နေတိုးအဖွဲ့က ပြောသည်။

၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်တွင် ကန်တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ ဆက်လက်ထားရှိရေး နှစ်ဖက်လုံခြုံရေး သဘောတူညီချက် (BSA) ကိစ္စတွင် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် အမေရိကန်နိုင်ငံကြား ခါးသီးသော အငြင်းပွားမှု ကြာရှည်စွာ ဖြစ်ပေါ်နေသည်။

သမ္မတ ကာဇိုင်းက ကနဦးတွင် BSA ကို ထောက်ခံသော်လည်း နောက်ပိုင်းတွင် သဘောတူညီမှုကို လက်မှတ်ထိုးရန် ငြင်းဆန်နေခဲ့သည်။ ယင်းအတွက် အမေရိကန် လွှတ်တော်အမတ်များနှင့် အရာရှိများကို ဒေါသူပုန်ထစေခဲ့ပြီး ကန်တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းရေး ခြိမ်းခြောက်မှု ပေါ်ထွက်လာစေသည်။

နေတိုးအဖွဲ့၏ ထိပ်တန်းအရာရှိအရပ်ဘက်ကိုယ်စားလှယ် မောရစ်ဂျိုချမ်းနှင့် အာဖဂန် အမျိုးသားအကြံပေး ရန်ဂင်စတန်တာတို့ကြား ဆွေးနွေးညှိနှိုင်းမှုများ စတင်နေပြီဖြစ်ကြောင်း မြောက်အတ္တလန်တစ် စာချုပ်အဖွဲ့၏ အတွင်းရေးမှူးချုပ် အန်ဒါဖော့ဂ် ရက်မက်ဆန်က ပြောကြားသည်။


THIERRY CHARLIER/AFP
*နေတိုးအတွင်းရေးမှူးချုပ် အန်ဒါဖော့ဂ်*

—*Ref: AFP*

7DAY NEWS JOURNAL

# International

Vol.12, No.42 • DECEMBER 25 , 2013

## ဘင်္ဂလားဒေ့ရှ်တွင် တရားမဝင် အင်တာနက်ဖုန်းလုပ်ငန်း လုပ်ကိုင်နေသော တရုတ်နှင့် တိုင်ပေနိုင်ငံသား ၃၇ ဦးကို ရဲတပ်ဖွဲ့ ဖမ်းဆီး

**ဒါကာ၊ ဒီဇင်ဘာ–၂၃**

ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့တော်ဒါကာရှိ လူကုံထံရပ်ကွက်တစ်ခု၌ တရားမဝင် အင်တာနက်ဖုန်းလုပ်ငန်း လုပ်ကိုင်နေသည့် တရုတ်နှင့် တိုင်ပေနိုင်ငံသား ၃၇ ဦးကိုဖမ်းဆီးခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်အရာရှိတစ်ဦးက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အထူးတပ်ဖွဲ့ (RAB) အရာရှိများသည် ဒီဇင်ဘာ ၂၂ ရက် ညတွင် တရားမဝင် အင်တာနက်ဖုန်းလုပ်ငန်း လုပ်ကိုင်ရာ အဆောက်အအုံသို့ ရှောင်တခင် ဝင်ရောက်ခဲ့ပြီး ဈေးပေါပေါဖြင့် နိုင်ငံတကာဖုန်းခေါ်ဆိုမှု (VoIP) လုပ်ငန်း လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအား ဖမ်းဆီးခဲ့သည်ဟု အထူးတပ်ဖွဲ့ပြောရေးဆိုခွင့်ရ ဟာဘီဘာရာမန်က ပြောကြားသည်။

"သူတို့တွေ တရားမဝင် VoIP လုပ်ငန်းလုပ်ဖို့ အဆောက်အအုံငှားရမ်းခဲ့တယ်။ နိုင်ငံခြားသားအမျိုးသမီးခုနစ်ဦးပါပါတယ်။ ၃၂ ဦးက တိုင်ပေနိုင်ငံသားတွေပါ။ ကျန်ငါးဦးက တရုတ်တွေပါ။ သူတို့အားလုံးကို ဒီနေ့ပဲ ရဲစခန်းကိုလွှဲပြောင်းပေးလိုက်ပါပြီ။ သူတို့ရဲ့ စာရွက်စာတမ်းတွေကိုလည်း စစ်ဆေးကြည့်ပြီးပါပြီ။ ဘင်္ဂလားဒေ့ရှ်မှာ လုပ်ငန်းလုပ်ဖို့ ဘာခွင့်ပြုချက်ပါမစ်မှ သူတို့ဆီမှာ မရှိကြပါဘူး"ဟု ရာမန်က ပြောကြားသည်။ အဖမ်းခံရသည့် နိုင်ငံခြားသားများမှာ အသက် (၂၀)မှ (၃၀)ဝန်းကျင်သာရှိကြသည်ဟုလည်း သိရသည်။



*ထိန်းသိမ်းထားသော တရုတ်နှင့် တိုင်ပေ နိုင်ငံသားများကို ဒါကာမြို့ ရဲစခန်းတစ်ခုတွင် မီဒီယာများအား ပြသနေသည်ကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်* STR/AFP

VoIP စနစ်အပါအဝင် နိုင်ငံတကာသို့ ဖုန်းခေါ်ပေးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဖုန်းကုမ္ပဏီများသည် ဝင်ငွေခွန်နှင့်ပတ်သက်၍ သေချာမှုရှိစေရန် အစိုးရဆက်သွယ်ရေးအဖွဲ့အစည်းမှ တရားဝင်ခွင့်ပြုမိန့်ရယူရန် လိုအပ်သည်။ ယင်းအဖွဲ့သည်ပြီးခဲ့သည့်အကြိမ်များကလည်း တရားမဝင် VoIP လုပ်ငန်း ဒါဇင်များစွာကို ဖမ်းဆီးခဲ့သည်။ နိုင်ငံရပ်ခြားတွင် နေထိုင်လုပ်ကိုင်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်လူမျိုး ၁၀ သန်းကျော်ရှိသည့်အတွက် နိုင်ငံတကာ ဖုန်းခေါ်ဆိုခသက်သာသော VoIP လုပ်ငန်းများမှာ အောင်မြင်လျက်ရှိသည်။ *—Ref: AFP*

---

## ရုရှားပန့်ခ်ဂီတတီးဝိုင်း Pussy Riot အဖွဲ့ဝင် မာရီယာအယ်လ်ယိုခီနာ အကျဉ်းထောင်မှလွတ်မြောက်

**မော်စကို၊ ဒီဇင်ဘာ–၂၃**

သမ္မတဗလာဒီမာပူတင်လက်မှတ်ရေးထိုးခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေအရ ရုရှားပန့်ခ်ဂီတတီးဝိုင်း Pussy Riot အဖွဲ့ဝင် မာရီယာအယ်လ်ယိုခီနာသည် အကျဉ်းကျခံနေရခြင်းမှ ပြစ်ဒဏ်မပြည့်မီ လွတ်မြောက်လာပြီဖြစ်သည်။

ယင်းလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေမှာ လူထုဆက်ဆံရေးစတန့်ထွင်မှုတစ်ခုသာဖြစ်သည်ဟု ၎င်းကပြောကြားပြီး အကျဉ်းထောင်ထဲ၌သာ ဆက်လက်နေလိုကြောင်းပြောသည်။ Pussy Riot အဖွဲ့၏ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်သည့် နာဒီစ်ဒါတိုလိုကွန်နီကိုဗာမှာ ဒီဇင်ဘာ ၂၃ ရက် ညနေတွင်လွတ်မြောက်လာမည်ဟုမျှော်လင့်ရသည်။

၎င်းတို့နှစ်ဦးသည် မော်စကိုမြို့ရှိ အဓိကဘုရားကျောင်းကြီးတစ်ခုအတွင်း ဆန္ဒပြသီချင်းတစ်ပုဒ် ဖျော်ဖြေခဲ့ပြီးနောက် ဘာသာရေးမုန်းတီးမှုစေ့ဆော်သော ရမ်းကားမှုဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း အကျဉ်းချခံခဲ့ရသည်။

ယင်းအမျိုးသမီးများအပေါ် ပြစ်ဒဏ်ချမှတ်လိုက်ခြင်းကို လူ့အခွင့်အရေးအဖွဲ့များ၊ ပူတင်ဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံခြားအစိုးရများက ဝေဖန်ခဲ့ကြသည်။ ၎င်းတို့၏ပြစ်ဒဏ်များမှာ ၂၀၁၄ ခုနှစ် မတ်လအတွင်း ရက်စေ့မည်ဖြစ်သည်။ သို့သော် ရုရှားလွှတ်တော်က လက်မှတ်ရေးထိုးလိုက်သည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေအရ ၎င်းတို့လွတ်မြောက်တော့မည့်အကြောင်း ပြီးခဲ့သည့်သီတင်းပတ်ကပင် ကြိုသိထားခဲ့သည်။



SERGEI KARPUKHIN/REUTERS

*ရုရှားပန့်ခ်ဂီတအဖွဲ့ Pussy Riot အဖွဲ့ဝင် မာရီယာအယ်လ်ယိုခီနာကာ ဒီဇင်ဘာ ၂၃ ရက်က Nizhny Novgorod ဒေသ အကျဉ်းအစခန်းမှ လွတ်မြောက်လာပြီး မီဒီယာများကို စကားပြောနေစဉ်*

ယင်းဥပဒေအရ အသက်မပြည့်သေးသူများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် သားသည်မိခင်များ အပါအဝင် အကျဉ်းသား အနည်းဆုံး ၂၀,၀၀၀ လွတ်မြောက်မည်ဖြစ်သည်။ တိုလိုကွန်နီကိုဗာနှင့် အယ်လ်ယိုခီနာတို့နှစ်ဦးစလုံးတွင် ငယ်ရွယ်သောကလေးငယ်များရှိနေသောကြောင့် ယင်းလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေတွင် အကျုံးဝင်နေသည်။

ယင်းဥပဒေမှာ လာမည့်နှစ် ဖေဖော်ဝါရီအတွင်း ဆိုချီမြို့တွင် ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပွဲတော်၌ လူအများအာရုံစိုက်ခြင်းကို ရှောင်ရှားရန်ကြိုးစားမှုဖြစ်သည်ဟု အများကရှုမြင်ကြသည်။

ယင်းလွတ်ငြိမ်းချမ်းသာခွင့်ကို လူသားချင်းစာနာထောက်ထားသည့် အပြုအမူတစ်ခုဟု မထင်ကြောင်းနှင့် အကယ်၍ငြင်းပယ်နိုင်ပါက မိမိငြင်းပယ်မည်ဖြစ်ကြောင်း မစ္စစ်အယ်လ်ယိုခီနာက ပြောကြားသည်။ *—Ref: BBC*




INTRODUCING
MORNING FLIGHTS
TO BANGKOK
GOLDEN MYANMAR AIRLINES
ရွှေမြန်မာလေကြောင်းလိုင်း
FREE 20Kg CHECK-IN BAGGAGE
ALL-IN FARE FROM USD 50++
(one way)
www.gmairlines.com
FLIGHT NO. | SECTOR | ETD -ETA | DAYS OF OPERATION
Y5 - 239 | YANGON - BANGKOK | 07:20 - 09:10 | MONDAY & SATURDAY
Y5 - 240 | BANGKOK - YANGON | 10:10 - 11:00 | MONDAY & SATURDAY
Y5 - 241 | YANGON - BANGKOK | 08:20 - 10:10 | FRIDAY
Y5 - 242 | BANGKOK - YANGON | 11:20 - 12:10 | FRIDAY
Y5 - 237 | YANGON - BANGKOK | 18:15 - 20:05 | DAILY
Y5 - 238 | BANGKOK - YANGON | 21:05 - 21:05 | DAILY
** Terms & Conditions apply
10 FLIGHTS WEEKLY
09 400 447 999, 09 400 448 999


SOLO®
COLLECTION
Hot Line - 09-73192104
WHEREVER YOU GO SOLO WILL FOLLOW

အမျိုးသား/အမျိုးသမီးများ၏
ကျန်းမာရေးဆေးပညာ
အထူးဂရု

POLO

# အမျိုးသမီးရောဂါများကုသလိုလျှင်
# ပိုလိုဆေးခန်းသို့အရောက်လှမ်းခဲ့ပါ။

## ကမ္ဘာ့ ထိပ်တန်းနည်းပညာဖြင့်သင့်အားယုံကြည်စိတ်ချစေရန်
## အမျိုးသမီးရောဂါများကိုရန်ကုန်ပိုလိုဆေးခန်းတွင်စစ်ဆေးပါ။


ဒီဂျစ်တယ်အတွင်းကြည့်မှန်ပြောင်း

ဒီဂျစ်တယ်စနစ်ဖြင့်မိန်းမကိုယ်လမ်းကြောင်းအတွင်းကြည့်မှန်ပြောင်းသည်ကမ္ဘာ့ထိပ်တန်းနည်းပညာတစ်ရပ်ဖြစ်၍၎င်း၏ဖွဲ့စည်းပုံမှာအသေးစိတ်ခွဲစိတ်မှုပြုလုပ်နိုင်သောဖွဲ့စည်းပုံစနစ်ဖြင့်ဖွဲ့စည်းထားသဖြင့်ဖြစ်ပွားနေသောရောဂါဝေဒနာ၏အခြေအနေနှင့်ပုံသဏ္ဍာန်များကိုဖြစ်ပျက်မှုအတိအကျထင်ရှားစွာကွန်ပျူတာပေါ်တွင်ဖော်ပြနိုင်သည့်အပြင်ဒီဂျစ်တယ်စက်ဖြင့်မိန်းမကိုယ်ဆိုင်ရာလမ်းကြောင်းများကိုလည်းအတွင်းကြည့်မှန်ပြောင်းများဖြင့်အမျိုးသမီးရောဂါနှင့်ကင်ဆာရောဂါအစိတ်အပိုင်းများကိုကြိုတင်စစ်ဆေးရာတွင်အသုံးများသောစစ်ဆေးမှုတစ်ရပ်ဖြစ်သည်။နာကျင်ခြင်းမရှိ၊ ရောဂါပိုးကူးစက်ဝင်ရောက်ခြင်းမရှိ၊ ရောင်စုံပုံများဖြင့်တိကျရှင်းလင်းစွာတွေ့မြင်နိုင်ခြင်းဖြင့်အချိန်မီကုသနိုင်ခြင်းကြောင့်အလွန်တန်ဖိုးရှိသောဆေးမှတ်တမ်းများကိုလည်းသိမ်းဆည်းထားနိုင်သဖြင့်အားကိုးယုံကြည်ရသောစနစ်တစ်ရပ်ဖြစ်သည်။

(၁) မီးယပ်ယဉ်းရောင်အထူး – မိန်းမကိုယ်လမ်းကြောင်းရောင်ရမ်းခြင်း၊ဆီးစပ်ဆီးခုံရောင်ရမ်းခြင်း၊အဖြူပုံမှန်မဟုတ်ခြင်း၊မိန်းမကိုယ်သွေးထွက်ခြင်း။

(၂) သားအိမ်ခေါင်းအထူး – သားအိမ်ခေါင်းပုပ်ဆွေးခြင်း၊သားအိမ်ခေါင်းအသားသီးထွက်ခြင်း၊သားအိမ်ခေါင်းဥအိတ်ရောင်ခြင်း၊သားအိမ်ခေါင်းကင်ဆာ

(၃) အမျိုးသမီးဆိုင်ရာအသေးစားပြုပြင်ကုသခြင်း – အပျိုမြှေးဖားထေးဖြည့်စွက်ခြင်း၊လိင်အင်္ဂါလမ်းကြောင်းကျဉ်းချုံ့ခြင်း၊လိင်အင်္ဂါအပြင်ဘက်မွှမ်းမံပြင်ဆင်ခြင်း။

(၄) သားဆက်မြုံအထူး – ရာသီမမှန်ခြင်း၊သားဥပို့ပြွန်စေးကပ်ပိတ်ဆို့ခြင်း၊လိင်အင်္ဂါကူးစက်ရောဂါဖြစ်ခြင်းများ။

(၅) အမျိုးသမီးလူ့ဘောင်ရောဂါ – ညောင်းကျရောဂါ၊ဆစ်ဖလစ်ရောဂါ၊ချွန်ထက်ကြွက်နို့အစိုနှင့်ရေယုန်များ။ သားအိမ်ကြွက်သားအဖုအကျိတ်တည်ခြင်း၊သားဥပြွန်ပိတ်ဆို့ခြင်း၊သားဥ

(၆) သားအိမ်နှင့်အူကြည့်မှန်ပြောင်းဖြင့် – အိမ်ရောင်ရမ်းခြင်း၊သားအိမ်နှင့်အူမကြီးကြားတွင်ရေအိတ်တည်ခြင်းများကိုစစ်ဆေးကုသပေးခြင်း

## အမျိုးသမီးရောဂါပိုင်းဆိုင်ရာကုသချက်များ

**အဖြူတိုးပွားခြင်း၊အနံ့အသက်စိမ်းရှင်ပုပ်သိုးခြင်း၊ဆီးရှင်ခြင်း၊ဆီးအောင့်ခြင်း၊ဆီးသွားလျှင်နာကျင်ခြင်း၊ရာသီသွေးအနည်း / အများမမှန်ခြင်း၊ကျား / မဆက်ဆံရာတွင်သွေးထွက်ခြင်း၊မိန်းမကိုယ်လမ်းကြောင်းပုံမမှန်၍သွေးထွက်ခြင်း၊အဖြူပျစ်ချွဲခြင်း (သို့) သွေးမျှင်များပါခြင်း၊ကလေးပျက်ကျပြီးနောက်ဆက်တွဲရောဂါဖြစ်ခြင်း၊သားအိမ်လည်တံရောင်ယမ်းခြင်း၊ဆီးခုံရောင်ယမ်းခြင်း၊နောက်ဆက်တွဲသားဥအိမ်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းအပြင်ဘက်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းတွင်အသားပိုထွက်ခြင်း၊ရာသီသွေးအချိန်မမှန်ကန်ခြင်း၊သားဆက်မြုံခြင်း၊သားအိမ်လည်တံပုပ်သိုးဆွေးမြေ့ခြင်း၊သားအိမ်လည်တံအသားဖုထွက်ခြင်း**



ဝေဒနာရှင်များ၏ကိုယ်ရေးအချက်အလက်များကိုထိန်းသိမ်းကာကွယ်ပေးသည်။

## နိုင်ငံတကာမှတင်သွင်းလာသောအဆင့်မြင့်စက်ကိရိယာများ








# " သားဆက်မြုံခြင်းမှလွတ်မြောက်ခြင်းသည် ဒီပ်မက်မဟုတ်ပါ "





အမျိုးသမီး – သားဥပြွန်တွယ်ကပ်ခြင်း၊ပိတ်ဆို့ခြင်း၊ရာသီမမှန်ခြင်း၊
သားဥအိမ်ရောင်ယမ်းခြင်း၊ကိုယ်ဝန်ပျက်ကျမှုနောက်ဆက်တွဲရောဂါများ၊
အတွင်းစိတ်ထိန်းမရခြင်းစသည့်ကိုယ်ဝန်မဆောင်နိုင်သောဝေဒနာရှင်များ၊

အမျိုးသား – သုတ်နည်းခြင်း၊သုတ်သေခြင်း၊သုတ်အားနည်းခြင်း၊
သုတ်လွှတ်မြန်ခြင်း၊သုတ်လွှတ်ပြွန်ပိတ်ဆို့ခြင်း၊
သုတ်လွှတ်ကြောကောက်ကွေ့ကျယ်ပြန့်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်း
စသည့်သားဆက်မရနိုင်သောဝေဒနာရှင်များ . . . . .

## အမျိုးသားရောဂါအထူး

# သင့်အားယောက်ျားပီသစေရန်
# အမျိုးသားရောဂါများကိုစောလျှင်စွာကုပါ . . . .

OPEN DAILY
AM - 8:00 to PM - 8:00



(၁) ပန်းသေပန်းညှိုးခြင်းကိုလွယ်ကူစွာဖြစ်စေနိုင်သည်၊ (၂) သုတ်မလွှတ်ခြင်း
(၃) ဆီးသွားရာတွင်အတားအဆီးဖြစ်ခြင်း
(၄) ကင်ဆာရောဂါ၏ကိန်းအောင်းမှုအန္တရာယ်များဖြစ်ပွားလာစေခြင်း
(၅) လိင်ထိပ်ပုံမှန်ကြီးထွားမှုကိုအကျိုးသက်ရောက်စေခြင်း
(၆) အင်္ဂါထိပ်အုပ်အရေပြားရောင်ရမ်းခြင်းရောဂါကိုဖြစ်ပွားလာနိုင်စေခြင်း
(၇) ကူးစက်ရောဂါပိုးများကြောင့်ဖြစ်ပေါ်လာတတ်သောဆီးကျိတ်ရောင်ရမ်းခြင်း
(၈) အိမ်ထောင်ဖက်အတွက်အမျိုးသမီးရောဂါများ
ဖြစ်ပေါ်မှုကိုပိုမိုမြင့်မားစေခြင်းတို့ဖြစ်သည်၊

**ပိုလိုဆေးခန်းမှဖွင့်လှစ်သောကိရိယာပုံစံမနာကျင်ဘဲ ပုံဖော်သောနည်းပညာရပ်၏ထူးခြားချက်များမှာ**

(၁) ပြုလုပ်စဉ်အချိန်မြန်ဆန်ခြင်း ၊
(၂) အပြင်ပန်းလှပကြည့်ကောင်းခြင်း၊
(၃) အင်္ဂါစပ်နစ်ကြိမ်ကြီးထွားခြင်းကိုတိုးတတ်စေ၍ဇနီးမောင်နှံတို့၏ အိမ်ထောင်ရေးဘဝအရည်အသွေးကိုမြှင့်တင်စွမ်းဆောင်နိုင်ခြင်း၊
(၄) ပြုပြင်ပြီးအချိန်တိုအတွင်းပြန်လည်ကောင်းမွန်ခြင်း စသည့်ထူးခြားချက်များ။

POLO ဆေးခန်း

contact ✆ 09 421168222 , 09 421168000

အမှတ်(၁၂၉/၁၃၁) ဗားဂရာလမ်း၊စမ်းချောင်း။

7DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013

မျက်နှာဖုံးမှ

# ပြုပြင်ပြောင်းလဲရတော့မည့် မြန်မာ့ဘောလုံး

အဆိုပါ ဆင်ခြေက ဆယ်စုနှစ်ပေါင်းများစွာကျင်းပခဲ့သည့် အပျော်တမ်းအမှတ်ပေးပြိုင်ပွဲကို ဖျက်သိမ်းခဲ့ပြီး ဆုကြေးစားစနစ်ဖြင့် ၂၀၀၉ ခုနှစ်က အစားထိုးခဲ့သည့် မြန်မာနေရှင်နယ်လိဂ် နောက်ပိုင်းအောင်မြင်မှု ကြီးကြီးမားမားရရှိရန် မျှော်လင့်ထားသည့် ပရိသတ်အတွက်စိတ်ပျက်စရာ ဖြစ်ခဲ့သည်။

တစ်ချိန်က အာရှအဆင့်တွင် အောင်မြင်မှုများရရှိခဲ့ပြီး အိုလံပစ်ပြိုင်ပွဲအထိပါခြေဆန့်နိုင်ခဲ့သည့် မြန်မာဘောလုံးအသင်းအောင်မြင်မှုများမှာ လက်ရှိမြန်မာ့ဘောလုံးရေးရာ ကျွမ်းကျင်သူများကတော့ မြန်မာ့ဘောလုံးလောကသည်အထက်ပါဆင်ခြေများထက် ပိုမိုကျယ်ပြန့်သည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်းပြောကြားကြသည်။

အပျော်တမ်းစနစ်မှ ဆုကြေးစနစ်သို့ကူးပြောင်းလိုက်ပါက မြန်မာ့ဘောလုံးသေချာပေါက်အောင်မြင်မှုရရှိလိမ့်မည်ဟု လွန်ခဲ့သည့် လေး၊ ငါးနှစ်က မျှော်လင့်ထားသည့်အတွေးသည် ၂၀၁၃ ဆီးဂိမ်းအပြီးတွင် အဆုံးသတ်သွားခဲ့ရသည်။ အောင်မြင်မှုများကို မျှော်လင့်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် အဖြစ်ဆုကြေးစားစနစ်သို့ ကူးပြောင်းပြီးနောက် ပြဿနာအချို့လည်း တစ်ပါတည်းတွဲပါလာခဲ့သည်။ ပထမဆုံးပြဿနာမှာ ဆုကြေးစားစနစ်ပြောင်းမှုပင် သမိုင်းတစ်လျှောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ အဆင့်သတ်မှတ်ချက်တွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ခဲ့သည်။

ဆုကြေးစားစနစ်ပြောင်းပြီး သုံးနှစ်ခွဲခန့်အကြာ ၂၀၁၂ဩဂုတ်လက နိုင်ငံပေါင်းနှစ်ရာကျော်၏ ဘောလုံးအဆင့်အတန်းကိုသတ်မှတ်ခဲ့သည့် (FIFA)၏ထုတ်ပြန်ချက်တွင် မြန်မာက ၁၈၄အဖြစ် သမိုင်းတစ်လျှောက်အဆိုးရွားဆုံး အဆင့်သတ်မှတ်ခံခဲ့ရသည်။

လက်ရှိ မြန်မာ့ဘောလုံးလောကကြုံတွေ့နေသည့် ပြဿနာများကို ကမ္ဘာ့အဆင့်သတ်မှတ်ချက် ကိန်း၊ ဂဏန်းတစ်ခုတည်းက သာဖော်ပြနေခြင်းမဟုတ်။ မြေပြင်အခြေအနေတွင်လည်း ပြဿနာများရှိခဲ့သည်။

ဆုကြေးစားစနစ်ပြောင်းပြီးနောက်ပိုင်းတွင် ထပ်မံကြုံတွေ့ရသည့် နောက်ထပ်ပြဿနာတစ်ခုမှာ လူငယ်ကစားသမားများအတွက်ဘောလုံးကစားခွင့်အခွင့်အလမ်းလျော့နည်းသွားခြင်းပင်ဖြစ်သည်။ အပျော်တမ်းစနစ်တွင် အဆင့်မြင့်တန်းမှ တတိယတန်းအထိ အတန်းသုံးတန်းတွင်အသင်းပေါင်းငါးဆယ်ကျော်ရှိခဲ့ပြီး ကစားသမားအများအပြားကစားခွင့်ရခဲ့သည်။

“MNL မလုပ်ခင်က အဆင့်မြင့်တန်းကနေပြီး တတိယတန်းအထိ လေးတန်းရှိတယ်။ ဘောလုံးအသင်းက ငါးဆယ်လောက်ရှိတယ်။ လူငယ်တွေကလည်းတော်တော်ကစားရတယ်။ MNL လုပ်တော့ပြိုင်ပွဲတွေနည်းသွားတယ်။ League-2 တောင်ပေါ်လာတာမကြာသေးဘူး။ အားလုံးပေါင်းမှ အသင်းက နှစ်ဆယ်လောက်ပဲရှိတယ်။ ဒီမှာတင် ကလေးတွေကစားရတဲ့ပြိုင်ပွဲကသိပ်နည်းသွားပြီ”ဟု လူငယ်ဘောလုံးသမားများအတွက် ဘောလုံးအခြေခံသင်တန်းကို ဆယ်စုနှစ်တစ်ခုကျော်ကြာဖွင့်လှစ်ခဲ့သူတစ်ဦးဖြစ်သည်။ ကစားသမားအရေးအတွက် ကန့်သတ်ချက်ကြောင့် အောင်မြင်လိုစိတ်မရှိသည့်ကစားသမားများကို လက်ရွေးစင်အသင်းမှ ချန်လှပ်ခဲ့ရန်လည်း မဖြစ်နိုင်ဘဲ ပွဲတိုင်းနီးပါး ၎င်းတို့ကိုသာ အသုံးပြုခဲ့ရသည်။

“MNL အသင်း ၁၄သင်းမှာ တစ်သင်းကလူနှစ်ဆယ်နဲ့တွက်ရင် လူ ၂၈၀ပဲရှိတယ်။ ဒီထဲကရွေးမလား၊ သန်းခြောက်ဆယ်ရှိတဲ့ တစ်နိုင်ငံလုံးထဲက ရှာမလားစဉ်းစားကြပေါ့”ဟု ဝါရင့်အားကစားဆောင်းပါးရှင်ဦးခင်မောင်ထွေး (ပျဉ်းမနား)ကပြောသည်။


မြန်မာ-အင်ဒိုဘောလုံးပွဲအပြီး မြန်မာဘောလုံးအသင်းဂျာစီများကို မီးရှို့နေကြစဉ်

ဓာတ်ပုံ - ခင်မောင်ဝင်း/အေပီ

ဆုကြေးစား ဘောလုံးအသင်းနှင့် လူငယ်သင်တန်းအချို့တွင် ကစားခွင့်ရသည့်လူငယ်များကလွဲပြီး ကျန်သည့်ကစားသမားများသည် စနစ်တကျကစားခွင့်ရရန်အခွင့်အရေးမရကြ။ တစ်ချိန်က ရွှက်ပုန်းသီးကစားသမားများမွေးထုတ်ပေးရာရပ်ကွက်၊မြို့နယ်၊တိုင်းနှင့်ပြည်နယ်ပွဲများကလည်း အဖြစ်သဘောလောက်သာရှိခဲ့ပြီး ပိုင်ရာဆိုင်ရာလူများသာဦးစားပေးလက်သင့်ရာရွေးချယ်ခံကြရသည်။

“အရင်ခေတ်က အောင်မြင်ခဲ့တာ အောင်ဆန်းကွင်းထဲက ကလပ်တွေကြောင့်မဟုတ်ဘူး။ တိုင်းနဲ့ ပြည်နယ်တွေက ရွှက်ပုန်းသီးတွေ မွေးထုတ်နိုင်လို့ အောင်မြင်တာ။ အေးမောင်ကြီး၊ ဂိုးတင်အောင်၊ လန်ဘားကြီးအဲလိုကစားသမားတွေက တိုင်းနဲ့ပြည်နယ်ကလာတာ”ဟု ဦးခင်မောင်ထွေး (ပျဉ်းမနား)ကပြောသည်။

လက်ရှိကျင်းပနေသည့် တက္ကသိုလ်များဘောလုံးပြိုင်ပွဲ၊ တပ်မတော်ကြည်း၊ ရေ၊ လေပြိုင်ပွဲများသည်လည်း ယခင်ကဲ့သို့မဟုတ်ဘဲ ဟန်ပြသဘောမျိုးသာဖြစ်နေကြောင်း ၎င်းကပြောသည်။

သက်တမ်းအလိုက်ဘောလုံးပြိုင်ပွဲများ၊ လူငယ်ကစားသမားပြုစုရေးအစီအစဉ်များမလုပ်နိုင်သေးသမျှ မည်မျှငွေကြေးအကုန်အကျခံစေကာမူ မြန်မာ့ဘောလုံးလောကတိုးတက်ရန်မဖြစ်နိုင်သေးကြောင်း အားကစားရေးရာကျွမ်းကျင်သူများကပြောသည်။

မြန်မာနေရှင်နယ်လိဂ်အသင်းများတွင် ကစားခွင့်ရသောမြန်မာကစားသမားများသည်လည်း မူလထက်လစာအဆမတန်တိုးတက်လာသော်လည်း ခြေစွမ်းတိုးတက်လာသူမှာ လက်ချိုးရေတွက်၍ရသည်။

နိုင်ငံခြားသားခေါ်ယူခွင့်ရသည့်မူဝါဒကြောင့် ခြေစွမ်းအကောင်းဆုံးနိုင်ငံခြားကစားသမားများကိုခေါ်ယူနိုင်သည့်အသင်းကသာ ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်ခဲ့သည်။ ကလပ်အသင်းတိုင်းနီးပါးက ရှေ့၊နောက်၊အလယ်တွင် နိုင်ငံခြားကစားသမားတစ်ဦးစီကိုထားပြီး ကျန်နေရာများတွင် မြန်မာကစားသမားများကို ဝန်းရံသည့်စနစ်ကိုသာ အဓိကထားအသုံးပြုကြသည်။

ထို့ကြောင့် နေရှင်နယ်လိဂ်ပြိုင်ပွဲပြီးခဲ့သည့်လေးရာသီ၏ ထိပ်တန်းဂိုးသွင်းသူစာရင်းတွင် နိုင်ငံခြားကစားသမားများကသာ ဦးဆောင်နေခဲ့ခြင်းဖြစ်သည်။ ရလဒ်အနေဖြင့်ပွဲအဖြေပြောင်းနိုင်သည့်မြန်မာကစားသမားများထွက်ပေါ်လာခြင်းမရှိတော့ပဲ အောင်မြင်မှုများရယူရာတွင်နိုင်ငံခြားကစားသမားများ ကသာ အဓိကနေရာမှ ဦးဆောင်ခဲ့သည်။

လက်ရွေးစင်အသင်း ခေါင်းဆောင်ဟောင်း ဦးစိုးမြတ်မင်းက ဘောလုံးလောကပြန်လည် တိုးတက်ရေးအတွက်အမှားများမှသင်ခန်းစာယူကာ စိတ်မပျက်ဘဲ ရှေ့ဆက်ရန်လိုကြောင်း ပြောသည်။

လူငယ်အားကစားသမားပြုစုပျိုးထောင်ရေးအစီအစဉ်များကို ပြုလုပ်ပြီးမျိုးဆက်သစ်များမွေးမြူကာ အောင်မြင်မှုကိုပြန်လည်ရရှိအောင်ဆောင်ရွက်သင့်ကြောင်း သူ၏အမြင်ကိုပြောသည်။

တစ်နှစ်ကျင်းပတိုင်း ကျပ်သိန်းထောင်သောင်းချီအရှုံးပေါ်သည့်မြန်မာနေရှင်နယ်လိဂ်ကျင်းပလာသည်မှာငါးနှစ်ကျော်၊ခြောက်နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။

အနာဂတ်တွင် မြန်မာ့ဘောလုံးလောကတိုးတက်ရေးအတွက် ဆုကြေးစားအသင်းများငွေကြေးမည်မျှသုံးစွဲသည်ထက် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ၊စနစ်ကျသည့် ပြုပြင်ပြောင်းလဲရေးများမည်မျှလုပ်နိုင်သည်ဆိုသည်ကအရေးပါနေပြီဖြစ်သည်။

ထို့အပြင်မဖြစ်မနေ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရမည်မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပင်ဖြစ်သည်။ လုံလောက်သောပြင်ဆင်ချိန်ရရှိပြီး ငွေကြေးကိုလည်း နင့်နေအောင်အကုန်အကျခံထားသော်လည်း အောင်မြင်မှုနှင့်ဝေးနေသောကြောင့် မြန်မာဘောလုံးအဖွဲ့ချုပ်ကိုပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်သင့်နေပြီဟုလည်း ဝါရင့်အားကစားကလောင်ရှင်များက သုံးသပ်ကြသည်။

ဝါရင့်အားကစားကလောင်ရှင်တစ်ဦးဖြစ်သူ တက်လမ်းအားကစားဂျာနယ်အယ်ဒီတာချုပ်ဦးချစ်ဝင်းမောင်က အဓိကပြုပြင်ပြောင်းလဲရမည့်အချက်များမှာ လက်ရှိ မြန်မာဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုအပိုင်းအားနည်းချက်တို့ပင်ဖြစ်သည်ဟု ထောက်ပြသည်။

“ဦးဇော်ဇော်ကငွေရှင်၊ကျန်တဲ့သူတွေကိုလည်း သူလခပေးထားရတာဆိုတော့ သူဌေးလာမှ၊သူဌေးမရှိရင်မဖြစ်လို့ပေါ့။ဖွဲ့စည်းပုံနဲ့ စီမံခန့်ခွဲမှုပြုပြင်ဖို့လိုတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကသုံးသပ်သည်။

သို့သော်လည်း မြန်မာဘောလုံးတိုးတက်ရေးအတွက်မူ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်ကဲ့သို့လူမျိုးမှာဆက်လက်ရှိနေသင့်သည်ဟုလည်း ဦးချစ်ဝင်းမောင်ကဆက်လက်ပြောသည်။

“ကျွန်တော့်အမြင်က ဦးဇော်ဇော်ကိုတော့ နေရာတစ်နေရာမှာ ဆက်ရှိစေချင်တယ်။ ကျန်တဲ့သူတွေကိုတော့ Refrom လုပ်သင့်တယ်”ဟု သုံးသပ်သည်။

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ကို ၂၀၀၅ခုနှစ်မှစတင်တာဝန်ယူခဲ့သော ဦးဇော်ဇော်ကလည်း ၎င်းထက်ပို၍ မြန်မာဘောလုံးအဆင့်ကိုလက်ရှိအနေအထားထက် တိုးတက်အောင်ပြုလုပ်ပေးနိုင်မည့်သူရှိပါက အချိန်မရွေးဥက္ကဋ္ဌရာထူးမှ ထွက်ပေးမည်ဟု ယခုနှစ်အတွင်းက 7Day News သို့ပြောကြားထားသည်။

မြန်မာဘောလုံးအသင်း အောင်မြင်မှု ပြန်လည်ရရှိရန် အတွက် တီထွင်ဖန်တီးမှုအသစ်၊စိတ်ကူးသစ်၊ ခွန်အားသစ်တို့ဖြင့် ပြန်စရန် ဘောလုံးအဖွဲ့ချုပ်မှစ၍ ပြုပြင်ပြောင်းလဲမှုများ လိုနေပြီဖြစ်သည်။

ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)က “အောက်ခြေကအစ အားလုံးပြင်ရမယ်”ဟု ပြောသည်။

စာမျက်နှာ (၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင် – ၂

“. . . . .”

ရာမန်ကို ကျွန်တော်သိသည်။ အထူးသဖြင့် ရနောင်းမြို့မှာ ရာမန်ကိုမသိသူရှားသည်။ ရာမန်သည်လည်း ဘဝစုံသူဖြစ်သည်။ ရာမန်သည် မန္တလေးဇာတိ မဟာမေဒင်ဘာသာဝင်ဖြစ်၏။ အရပ်ခြောက်ပေနီးပါးရှိသော အရပ်အမောင်း၊ခက်ထန်သောရုပ်ရည်ကြောင့် ရာမန့်ကိုလူရှိန်သည်။ ရာမန်ကား လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကပင်ထိုင်းနိုင်ငံဘက်သို့သူ့ဘဝ၏တစ်ခုသော အကြောင်းဖြင့် ရောက်ရှိခဲ့သူဖြစ်သည်။ ထိုင်းအမျိုးသမီးတစ်ဦးနှင့်အကြောင်းပါပြီး ထိုင်းနိုင်ငံသားကတ်ပင်ရနေသူဖြစ်၏။ ရာမန်ငယ်စဉ်ဘဝက မူးယစ်ဆေးဝါးမျိုးစုံကို ခုံခုံမင်မင်သုံးစွဲခဲ့သည်ဟုဆိုသည်။ မူးယစ်ဆေးဝါးမှုကြောင့်ပင် ထိုင်းအကျဉ်းထောင်မှာနှစ်ရှည်ထောင်ဒဏ်ကျခဲ့ဖူးသည်။ ယခုသော် အချိန်မှန်ဗလီတက်၍ ဘာသာရေးကိုင်းရှိုင်းသူ၊ ရနောင်းမြို့မဟာမေဒင်အသိုင်းအဝိုင်းမှာ ဝင်ဆံ့သူဖြစ်နေပြီ။

အဆိုပါရာမန်ကို ကိုသက်ခိုင်တစ်ယောက်မင်းနဲ့ငါဟူသောအသုံးအနှုန်းမျိုးဖြင့်ပြောဆိုနေသည်ကို ကျွန်တော်ကြည့်ရင်းတအံ့တဩဖြစ်ရသည်။

“ခင်ဗျားက ဘိုင်ကြီးနဲ့သိတာကိုး”

“ဘိုင်ကြီးဆိုတာ ရာမန့်ကို ပြောတာလား”

“ဟုတ်ပါ့ဗျာ”

“သိတယ်ဆိုပါတော့”

“ဘိုင်ကြီးက ရနောင်းမှာ ဆရာကြီးနော်။ ခင်ဗျားက မင်းနဲ့ ငါနဲ့ချနေတာ ကျွန်တော်အံ့ဩလွန်းလို့”

“ဆရာကြီးဆိုတာဘာတုံးဗျ”

“ခပ်မိုက်မိုက် ခပ်ထန်ထန် တပည့်တပန်းပေါတဲ့ သူဆိုပါတော့”

“အဲဒီတော့ ကျွန်တော်က သူ့ကိုဘယ်လိုခေါ်ရမတုံး။ ဘိုင်ကြီးလို့ခေါ်စေချင်တာလား။ ဒီမယ်ကိုမင်းဒင်၊ သူမိုက်သလို ကျွန်တော်လည်းမိုက်ခဲ့တာပဲ။ လူမိုက်မှာလည်း တန်းစီဇယားရှိတယ်။ စိတ်ထင်သလိုဗိုလ်လုပ်ချင်တိုင်း လုပ်လို့မရဘူး။ လူမိုက်ဝါစဉ်မှာ ရာမန်ဟာ ကျွန်တော့်ကိုမကျော်နိုင်ဘူး။ ဒီတော့ ရာမန်ကို ကျွန်တော်ဘာမှရေးကြီးခွင်ကျယ်လုပ်ပြီး ဆရာတင်စရာမလိုဘူး။ အရေးအကြီးဆုံး ခင်ဗျားမသိသေးတဲ့အချက်ကတော့ ရာမန်ဟာ ရုပ်ရင့်နေလို့ အသက်ကြီးတယ်ထင်နေရတယ်။ သူက ကျွန်တော့်ထက် ၂နှစ်ငယ်တယ်။ ရာမန်နဲ့ကျွန်တော် ပြောမနာဆိုမနာညီအစ်ကိုလိုကိုဖြစ်နေတာဆယ်နှစ်လောက်တောင်ရှိရော့မယ်။ အမှန်က ရာမန့်ရုပ်က ခပ်ကြမ်းကြမ်းမို့ အများကရှိန်နေတာပါ။ တကယ်တမ်းမှာ ရာမန်ဟာ လူရိုးလူအေးပါ။ သူ့အခက်အခဲတော်တော်များများကို ကျွန်တော်ရှင်းပေးဖူးတယ်။ ကျွန်တော်လိုအပ်တဲ့ကိစ္စ သူကူညီတယ်။ ကျွန်တော်က သူ့ကိုလူဆိုးဗိုလ်လို ဆက်ဆံစေချင်နေသလား။ အခုလည်း သူ့အသိကလေးမလေးတစ်ယောက် ဗမာပစ္စည်းတွေအဖမ်းခံရလို့ ကျွန်တော့်ကိုလှမ်းအကူအညီတောင်းတာ။ ကဲ လာ။ ကားပေါ်တက်။ ခင်ဗျားဘိုင်ကြီးက အခုကျွန်တော့်ကို မြွေဖမ်းပြီးလှမ်းခိုင်းနေတာ ဖူးခက်မြို့ဝင်တံတားကြီးဂိတ်ကရဲစခန်းကိုသွားကြမယ်”

“နေပါဦးဗျ။ တံတားကြီးဂိတ်ကရဲဖမ်းထားတဲ့ တရားမဝင်ပစ္စည်းတွေကို ခင်ဗျားက ဘယ်လိုလုပ်ပြန်ယူမှာတုံး”

“လျှာရှည်ချက်ဗျာ။ ကားပေါ်တက်မှာသာတက်။ ဟိုကျတော့ ခင်ဗျားသိလိမ့်မပေါ့”

7 DAY NEWS JOURNAL
Vol.12, No.42 • DECEMBER 25 , 2013



# ဒီမိုကရေစီကျင့်သုံးရန် အသင့်ဖြစ်ပါပြီလား

အိဖြူလွင်

ဒီမိုကရေစီ ရရှိရန် အနှစ်နှစ်ဆယ်ကျော်တောင်းဆိုခဲ့သော မြန်မာပြည်သူလူထုသည် ဒီမိုကရေစီ၏ အနှစ်သာရကို အမှန်တကယ်ရရှိပါပြီလား၊ ဒီမိုကရေစီ၏ တာဝန်များကို အမှန်တကယ် သိရှိနေပါပြီလားဟု မေးခွန်းမေးသောအခါ ပြည်သူအများစုက မရရှိသေးပါ၊မသိရှိသေးပါဟုသာ ဖြေကြသည်။

တစ်ပါတီစနစ်ကို ၂၆ နှစ်ကျင့်သုံးခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးအောက်တွင် အနှစ်နှစ်ဆယ်ကျော်နေခဲ့ရသည့်အတွက် ဒီမိုကရေစီယဉ်ကျေးမှု ဒီမိုကရေစီအလေ့အကျင့်များနှင့် နှစ်ပေါင်း ၅၀ ကင်းဝေးခဲ့သည့် ပြည်သူလူထုမှာ ထိုအလေ့အထများကို ကောင်းစွာသိရှိ ကျင့်သုံးနိုင်ရန် များစွာလိုအပ်နေပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကျင့်သုံးနေသောကြောင့် ဖြစ်သည်။ ဝါရင့်သတင်းစာ ဆရာရဲ နိုင်မိုးကလည်း မြန်မာပြည်သူများအနေဖြင့် ဒီမိုကရေစီကို တောင်းဆိုသည့်အဆင့်မှ ကိုယ်တိုင်ကျင့်သုံးသည့် အဆင့်သို့တက်ရန် လိုပြီဖြစ်ကြောင်း သူ၏ ဆောင်းပါးများတွင် တိုက်တွန်းဖူးသည်။

“ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားဖို့ဆိုတာက ပြည်သူအဆင့်မဟုတ်သေးဘဲ နိုင်ငံရေးပါတီတွေ နိုင်ငံရေးသမားတွေကိုယ်၌က ကာလတစ်ခုဖြတ်သန်းရဦးမယ်” ဟု ဒီမိုကရေစီရရှိရေးကို တောင်းဆိုခဲ့သည့် ၈၈ အရေးတော်ပုံမှ မွေးထုတ်ပေးလိုက်သော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဦးအောင်မိုးဇော်က ပြောကြားသည်။

စစ်အစိုးရမှ အရပ်သားအစိုးရဖြစ်လာပြီး ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည့် နိုင်ငံအဖြစ် ရပ်တည်နေသည်မှာ သုံးနှစ်ပြည့်လာသည့် ယနေ့အချိန်ကို ဒီမိုကရေစီအပြည့်အဝ မကျင့်သုံးနိုင်သေးဘဲ ဖြေလျှော့မှုများ ပြုနေသည့်အချိန်သာဖြစ်သည်ဟု အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောကြားသည်။

ဒီမိုကရေစီမှာ ပြည်သူက အချုပ်အခြာအာဏာပိုင်ဖြစ်တယ်။ ပြည်သူတွေ အုပ်ချုပ်တာဖြစ်တယ်။ ဒါဆိုပြည်သူတွေအနေနဲ့ သူတို့ဘဝနဲ့ သက်ဆိုင်တဲ့ဆုံးဖြတ်ချက်တွေမှာ၊ အရေးကိစ္စတွေမှာ သူတို့ကိုယ်တိုင်ပါဝင်နေရတယ်။ ကိုယ်တိုင်စီမံအုပ်ချုပ်နေနိုင်တယ်လို့ ခံစားမိဖို့လိုတယ်” ဟု ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း ဒါရိုက်တာဘုတ်အဖွဲ့ဝင် တစ်ဦးဖြစ်သည့် ဦးစိုးမြင့်အောင်က ပြောသည်။



မြန်မာ-အင်ဒိုနီးရှားဘောလုံးပွဲတွင် အသင်းရှုံးနိမ့်သည့်အတွက် ပြိုင်ပွဲမှ ထွက်ရ၍ ဒေါသထွက်ကာ ပွဲကြည့်စင်ထိုင်ခုံများကို ရိုက်ချိုးနေသူများ — ဓာတ်ပုံ - နစ်ကီ

ဥပမာအနေဖြင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်သည် ဒီမိုကရေစီရရှိသည့် အခွင့်အရေးဖြစ်သော်လည်း အကြမ်းဖက်မှုများနှင့် တရားဥပဒေပြင်ပမှ လုပ်ဆောင်မှုများ၊ အခြားသူများ၏ အခွင့်အရေးများကို ထိပါးခြင်း၊ စော်ကားခြင်းများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၏ ယဉ်ကျေးမှုများ၊ ကျင့်စဉ်များနှင့်မညီဟု နိုင်ငံရေးပါတီ ခေါင်းဆောင်များက ပြောသည်။

“ပြည်သူတွေက ဒီမိုကရေစီရရင် လွတ်လွတ်လပ်လပ်နေရမယ်ဆိုတာပဲသိတယ်။ ဒီမိုကရေစီရဲ့ အရသာကို ခွဲခွဲခြားခြားမမြင်တတ်သေးဘူး” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ လူငယ်ကွန်ရက်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒေါက်တာကျော်စွာဦးက ပြောသည်။

သို့ရာတွင် ဒီမိုကရေစီဆိုသည့် စကားလုံးကိုသာမဟုတ်ဘဲ ဒီမိုကရေစီကျင့်စဉ်များကိုပါပြည်သူအနေဖြင့် သိရှိရန် အာဏာရအစိုးရ၊ နိုင်ငံရေးပါတီများအပါအဝင် တက်ကြွလှုပ်ရှားသူများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ ဒီမိုကရေစီအနှစ်သာရအပေါ် ပညာပေးမှုများမှာ မလုံလောက်သေးပါဟု အဆိုပါအဖွဲ့အစည်းများက ထောက်ပြသည်။

အဘိဓာန် အနက်ဖွင့်ဆိုချက်အရ ဒီမိုကရေစီဆိုသည်မှာ “အဓိကအာဏာကိုပြည်သူလူထု၏ လက်ထဲ၌သာအပ်နှင်းထားပြီး ယင်းအာဏာကို ပြည်သူလူထုက တိုက်ရိုက်သုံးစွဲနိုင်သည် (သို့မဟုတ်) လွတ်လပ်သော စနစ်ဖြင့် ရွေးကောက် တင်မြှောက်ထားသော လူထုကိုယ်စားလှယ်များက သုံးစွဲသော ပြည်သူလူထု၏ အစိုးရ”ဖြစ်သည်။

အေဘရာဟင်လင်ကွန်း၏ စကားအရဆိုရလျှင် ဒီမိုကရေစီဆိုသည်မှာ “ပြည်သူလူထု ‘၏’၊ ပြည်သူလူထု ‘က’၊ ပြည်သူလူထု ‘အတွက်’ဖြစ်သော အစိုးရ”ဖြစ်ပါသည်။

ဒီမိုကရေစီနှင့်ပတ်သက်၍ အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ရန် ပါလီမန်ခေတ် ၁၉၅၀ တွင် ဝန်ကြီးချုပ် ဦးနု စိတ်ကူးကြိုးပမ်းခဲ့ပြီး ဒီမိုကရေစီ သဘောတရားပြန့်ပွားရေးအဖွဲ့ဖွဲ့ကာ နိုင်ငံတစ်ဝန်းပညာပေးရန် ကြိုးစားခဲ့ကြောင်း ‘တာတေစနေသား’စာအုပ်တွင် ဖော်ပြခဲ့သည်။ သို့သော် ထိရောက်စွာလုပ်ကိုင်သူ မရှိခြင်း၊ အကွဲအပြဲဇာတ်လမ်းများနှင့် နိုင်ငံရေးမငြိမ်သက်မှုကြောင့် ၁၉၅၈ ခုနှစ်တွင် အဆိုပါအဖွဲ့ ပျက်စီးခဲ့၍ ဦးနုရည်ရွယ်ချက် မအောင်မြင်ခဲ့ပေ။

အစိုးရက အရာရာကို တင်းကျပ်ထားရာမှ ဖြေလျှော့ပေးလိုက်သည့်အချိန်ဖြစ်သဖြင့် လူထု၏ မကျေနပ်ချက်များ ပွင့်အန်လျှံကျလာသည့်အချိန်တွင် အစိုးရနှင့် ထိရှမှုများလည်း ဖြစ်နိုင်သဖြင့် ပြည်သူ၏ မကျေနပ်ချက်များကို ကူညီပေးနိုင်သည့် တက်ကြွလှုပ်ရှားသူများကိုယ်တိုင် သတိထားသင့်သည့် အချိန်ဖြစ်သကဲ့သို့ တက်ကြွလှုပ်ရှားသူများသည် ခံစားချက်ကို ရှေ့တန်းတင်သူများမဟုတ်ဘဲ အဖွဲ့အစည်းပုံစံဖြင့် လုပ်ဆောင်နိုင်ရန်လိုသည်ဟု နိုင်ငံရေးပါတီတစ်ခု၏အမှုဆောင်တစ်ဦးဖြစ်သည့် ဦးတိုးတိုးက သုံးသပ်သည်။

“ကျွန်တော်တို့တတ်နိုင်သမျှ လုပ်နေပေမယ့် ဒီလိုအသိအမြင်ပေးတဲ့ အဖွဲ့အစည်းတွေ အများကြီးအားနည်းနေတယ်။ ပြီးတော့ ပြည်သူလူထုထဲကို ဒါရဲ့အနှစ်သာရတွေကို စိမ့်ဝင်ပျံ့နှံ့နေအောင် လုပ်ဖို့ကလည်း အားနည်းနေတုန်းပဲ” ဟု ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးဂျင်မီက ပြောသည်။

“ပြောရင် ဒီမိုကရေစီကိုကျင့်သုံးနေတဲ့ အစိုးရအဖွဲ့ကိုယ်တိုင်တောင် တာဝန်ယူမှု၊ တာဝန်ခံမှုတွေ မရှိသေးတာ။ သာမန်ပြည်သူတွေက ဘယ်လိုလုပ်ပြီး ဒီတာဝန်တွေကို နားလည်ဦးမလဲ”ဟု ဦးဂျင်မီက ဆက်လက်ပြောကြားသည်။

အောက်ခြေပြည်သူလူထုအထိ ပညာပေးရန် အသိအမြင်ပေးရန်အတွက် အခြေခံပညာရေးတွင်ပင် လူတစ်ဦးနှင့်တစ်ဦး လေးစားတတ်ရန် အလေ့အကျင့်ကို ရေရှည်အတွက် ထည့်သွင်းရန်လိုသည်ဟု ဦးအောင်မိုးဇော်က အကြံပြုသည်။

“ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံဖြစ်တဲ့အတွက် အစိုးရအနေနဲ့ ရုပ်သံရေဒီယိုတွေကို နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ပြည်သူ့အသိပညာပေးအစီအစဉ်တွေကို ထုတ်လွှင့်ခွင့်ပေးရမယ်ထင်ပါတယ်” ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

ထို့အတွက် အဓိကကျသည့် နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ မီဒီယာများသည်လည်း မှန်ကန်သော အသိအမြင်များပေးရန် တာဝန်ရှိသူများဖြစ်ပြီး အောက်ခြေသို့ အမှန်တကယ်ဆင်းရန်လည်း လိုသည်ဟု အချို့သူများက ထောက်ပြသည်။

“ကျွန်မတို့အနေနဲ့ သိချင်တာတွေ၊မေးချင်တာတွေကို ဘယ်ကသိရမလဲ။ မြို့နယ်ထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို မေးရမလား၊ နိုင်ငံရေးပါတီကို အားကိုးရမလား၊ ဘယ်ပညာရှင်ကို မေးရမလဲ၊ ဘယ်သူတွေက လာပြောမလဲ၊ သူတို့ပြည်သူတွေအတွက် လုပ်နေပါတယ်ဆိုတာ ဘာကိုကြည့်ပြီး ယုံရမလဲလို့ပဲ မေးချင်တယ်” ဟု အသက် ၃၅ နှစ်အရွယ် ကုမ္ပဏီတစ်ခု၏ အရောင်းကြီးကြပ်ရေးမှူး မသဇင်မြင့်က သူ၏ အမြင်ကို ပြောသည်။

ပါတီဝင်အချို့နှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ အချို့သူများသည်လည်း ပညာပေးဆွေးနွေးပွဲတိုင်း၊ ဟောပြောပွဲတိုင်းသို့ တက်လေ့ရှိသူများသာဖြစ်ပြီး ၎င်းတို့ထံမှ ပြန်လည်ဆင့်ပွားမှုမျိုးကို မတွေ့ရဟု ဝေဖန်မှုများလည်း ရှိသည်။

သို့သော် ထိုသို့ဖြစ်နေခြင်းမှာလည်း လူသားအရင်းအမြစ် အကန့်အသတ်များကြောင့် ဖြစ်နိုင်ပြီး အခြေအနေအရ ထပ်ဆင့်ပွားများမှုများ၊ ဝေမျှမှုများ ပြုလုပ်ရန် အဆိုပါ ပုဂ္ဂိုလ်များ ကိုယ်တိုင်၏ စွမ်းရည်နှင့်ဆိုင်သည်ဟု ထိုင်းနိုင်ငံတွင် အခြေစိုက်နေထိုင်သူ မနိုးနိုးထက်စံက ၎င်း၏ယူဆချက်ကို ပြောသည်။

အချို့သော ဆွေးနွေးပွဲများတွင် ပြည်သူအချို့ပါတက်ရောက်ခွင့်ရှိသော်လည်း ပြည်သူက မေးသောမေးခွန်းများကို ပညာရှင်များက ပြန်လည်ဖြေကြားရာတွင်(သို့မဟုတ်)ဟောပြောမှုများတွင် အများနားလည်လွယ်သော ပုံစံမျိုးမဟုတ်ဟုလည်း အဆိုပါဟောပြောပွဲများတွင် ကြုံတွေ့ခဲ့မှုကို လူငယ်ကွန်ရက်မှ ကိုသန့်စင်က ပြောသည်။

“ကျွန်မတို့အနေနဲ့ လူအများကြီး တက်ပေမယ့် တကယ်ကျေလည်အောင် မပြောနိုင်တဲ့ပွဲမျိုးကို မလုပ်ချင်ဘူး။ လူ ၂၀ လောက်ပွဲတက်နိုင်ရင်တောင် အဲဒီလူတွေက လူတွေအများကြီးကို ပြန်ဝေမျှပေးနိုင်တဲ့ အနေအထားမျိုးပဲ ဖြစ်စေချင်တယ်”ဟု စာပေဟောပြောပွဲများတွင်လည်း ဟောပြောလေ့ရှိသည့် နိုင်ငံရေးသမားနှင့် စာရေးဆရာမတစ်ဦးဖြစ်သူ မသီတာ (စမ်းချောင်း)က ပြောသည်။

နယ်မြို့များနှင့် ကျေးလက်နေရာ အနှံ့အပြားသို့ သွားရောက်၍ ပြည်သူလူထုနှင့် တွေ့ဆုံမှုများ ပြုလုပ်နေသည့်ထဲမှ အောင်မြင်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဂျင်မီက ပြည်သူ၏ အခြေခံအခွင့်အရေးဖြစ်သည့် မသိသည်ကို မေးခွန်းထုတ်ရန်၊ တိုင်ကြားရန်စသည်တို့ ပြုလုပ်ရန် အခြေခံလိုအပ်ချက်အဖြစ် ပြောပြီး အမှန်တကယ် နားလည်လွယ်ရန် အတွက် အနုပညာရှင်များ၏ ပံ့ပိုးမှုသည်လည်း ပြည်သူအားလုံး ဒီမိုကရေစီအလေ့အကျင့်ကို ထဲထဲဝင်ဝင်သိရှိရန် လိုအပ်ချက်တစ်ခုဟု ပြောသည်။

ဒီမိုကရေစီအလေ့အကျင့်များ သိရှိပြီး မြန်မာပြည်သူများကျင့်သုံးရန်မှာ ရေရှည်လုပ်ဆောင်ရမည်သာဖြစ်သည်။ အသိပညာရရန်အတွက် စာကြည့်တိုက်များ၊ အမျိုးသားရေးနှင့် ဘာသာရေးအမုန်းပွားစေမည့် ဟောပြောမှုများမဟုတ်ဘဲ အသိပညာတိုးပွားရေးကိုသာ အမှန်တကယ်ရည်ရွယ်သည့် ဟောပြောမှုများဖြစ်ရန် လိုအပ်သည်ဟု နိုင်ငံရေးပါတီများနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များက ဆိုသည်။ နောက်ဆုံးအနေဖြင့် ရာနှုန်းပြည့် လွတ်လပ်မှုမရှိသေးသည့်အချိန်တွင်ပြည်သူများအား ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ပညာပေးမှုများကို လုပ်သည့်နေရာတွင် အဓိကအားဖြင့် အစိုးရ၏ အားပေးမှု ပံ့ပိုးမှုများသည် အလွန်အရေးကြီးသည်ဟု ၎င်းတို့က သုံးသပ်ခဲ့ကြသည်။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
**(Open 7:00 am To 7:00 pm)** ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

''**အောင်**'' ပြီး ''**ချမ်းမြေ့**'' မှုတွေရရှိရန် ''**အောင်ချမ်းမြေ့**'' ကိုလာခဲ့ပါ။

- ◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
  စဉ် (၃၂၀၀) ၃၀. ၁၂. ၁၃    စဉ် (၃၂၀၁) ၃၁. ၁၂. ၁၃ စမည်။
  စဉ် (၃၂၀၂) ၁. ၁. ၁၄    စဉ် (၃၂၀၃) ၂. ၁. ၁၄ စမည်။

ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ

(I) 07:00 am to 09:00 am    (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm    (IV) 05:30 pm to 07:30 pm

သူနာပြုတက်ရောက်နိုင်သည့်အချိန်

09:00 am to 04:00 pm (break 1 hr)

- ◆ နှစ်လ(ဆေးဝါး/သူနာပြု)
  စဉ် (၃၂၀၄) ၁. ၁. ၁၄ (WED & THUR)    စဉ် (၃၂၀၅) ၄. ၁. ၁၄ (SAT & SUN)

ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်

09:00 am to 04:00 pm (break 1 hr)


- ◆ သုံးလ(ဆေးဝါး/သူနာပြု)
  စဉ် (၃၂၀၆) ၄. ၁. ၁၄ (Sat Only)    စဉ် (၃၂၀၇) ၅. ၁. ၁၄ (Sun Only))

ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်

09:00 am to 04:00 pm (break 1 hr)

- ◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
  သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
  တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
  စဉ် (၃၂၀၈) ၁. ၁. ၁၄ စမည်။    စဉ် (၃၂၀၉) ၂. ၁. ၁၄ စမည်။

ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm




# ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊
ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျှက်ရှိပါသည်။

## ကင်ဆာရောဂါ

အရှေ့တိုင်းဆေးခန်းသည် ကင်ဆာရောဂါအမျိုးမျိုး၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာလမ်းကြောင်းတွင်ဖြစ်သော ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အရေပြားကင်ဆာ အစရှိသည်တို့ကို ကုသပေးပါသည်။ ကင်ဆာဆဲလ်များကို ဆေးစွမ်းကောင်းဖြင့် ပယ်သတ်ပေးသည်။ ကိုယ်ခံအားကို မြှင့်တင်ပေးသည်။ ဆေးစသောက်သည့် ရက်မှစ၍ ချက်ချင်းအကျိုးသက်ရောက်သည်။ ဥပမာ ကင်ဆာနောက်ဆုံးအဆင့်ရှိသူသည် အလွန်နာကျင်လျှင် ဆေးသောက်ပြီး ချက်ချင်း နာကျင်မှုသက်သာစေနိုင်သည်။ ကင်ဆာဝေဒနာရှင်များ ရောဂါအခြေအနေ ထိန်းနိုင်ပြီး အသက် ပိုရှည်စေပါသည်။



## အစာအိမ်နှင့်အူလမ်းကြောင်း

အစာအိမ်အစာခြေစနစ်တွင်ဖြစ်သော ရောဂါများ၊ နာတာရှည်အစာအိမ်ရောင်ခြင်း၊ အူရောင်ခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်အောင့်ခြင်း၊ လေပွခြင်း၊ အစာမကြေခြင်း၊ အူမကြီးရောင်ရမ်းသွားချိန် မစင်အညစ်အကြေးများ ပုံမှန်မဟုတ်ခြင်း၊ နှစ်ပေါင်းများစွာ ကုသ၍ မသက်သာပါက အရှေ့တိုင်းဆေးခန်းသို့ လာရောက်ကုသပါ။ ဆေးစသောက်သည့် ရက်တွင်ပင် ချက်ချင်းအကျိုးသက်ရောက်ပါသည်။ နာကျင်မှု သက်သာစေမည်။ အစာအိမ်ပိုကောင်းလာပြီး ဝမ်းမှန်လာမည်။ ဆေးကုသချိန် တစ်ပတ်တည်းဖြင့် သက်သာနိုင်ပါသည်။ သက်သာပြီးလျှင်လည်း ရောဂါပြန်မဖြစ်နိုင်ပါ။



**လာရောက်ကုသသောလူနာများအား**
**ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း**
**လျှော့ပေးမည်။**

## အသည်းရောဂါ

အရှေ့တိုင်းဆေးခန်းသည် အသည်းရောဂါအမျိုးမျိုး၊ နာတာရှည်အသည်းရောင်ခြင်းအစရှိသည်တို့ကို ကုသပေးသည်။ ဤရောဂါ၏ လက္ခဏာမှာ မျက်စိဝါ၊ အသားဝါခြင်း၊ ဆီးဝါနောက်ခြင်း၊ အသည်းနာကျင်ခြင်း၊ အစာမစားခြင်း၊ မောပန်းပြီး တဖြည်းဖြည်း ပိန်လာခြင်း စသည်တို့ဖြစ်သည်။

အသည်းခြောက်၊ အသည်းကင်ဆာ၊ ရေဖျဉ်း၊ ဝမ်းဗိုက်ဆူလာပြီး ရောင်လာခြင်း အစရှိသဖြင့် ဖြစ်တတ်သောအသည်းရောဂါများကို တိုင်းရင်းဆေးဖြင့် ပြုလုပ်ထားသော အထူးသဖြင့် အသည်းထဲရှိသော အဆိပ်အတောက်များကို လျင်မြန်စွာ ဖယ်ထုတ်နိုင်သည်။ သောက်သည့်ရက်မှစ၍ ချက်ချင်းအကျိုးသက်ရောက်စေနိုင်ပါသည်။ မျက်စိဝါ၊ အသားဝါ၊ ဆီးဝါခြင်း အစရှိသည့် လက္ခဏာများကို ငါးရက်အတွင်း ပျောက်ကင်းစေနိုင်ပါသည်။ အသည်းခြောက်၊ ရေဖျဉ်း၊ ဗိုက်ဆူတို့မှာ စုနစ်ရက်အတွင်း ပျောက်ကင်းနိုင်သည်။ ဆေးကုသရက် တစ်ပတ်အတွင်း သက်သာနိုင်ပါသည်။ ရောဂါကုသပြီး ထပ်မံပြန်လည်ဖြစ်ပေါ်လာခြင်း မရှိပါ။ သုံးနှစ်အတွင်း ထပ်မံဖြစ်လာပါက အခမဲ့ ကုသပေးမည်။

## နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါများ

နှာခေါင်း၊ လည်ချောင်းနှင့် နှာခေါင်းတွင်ဖြစ်သည့် နှာခေါင်းပိတ်ဆို့ခြင်း၊ နှာချေခြင်း၊ နှာရည်ယိုခြင်း၊ ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ မှတ်ဉာဏ်ဆုတ်ယုတ်ကျဆင်းခြင်း၊ နားအူခြင်း၊ နှာခေါင်းအတွင်းမှ ရောင်ရမ်းခြင်း၊ လည်ချောင်းနာကျင်ခြင်း၊ အသံထွက်အကြောကြီးထွားလာခြင်း၊ အသံအက်ကွဲခြင်း၊ အာသီးရောင်ခြင်း/ ကြီးခြင်း၊ အိပ်နေသည့်အခါ ဟောက်တတ်သည့်အကျင့်ရှိသူ စသည့် ဝေဒနာများကို ခွဲစိတ်စရာ မလိုဘဲ အချိန်တိုအတွင်း ပျောက်ကင်း၍ အမြစ်ပြတ်သည်အထိ ကုသပေးပါသည်။



ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက် ၈း၃၀ နာရီမှည ၈း၃၀ အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285



အသိဉာဏ် စွမ်းအားမြင့် eco- sensor သည်
သင် လျှော်ဖွပ်မှုအတွက် လိုအပ်သည့်
ရေပမာဏကို လိုအပ်သလို ချိန်ညှိပေးပါသည် . . .
Panasonic
LOAD SENSOR
အသိဉာဏ်စွမ်းအားမြင့် Eco Sensor သည်
သင်၏အဝတ်အထည်နှင့်သုံးစွဲရမည့်ရေပမာဏကို
ကောင်းစွာသိရှိပါသည်။
NA-148VG3 (8 kg)
NA-140VG3 (10 kg)
INVERTER
UP TO 55%* LESS ELECTRICITY
UP TO 40%* LESS WATER
*Refer to website or local catalogue.
ECONAVI
UP TO 35%* LESS ELECTRICITY
INTELLIGENT ECO SENSORS
ECONAVI
NA-140VX3 ( 10 kg, 1400 rpm )
NA-140VG3 ( 10 kg, 1400 rpm )
NA-148VG3 ( 8 kg, 1400 rpm )
• ECONAVI , New Inverter and HydroActive+
• 3D Sensor Wash Technology
• Sazanami Drum & Quiet Operation
NA-FS14X2 ( 14 kg )
• Intelligent Inverter Technology (40% Energy & Water Saving)
• Dancing Water Flow & Gentle Hand Wash
• Air Dry & Tub Hygiene
NA-FS90G3 ( 9 kg )
• ECONAVI and Aqua Spin Rinse
• Sazanami Drum & Dancing Water Flow
• Load Sensor and Water Temperature Sensor (for Energy Saving)
Infinity Investment Co., Ltd.
Capital
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။